www.burmeseclassic.com




# မောင်ညိုမှိုင်း (သန့်လျင်)

# ဖြစ်ရပ်ဆန်းကြယ်ငါးထပ်ကြီး

## ရွှေဆင်းတုတော်ဘုရား

## ဂမ္ဘီရဝတ္ထုတိုများ

မောင်ညိုမှိုင်း(သန့်လျင်)၊ ထောင်မှူးကြီးသိန်းဝင်း၊ မကြွေးညိုမှိုင်မှိုင်

မိုးကျရွှေကိုယ်၊ လေးမောင်၊ ကျော်မင်းနိုင်

www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

**ထုတ်ဝေသည့်ကာလ**
၂၀၁၇ ခုနှစ်၊ မတ်လ

**မျက်နှာဖုံး**
မြတ်မင်းဟန်

**တာစီစာရိုက်/အပြင်အဆင်**
မော်မော် ***(New Idea)***

**ပလင်**
***Eagle***

**ပုံနှိပ်တိုက်**
***New Day Printing***

ဦးလှမျိုးပိုင်(၀၁၄၀၄)

**ထုတ်ဝေသူ**
စိတ်ကူးသစ်စာပေ
ဦးတင်ထွန်း(၀၀၄၃၅)

ရုံး • အမှတ်-၁၄၉၊ ပထမထပ်(ယာ)
ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။

အမှတ်-၂၅၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၉၁၃၂၂၊ ၀၉၅၁၃၉၂၆၄

အုပ်ရေ - ၅၀၀ အုပ်

တန်ဖိုး - ၁၈၀၀ ကျပ်


www.burmeseclassic.com

# မာတိကာ


| စဉ် | ဝတ္ထုအမည် | စာမျက်နှာ |
|---|---|---|
| ၁ | ဖြစ်ရပ်ဆန်းကြယ် ငါးထပ်ကြီး ရွှေဆင်းတုတော်ဘုရား<br>မောင်ညီမှိုင်း (သန်လျင်) | ၁ |
| ၂ | အထက်မှာကောင်းမှုလုံ . . . အောက်တွင်ရွှေတိဂုံ<br>ထောင်မှူးကြီးသိန်းဝင်း | ၃၈ |
| ၃ | မြွေဝင်စား မောင်လက်ပွား<br>မကွေးညီစိမ့် | ၅၈ |
| ၄ | လူမိုက်ကံကောင်းနှင့် နဘယ်ဘေးမရှိ<br>မိုးကျရွှေကိုယ် | ၉၁ |
| ၅ | မရည်ရွယ်ဘဲ ပစ်ခဲ့ရသောအမဲများ<br>လေးမောင် | ၁၆၀ |
| ၆ | အသက်ရှင်နေတဲ့မသာ<br>ကျော်မင်းနိုင် | ၂၀၄ |

www.burmeseclassic.com

ဖြစ်ရပ်ဆန်း ကြယ်ငါးတပ်ကြီး ရွှေဆောင်းတူတော်ဘုရား



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

“အ ... ရှင် ... ဘု ... ရား ...”

“ကိုယ် ... တော် ... ဘ ... ဘ ... ရား ... အား ... အား..”

“ကယ် ... တော် ... မူ ... ပါ ... ဘု ... ရား”

“အမလေး ... ပူလှချည်ရဲ့ ... ဘုရား ... လောင် ... လှ ... ချည်ရဲ့ ... ဘု ... ရား ... ကယ်တော်မူပါ ... ရွှေပေးတော် ... မူ ... ပါ ... ဘုရား”

ဘုန်းတော်ကြီးအရှင်ရက္ခိတ ကျောင်းအောက်မျက်နှာစာရှေ့မှ အလန့်တကြား အထိတ်တလန့်အော်သံကြောင့် တရားမှတ်အာရုံပြုနေရာမှ တရားမှတ်ခြင်းအလုပ်ကို ခေတ္တရပ်နားလိုက်ပြီး နားစွင့်လိုက်သည်။

“ဘုန်း ... ဘုရား ... ဘုန်းဘုရား ...”

“ဟဲ့ ... ကျောက်စည် ... ဘာတွေဖြစ်နေသတုံးဟဲ့”

“လူ ... လူ ... တစ်ယောက် ... ဘု ... ရား”

www.burmeseclassic.com



"ဘယ်သူတုံး ... ဘယ်ကတုံး"

"ငါး ... ထပ် ... ကြီး ... ရွှေဆင်းတု ... ဘုရားကို ... မွေ့ .."

"ဘာ ... ဘာ ..."

"မသန်မစွမ်းလူတစ်ယောက် ... ဟို ... ဟို ... ဘုန်းဘုရားကျောင်းက ... လု ... ယက် ... သွား ... တဲ့ ... ငါးထပ်ကြီး ... ရွှေဆင်းတုတော် ရုပ်ပွားဘုရားနဲ့ ကျောင်းရှေ့မှာရောက်ပြီး ထိတ်လန့်တကြား အော်ဟစ် ... နေ ... ကြောင်း ... ပါ ... ဘုရား"

"မြတ် ... စွာ ... ဘု ... ရား"

ကြားရချက်က အနောက်က နေထွက်သလိုပါကလား။

ငါးထပ်ကြီး ရွှေဆင်းတုတော်။

မသန်မစွမ်းလူတစ်ယောက်။

ရွှေဆင်းတုတော်ကို ပိုက်လို့။

ကျောင်းရှေ့မှ ထိတ်လန့်တကြား အော်ဟစ်နေသတဲ့။ ဆုံးရှုံးသွားပြီလို့ ယူဆကောင်းယူဆလို့ရသည့် ရှေးဟောင်းတန်ခိုးကြီးသမိုင်းဝင် ပတ္တမြားစိန်စီ မဟာရွှေဆင်းတုတော်မြတ်ဘုရား ရုပ်ပွားတော်မြတ် မိမိကျောင်းရှေ့မှာ ပြန်ရောက်နေပြီဟု ကြားရ၍ ...

ဝမ်းလည်း သာ၏။

တုန်လှုပ်ချောက်ချားလည်း ဖြစ်ရသည်။

သို့နှင့် တရားမှတ်ခြင်းကို လုံးဝရပ်လိုက်ပြီး ဘုန်းကြီးကျောင်းသားကြီး မောင်ကျောက်စည်နှင့် ကျောင်းအောက်ကျောင်းရှေ့သို့ ခပ်သုတ်သုတ် ပြေးဆင်း ကြည့်လိုက်သောအခါ ...

"မြတ် ... စွာ ... ဘု ... ရား ..."

ဒုတိယမ္ပိ ... အံ့အံ့သြသြ ဘုရားတလိုက်ရလေ၏။

ကြည့်စမ်း ...

မြင်ရချက်က သည်းထိတ်ရင်ဖို အံ့သြဆန်းကြယ်။

လူတစ်ယောက် ဦးခေါင်းပေါ်ရှိ ဆံပင်များ မီးကျွမ်းသလို မီးလောင်ခံရသလိုဖြစ်ပြီး ဦးခေါင်းဆံပင်များမှ ညှော်နံ့နံ့သော မီးခိုးများ တငွေ့ငွေ့ထနေ၏။

သူသည် ဦးခေါင်းကို ဘယ်ညာယမ်းခါနေ၏။

www.burmeseclassic.com



သူ့အသွင်သဏ္ဌာန်က မီးသင့်မီးမြိုက် မီးလောင်ဒဏ်ကို ဆိုးဝါးစွာ ခံစားနေရသည့်သဏ္ဌာန်။

သူ့ဘယ်လက်က မြှောက်မရဘဲ ခါးတည့်တည့် တင်ပါးနှင့် ဒူးရှိရာသို့ တန်းလန်းကျနေသည်။ ကြည့်ရတာ လေဖြတ်ခံထားရသည်နှင့် တူ၏။ လက်လည်း မီးလောင်ခံထားရသလို မည်းလန့်နေသည်။

ညာဘက်လက်က ပတ္တမြားစိန်စီ ရွှေဘုရားရုပ်ပွားတော်ကို ရင်ခွင်နှင့် ကပ်၍ လွတ်မကျစေတမ်းပိုက်ကာ ...

သိပ်သန်စွမ်းပုံမရသည့် ညာခြေကို ဘယ်ခြေနှင့် ဖေးမထိန်းရပ်ရင်း မျက်လုံးမြူးမျက်ဆံပြူး အသံကုန် အော်ဟစ်နေသည်။

"အရှင်ဘုရား ..."

"ဘုန်းတော် ... ကြီး ... ဘု ... ရား ..."

"ကယ်တော်မူပါ ဘုရား"

"ကျွန် ... တော် ... သေ ... ရ ... ပါ ... တော့မယ် .. ဘုရား"

သူ့မြင်ကွင်းကို မြင်လိုက်သည်နှင့် ဘုန်းတော်ကြီး အရှင်ရက္ခိတ သိလိုက်ပါပြီ။ ဒါ ... ဓားပြအဖွဲ့ အနုကြမ်းအဖွဲ့မှ လူဆိုးတစ်ဦးပေ။

"ဒကာ ..."

"ဗျို့ ... ဒကာ"

"ဘ ... ဘ ... ရား ... အား ... အား ... ပူလှချည်ရဲ့ဘုရား"

"မင်း ... မင်း ... ဟို ... ဟို ... လူဆိုး ... ဓားပြ ..."

"ဟုတ် ... ပါ ... တယ် ... ဘုရ ... မှားပါပြီ ... ဘုရား။ နောင်တရလို့ ရုပ်ပွားတော်ကို ... ပြန် ... လာ ... အပ် ... တာပါဘုရား"

"အို ... ဒီလိုလား"

"ဟုတ် ... ပါ့ ... ဘုရား"

"ကဲ ... ကဲ ... ရှေ့တိုးခဲ့ ... ရှေ့တိုးခဲ့"

"တိုး ... တိုး ... လို့ ... မရဘူး ... ဘ ... ဘရား"

"ဟေ ... ဘာဖြစ်လို့တုံး ... ဒကာကြီးရဲ့"

"ခြေ ... ခြေ ... ထောက် ... ကြွ ... ကြွ ... မ ... မ ... လို့ ... မ ... ရ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဘုရား ... ဘုရား ... ဦးခေါင်းကရော ဘယ်လိုဖြစ်တာတုံး။ မီးခိုးတွေ တငွေ့ငွေ့နဲ့"

"ဟို ... ဟို ... မိုး ... ကြိုး ... လျှပ် ... စစ် ... မီး ... သင့် ... သင့်လို့ပါ ... ဘ ... ဘုရား"

"အလိုလေးလေး ..."

"အား ... အား ... ပူလှချည်ရဲ့ဘုရား။ အရှင်ဘုရား ... တပည့်တော် နောင်တရပါပြီဘုရား။ အပူမီးကိုငြိမ်းပြီး ခြေကြွလို့ရအောင် ကူညီတော်မူပါ အရှင် ... ဘု ... ရား ... ဟီး ဟီး ... အင့် ... ဟီး"

ဘုရားရုပ်ပွားတော်ကို ပိုက်ထားသည့် လူဆိုးသည် ပြောရင်းက ဟီး တိုက်၍ ငိုချလိုက်၏။

မျက်ရည်နှင့်ရှိုက်သံကို ငရဲပြည်က ကြားရဖွယ်ရှိ၏။

နတ်ပြည်ခြောက်ထပ်သည်လည်း သူ့ကို ဥပေက္ခာပြုကြပြီထင့်။

အပါယ်လေးပါးအရပ်သို့ ဒုန်းစိုင်းပြေးလာသူစာရင်း၌ ဤလူမိုက်သား အမိုက်သားသည် ရှေ့ဆုံးက ပန်းဝင်လာသူလား။ နောက်ဆုံးက ပန်းဝင်လာသူ လား။ ဘုန်းဘုရားနှင့် ဝိုင်းရပ်ကြည့် အံ့သြနေကြသော ဘုန်းကြီးရဟန်း ကိုရင် ကျောင်းသားတို့ တပ်အပ်သေချာမသိသေး။

"အားစိုက်ပြီး ကြွစမ်း ... ဒကာ"

"မ ... မ ... ရဘူး ... ဘုရား"

"ထိုင်ကြည့်စမ်း ... ဒကာ"

"ထိုင်လို့လည်း ... မ ... မရပါဘူးဘုရား။ ဟီး ... ဟီး ... အင့် ... ဟီး"

"ဘုရားရှင် ကိုယ်တော်မြတ်ကြီးဘုရား ... ဤငမိုက်သား၏ နောင်တကို ငဲ့ညှာသောအားဖြင့် ဒုက္ခဆင်းရဲမှ သည်းခံခွင့်လွှတ်၍ ညီမျှသော အပြစ်ကိုသာ သင့်လျော်စွာ ခံစားခွင့်ပေးပါဘုရား ..."

ဤနေရာမှ ဤရွာနှမှ ပိုင်ဆိုင်စောင့်ရှောက်ကြသည့် သမ္မာဒေဝ နတ်ကောင်း နတ်မြတ်ပုဂ္ဂိုလ်များ ...

ဤတန်ခိုးကြီး ရုပ်ပွားတော်မြတ် အနီးဝန်းကျင်၌ စောင့်ရှောက်ရပ်တည် ကုန်ကြကုန်ကာ အစောင့်အရှောက်ပုဂ္ဂိုလ်အပေါင်းတို့ ကျွန်ုပ်ထိန်းသော သီလသစ္စာ

www.burmeseclassic.com



ကို အမျှယူကြပါ။ သာဓုခေါ်ကြပါ။ ပတ္တမြားစိန်စီ ငါးထပ်ကြီး ရွှေစင်ရုပ်ပွား တော်ကို မှုရင်းနေရာဌာနသို့အရောက် လာအပ်ပို့ဆောင်သည့် ဤငမိုက်သားအား ချုပ်ရှားခွင့် ပေးသနားပါ ... အရှင်သခင်၊ ပုဂ္ဂိုလ်သူတော်ကောင်းအပေါင်း တို့ ... အမျှ ... အမျှ သာဓု ... သာဓု ... သာဓုပါကွယ်ရို့ ...''

ဘုန်းတော်ကြီး အရှင်ရက္ခိတသည် သို့ကလို မေတ္တာပို့ မေတ္တာရပ်ခံ ပြီးနောက် လူမိုက်လက်တွင်းရှိ ငါးထပ်ကြီး ရွှေသားဆင်းတုတော်မြတ်ကို ရည်မှန်း ထက်အုပ်ချီ ရှိခိုးလိုက်ပြီး ...

လူမိုက်အနီးသို့ တရွေ့ရွေ့တိုးကပ်ကာ သူ့လက်ထဲက ရွှေသားရုပ်ပွား တော်မြတ်ကို ရိုသေလေးစားစွာ လက်နှစ်ဖက်ဖြင့် လှမ်းယူပင့်ဆောင်လိုက်လေ သည်။

ဘုန်းတော်ကြီး အရှင်ရက္ခိတ၏လက်သို့ ရွှေသားဆင်းတုတော်ရောက် သည်နှင့် လူမိုက်သည် မျက်ရည်များ ပါးပြင်ပေါ်သို့ တလိမ့်လိမ့်စီးကျကာ မြေပြင် မှာ ပုံလျက်သား လဲကျသွားလေ၏။

✿ ✿ ✿

[ ၂ ]

❑

ဤဖြစ်ရပ်ဆန်းကြယ်၏ နောက်ခံဖြစ်ရပ်ကို ပြန်လည်ရေးသီ ဖွဲ့ဆိုရှင်း ရလျှင် လွန်စွာ အံ့ဩဖွယ်ကောင်းလေ၏။

ဤနေရာ ဤဒေသသည် လွန်ခဲ့သည့် နှစ်ပေါင်း (၂၆၀၀) ကျော်ခန့်က ဘိမင်းနေပြည်တော်လည်း ဖြစ်ခဲ့ဖူး၏။

သန်လျင်မင်း (၆)ဆက်တို့၏ မင်းနေပြည်တော်ကြီးလည်း ဖြစ်ခဲ့ဖူး၏ ဟံသာဝတီမွန်မင်းတို့၏ အအုပ်ချုပ်ခံလက်အောက်လည်း ဖြစ်ခဲ့ဖူး၏။

ဒါ့အပြင် ...



www.burmeseclassic.com

www.burmeseclassic.com



ပေါ်တူဂီနယ်ချဲ့ ဖိးလစ်ဒီဗရစ်တို ခေါ် (ငဇင်ကာ) ခေါ် (ဖွန်ကာကူ) ၏ လက်အောက်ခံလည်း ဖြစ်ခဲ့၏။

နောက်ဆုံး ပေါ်တူဂီနယ်ချဲ့တို့ကို အပြီးတိုင် နှိမ်နင်းတိုက်ခိုက်အောင်ပွဲခံခဲ့သည့် အနောက်ဘက်လွန်မင်းကြီး မဟာဓမ္မရာဇာ၏ လက်အောက်ခံနယ်တော်ကြီးလည်း ဖြစ်ခဲ့ဖူးလေ၏။

သို့ဖြစ်၍ ...

သမိုင်းဝိညာဉ် ရင့်မောင်း၊ ရင့်ထူ၏။

လူ့သမိုင်း ရာဇမင်းသမိုင်းတို့၏ ဝိညာဉ်မနောတို့သည်လည်းကောင်း၊ မှတ်တမ်းမှတ်ရာ ပုံပြင်ပြောစကားတို့သည်လည်းကောင်း ရာစုနှစ်များစွာတိုင် စီးမျောလှည့်လည်နေကြ၏။

သို့ဖြစ်၍ ...

'ဝိညာဉ်ရှိသောမြို့' ဟု နာမည်ကြီး၏။ ကျော်ကြား၏။ ခန့်ထည်ဝင့်ဝါ၏။ လေးမြတ်ရိုကျိုးဖွယ် ရှိ၏။

ကြည့်စမ်းပါ ...

ရှေးပါဒခေတ်ရဲ့ သမိုင်းရုပ်ကြွင်း ဇဝံခေတ်လက်ရာတွေ။

ပါဒမင်းတို့ရဲ့ ကောင်းမှုတော်စေတီများ ဖြစ်ကြသည့် ...

ကျိုက်ပါဒဆန်လွန် (ပါဒကြီးဆံတော်ရှင်စေတီ)

ကျိုက်ကမော့ဆန်လွန် (တောင်စွန်းဆံတော်ဦးစေတီ)

ကျိုက်မှာထယ်ရဟန် (ရဟန္တာခေတ်)

ကျိုက်ခနုတ်ဘုရား၊ ကျိုက်ခေါက်ဘုရား၊ ကျိုက်အင်းစေတီ၊ ကျိုက်ဖင်းမယ်စေတီ၊ ကျိုက်မြဆလုံစေတီ၊ ကျိုက်မောရဂိဝါစေတီ၊ ကျိုက်သာမညစေတီ၊ ထမလုံစေတီ၊ ကျိုက်ပြာသာဒ်တနော်စေတီ၊ ကျိုက်ပြာသာဒ်တနွံစေတီ၊ ကျိုက်ဒေသရစေတီ၊ ကျိုက်စောရှင်ပင်စေတီ၊ ကျိုက်တလွဲစေတီ၊ ကျိုက်သပြေစေတီ၊ ကျိုက်သာလွှတ်စေတီ (ဘေးမဲ့ဘုရား)၊ ကျိုက်မော်ဝန်းစေတီ (ဂွမ်းမြို့ကျိုက်မျှော်တလော့စေတီ) စသည့်စေတီများ ...

ပြီး ... သန်လျင်မင်း (၆) ဆက်ဖြစ်ကြသော ...

(၁) မောင်သန်လျင်မင်း (စောလီလတ်ရှဲ)

(၂) မောင်ဒီမင်း (ဗညားဒလ)

www.burmeseclassic.com



(၃) ထမလောက်မင်း

(၄) ဗညားမဏိရွှတ်ပိမင်း

(၅) သီဟရာဇာမင်း

(၆) ဓေယျာသနမင်း

စသည့် သန်လျင်မင်းတို့တည်ခဲ့သည့် ဘုရားကျောင်းသိမ်တော်ကြီးများ ...

ဓမ္မစေတီမင်းကြီးရဲ့ ကောင်းမှုတော်များ၊ ဘုရင့်နောင်မင်းတရားကြီးရဲ့ ကောင်းမှုတော်များ၊ ဟံသာဝတီရောက်မင်းနှင့် ဝန်ကြီးပဒေသရာဇာတို့၏ ဆွေတော်မျိုးတော်များကောင်းမှု ဂူပုထိုး၊ အရိုးအိုးစေတီ ... စသည်တို့နှင့် ရှေးသမိုင်း အမွေအနှစ် ကောင်းမှုတော်များ အမြောက်အမြားရှိနေ၏။

ငြင်းလို့မရသည့် အင်းဝခေတ် ယဉ်ကျေးမှုများက သက်သေအထင်အရှား နှင့် ယနေ့တိုင်ရှိနေဆဲ။

တစ်နေ့သောအခါ ကျောက်ကိုးဆင့် ဘုန်းတော်ကြီးကျောင်းဆရာတော် အရှင်ရက္ခိတသည် ထူးဆန်းသော အိပ်မက်တစ်ခုကို မိုးသောက်ကာနီးမှာ မြင်မက်၏။

အိပ်မက်ထဲမှာ လွန်စွာချောမောလှပပြီး ကျက်သရေအပေါင်းနှင့် ပြည့်စုံသည့် ရှေးခေတ်အဝတ်အစားနှင့် အမျိုးသမီးကြီးတစ်ဦးက ဘုန်းတော်ကြီး အရှင်ရက္ခိတကို ရိုရိုသေသေ ရှိခိုးလေ၏။

"ဒကာမကြီး ... အမည် ဘယ်လိုခေါ်သတုံး။ ခုမှပဲ မြင်ဖူးတယ်"

"မှန်ပါ ... တပည့်တော်မအမည် မရွှေဂုဏ်လို့ ခေါ်ပါတယ်ဘုရား"

"နေတော့ရော ... ဒကာမကြီး"

"ဒဂုံမှာလည်း နေပါသည်၊ သန်လျင်မှာလည်း နေပါသည် ဘုရား"

"အသက်ရောဟဲ့"

"မှန်ပါ ... ကျိုက်ခေါက်ဘုရား ... စေတီတော်ကြီးကို အလုပ်အကျွေး အဖူးအမြော်ပြုခဲ့ကြသည့် စာရေးတော်ကြီး မဟာမင်းလှဓေယျာသူ၊ မြင်းတပ် ဗိုလ်မင်း ကုလားဝန်မြင်းတင်စား မဟာမင်းလှမင်းထင်ရာဇာ၊ သံချက်ဝန်မင်း မဟာမင်းကျော်ရာဇာတို့နှင့် မြန်မာသံတော်ဆင့်မင်း သတင်းစာဆရာ နေမျိုးသီ

www.burmeseclassic.com



သိဒ္ဓိတို့နှင့်အတူ ဆံတော်ရှင်ကျိုက်ခေါက်ကို အဖူးအမြော် ရောက်ခဲ့ဖူးပါသည် ဘုရား"

"ဟင် ... ဒါ ... ဒါဆို ... ဒကာမကြီးတို့က ဘဝရှင်မင်းတရားကြီး ခေတ်ကတည်းက ..."

"မှန်ပါ ဘုရား"

"အို ... အံ့သြစရာပါလား။ ခရော အကြောင်းထူးရှိသလား"

"မှန်ပါ ဘုရားတပည့်တော်မသည် ဟိုတစ်ချိန်တုန်းက သူဌေးကတော် မရွှေကုန် (ဂုဏ်) လို့ ခေါ်ကြောင်းပါဘုရား။ သည်တုန်းက တန်ဆောင်းအစ်မ မသွား။ ကျောင်းဒကာဦးဘိုးကြီး၊ ပျဉ်းမနားမြို့အုပ် ဦးမောင်ကြီး၊ ပဲ့နင်းဦးစလှယ်၊ ကျောက်တံတားအရပ်က အပျိုစင်များနဲ့ စုစုပေါင်း(၂၀၀) ကျော်တို့ ရေနန်းစကြာ သင်္ဘောနဲ့ ရန်ကုန်ဆိပ်မှ သန်လျင်မြို့သို့ ဘုရားဖူးရောက်ခဲ့ပါသည်ဘုရား။

အဲဒီနောက် ဘုရားတပည့်တော်မသည် ကျိုက်ခေါက်ဆံတော်ရှင်ကို လည်းကောင်း၊ မြို့ရွှေသန်လျင်ကိုလည်း ကြည်ညိုသဒ္ဓါပွား မြတ်နိုးလှပါ၍ ကျိုက်ခေါက်စေတီတောင်ဘက်က မည်သူ၊ မင်းမြို့က ရွာစားကောင်းမှုဟု မသိ ရသော ရှေးဂဝံဘုရားပျက်ကို ပြန်လည်ပြုပြင်ပြီး ငါးထပ်ကြီးရွှေရုပ်ပွားတစ်ဆူ ဌာပနာခဲ့ပါသည်ဘုရား"

"ဘာကြောင့် ငါးထပ်ကြီးရွှေသားရုပ်ပွားတော်လို့ ခေါ်ပါသလဲ ... ဒကာမကြီး"

"မှန်ပါ ... ပထမရုပ်ပွားတော်က ရွှေစင်ရွှေသားစစ်စစ်ပါဘုရား။ အဲဒါ အစ်မတော်၊ ညီမငယ်များကလည်း ထူးထူးခြားခြား ကုသိုလ်ပါဝင်ချင်တယ်ဆိုလို့ ရွှေစင်ရွှေသားပေါ်ကနေ ငွေသားဘုရား တင်အုပ်ပါတယ်။ အဲဒီငွေထပ်ဆင့် ရုပ်ပွား တော်ပေါ်မှ တစ်ယောက်က ရွှေသားထပ်ဆင့်အုပ် ပူဇော်ပြန်ပါတယ်ဘုရား။

တစ်ခါ အစ်မငယ်တစ်ယောက်က အဲဒီအပေါ်မှာ ကြေးဝါသန့်သန့်နဲ့ ထပ်ဆင့်အုပ်လှူပြန်ပြီး၊ နောက်ဆုံး ညီမအငယ်ဆုံး မင်းကတော် နီလာဂုဏ်က ရွှေသားရွှေစင်အစစ်နဲ့ ထပ်အုံပြီး ထပ်ဆင့်လိုက်တာ ဉာဏ်တော်တစ်မိုက်ရှိသည့် ငါးထပ်ကြီးရုပ်ပွားတော် ဖြစ်သွားရပါတယ်ဘုရား။

ဦးခေါင်းတော်ပတ်လည်မှာ ဘုရားငါးဆူကို ရည်စူးပြီး ဘုရားတပည့် တော်မတို့ ညီအစ်မငါးယောက် ပတ္တမြား၊ နီလာ၊ ကျောက်စိမ်း၊ မြနဲ့စိန်အပါ

www.burmeseclassic.com



အဝင် အဖိုးတန်ကျောက်ငါးလုံးကို နဖူးသင်းကျစ်နေရာကစပြီး မြှုပ်နှံရစ်ပတ် ပူဇော်ထားပါသေးတယ်ဘုရား။

ပြီး . . . မန္တလေး မဟာမြတ်မုနိဘုရား ရုပ်ပွားတော်ရှင်ခွင်မှာ (၉)ရက် ရှင်ဌေ့တော်လှုံ၊ တပည့်တော်မတို့ငါးဦး အမိဋ္ဌာန်ကိုးရက်ဝင်၊ ပုတီးစိပ်လို့ နောင်ပွင့်မည့် အရိမေတ္တယျာဘုရားရှင်အား ရည်စူးကာ ကိုယ်တိုင် ဖူးမြော်ခွင့်ရရပါလို၏လို့ အဓိဋ္ဌာန်ဆုတောင်း ပြုခဲ့ပါတယ်။

သည့်နောက် ကျိုက်ခေါက်ဘုရားရဲ့တောင်ဘက်၊ တောနက်ကြီးထဲက ရှေးဟောင်းဂဝံစေတီပျက်ကို ပြုပြင်ပြီး အဲဒီရုပ်ပွားတော်ကို ဌာနပနာလို့ စေတီတစ်ဆူ တည်ထားကိုးကွယ်ခဲ့ပါတယ်။

အဲဒီအချိန်တုန်းက ဝိဇ္ဇာများ၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးများ၊ ထွက်ရပ် လမ်းလိုက်သူ ဂန္ဓာရီပုဂ္ဂိုလ်၊ ရှင်လူရဟန်းအသီးသီးတို့ အောင်မြေနင်းရာ၊ အဓိဋ္ဌာန် ပြုရာ၊ တရားထိုင်ရာ၊ ပညာစီရင်ရာ နေရာဌာန ဖြစ်ခဲ့ပါသော်လည်း သန်လျင် မင်းအဆက်ဆက် မွန်မင်းအဆက်ဆက်နဲ့ နယ်ချဲ့ပေါ်တူဂီ အရေးတော်များ၊ ပထမ ကမ္ဘာစစ် ဒုတိယကမ္ဘာစစ် အရေးတော်များကြောင့် ပြိုကျပျက်စီး ဖျက်ဆီးခံရ သလိုရှိပြီး နောက်ဆုံး တောကြီးချုံအောက် ပုန်းလျှိုးကွယ်ပျောက်ရောက်သွားခဲ့ ရပါတယ်ဘုရား။

တပည့်တော်တို့လည်း ဘဝခြားနေ၍ မည်သို့မျှ လုပ်ကိုင်ခွင့် လုပ်ပိုင် စီရင်ခွင့် မရပါသော်လည်း ဤဘုရားပျက် ကုန်းတော်နေရာဌာနမှာ မှီတင်းနေထိုင် ကြသည့် မြင်အပ် မမြင်အပ် ပုဂ္ဂိုလ်တို့ရဲ့ မေတ္တာရပ်ခံချက်ကြောင့် ဒီရုပ်ပွားတော် ကြီးကို ထိန်းသိမ်းစောင့်ရှောက်နိုင်မည့် ပုဂ္ဂိုလ်သူတော်ကောင်းကို ရှာရင်း အရှင် ဘုရားရဲ့ ကိုယ်ကျင့်စရဏတရား သီလစောင့်တရားတို့ကို ကြည်ညိုနှစ်သက်ပါ၍ ယခုလို အိပ်မက်ပေး အကူအညီတောင်းရပါသည်ဘုရား။ အရှင်ဘုရား . . . တူးဖော် ရှာဖွေ၍ အများကိုးကွယ်လို့ရအောင် ထိန်းသိမ်းစောင့်ရှောက်ပါဘုရား။

အိပ်မက်ထဲမှာ ဒေါ်ရွှေဂုဏ်ဆိုသည့် ရှေးအဝတ်အစားနှင့် လူကုံထံ အမျိုးသမီး ခန့်ခန့်ချောချောကြီးသည် သူမပြောလိုသည်များကို ပြည့်စုံစွာ လက်အုပ် ချီကာ တရွှေ့ရွှေ့ နောက်ဆုတ်နောက်ဆုတ်နှင့် နောက်ဆုံး လုံးဝ ပျောက်ကွယ်သွား လေသည်။

✿ ✿ ✿

www.burmeseclassic.com

[၃]

❑

အိပ်မက်မှာ ဝတ္ထုဇာတ်လမ်းလိုလို၊ သမိုင်းနောက်ခံစစ်စစ်လိုလိုနှင့် စိတ်ဝင်စားစရာကောင်းသည့်အတွက် ဘုန်းတော်ကြီး အရှင်ရက္ခိတသည် အိပ်မက်ကို အနှလုံးပဋိလုံ စဉ်းစားကာ ဘာလုပ်ရမှန်းမသိ ဖြစ်နေ၏။

အိပ်မက်ဆိုတာ နိမိတ်လား . . .

အိပ်မက်ဆိုတာ ဖြစ်ရပ်မှန်ရဲ့ ရှေ့ပြေးလား . . .

အိပ်မက်ဆိုတာ မပြီးဆုံးသေးသည့် ဘဝအစိတ်အပိုင်း အချိန်ဇာတ်ကြောင်းခရီးလား . . .

ဤအိပ်မက်ဆန်းကို ဒုတိယအကြိမ်မြောက် မြင်မက်ပြီးသောအခါ ဘုန်းတော်ကြီး အရှင်ရက္ခိတသည် ဟုတ်သော်ရှိ မဟုတ်သော်ရှိ စူးစမ်းမှုကို ပြုလေ၏။ ဦးစွာ ပါဒခေတ်ရဲ့ ဘုရားသမိုင်းများကို စတင်စူးစမ်းလေ့လာ၏။

ဒီမှာ ကျောက်တန်းမြို့မှ ပါဒနိုင်ငံတော်ရာဇဝင်နှင့် ပါဒရပ်ပွားတော်စေတီတော်များသမိုင်းကို ရေးသားခဲ့သည့် စာရေးဆရာ သုတေသီပြည်တော်သာ ဦးထွန်းရီ၏တပည့် ကိုဘုန်းသက်ရှည်နှင့် သွားတွေ့ရလေ၏။

ဦးဘုန်းသက်ရှည်သည် (၁၃၁၈)ဝန်းကျင်ခန့်က ဆရာကြီး ဦးကျော်၏ တပည့် ကျောင်းသားငယ်တစ်ဦးမျှသာဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ရှိလှ အသက် (၆)နှစ်ကျော် (၇)နှစ် (၈)နှစ်ပဲရှိချိမ့်မည်။ ထိုအချိန်တုန်းက သုတေသီပြည်တော်သာ ဦးထွန်းရီသည် လွန်ခဲ့သည့် နှစ်ပေါင်း (၂၆၀၀)ကျော်က ပျောက်ဆုံးနေသည့် ရွှေပါဒမြို့ဟောင်းကို တူးဖော်ရှာဖွေ သုတေသနပြုချိန်ဖြစ်၏။

ယခု ဦးဘုန်းသက်ရှည်ပင် အသက် (၄၀)ဝန်းကျင်ခန့် လူရွယ်လူကြီးဖြစ်နေ၏။

"တပည့်တော်မှတ်မိသမျှ ပြန်ပြောရရင် အဲဒီတုန်းက တပည့်တော်က အသက် (၈)နှစ်သားပါဘုရား။ ဆရာကြီးပြည်တော်သာ ဦးထွန်းရီဟာ ပါဒကျောင်းတိုက်ဆရာတော်။ အရှင်နန္ဒမေဓာသူမြတ်နဲ့ တိုင်ပင်ဦးဆောင်မှုခံယူပြီး အဘဦးမောင်ကြွယ် အဘိုးဦးဘညွန့် အဘိုးဦးပု၊ ဆရာကြီးဦးကျော်နဲ့ ကျွန်တော်တို့ ကိုရင် ကျောင်းသားအချို့လည်း ပါကြပါတယ်။

ဆရာကြီး တူးဆွရှာဖွေ ဖော်ထုတ်တဲ့အတွက် ပျောက်ဆုံးလုနီးနီးဖြစ်နေသည့် ရွှေပါဒမြို့သမိုင်းနဲ့ ရွှေပါဒမင်းများ ကောင်းမှုများကို ဖော်ထုတ်သက်သေပြခဲ့ပါတယ်ခင်ဗျ။ ဒီအကြောင်း အသေးစိတ်ကို အဘဆရာကြီးပြည်တော်သာ ဦးထွန်းရီက ပါဒနိုင်ငံတော်ရာဇဝင်နှင့် ရုပ်ပွားစေတီတော်များ သမိုင်းဆိုပြီး စာအုပ်ရေးသားထုတ်ဝေခဲ့တာ ပါဒသမိုင်းအတွက် အခိုင်လုံဆုံး မှတ်တမ်းတစ်ခုပါပဲဘုရား"

သို့နှင့် ဘုန်းတော်ကြီးက အိပ်မက်ထဲမှာကြုံခဲ့ရသည့် ရွှေဟောင်းစေတီအကြောင်းကို မေးမြန်းကြည့်သောအခါ ...

"အရှင်ဘုရား .. ဆရာကြီးရဲ့ ရေးသားချက်အရ ပါဒမင်း(၃၄)ဆက်မှာ ဝိသဘောဂသေနမင်း၊ တိဿနရသေနမင်း၊ မြစောနောင်မင်း၊ ရာဇစောနောင်မင်း၊ သမ္မာခန်းစောရှင် နေသူရမင်း၊ စောဘုန်းကြွယ်မင်း စသည့် ပါဒမင်းအတော်များများက ဗုဒ္ဓရဲ့ဆံတော်များကို ဂဝံကျောက်အုတ်များနဲ့ ပုထိုးများ၊ ကျောက်ထီးများစိုက်ထူပြီး ပူဇော်ကိုးကွယ်ခဲ့ကြ၊ သာသနာပြုခဲ့ကြတယ်လို့ သိရတယ်။

ဘုရားစေတီတွေက အများကြီးပဲ။ ယနေ့အထိ သန်လျင်ကျောက်တန်း၊ ခရမ်းသုံးခွမြို့နယ်များရဲ့ တောကြုံအုံကြား ချောင်ကြိုချောင်ကြားမှာ ရွှေဟောင်းဘုရားပြိုဘုရားပျက်တွေ နေရာဟောင်း အုတ်ကျိုးပုံတွေ ဖြစ်နေတုန်းပဲ။

အဘိုးတို့ပြောချက်အရ ပုဂံဒေသမှာ ဘုရားတွေ လက်ညှိုးထိုးမလွဲသလိုပါဒနိုင်ငံတော်တည်ရာ သန်လျင်ကျောက်တန်း၊ ခရမ်းသုံးခွနဲ့ မွန်တို့စံရာ တွံတေး

www.burmeseclassic.com



ဒလ၊ ကော့မှူး၊ ကွမ်းခြံကုန်းအရပ်ဒေသတွေမှာ ဟိုစဉ်က ဘုရားစေတီရုပ်ပွား များ လက်ညှိုးထိုးမလွဲ ရှိခဲ့ဖူးတယ်လို့ အဆင့်ဆင့် ကြားခဲ့ရပါတယ်ဘုရား။

ဟောဒါ ဆရာကြီးပါဒဦးထွန်းရီရဲ့ ဆရာကြီးကထိက ဦးသက်တင်တို့ ရေးသားပြုစုခဲ့သည့် ပါဒသမိုင်းနဲ့ သန်လျင်ကျိုက်ခေါက် ဘုရားသမိုင်းစာအုပ် ပါဘုရား။ အရှင်ဘုရား ဦးစွာဖတ်ပါ။ ပြီးမှ ပြန်ပေးပါဘုရား''

ဘုန်းတော်ကြီး ဦးရက္ခိတလည်း ဒကာကြီး ကိုဘုန်းသက်ရှည်ပေးသည့် ပါဒသမိုင်းနှင့် သန်လျင်ဘုရားသမိုင်း စာအုပ်နှစ်အုပ်ကို ယူခဲ့လိုက်ပြီး ကျောင်း ရောက်သည်နှင့် အစမှအဆုံး စိတ်ဝင်တစားဖတ်လိုက်ရာ ...

လွန်စွာ အံ့ဖွယ်ကောင်းလှသော ပါဒနှင့် သန်လျင်ဘုရားသမိုင်းရဲ့ နောက်ခံရာဇဝင်ကိုလည်းကောင်း၊ မျက်မှောက်ခေတ် (၁၃၁၈) ဝန်းကျင် တူးဖော် ရှာဖွေ တွေ့ရှိချက်များကိုလည်းကောင်း အံ့ဩဖွယ်၊ ရင်နင့်ဖွယ်၊ ကြေကွဲဖွယ်၊ အားရကျေနပ်ဖွယ်၊ ရွှင်မြူးကြည်နူးဖွယ် ဖတ်ရှုရလေသည်။

ဒီမှာပဲ မမျှော်လင့်ဘဲ ဘုန်းတော်ကြီး ရှာဖွေနေသည့် အိပ်မက်ဘုရား ဆိုင်ရာ သဲလွန်စကို ကျိုက်ခေါက်ဘုရားသမိုင်းစာအုပ်မှာ မမျှော်လင့်ဘဲ တွေ့လိုက် ရ၍ အားရဝမ်းသာ ဖတ်ရှုလိုက်သောအခါ ...

'' ..........(၁၂၃၆) ခုနှစ်၊ တော်သလင်းလဆန်း (၁၁) ရက်နေ့ တွင် သန်လျင်မြို့၊ ကျိုက်ခေါက်စေတီတော်ကို ဘုန်းတော်ကြီးလှသော နေထွက် ဘုရင်မင်းတရားကြီး ကိုယ်စားတော်ပြု၍ အဖူးမြော်သွားမည်ဟု ကြံစည်တော် မူ၍ စာရေးတော်ကြီး မဟာမင်းလှဇေယျာသူ၊ မြင်းတပ်ဗိုလ်မင်း၊ ကုလားဝန် မြင်းတင်စား မဟာမင်းလှ မင်းထင်ရာဇာ၊ သံချက်ဝန်မင်း မဟာမင်းကျော် ရာဇာ၊ ရေနန်းစကြာ သဘော်တော်စီး ရဲတိုက်သံတော်ဆင့် နေမျိုးရာဇသီရိ၊ နန်းမတော်ဘုရား ဘဏ္ဍာစိုး နေမျိုးသီဝသိဒ္ဓိတို့နှင့် တိုင်ပင်တော်မူ၍ ပျဉ်းမနား မြို့အုပ်မောင်ကြီး၊ ပဲ့နင်းဦးစလှယ်၊ တန်ဆောင်းဒကာ ဦးရွှေပြည်၊ တန်ဆောင်း အစ်မ ကျောင်းဒကာမောင်ကြာငုံ၊ ကျောင်းအစ်မ၊ ကျောင်းဒကာကြီး ဦးဘိုးကြီး၊ ဦးမောင်ကလေး၊ တန်ဆောင်းအစ်မ မဘွား၊ သူဌေးကတော်မရွှေကုန်၊ ဘုရားအစ်မ ကျောင်းအစ်မစသည် အသရေရှိသူများ၊ ကျောက်တံတားရပ်နေ၊ ကျက်သရေ ရှိကြသူ အမျိုးသင်အပေါင်းတို့နှင့် လူပေါင်း (၂၀၀) ကျော်တို့သည် ရေနန်း စကြာသဘော်တော်နှင့် ရန်ကုန်မြို့ဆိပ်မှ သန်လျင်မြို့ဆိပ်သို့ ကျောက်နုတ် စက်ခုတ်သွားကြလေသည်။ ကျိုက်ခေါက်စေတီတော်သို့ ရောက်လာသဖြင့် ပါသမျှ

www.burmeseclassic.com



ရိုသတ်တို့နှင့်တကွ၊ ပူဇော်ကန်တော့ပြုကြ၍ ဗုဒ္ဓပရာယန သရဏဂုံသင်းထုံ ဆပ်မံ ဒဉ္စိကမ္မ ကပ်လှူကြလေသည်။

၎င်းစာပိုဒ်ကို ဖတ်ရှုရသောအခါ ဘုန်းတော်ကြီး ဦးရက္ခိတ အလွန်ကို အံ့သြဝမ်းသာသွားခဲ့ရလေ၏။

တွေ့ပြီ။ သူ့ရွှေးကတော် မရွှေကုန်တဲ့။

မရွှေကုန် ...မရွှေဂုဏ် ...မရွှေကုန် ...မရွှေဂုဏ် ...ဟုတ်ပြီ။ ဒါဆို ဘာဆက်လုပ်ရမလဲ။

အိပ်မက်အရ ကျိုက်ခေါက်ဘုရား တောင်ဘက်ကတောကို ထိုးဖောက် ရှာဖွေရန် ဆုံးဖြတ်ချက်ချပြီးနောက် လက်ရင်းတပည့်ဒကာ ဖိုးသန်းခေါင်ကို အဖော် ခေါ်ပြီး တောသို့ ဝင်ခဲ့လိုက်လေသည်။

❀ ❀ ❀

[၄]

❑

သုံးရက်တိုင်တိုင် ဆွမ်းစားပြီးနောက်ပိုင်း ခါးတစ်လက် တောင်ဝှေး တစ်ချောင်းနှင့် တောရှင်းတောနင်းရှင်းပါသော်လည်း ဘုရားပြို ဘုရားပျက်အချို့ ကို တွေ့ခဲ့ရပါ၏။

တူးရွင်းနှင့် မြေရှင်းလိုက်ပါက မည်သူ့ပစ္စည်းမှ မတွေ့ရ။ ခြေကုန်လက်ပန်း ကျလာကြ၏။ အချိန်တို့ ကုန်လာ၏။

"ဘုန်းဘုရား ..."

"ဘာတုံး"

"ရှာလို့မတွေ့ပါလား ဘုရား။ လူလည်း ပင်ပန်းနေပြီဘုရား"

"ဖွဲ့မလျှော့စမ်းပါနဲ့ ...ဖိုးသန်းခေါင်ရယ် ဒါ သာသနာပြုသည့်အလုပ် ပါ။ ကိုင်း ...ကျုပ် သမ္မာဒေဝ နတ်မြတ်နတ်ကောင်းအပေါင်းကို တိုင်တည် မေတ္တာရပ်ခံပါဦးမည် ...ဖိုးသန်းခေါင်ရာ"

www.burmeseclassic.com



သည့်နောက် ဘုန်းတော်ကြီးသည် အရပ်လေးမျက်နှာကို လှည့်၍ မေတ္တာသုတ်ပရိတ်ကို ရွတ်၏။ အဆိပ်ရှိသော သတ္တဝါများ ဘေးရန်မှ ကင်းဝေးစေရန် ခန္ဓသုတ်ကို ရွတ်၏။

ဤတောသည် နက်ရှိုင်း၏။ ကမ်းပါးကုန်းနှင့် တောင်ပြေပြေတို့ရှိ၏။

တောင်ကြားလမ်းနှင့် ဟို ... သီလဝါကျွန်းကုန်းရှိရာ တစ်မျှော်တစ်ခေါ်သို့ သွားသော်ရောက်၏။ လမ်းမီးမရှိ၊ လရောင်နှင့်သွားရ၏။ လမ်းခရီးမှာ လူဆိုးဓားပြတို့ အလုအယက် အသတ်အဖြတ် ကြမ်းကြုတ်၏။

" ........ ဤတော ဤတောင် ဤအရပ်၌ ပိုင်ဆိုင်စောင့်ရှောက်ကြကုန်သော မြင်ရမမြင်ရပုဂ္ဂိုလ်များ အပိုင်အဆိုင် အစောင့်အရှောက်များနှင့်တကွ ဘုမ္မစိုး၊ ရုက္ခစိုး၊ အာကာသစိုး အစရှိသည့် အစောင့်အရှောက်အပေါင်းတို့ ကျွန်ုပ်ထိန်းသောသစ္စာမေတ္တာကို အမျှယူ သာဓုခေါ်ကြပါလော့။

ကျွန်ုပ်သည် အိပ်မက်အရ မူလဘုရားဒါယကာမကြီး၏ မေတ္တာရပ်ခံချက်အရ ငါးထပ်ကြီး ရွှေသားကျောက်စီ ရှေးဟောင်းရုပ်ပွားတော်မြတ်ကို ဆက်လက်သာသနာပြုရန်၊ အများပူဇော်ကိုးကွယ်ရန် လိုက်လံရှာဖွေနေပါသည်။

သုံးရက်မြောက်ပါသော်လည်း မတွေ့ရပါသဖြင့် ဘုမ္မစိုး ... ရုက္ခစိုးနှင့်တကွ ရုပ်ပွားတော်ကို စောင့်ရှောက်ကြကုန်သော မြင်ရမမြင်ရ ပုဂ္ဂိုလ်များက ဘုရားဒကာမကြီး ဒေါ်ရွှေဂုဏ်ရဲ့ ရည်ရွယ်ချက် ရည်မှန်းချက်ကို ပါဝင်ကူညီဖြည့်ဆည်း ကုသိုလ်ယူသည့်အနေဖြင့် ဗုဒ္ဓရုပ်ပွားရှိရာ နေရာအမှန်ကို ထင်ရှားစွာသိရန် လမ်းပြကူညီတော်မူကြပါ။ ဘုရားဒကာ ဒကာမ သာသနာပြုဘက် ပုဂ္ဂိုလ်အပေါင်းတို့ ... များ"

ဘုန်းတော်ကြီး ဦးရက္ခိတသည် အရပ်လေးမျက်နှာသို့ လှည့်၍ မျက်နှာမူ၍ မေတ္တာလည်းပို့၏။ အမျှလည်း ဝေ၏။ သာဓုလည်း ခေါ်၏။

ပြီး ... အကူအညီလည်း တောင်းခံလိုက်လေသည်။

"ရှူး ..."

"ဟ ... ဟ ..."

"ရှူး ... ရှူး ..."

"ဟယ် ... ဘုန်းဘုရား ... မြွေဆိုးတွန်သံတွေ ဘုရား"

"ရှူး ... ရှူး ... ရှူး ..."

"ရှူး ... ရှူး ..."

www.burmeseclassic.com

www.burmeseclassic.com



"ရှီး . . . ရှီး . . ."

"ဝေါ . . . ဝေါ . . . ဝေါ . . ."

"မြတ်စွာဘုရား . . . ကယ်မတော်မူပါဘုရား"

မြွေဆိုးတွန်သံများနှင့်အတူ လေတိုက်သံ တဝုန်းဝုန်း တရှန်းရှန်း တော သစ်ဝါးသတ္တဝါတို့ ပြေးလွှားပျံသန်းသံများ ကြားလိုက်ရတော့သည်။ ကပ္ပိယကြီး ဦးသန်းခေါင် မကြဲဖူး၍ လွန်စွာကြောက်ရွံ့ စိုးရိမ်နေ၏။

"ကိုယ်တော် . . . ဘာ . . . ဘာ . . . ဖြစ်တာ . . တုံး . . ဘု . . ရား"

"တောခြောက်တာလား မသိဘူး"

"မြတ်စွာဘုရား . . . ကိုယ်ကျိုးတော့ နည်းပါပြီဗျ"

"ဒကာသန်းခေါင် . . ."

"ဘ . . . ဘ . . . ရား . . . ရား"

"တောလယ်မှာ ပေါက်ကရ နိမိတ်မရှိစကား မပြောနဲ့"

"ဟုတ် . . . ဟုတ် . . . အဲ . . . မှန် . . . မှန်ပါ့ . . . အမယ်လေး . . . ကြပါပြီး . . . မြွေတွေဘုရား"

"ဘယ်မှာတုံး . . . သန်းခေါင်"

"ဟို . . . ဟို . . . အမယ်လေး . . . စိုက်ကြည့်နေတယ် . . . အရှင်ဘုရား . . ပြေး . . . ကြစို့ဘုရား"

ကြည့်လိုက်တော့ . . .

နက်ပြောင်လင်းလက်နေသည့် မြွေဟောက် အကောင်ငါးဆယ်ခန့် ကြီးသည် ပါးပျဉ်းကြီးများခွက်၍ ထောင်၍ တောင်ပို့ဝန်းကျင်မှ ဘုန်းကြီးတို့ ဦးကို စူးစူးစိုက်စိုက် ကြည့်နေ၏။

ဘုန်းကြီးဦးရက္ခိတက မေတ္တာသုတ်ကို ရွတ်၏။ ခန္ဓသုတ်ကို ရွတ်၏။ အုပ်ကြီးကိုလည်း လက်ပြနူတ်ဆက်၏။ လေတိုက်သံများ ငြိမ်စပြုလာသည်။ တောတိုးသံများ တိုးလျှစပြုလာသည်။

တွန်ပြီး ပါးပျဉ်းထောင်နေသည့် မြွေအုပ်ကြီးသည် ဘိစပ်ချုံကြီးရှိရာသို့ နာရှုပြီး ခေါင်းတညိတ်ညိတ်လုပ်ခါ တစ်ကောင်ပြီးတစ်ကောင် ပျောက်ကွယ်လို့ ကြလေသည်။

မြွေအုပ်ကြီးမရှိတော့မှ ဦးသန်းခေါင်း 'ဟင်း' ခနဲ သက်ပြင်းချ၏။ အဖော်လိုက်ခဲ့တာမှားပြီဟု တွေး၏။ သေချင်သည့်ကျား တောပြောင်းလာသလိုမျိုး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပြီထင်ရဲ့ဟု စဉ်းစား၏။ ထိုစဉ် တောကြက် အဖိုအမနှစ်ကောင်သည် သူတို့ ရှေ့ရှိ ရောမဘိစပ် ချုံပေါ်သို့ တက်နားကြသည်။

သည်မှာ တောကြက်မက လန့်ဖြန့်ပြီး ကတော်၍ ပျံပြေး၏။ တောကြက် အဖို ကြက်တိန်ညင်လေးက အစ်မကြက်တညင်နောက်သို့ လိုက်မသွားဘဲ ထူထပ်သည့် ချုံပေါ်မှာရပ်လို့ အသံသေးသေးနှင့် အားရပါးရ တွန်နေ၏။

"အက် ... အီး ... အီး ... အက် ..."

အိမ်ကြက်လို အောက်အီးအီးအွတ်ဟု မတွန်နိုင်ရှာ။ အသံသေးသေး နှင့် တွန်ပေမင့် နားထောင်လို့ကောင်း၏။ ကြက်တိန်ညင် အဖိုလေးသည် အမြီး လေးကော့ ရင်လေးမော့ပြီး အဆက်မပြတ်တွန်နေ၏။

သူတို့နှစ်ဦးကို တွေ့နေသည့်တိုင် မပျံမပြေးဘဲ တွန်နေ၏။

အကြိမ်နှစ်ဆယ်ခန့် ဘုန်းကြီးနှင့် ဦးသန်းခေါင်ကိုကြည့်လို့ အားရကျေနပ် စွာ တွန်ပြီးနောက် မ,သံပေးသည့် အသံကြားသည်နှင့် ရုတ်ခနဲထပျံလို့ သူ ချစ်ဇနီး ကြက်မလေးရှိရာ ဦးတည်သွားလေသည်။

"ဘဘုန်း ဘုရား"

"ဘာတုံး ... ဒကာသန်းခေါင်"

"အန္တရာယ်များ ရှိပါတယ် ဘုရား။ ပြန်လှည့်ကြပါစို့"

"ဟိုနားဒီနားလေး ရှာကြည့်ကြပါဦးစို့ ... ဒကာကြီးရာ ... လာ"

လေးကင်းမားကြီးကိုင်ပြီး ကြောက်ရွံ့တုန်လှုပ်နေသည့် ဒကာရင်းကို အားပေးစကားပြောပြီး လက်ထဲကတောင်ဝှေးနှင့် ဟိုကော်သည်ထိုးလုပ်ရင်း အတန် ကြာ လိုက်ရှာပါသော်လည်း ...

မြွေတွန်သံလိုလို ...

လူညည်းသံလိုလို ...

နိုညည်းသံလိုလို ...

တစ်ခါတစ်ခါ ရယ်သံလိုလို ...

တစ်ခါတစ်ခါ မကျေနပ်လို့ တောက်ခတ်သည့်အသံမျိုးများကို ကြားရပြီး ထူထပ်လှသောင်ကိုမှ လုံးဝမမြင်ရ၍ ဦးသန်းခေါင် ခေါင်းနားဘန်းများကြီး ကြက်သီး မွေးညင်းများသာမက ဆံပင်မွေးပါ ထောင်ထလုလု ဖြစ်နေ၏။

တစ်နာရီခန့်ကြာသော် ဟိုတိုးသည်တိုး ဟိုလှန်ဒီလှောလုပ်ပြီးနောက် မှောင်ပျိုးလာကြပြီဖြစ်သဖြင့် နှစ်ယောက်သား နေရပ်ကျောင်းရှိရာသို့ ပြန်လာခဲ့ လိုက်ကြလေသည်။

✿ ✿ ✿

www.burmeseclassic.com

[၅]

❑

"အရှင်ဘုရား ..."

"ဘယ်သူတုံး"

"တပည့်တော်တို့ပါ ဘုရား"

လှည့်ကြည့်လိုက်တော့ ဝတ်ဖြူစင်ကြယ်နှင့် စိတ်ပုတီးကြီး လည်မှာလွယ်ထားသည့် အဘိုးအိုတစ်ဦးနှင့် သပိတ်ရောင်တောက်နေသည့် နက်မှောင်မှောင် အသားအရည်ရှိသော မြွေမျက်နှာသဏ္ဍာန်နှင့် ပိုးတဝါးတူသည့် ခေါင်းတုံးယောကျ်ားကြီးနှစ်ဦးတို့ကို မြင်ရလေ၏။

"ဒကာကြီးတို့က ဘယ်အရပ်ကတုံး"

မမြင်ဖူး၊ မတွေ့ဖူး၍ ဘုန်းကြီးဦးရက္ခိတက မေးရ၏။

"တောကပါ ဘုရား"

"ဘယ်တောတုံး ... ခရမ်း သုံးခွ ကျောက်တန်းဘက်ကလား"

"တောကပါပဲဘုရား"

ဝတ်ဖြူစင်ကြယ်နှင့် အဘိုးအိုက တောကပါပဲဟု ထပ်ပြောနေ၍ မမေးတော့။



www.burmeseclassic.com

www.burmeseclassic.com



"လာရင်းကိစ္စပြောပါဦး ... ဒကာတို့"

"ရှာနေသည့်ပစ္စည်း တွေ့ပါပြီလား ဘုရား"

"ဟေ ... ရှာနေသည့်ပစ္စည်း ... ဟုတ်လား ... ဘာပစ္စည်းတုံး"

ဘုန်းကြီးက မသိချင်ယောင်ဆောင်၍ မေး၏။

"ရှေးဟောင်း ရုပ်ပွားတော်ပါဘုရား"

"အလို ... ဒကာကြီးကို ဘယ်သူပြောတုံး"

"အရှင်ဘုရားကိုယ်တိုင် ပါးစပ်က ပြောတာလေဘုရား"

ဘုန်းကြီး စဉ်းစားရလေ၏။ ဒီကိစ္စ သူနှင့် ကပ္ပိယကြီးဦးသန်းခေါင်ပဲ သိကြ၏။ ဦးသန်းခေါင်ကိုလည်း လူယုံသဘောထား၍ တိုးတိုးကြိတ်ကြိတ် ပြောခဲ့ဖူး၏။ အခြား မည်သူ့ကိုမျှ ဖွင့်မပြောဖူး။

"ဟုတ်ရဲ့လား ... ဒကာကြီး"

"တပည့်တော် မညာပါဘူးဘုရား။ နားနဲ့ဆတ်ဆတ် ကြားရတာပါဘုရား"

ဘုန်းကြီးဦးရက္ခိတသည် ပိတ်ဖြူစင်ကြယ်နှင့် ခန့်ငြားလှသော အဘိုးအိုရဲ့မျက်နှာကို စိုက်ကြည့်ပြီး ဂရုတစိုက် ပြန်စဉ်းစားလိုက်သောအခါ ခေါင်းထဲမှာ သဘောပေါက်စ ပြုလာ၏။ အရိပ်ပြသော် အကောင်ကို ခပ်ရေးရေးမြင်လာ၏။

"အမိန့်ရှိပါဘုရား ... တွေ့ရှိပါပြီလား"

"မတွေ့သေးဘူး ... ဒကာကြီး။ ကျုပ်တို့ရှာနေတာ တစ်ပတ်ရှိပြီ။ ဘုရားရုပ်တုမတွေ့ဘဲ ကြောက်စရာလန့်စရာတွေပဲ ကြုံနေရတယ်။

"မကြောက်ပါနဲ့ ဘုရား"

"ဒကာကြီးတို့လည်း ကူညီကြဦးလေကွယ်"

"ကူညီကြတာပါပဲ။ အရှင်ဘုရားတို့ အကင်းမပါးလို့ပါ"

"ဟေ ... ကျုပ်တို့ အကင်းမပါးလို့။ ဟုတ်လား ..."

"ဟုတ်ပါတယ် ... ဘုရား။ မှတ်ထားပါ ... ဘုရား။ အဲဒီတောထဲမှာ ရွှေစာတဘောင် ရှိပါတယ်ဘုရား"

"ဘယ်လို တဘောင်ပါလိမ့် ... ဒကာကြီးရယ်"

"ကြက်တွန်သံကြား ... ချုံအောက်နား ... ဘုရားစံပွာယ်ကြာလှုပြီ ... ရွှေစင်ရွှေသားမြတ်ဘုရား ... ချစ်သားရဟန်းဖော်လိမ့်မည် ... ပေါ်တော်မူဘုရား မပြစ်မှားနှင့် ... ပြစ်မှားသည့်သူ ... အပါယ်ပူ နေဆယ်ဆူလို လောင်မြိုက်မည်

www.burmeseclassic.com



လို့ … ရှေးတဘောင် ရှိခဲ့ပါတယ်ဘုရား။ ဒီလောက်ဆို အရှင်ဘုရားရဲ့ပါရမီကို တပည့်တော်တို့ တတ်နိုင်သမျှ ပိုင်းကူဖြည့်ဆည်းပေးပြီးပါပြီ ဘုရား။ ဉာဏ်ရှိသလို တံခါးဖွင့်ပါဘုရား''

ဝတ်ဖြူစင်ကြယ်နှင့် ခန့်ခန့်ညားညား အဘိုးအိုသည် လျှို့ဝှက်သော အကြောင်းတရားများကို သူ့ပညာဉာဏ်၊ သမာဓိဉာဏ်နှင့် ဖော်ထုတ်ပြောဆိုပြီး ဦးချလို့ ကျောင်းပေါ်မှ ပြန်ဆင်းသွားလေ၏။

အသားလွန်စွာမည်းလှသည့် မြွေမျက်နှာနှင့် လူမည်းကြီးနှစ်ဦးတို့ကလည်း ရှိသေစွာ ဦးချပြီး အဘိုးအိုနောက်မှ လိုက်ပါသွားလေ၏။

သူတို့ရောက်လာသည့် အချိန်ကလည်း ညဥ့်ဘက်ကြီး။ ထူးခြား၏။ ဖြစ်စဉ်အားလုံးကို သိနေကြ၏။ ဘုန်းကြီးမကြားဖူးသည့် ရှေးတဘောင်စာကိုပင် ရွတ်ပြသွားသေး၏။ ဘုန်းတော်ကြီး ဦးရက္ခိတသည် လက်ကပုတီးစိတ်ရင်း ဉာဏ်စင်ကို လွှာ၍ သုံးသပ်ဝေဖန်စဉ်းစားရင်း တဘောင်ကို ရွတ်ဆိုနေမိ၏။

''ဟုတ်ပြီ''

''ကျိန်းသေပြီဟေ့ …''

ဝမ်းသာအားရ ကြွေးကြော်ကာ ဘုရားရှိခိုး မေတ္တာပို့အမျှဝေပြီး နှစ်ခြိုက်စွာ ကျိန်းစက်လိုက်လေသည်။

✿ ✿ ✿

[၆]

❑

ဆွမ်းစားပြီးသည်နှင့် ကပ္ပိယကြီး ဖိုးသန်းခေါင်ကို ခေါ်၏။ လိုအပ်သော ပစ္စည်းများကို မှာ၏။ သယ်ယူခဲ့ကြ၏။

''ကိုယ်တော် …''

''ဘာတုံး … ဒကာကြီး''

''လက်မလျှော့သေးဘူးလား ဘုရား''

www.burmeseclassic.com



"ဘာလို့လျှော့ရမှာတုံး ... သာသနာပြုလုပ်ငန်း လုပ်နေတာ။ သာသနာပြုမင်းပေါက်ဂူးဆိုတာ ဖွဲ့ရှိရတယ်၊ လုံ့လဝီရိယ ရှိရတယ်။ မြဟ္မစိုရ်တရား လက်ကိုင်ထားရတယ်။ အချိန်တန်ရင် ဖြစ်ကိုဖြစ်ရမှာပဲ"

ဒီလိုနှင့် ကျိုက်ခေါက်ဘုရားတောင်ဘက် တောတန်းထဲသို့ ဝင်လာကြ၏။

မြွေဆိုးတွန်သံများက ခရီးဦးကြိုပြု၏။ ဦးသန်းခေါင် လန့်၍ ခြေလှမ်းတုံ့သွား၏။ လူမမာညည်းသံမျိုး ကြားရ၏။

ကလေးများရယ်သံကို ကြားရပြန်၏။

ဟော ... ကလေးအမေ သားချော့တေးဆိုသံပါလား။

ဟော ... ဟော ... ရယ်သံ ... ရယ်သံ ...

"အ ... ရှင် ... ဘု ... ရား ..."

"ဘာတုံး"

"ရယ် ... သံ ... ငိုသံ ... သီ ... ချင်း ... ဆို ... သံ ... ကြား ... ကြား ..."

"ဆိုဆို ကြားကြားကွာ ... သူ့အလုပ် သူလုပ်နေကြတာ ကိုယ့်အလုပ်ကိုယ်လုပ်။ လာ ..."

သူတို့ ထိုနေ့ကတွေ့ခဲ့သည့် ဘိစပ်ချုံနားဝန်းကျင်သို့ ရောက်လာ၏။ ပန်းချုံများမရှိဘဲနှင့် ပန်းပေါင်းစုံရနံ့ရ၍ အံ့သြနေကြ၏။

နံ့သာဖြူရနံ့လည်း သင်းနေ၏။ စကားပန်းရနံ့လည်း ရ၏။

ရော်ဘာမီးသင်းနံ့မျိုး၊ အမွှေးတိုင်ရနံ့မျိုးကိုလည်း ရ၏။ ကြည့်လိုက်တော့ ညောင်ပိန္နဲပင်ကြီးရှေ့က နတ်ကွန်းစင် (ရုက္ခစိုးစင်)ပေါ်မှာ မည်သူ ပူဇော်သွားမှန်းမသိရသည့် ပန်း၊ အမွှေးတိုင်၊ ဖယောင်းတိုင်များကို မြင်လိုက်ရသည်။

ဘုန်းတော်ကြီးက ရုက္ခစိုးကြီးကို ရည်မှန်း၍ မေတ္တာပို့သလိုက်၏။

မကြာမီ တဖြန်းဖြန်း အတောင်ခတ်သံကြားရပြီး မနေ့က တွေ့ရသည့် ကြက်တိန်ညင်နှစ်ကောင် ပျံလာပြီး ဘိစပ်ချုံပေါ်နားသည်ကို မြင်လိုက်ရသည်။

ကြက်မသည် နား၍မရဘဲ လန့်၍ ပျံပြေး၏။

ကြက်ဖိုက ချုံပေါ်နားရင်း အသံသေးသေးသာသာနှင့် သာယာနာပျော်ဖွယ် တွန်နေသည်မှာ ကြက်တွန်သံနှင့်မတူ ကြက်သီချင်းဆိုနေသည့်အလားထင်မှတ်ရ၏။

www.burmeseclassic.com



ကြက်ဖိုလေးသည် အချိန်အတန်ကြာတွန်ပြီးနောက် ကြက်မအသံပေးရာအရပ်သို့ ဝုန်းခနဲ ထပျံသွားသည်ကို မြင်လိုက်ရသောအခါ ...

"ဒကာသန်းခေါင် ..."

"ဘုရား ..."

"ဘိစပ်ချုံကို အပြောင်ရှင်းလိုက်"

"ဖြစ်ပါ့မလား ဘုရား"

"ဖြစ်ပါတယ် ... လုပ်ပါ"

"မြွေ ... မြွေ ... တွေ ..."

"မြွေတွေကိစ္စ ကျုပ် ဖယ်ရှားရှင်းလင်းပြီးပြီ။ ချုံကို ရှင်းတော့"

ဦးသန်းခေါင် ဆရာအရှင်စကား မပယ်ရှားဝံ့၍ လေးကင်းဓားရှည်နှင့် ဘိစပ်ချုံကြီးကို ခုတ်ထွင်ရှင်းလင်းလိုက်သည်။

လေးကင်းဓားချက်အောက်မှာ (၂၀)ပေပတ်လည်ခန့်ရှိသော ဘိစပ်ချုံတုံကြီးသည် ပြားပြားဝပ်သွား၏။ ပြီးနောက် ခုတ်စကိုင်းများကို နှစ်ဦးသား ဆွဲငင်ကာ ဖယ်ရှားလိုက်သောအခါ ...

"ရှူး ... ဖူး ..."

"ဟာ ... ဟ ... ဟ ..."

"မြွေဟောက်ကြီးဘုရား ... ပြေး ... ပြေးတော်မူ ... ပြေး။ အလယ်ပုံဘိစပ်ခုတ်စကို ဓားဦးနှင့် ကော်ဖယ်လိုက်စဉ်မှာပဲ ရှူးဆိုသော အသံနှင့်အတူ သောက်ရေအိုးဖုံးသည့် ကြေးလင်ပန်းခန့်အဝိုင်းရှိသော ပါးပျဉ်းကြီးကြီးနှင့် မြွေဟောက်ကြီး ခေါင်းထောင်ထသည်ကို မြင်လိုက်ရသောအခါ ...

ဖိုးသန်းခေါင် ဓား လွှတ်ကျပြီး ချုံကုန်းပေါ်မှ ခုန်ချပြေးတော့၏။ ဘုန်းတော်ကြီး ဦးရက္ခိတက ပါးပျဉ်းကြီးထောင်ပြီး ရှူးရှူးလုပ်ခါသည့် မြွေဟောက်ကြီးကို မေတ္တာပို့သည်။ ဘုမ္မစိုး ရုက္ခစိုး တောင်ပိုင်တောပိုင်များကို မေတ္တာပို့ အမျှဝေသည်။ ဖိုးသန်းခေါင်ကား ကြောက်ချေးများပါ၍ ပြေးလေပြီ။

သို့ကလို မေတ္တာပို့လိုက်သောအခါ ရောမမြွေဆိုးမြွေဟောက်ကြီးသည် တရွေ့ရွေ့အပေါ်ကို လူးလွန့်တက်လာပြီး သူဝပ်သည့်ကျင်းနေရာကို ခေါင်းတညိတ်ညိတ် လုပ်ပြနေသည်အား အံ့ဖွယ်မြင်ရ၏။

မြွေကြီးသည် ဦးခေါင်းတညိတ်ညိတ်လုပ်ပြီးနောက် ဘိစပ်ချုံကုန်းပျက်မှ တရွေ့ရွေ့တလွန့်လွန့်ဆင်းပြီး ဟိုဘက် ဝါးပိုးတော၊ ဝါးနက်တောထဲသို့ တိုးဝင်ပျောက်ကွယ်သွားလေသည်။

www.burmeseclassic.com



မြွေဟောက်ကြီး မျက်စိအောက်မှ ပျောက်ကွယ်သွားသည်နှင့် ဘုန်းတော်ကြီး ဦးရက္ခိတသည် တောင်ဝှေးနှင့် ဟိုထိုးဒီလှန် လိုက်လုပ်တော့သည်။

နောက်ဆုံး မြွေဟောက်ကြီးဝပ်ကျင်းကို ရောက်လာခဲ့သည်။ မြွေဝပ်ကျင်းထဲမှာ မြေကြီးသားသည် မြွေအလေးချိန်နှင့် ပိပြားနေသည်။ ပိပြားနေသော မြေကြီးသားများကို ဖိုးသန်းခေါင်ကျန်ရစ်သည့် လေးကင်းဓားနှင့် တူးဆွလိုက်သောအခါ ...

"ထပ် ..."

"အလို ... ဘာပါလိမ့်"

"စွပ် ..."

"ထပ် ... ထပ် ..."

မာကျောကျောအရာကို တူးထိသံကြားရသည်။ ဓားဦးနှင့် မြေကြီးသားများကို ရစ်ပိုက်ဖော်လိုက်သောအခါ ...

"ဟယ် ..."

"ဘုရား ... ဘုရား ..."

"ငါ ... ငါ ... အိပ်မက်ဘုရားကို ပင့်ဆောင်ပူဇော်ခွင့်ရပြီ ... ရပြီ"

ရတနာကျောက်ငါးလုံး စီထားသည့် မဏိဦးခေါင်းတော်နှင့်အတူ ရွှေရောင်ဝင်းလက်နေသည့် ပလ္လင်အပါအဝင် တစ်ထွာသာသာခန့်ရှိသော ဗုဒ္ဓရွှေဆင်းတုတော်ကို လက်ရောက် ကိုင်တွယ်ဖူးမြင်ရတော့လေသည်။

ကျောင်းသို့ရောက်သည်နှင့် ရေသန့်နှင့် ရေသပ္ပာယ်လိုက်ပြီး မျက်နှာသုတ်ပဝါအသစ်နှင့် သုတ်သင်ရှင်းလိုက်သောအခါ ...

ရွှေရောင်ဝင်းအိနေသည့် ရုပ်ပွားတော်။

ပတ္တမြား၊ နီလာ၊ မြ၊ စိန်၊ ကျောက်စိမ်း အဖိုးတန်ကျောက်ဖီးကင်းခန့်ငါးလုံး ဦးပြည်းသျှောင်မှာ ရစ်စီနေသည်ကို အံ့ဖွယ်မြင်လိုက်ရတော့သည်။

ထိုသတင်းသည် ဘုန်းကြီးကျောင်းသား ကိုရင်၊ ရဟန်းများမှသည် တစ်ရပ်လုံး တစ်ရွာလုံး သိသွားကြပြီး ...

ပေါ်တော်မူရွှေဘုရား၊ ပေါ်တော်မူ ပတ္တမြားဘုရား၊ ပေါ်တော်မူ စိန်ဘုရားစသည့် ပေးချင်ရာပေး ခေါ်ချင်ရာခေါ် အမည်နှင့် ချက်ချင်း နာမည်ကျော်သွားကာ ရပ်ဝေးရပ်နီး ဖူးမြော်သူများ ရောက်ရှိလာ ကြလေ၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [၇]

❑

ထိုင်းထပ်ကြီး ရုပ်ပွားတော် ရွှေဘုရား၊ ပတ္တမြားဘုရား၊ စိန်ဘုရား ရုပ်ပွားတော်ရောက်ရှိသည့် အချိန်ကစ၍ ဆရာတော် ဦးရက္ခိတကျောင်းသည် ဘုရားဖူးအများနှင့် စည်ကားလာခဲ့တော့၏။

ဘုရားဖူးများလွန်း၍ ရုပ်ပွားတော်မြတ်ကို မှန်ကျောင်းဆောင်မှာ ထည့်ပူဇော်ပြီး ခပ်လှမ်းလှမ်းမှ ဖူးမြော်ကြည့်ရှု ကြည်ညိုစေ၏။

'မကိုင်ရ' ဟူသော စာတမ်းကို ရေးထိုးထားပြီး တူးဖော်ရရှိသည့် ဖြစ်စဉ်အကျဉ်းကို ရွှေခေတ်တဘောင်စာနှင့်အတူ ရေးသားပြုစု ဖော်ပြထားလိုက်လေသည်။ ကွယ်လွန်သူ မူလဘုရားအစ်မကြီး ဒေါ်ရွှေဂုဏ်တို့ညီအစ်မကို ရည်စူး၍ ဘုရားစေတီတည်ပြီး အများကိုးကွယ်ပူဇော်ရန် အစီအစဉ်ကို ပြောထား၍ လှူကြဒါန်းကြသူများလည်း မနည်းခဲ့။

ငွေကြေးသာမက အချို့က ဘုရားမှာ ဥာပနာ ရွှေတိုရွှေစ ငွေတိုငွေစများပါ လာရောက်လှူဒါန်းကြသဖြင့် ဂေါပကအဖွဲ့ဖွဲ့ပြီး စာရင်းဇယားနှင့်တကွ မှတ်သားပြုစုထားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သောအခါ လွန်စွာအံ့ဖွယ်ကောင်းသည့် ဖြစ်ရပ်ဆန်းကြယ်အဖြစ်ကို အားလုံး မြင်ရကြားသိရတော့သည်။ တစ်ည ... အချိန်က သန်းခေါင်ယံ။

တစ်ကျောင်းလုံး နေ့ခင်းဘက် ပင်ပန်းကြ၍ အိပ်မောကျနေကြ၏။ ဘုန်းတော်ကြီး ဦးရက္ခိတလည်း ငါးထပ်ကြီးရုပ်ပွားတော်ရှေ့မှာ တရားမှတ်ရှု မေတ္တာပို့ပြီး သူ့အခန်းသို့ဝင်ကာ ကျိန်းစက်တော်မူတော့သည်။

ကျိန်းစက်လို့မှ မကြာသေး ...

"ကျိန်း ..."

"အား ... မလေး ... ဗျ ... ကယ် ... တော် ... မူ ... ပါ ... ဗျာ ... အား ..."

"ဟဲ့ ... ဟဲ့ ... ဘာဖြစ်တာတုံး"

"ဝုန်း ... ဘုန်း"

မိုးကြိုးပစ်သံ၊ လူတစ်ယောက်ရဲ့ ငယ်သံပါအောင် အော်သံများကြောင့် ဘုန်းတော်ကြီး ဦးရက္ခိတရော ကိုရင်ကျောင်းသား စာသင်ရဟန်းငယ်များပါ နိုးလာ၍ မီးထွန်းကြည့်လိုက်သောအခါ ...

အသက် (၂၅) နှစ်ခန့် ကတုံးနှင့် ဗလကောင်းကောင်း လူရွယ်တစ်ဦးသည် ပေါ်တော်မူငါးထပ်ကြီးဘုရား ရုပ်ပွားတော်ရှေ့ကြမ်းပြင်ပေါ်မှာ လူးလွန့်အော်ဟစ်နေသည်။

ထူးဆန်းသည်ကား ၎င်းလူးလိမ့်အော်ဟစ်နေသည့် လူရွယ်၏ ညာလက်သည် မီးလောင်ခံရသလိုရှိပြီး မည်းကာ အသားကို မီးလောင်သည့်အနံ့မျိုး ရနေ၏။

"အား ... ကယ် ... တော် ... မူ ... ပါ ... ဘု ... ရား"

"ဟဲ့ ... ဒါ ဘယ်လိုဖြစ်တာတုံး"

"တပည့် ... တော် ... မှား ... မှားပါပြီ ... ဘုရား"

"ဒကာ ..."

"ဘု ... ရား ... အား ... ပူလှချည်ရဲ့ ဘုရား"

"ဒကာ့နာမည် ဘယ်လိုခေါ်တုံး"

"ကြောင်နက်ကြီးလို့ ... ခေါ် ... ပါ ... တယ် ... ဘုရား"

"ဒကာကြောင်နက်ကြီး ... ဘယ်လိုလုပ် ... ကျုပ်ကျောင်းပေါ် ရောက်ပြီး ခုလို မီးသင့်လူးလွန့် အော်ဟစ်နေရတာတုံး"

www.burmeseclassic.com



"မိုး ... ကြိုး ... ပစ် ... ခံ ... ရ ... တာ ... လား .. မသိဘူး ဘုရား"

"ဟော ..."

"ဟုတ်ရဲ့လားဟ"

"ထင်တာပဲ ... ဘု ... ရား ..."

သို့နှင့် ဘုန်းတော်ကြီးအပါအဝင် ရဟန်းများကပါ မသက်သာ၍ ဝိုင်းမေးကြတော့မှ အဖြစ်မှန်ကို သူက ပြောပြလေသည်။

"တ ... ပည့် ... တော် ... ဒီ ... ဒီပေါ်တော်မူ ... ရွှေဘုရားကို သာခိုးပင့်တာ ... ပါ ... ဘု ... ရား"

"ဟော ..."

"မြတ်စွာဘုရား ..."

"အမယ်လေး ... ကျားသားမိုးကြိုး"

"ဟာ ... တကယ့် ငရဲသားပါလားဟေ့။ ဘုရား ... ဘုရား"

"အဲဒီတော့ ဘာဖြစ်သတုံး။ ပြော ..."

"ကျောင်းပေါ်ကိုရောက်လို့ ... ဘုရားရုပ်ပွားထားရာ မှန်ကျောင်းတော်သော့ကို သော့တုန့်ဖွင့်ပြီး ရွှေဘုရားရုပ်ပွားတော်ကို ညာလက်နဲ့ လှမ်းကိုင်လိုက်တုံး ... မှာ ... ပဲ ..."

"ပြော ... ဆက်ပြော"

"ပြောလေ ... ဒကာ"

"ညာလက်တစ်ချောင်းလုံး လျှပ်စစ်ဓာတ်လိုက်ခံရသလို ကျဉ်သွားပြီး ဂျိန်းဆို မိုးကြိုးပစ်သံ ကြားလိုက်ရတာပါ ... ပဲ ... ဘုရား။ အဲ ... ဒီ ... နောက် ... တပည့်တော် ... ညာ ... လက် ... မီးလောင်သွားတာပါပဲဘုရား ... အား ... အား ..."

"အင်း ... မိုက်မဲလိုက်ပါဘိ ... ဒကာလူမိုက်ရယ်။ မင်း ဒီဘုရားကို ဘယ်လိုအသုံးချဖို့ ယူရတာလဲ။ ဟင် ..."

"ပြော ..."

"ပြောလိုက်လေကွာ ... တယ် ... ငါလုပ်လိုက်ရ"

ကပ္ပိယကြီး ဦးသန်းခေါင်က စိတ်မရှည်သဖြင့် လေးကင်းဓားနှင့် ခုတ်ရန် ရွယ်လိုက်၏။ ဘုန်းကြီးက အချိန်မီ လက်ပြ၍ တားလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟို ... ဟို ... နိုင် ... ငံ ... ခြား ... ကို ..."

"ဘာလုပ်မှာတုံး"

"ရောင်း ... ရောင်း ... စား ... မ ... လို့ ... ပါ ... ဘုရား"

"အင်း ... လူမိုက် ... လူမိုက် ... အခု ရောင်းလို့ရရဲ့လား"

"မ ... ရပါဘူး ဘုရား"

"ငါတို့ မင်းကို ဘယ်လိုလုပ်ရမလဲ။ ပြော ..."

"ဆေး ... ဆေးရုံကို ... အရင် ... ပို့ ... ပို့ပေးပါ ... ဘုရား။ လက်က ... မှ ... ပြီး ... ကိုက် ... ကိုက် ... လို့ပါ ... ဘုရား"

နောက်ဆုံး သူခိုးကြောင်နက်ကြီးဆိုသူကို ရပ်ရွာလူကြီးများ အစီအစဉ်နှင့် ဆေးရုံသို့ ပို့လိုက်ရသည်။

ပြောရရင် ဘုန်းကြီးရဲ့ မေတ္တာရပ်ခံချက်၊ လူကြီးများရဲ့ ပထမအကြိမ်ခွင့်လွှတ်မှုကြောင့် ဥပဒေအရ အရေးယူမခံရပါသော်လည်း သူ့ညာလက်ကိုမူ လက်မောင်းရင်းမှ အစပြု၍ ဖြတ်ပစ်လိုက်ရလေသည်။

✿ ✿ ✿

[ ၈ ]

❑

ပြောရလျှင် ထိုနေ့ ထိုအဖြစ်အပျက်မှ အစပြုပြီး ရွှေဘုရားပေါ်တော်မူ ငါးထပ်မိုးပွားတော်ကို ပြစ်မှားလျှင်၊ မသာမာမှုပြုလျှင်၊ မကောင်းကြံစည်လျှင်၊ မရိုးမသားပြုမူလျှင် အကုသိုလ်ကြမ္မာဆိုးများ အလိုလို ချက်ချင်း အကျိုးပေးသည်ဟူသော သတင်းသည် ချဲ့၍ကား၍ ပျံ့နှံ့သွားခဲ့လေသည်။

တဘောင်ရွတ်သံလည်း နေရာတိုင်း ပျံ့နေ၏။

"ကြက်တွန်သံကြား ... ချုံအောက်နား ... ဘုရားစံပွာယ် ... ကြာလှပြီ ... ရွှေစင်ရွှေသား မြတ်ဘုရား ... ချစ်သားရဟန်းဖော်လိမ့်မည် ...

www.burmeseclassic.com



ပေါ်တော်မူဘုရား ... မပြစ်မှားနှင့် ... ပြစ်မှားသည့်သူ ... အပါယ်မှ နေဆယ် ဆူလို လောင်မြိုက်မည်''

နောင်အခါ ထူးဆန်းအံ့ဖွယ်များကို ကြုံကြရလေ၏။

ရပ်ထဲ ရွာထဲ မြို့ထဲ အလိမ်အညာကိစ္စ ပေါ်ပေါက်လာလျှင် ပေါ်တော်မူ ငါးထပ်ကြီးရွှေဘုရားရှေ့မှာ ကျမ်းသစ္စာပြုကြ၏။

တိုင်တည်၍ သစ္စာရေသောက်ကြ၏။

အံ့သြဖို့ကောင်းသည်ကား မယုံကြည်၍ အမှန်တကယ် လိမ်ညာမရိုး သားလုပ်သူများသည် ဘုရားရှေ့မှာ သစ္စာပြုပြီးသည်နှင့် ရက်ပိုင်းအတွင်း သားယံသောဝေဒနာ၊ မျက်လုံးတစ်လုံးတည်း ယောင်ကိုင်းသော ဝေဒနာ၊ ထမင်း စားရန် မျို၍မရသောဝေဒနာတို့ကို ခံစားရတော့၏။

နောက်ဆုံး ရွှေဘုရားရှေ့မှာ အမှန်ကိုဝန်ခံပြီး လိုအပ်သလို ကတိ အဝတ်ပြုပြင်လိုက်မှ တောင်းပန်မှ သစ္စာသင့်ဝေဒနာတို့ အလိုလို ပျောက်လေ့ ရှိသည်ကို အံ့ဖွယ် မြင်ရကြုံကြရလေ၏။

ဒီလိုနှင့် ချစ်သူရည်စားများလည်း သစ္စာမဖောက်ပါဘူးဟု သစ္စာလာပြု ကြ၏။

အကြင်လင်မယားကိုလည်း အခြားတစ်ဦးနှင့် မဖောက်ပြန်ပါဟု သစ္စာ လာပြုကြသည်လည်း ရှိ၏။

ခိုးဝှက်လိမ်ညာသူတို့လည်း ဘုရားရှေ့ရောက်လျှင် အလိုလို ဖြစ်ရပ် မှန် ပေါ်လေ့ရှိသဖြင့် ရွှေးဟောင်းဘုရားရဲ့ ဂုဏ်သတင်းသည်လည်းကောင်း ကျောက်မျက်ရတနာငါးလုံးရဲ့ တန်ဖိုးအကြောင်းသည်လည်းကောင်း ကျော်စော သင်ရှား ပြောစမှတ်ရှိခဲ့လေ၏။

ဒီလိုနှင့် အလှူငွေများ အတော်များများ ရရှိလာသောကြောင့် သူခိုးစားပြ သူဝှက်ရန် စိုးရိမ်ရသဖြင့် စေတီတည်ရန် အုတ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေများ ဝယ်ကြ၏။

ရှေးဟောင်းစေတီနေရာလေးကို ခုတ်ထွင်ရှင်းလင်း မြေညှိသူက ညှိကြ ပြီး တန်ခူးလပြည့်နေ့ နံနက်မင်္ဂလာအချိန်အခါသင့်ချိန်မှာ မြေသန့်မင်္ဂလာနှင့် အုတ်တင်မင်္ဂလာတို့ကို ကျင်းပပြုလုပ်ခဲ့ကြသည်။

နောက်ရက်များမှစ၍ စေတီတော် အောက်ခြေရင်ပြင်၊ အခြေခံ အုတ်မြစ် မစပြီး လုပ်ငန်းကို အဆင့်ဆင့် စလာခဲ့ကြသည်။

www.burmeseclassic.com



ဒီလိုနှင့် တန်ခူးလကွယ်နေ့ညသို့ ရောက်သောအခါ ...

ညဥ့်သန်းခေါင်ယံအချိန် ...

တံခါးများပိတ်ထားသည့် ကျောင်းပေါ်သို့ လူဆိုးသုံးဦးတို့ လက်နက်ကိုယ်စီနှင့်ရောက်လာပြီး ဘုန်းတော်ကြီးဦးရက္ခိတကို နှိုးကြတော့သည်။

မှိန်ပြပြ ဖယောင်းတိုင်မီးရောင်ရှေ့မှ မြင်ရသည်ကား ဓားရှည်၊ ဓားမြှောင်ပြောင်းတို့၊ ခြောက်လုံးပြူးသေနတ်နှင့် မျက်နှာများကို မျက်လုံးနေရာဖောက်အိတ်အနက်မှာ စွပ်ထားသည့် ဗလကောင်းကောင်း လူဆိုးသုံးဦးကို မြင်လိုက်ရပြီး အံ့ဩတုန်လှုပ်သွားခဲ့ရလေသည်။

"ဘုန်းကြီး ..."

"ဘာတုံး ... ဒကာတို့"

"ကျုပ်တို့ ငါးထပ်ကြီးရွှေဘုရား ရုပ်ပွားတော်ကို အခုလိုချင်တယ်"

"ဘာ ... ဘာ ... လုပ်ဖို့တုံး ... ဒကာတို့ရယ်"

"ဘာလုပ်လုပ် ဘုန်းကြီးအလုပ် မဟုတ်ဘူး။ ရွှေဘုရားအဆောင်တံခါးကို အခုချက်ချင်း ဖွင့်ပေးပါ။ အော်ရင်တော့ ဒီနေရာတင် အသက်ပျောက်သွားမှာပဲ"

"ဒကာတို့ရယ် ... ဘုန်းကြီး မေတ္တာရပ်ခံပါရစေ။ ဒီရုပ်ပွားတော်ကို အများသူငါ ကြည်ညိုဖူးမြော်ဖို့ စေတီလည်း တည်နေပါပြီ။ စေတီပြီးရင် ဘုရားခန်းကို ကျကျနနလုပ်ပြီး ပူဇော်ခံဖို့ လုပ်နေကြပါပြီ။ ဒကာတို့ မယူကြပါနဲ့"

"ဟေ့ ... ကြာတယ် ... ဟေ့ကောင်"

ဒီမှာပဲ လူဆိုးတစ်ယောက်က ဓားမြှောင်နဲ့ ဘုန်းတော်ကြီးရဲ့ ရင်ဝကိုတေ့စိုက်ပြီး သော့တောင်းလို့ နောက်ဆုံး သော့ကိုပေးလိုက်ရတော့သည်။

လူဆိုးများသည် သော့ရသည်နှင့် ဘုန်းတော်ကြီးကိုပါ ခေါ်လာပြီး ရွှေဘုရားထားရာ ဘုရားခန်းတံခါးကို ဖွင့်လိုက်၏။

တစ်ယောက်က ဖယောင်းတိုင်မီးကို ထွန်းညှိလိုက်သည်။

မှန်လုံကျောင်းဆောင်ထဲမှ ရွှေဘုရားရုပ်ပွားတော်သည် မီးအလင်းရောင်နှင့်ကပ်ပြီး ရွှေရောင် မြရောင် စိန်ရောင် လင်းလက်ထနေ၏။ လူဆိုးသုံးဦးသည် ၎င်းမြင်ကွင်းကို ကြည့်ပြီး ဝမ်းသာအားရ ဖြစ်နေကြလေ၏။ ဒီမှာ လူဆိုးတစ်ယောက်က ဘုန်းကြီးထံမှ ဘုရားမှန်ကျောင်းဆောင်သော့ကို တောင်း၏။

"မ ... မ ... လုပ် ... ကြပါ ... နဲ့ ... ဒကာတို့"

"ကလစ် ..."

ခေါင်းဆောင်လူဆိုးက ခြောက်လုံးပြူးမောင်းကိုတင်ပြီး ထိုးချိန်လိုက်သည်။ သည့်နောက် ကျန်နှစ်ကောင်က ဘုန်းတော်ကြီးရဲ့ ခန္ဓာကိုယ်ပေါ်မှ သက်န်းကိုချွတ်လှန်၍ ရှာလိုက်ရကား အတွင်းသင်္ကန်းအင်္ကျီအိတ်ထဲမှ သော့ကို ရသွားပြီး ဘုရားဆောင်တံခါးသော့ကို ဖွင့်ရန်ပြင်လိုက်စဉ်မှာပဲ ...

"မ ... မ ... လုပ် ... နဲ့"

"ဒိုင်း ..."

"အား ... အ ... အ ..."

ဘုန်းတော်ကြီးက ရွှေဘုရားရုပ်တု မသမာသူများလက်ထဲ ပါသွားမှာစိုးရိမ်ပြီး သော့ဖွင့်နေတာကို ဝင်အတား ပေါက်ကွဲသံနှင့်အတူ ကျည်ဆန်တစ်တောင့်က ဘုန်းတော်ကြီးဝမ်းဗိုက်သို့ စူးဝင်သွားပြီး ဘုန်းတော်ကြီး အော်ဟစ်လဲကျသွားသောသည်။

လူဆိုးသုံးဦးတို့သည် ကျွမ်းကျင်လျင်မြန်စွာပင် ရွှေဘုရားရုပ်တုကို အသင့်ပါအိတ်သို့ထည့်ယူ၍ ခုန်ချထွက်ပြေးသွားကြသည်။ နောက်က စုပေါင်းလိုက်ကြပါသော်လည်း လုံးဝ မတွေ့ရတော့။

နောက်ဆုံး သွေးသံရဲရဲနှင့် ငြိမ်သက်နေသည့် ဘုန်းတော်ကြီးကို ဝိုင်းပွေ့ပြီး မြို့ဆေးရုံရှိရာသို့ အလျင်အမြန် သွားရောက်ပို့ဆောင်လိုက်ကြလေသည်။

✿ ✿ ✿

[၉]

❑

ရတနာသုံးပါးရဲ့ အကျိုးကျေးဇူး၊ ဒါန သီလ ဘာဝနာရဲ့ ဂုဏ်ကျေးဇူး
ဘုန်းတော်ကြီးဦးရက္ခိတ ကံကောင်းစွာဖြင့် အသက်မသေပြန်ရှင်ခဲ့

ကျည်ဆန်က အူမကိုမထိ၊ အသည်းကျောက်ကပ်ကို မထိ။
ဝမ်းဗိုက်ခါးနံဘေး အရေပြားကိုပဲ ဖောက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော်ကြီး ဆေးရုံမှဆင်းလာပြီး နောက်တစ်နေ့မှာပဲ လူမသာ ဝရဖိန်ဆိုသူသည် ဖတ်လမ်းအစမှာ ဖော်ပြသည့်အတိုင်း မီးကျွမ်းလောင်ခန္ဓာကိုယ်နှင့် ငါးထပ်ကြီး ရွှေစင်ရွှေသား စိန်စီရုပ်ပွားတော်ကို ပိုက်၍ ထိတ်လန့်ကြောက်ရွံ့စွာဖြင့် ဘုန်းတော်ကြီးကျောင်းရှေ့မှောက်သို့ မျက်ရည်လည်ရွဲ ရောက်ရှိနေခြင်းဖြစ်၏။

"မင်းအဖော် လူဆိုးနှစ်ကောင်ရော ... ဒကာဝရဖိန်"

"မ ... မ ... ရှိတော့ပါဘူး ဘုရား"

"ဘယ်လို မရှိတော့တာတုံး"

"နှစ်ဦးစလုံး အသေဆိုးနဲ့ သေသွားကြပါပြီဘုရား"

"ဟေ ..."

ဘုန်းတော်ကြီးသည် ကျောင်းမှာရှိသည့် ဆေးဝါးများဖြင့် နောင်တရလာသည့် ဘုရားသူခိုးအဖွဲ့ဝင် လူဆိုးဝရဖိန်ဆိုသူကို ကုသပေးရင်း သိချင်သမျှကို မေးရတော့သည်။

"ဝရဖိန် ..."

"ဘု ... ရား"

"ဘုန်းကြီး အစအဆုံး သိချင်တယ်။ ပြောပြမှာလား"

"မှန် ... ပါ ... ဘုရား ... တပည့်တော် ... ငရဲကို .. ကြောက်ပါတယ်ဘုရား။ ဒါကြောင့် ဖြစ်ရပ်မှန်အစအဆုံးကို ပြောပြပါ့မယ်ဘုရား"

"ဒီလိုပါဘုရား ...။ တပည့်တော်ကို ပါဒနောင်းပိုင်း သန်လျင်ခေတ်ဦးတုန်းက ဒေါ်ရွှေဂုဏ်တို့ ညီအစ်မတစ်စုကောင်းမှု ငါးထပ်ကြီး ရွှေဘုရားအကြောင်းကို ပေစာတစ်ရွက်မှာ ဖတ်ရှုသိရှိခဲ့ရပါတယ်။ အဲဒါကို စုံစမ်းနေတာ ကြာပါပြီ။

နောက်ဆုံး အရှင်ဘုရား တူးဖော်တွေ့ရှိ၊ ရရှိသွားမှန်းကိုသိတော့ အလွယ်တကူရယူဖို့ ကြိုးစားခဲ့ပါတယ်။ ဦးဆုံး နာမည်ကြီးသူခိုး ကြောင်နက်ကြီးဆိုသူကို အခကြေးငွေ ထိုက်ထိုက်တန်တန်ပေးပြီး ခိုးခိုင်းခဲ့ပါတယ်ဘုရား"

"ကြောင်နက်ကြီးလား"

"မှန်ပါ ... ဘု ... ရား ..."

"ကံဆိုးချင်တော့ ကြောင်နက်ကြီး ဘုရားခိုးမ,နေချိန်မှာ မိုးကြိုးစက်ကွင်းမိပြီး မီးသင့်လို့ နောက်ဆုံး ရဲစခန်းရောက် ဆေးရုံရောက်နဲ့ ပြစ်ဒဏ်ထိသွားခဲ့ပါတယ် ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ တပည့်တော်ရယ် ..."

"နောက်လူတွေအမည်က ..."

"နောက်နှစ်ယောက်က ... ဂျွန်ကြီးနဲ့ ပြောင်းတိုမျက်ပြူးတို့ပါဘုရား။ ...ကရည်ရွယ်ချက်က ဒီဘုရားရုပ်ပွားတော်မှာ ရွှေစင်ရွှေသား သုံးထပ်၊ ကြေး၊ ...နှစ်ထပ်နဲ့ အဖိုးတန်ကျောက်ကြီး ငါးလုံးပါနေတော့ နယ်စပ်ကနေ ထိုင်းနိုင်ငံ ...ကို ခိုးသွင်းရောင်းစားဖို့ပါ။ ဝယ်လက်နဲ့လည်း ရာဖြတ်ဈေး အကြမ်းဖျင်း ...ပြီးပါပြီ"

"ဘယ်လောက်များ ပြောကြတုံး"

"သိန်းငါးဆယ်ပါဘုရား"

"အလိုလေးလေး ..."

(...ချက်) ။ ။ လွတ်လပ်ရေးခေတ်ဦး ခေတ်လယ် (၁၉၆၀) ဝန်းကျင်တုန်း ... သိန်းငါးဆယ်ငွေသည် ယနေ့ခေတ် ငွေကြေးနှင့်တွက်ပါက သိန်းငါးထောင်ခန့် ...သည်။

"ပြောပါဦး ... ဝရဖိန်"

"တိုတိုပြောရရင် အဲဒီညတုန်းက အရှင်ဘုရားကို ပြောင်းတိုက သေနတ် ...စ်ပြီး ရွှေဘုရားကို ယူသွားခဲ့တာ အရှင်ဘုရားအသိပါ"

"အိမ်း ... ဟုတ်တယ်"

"ဒီလိုနဲ့ တပည့်တော်တို့ မြို့တစ်မြို့မှာခိုပြီး ရဲနဲ့ စုံထောက်များကို ...ှောင်လို့ နယ်စပ်ကိုပြေးဖို့ စီစဉ်နေချိန် တစ်ညမှာပေါ့ဘုရား ... ခေါင်းဆောင် ...ပြောင်းတိုမျက်ပြူးက တပည့်တော်တို့နှစ်ဦးကို မယုံလို့ ရွှေဘုရားကို ကိုယ်တိုင် ...ခေါင်းအုံးထဲထည့်အိပ်ချိန်မှာပဲ ညဥ့်သန်းခေါင်ယံမှာ ပြောင်းတိုရဲ့ငယ်သံပါ ...ထိတ်တလန့်အော်သံကြားလို့ ထကြည့်ရော လက်နှိပ်မီးရောင်အောက်မှာ မြင်ရ ...တာ ...

ခေါင်းဆောင်ပြောင်းတိုရဲ့ လည်ပင်းကို ခြေသလုံးခန့်တုတ်သည့် မြွေဟောက် ...ကြီးဘုရား ... ပါးပျဉ်းက ရေစွေးလင်ပန်းလောက်ရှိတယ်။ လည်ပင်းကိုပတ်ပြီး ...ဖွဲ့ပေါက်နေတာ။

ဒီမှာ ရုန်းရင်းကန်ရင်း ခေါင်းအုံးနဲ့သေနတ် လွင့်စင်လာရော။ အဲဒါကို ...ျွန်ကြီးက ကောက်ယူပြီး ပြေးစို့လို့အော်လို့ ပြေးခဲ့ကြတာ နယ်စပ်ကို ရောက် ...ပါရော။

www.burmeseclassic.com



"ပြောင်းတိုကရော ..."

"ပြောင်းတို မြွေဆိုးကိုက်လို့ သေသည့်သတင်းကြားလို့ ပြေးကြတာ"

"နယ်စပ်မြို့တစ်မြို့လည်း ရောက်ရော ဈေးသုံးက ပြတ်နေပြီဘုရား ဒါနဲ့ ဂျွန်ကြီးက ဈေးဖိုးခရီးစရိတ်ရအောင် ရုပ်ပွားတော်ရဲ့ မဏိဦးခေါင်းထဲ က စိန်တစ်လုံးကိုဖြုတ်ဖို့ ကြံစည်ပါရော။ ဂျွန်ကြီးကို တပည့်တော်က ပြော တယ်။ လက်ရာပျက်သွားရင် ဈေးကောင်းရချင်မှရမယ် မလုပ်ပါနဲ့လို့ပြော မယ့် မရပါဘူး။

ခါးကြားမှာ သေနတ်ကိုထိုးထားပြီး ဓားမြှောင်ဓားဦးနဲ့ စိန်တစ်လုံး ကလော်ထုတ်နေတုန်းမှာပဲ ဒိုင်းခနဲ ပေါက်ကွဲသံကြားရပြီး ဂျွန်ကြီးထခု ကြမ်းပြင်ပေါ် လူးလဲကျလွန့်နေပါရော ဘုရား။ ဘယ်လို ကြမ္မာဆိုးကြောင့်လည် မသိဘူး။ ခါးကြားမှာထိုးထားသည့် ခြောက်လုံးပြူးသေနတ် မောင်းခလုတ် ဖြုတ်လည်ထွက်ပြီး ဆီးအိမ်ရော ငယ်ပါပါ ပေါက်ကွဲကြေမွပြီး သေပါရော။

ဒီမှာပဲ တပည့်တော်လည်း ဘုရားရုပ်တုကိုယူပြီး ပြေးရပြန်ပါရော နောက်ဆုံး ရောက်ရာအရပ်မှာ ဒီရွှေသားဘုရားရုပ်တု ရောင်းမယ်လို့လည် ရဲရဲမပြောရဲဘူး။ လူဆိုးလူမိုက်များ ပေါတဲ့အရပ်မို့ လျှို့ဝှက်နေရပါတယ်ဘုရား။

ဒီလိုနဲ့ ရန်ကုန်မြို့ပေါ်ပြန်ရောက်ပြီး ကုလားသူဌေးတစ်ယောက်နဲ့ အဆက် အသွယ်ရလို့ ပြသညှိနှိုင်းပြီး ငွေကြေးစကားပြောပြီးပါပြီ။ နက်ဖြန်နေ့လယ် (၁၂ နာရီမှာ ငွေချေကြဖို့ ချိန်းလိုက်ပါတယ်။ ညဘက်မှာ အိပ်မက်ဆန်းတစ်ခု မက်ပါရောဘုရား။ အလွန်ကို ချောမောလှပသည့် ရှေးမြန်မာ မိန်းမငါးဦးက ရုပ်ပွား တော်ကို ပန်း၊ ရေချမ်း၊ ဆွမ်း၊ ဆီမီးကပ်ပြီး ရှိခိုးနေတာကို မြင်မက်ရပါတယ် ဘုရား"

"ဟုတ်ရဲ့လား ... ဒကာ"

"အမှန်ပါဘုရား"

"ဆန်းတော့ဆန်းသား ... ပြောပါဦး"

"သူတို့က ပန်း၊ ရေချမ်း၊ ဆွမ်းကပ်ပြီးရော ဝိတ်ဖြူစင်ကြယ်နဲ့ အဘိုး ကြီးရယ် အသားမည်းမည်း၊ ထွားထွားကျိုင်းကျိုင်း ခေါင်းတုံးနဲ့ ကပ္ပလီလို လူမည်း ကြီးနှစ်ဦး ရောက်လာပြီး ...

"ဝရမ်းစိန် ... မင်း ပြန်ပို့လိုက်"

အဘိုးကြီးက တပည့်တော်ကိုကြည့်ပြီး ပြောနေတာဘုရား။

www.burmeseclassic.com



"ဘာကို ပြန်ပို့ရမှာလဲ ... အဘိုးကြီး"

"ဟောဒီ ငါးထပ်ကြီး ရွှေဘုရားရုပ်ပွားတော်မြတ်ကို မင်းတို့ယူလာခဲ့သည့် မူလနေရာ ပြန်ပို့လိုက်ပါ ... လူကလေး"

"ဘာလို့ ပို့ရမှာတုံး။ ကျုပ်နဲ့ထိုက်လို့ ကျုပ်အိမ်ရောက်နေတာဥစ္စာ။ ကျုပ်ပိုင်ပစ္စည်း ဖြစ်သွားပြီဗျ"

"လူကလေး ... မမိုက်နဲ့တော့။ ဒါ လူကလေးပိုင် ပစ္စည်းမဟုတ်ဘူး။ အမွေခံပစ္စည်းလည်း မဟုတ်ဘူး။ မူလပိုင်ရှင်က မရွှေဂုဏ်၊ မငွေဂုဏ်၊ မမြဂုဏ်၊ မစိန်ဂုဏ်နဲ့ မနဝရတ်ဂုဏ်တို့ ညီအစ်မရဲ့ ကောင်းမှုဒါနပဲ။ အရိုမေတ္တေယျမြတ်စွာဘုရားကို ရည်စူးပြီး လှူဒါန်းခဲ့တာ။

အခု ဘဝဟောင်း ဘဝသစ်က ဆွေတော်မျိုးတော်များနဲ့ ပေါင်းစပ်ပါရမီဖြည့်ပြီး သာသနာပြုဖို့ ပါရမီရှင်ကိုရှာပြီး အပ်ထားချိန်မှာ လူကလေးတို့ မလုပ်ကောင်း မကြံစည်ကောင်းတာကို မလုပ်ကြပါနဲ့။ မင်းတို့ ဘယ်လို ဘေးဆိုးသားဒဏ် ဘေးဥပါဒ်သင့်သလဲဆိုတာလဲ လူကလေး မျက်မြင်ပါ။ သူတို့ ငရဲကို သွားရဦးမယ်။ လူကလေး ... ငရဲကို မသွားချင်နဲ့။ နောင်တရတော့။ ဒါကြောင့် နောက်မိုးလင်းရင် ပြန်ပို့လိုက်ပါ။ ဒါပါပဲ"

"မပို့ရင်ကောဗျာ"

"တောက် ..."

"ဟင်း ... ဟင်း ... ကွာ ... ဟင်း ..."

ဒီလို တောက်ခတ်ကြိမ်းဝါးသံပြုတာ ပိတ်ဖြူစင်ကြယ်နဲ့ အဘိုးအိုမဟုတ်ဘူး။ သူ့နောက်က ခေါင်းတုံးနဲ့ အသားမည်းမည်း ကပ္ပလီလို လူထွားကြီးနှစ်ဦး။ သူတို့က တပည့်တော်ကို မီးဝင်းဝင်းတောက် မျက်လုံးကိုယ်စီနဲ့ကြည့်ပြီးကြိမ်းတာ။

"ပို့ဖြစ်အောင် ပို့လိုက်ပါ ... လူကလေး"

"မပို့ရင်ရော"

"လူကလေး ... ရှေ့လူတွေ ကြုံရသည့်အတိုင်း ကံကြမ္မာဆိုးနဲ့ ကြုံရသိမ့်မယ်။ ကံကြီးထိုက်လိမ့်မယ်။ ကိုင်း ... သွားကြစို့"

"ဝုန်း"

"တောက်"

လူမည်းခေါင်းတုံးနှစ်ယောက်က ခြေဆောင့်တောက်ခတ်ပြီး အဘိုးကြီးနောက်ကနေ ခြေလှမ်းကျဲကြီးနဲ့ လိုက်ပါရင်း မျက်စိအောက်က ပျောက်သွားကြပါရော။

မိုးလင်းတော့ အိပ်မက်ကို ပြန်စဉ်းစားတယ်။ ဘယ်ကလူတွေလဲ။

ရှေးနာမည်ဆန်းတွေကို တန်းစီရွတ်ပြပြီး မူလပိုင်ရှင်တွေတဲ့။ အဘိုးကြီးက ဘယ်သူတုံး။ ဘယ်လိုလုပ်ပြီး မိမိတို့အကြောင်းကို အပ်ချမတ်ချ သိနေကြတာတုံး။ နိမိတ်တွေများလား။ အစောင့်တွေ၊ ပုဂ္ဂိုလ်တွေများလား။

အို . . . ဒါတွေ အယုံအကြည် မရှိပါဘူး။ အရေးကြီးတာ ဘဝတစ်သက်စာအတွက် ကြီးပွားချမ်းသာဖို့ မပူပပင်နေရဖို့က အဓိကပဲ။

ဒါနဲ့ ကြားလူပွဲစားကို စောင့်နေတုန်းမှာပဲ အိမ်ရှေ့ကို ကားတစ်စီး ထိုးဆိုက်လို့ လူနှစ်ယောက်ဆင်းလာတယ်။ တစ်ယောက်က ပွဲစား၊ နောက်တစ်ယောက်က ကုလားကပြား။ ရှေးဟောင်းပစ္စည်း ရောင်းဝယ်ရေးသမား။

သူက ရွှေသားရုပ်တု ကျောက်စီဘုရားရုပ်တုပြပါလို့ ပြောလို့ အဝတ်နဲ့ထုပ်ထားသည့် ရုပ်ပွားတော်ကို ကတ္တီပါအဝတ်အိတ်က ထုပ်လိုက်ရော . . .

"အား . . ."

"ဟ . . . ဘာဖြစ်တာတုံး"

"ဟော့လူ . . . ကိုဝရဇိန် ဘာဖြစ်လို့တုံး"

"အား . . . ဘယ်လိုဖြစ်မှန်း မသိဘူးဗျာ။ အမယ်လေး . . . ပူလှချည်လား။ အား . . . အား . . ."

ရုပ်ပွားတော်ကို ကိုင်ရင်း ညာလက်တစ်ချောင်းလုံး မီးရဲရဲဖုတ်ထားသည့်သံတုံးကို ကိုင်လိုက်ရသလိုဖြစ်ပြီး အပူစီးကြောင်းများဟာ လက်ဖျားကနေ ဦးခေါင်းပေါ်ကို ဆန်တက်သွားလို့ လက်ထဲက ရုပ်ပွားတော်ကို လွှတ်ချလိုက်မိတယ်။ ဒီမှာ ဝယ်လက်ကုလားကပြား သူဌေးက ကြမ်းပြင်ပေါ် လွှတ်ကျသွားသည့် ရွှေသားရုပ်ပွားကို လိုချင်လောဘမျက်စိနဲ့ အလျင်စလို ကောက်ကိုင်လိုက်ရော–

"အား . . . မလေး . . . အားရှီးရှီး . . . အား . . . ပူတယ်ဗျာ"

ဝယ်လက်သူဌေးလည်း ပူလွန်းလို့ဆိုပြီး ရွှေသားရုပ်ပွားကို ပစ်ချ။ ဒီမှာ ပွဲစားက လူကြောက်တွေလို့ ပါးစပ်ကရေရွတ်ရင်း ရုပ်ပွားတော်ကို ဆတ်ခနဲကောက်ကိုင် . . .

"အား . . . သေပါပြီဗျာ"

သူလည်း တပည့်တော်လိုပဲ မီးကျည်သံတွေတုံးကို ကိုင်မိသလိုဖြစ်ပြီး ကိုယ့်လက်ကို ပြန်ကြည့်နေတုန်းမှာပဲ တပည့်တော်တို့ သုံးယောက်စလုံးလက်က မီးခိုးတွေထွက်လာပြီး အသားအရည်များ မီးမြှိုက်ခံရသည့် အညှော်နံ့နဲ့ ဆံပင်မီးလောင်နံ့ ထွက်လာပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ ...

တပည့်တော်တို့သုံးယောက်စလုံး အသားကို မီးလောင်ကုန်တာ။ ဝယ်လက်ကုလားနဲ့ ပွဲစားဟာ ထူးဆန်းသည့် ဘုရားရုပ်တုကို ကြည့်ပြီး မီးသင့်နေသည့် သူ့လက်ကို ရေအိုးထဲနှစ်ရင်း ပူလွန်းလို့ ပြေးရော။

အဲဒီအချိန်မှာ ရယ်သံနက်နက်ကြီးတွေ ကြားရတာပဲဘုရား။

အိမ်ခေါင်မိုးပေါ်ကနေ ရယ်လိုက်၊ အိမ်ခေါင်းရင်းကနေ အော်ဟစ်ရယ်လိုက်၊ အိမ်အောက်ကနေ ရယ်လိုက်နဲ့ လူလုံးလူယောင် မမြင်ရဘဲ ရယ်သံတွေကိုပဲ အတိုင်းသား ကြားနေရတာ။

တပည့်တော် ကြောက်လာပြီး ကြက်သီးဖျန်းဖျန်း ထလာပြီး ဝုန်းဒိုင်းအသံတွေကြားရပြန်ရော။ ကြမ်းပြင်ကို ခြေဆောင့်သည့်အသံတွေ။

ဆံပင်တွေလည်း မီးလောင်ပြီး ပူလာလို့ အိမ်ရှေ့စည်ပိုင်းမှာ ခေါင်းကို နှစ်ပြီး မီးသတ်နေရတယ်။ နောက်ဆုံး အိပ်မက်ထဲမှာ လာပြောသတိပေးသွားတဲ့ ဝတ်ဖြူစင်ကြယ်နဲ့ အဘိုးအိုရဲ့စကားကို နားထဲမှာ ကြားနေတယ်ဘုရား။

"မူရင်းနေရာ ပြန်ပို့လိုက်"

"မင်း ပိုင်ရှင်မဟုတ်ဘူး"

"ကျောင်းကို ပြန်ပို့လိုက် ... လူကာလေး"

"မပို့ရင်ကောဗျာ"

"မပို့ရင် အလွဲသုံးစားလုပ်ရင် မင်းတို့ ရှေ့လူတွေဖြစ်သည့်အတိုင်း ကြမ္မာဆိုးနဲ့ ကြုံရလိမ့်မယ်"

အဘိုးအိုရဲ့ စကားသံက ပဲ့တင်ထပ်ပြီး ကြားနေရသလို ဟားတိုက်ရယ်သံ ဝုန်းဒိုင်းကြသံများ ဆူညံနေတယ်။ နောက်ဆုံး ဘယ်သူမှမရိပ်မိခင် ဝေဒနာကို အံကြိတ်ခံရင်းကနေ ရုပ်ပွားတော်ကို ရှိခိုးသေသေ ဦးကုန်းချပြီး ...

"အရှင်ဘုရား ...

တပည့်တော် အရှင်ဘုရားကို မပြစ်မှားတော့ပါဘူး ဘုရား။

ထုခွဲဖျက်ဆီးခြင်း အလျင်းမလုပ်ပါဘူး ဘုရား။ အဘိုးတို့ ညွှန်ကြားပြောဆိုသည့်အတိုင်း မူလခိုးယူ တိုက်ယူခဲ့ရာ ဘုန်းကြီးကျောင်းကို ပြန်ပို့မှာမို့ ဒုက္ခဆင်းရဲဝေဒနာကို ရုပ်တန့်ပြီး ကြွပေးတော်မူပါဘုရား"

အဲဒီလို ရှိခိုးကန်တော့ မေတ္တာရပ်ခံပြီး ရုပ်ပွားတော်ကိုပိုက်လို့ ဘုန်းဘုရားကျောင်းအရောက် ရောက်လာခဲ့ပေမယ့် လေဖြတ်သလိုဖြစ် လှုပ်လို့ ရွေ

www.burmeseclassic.com



လို့မရနဲ့ အရှင်ဘုရားရဲ့ အပိုင်အဆိုင်အစောင့်အရှောက်များထံ မေတ္တာပို့ ပြောဆို စီရင်ဆောင်ရွက်ပေးမှုကြောင့် ခုမှ လူပ်ရှားနိုင်ပါတော့တယ်ဘုရား။ ဘုရားတပည့်တော်ကို လောဘငရဲ ဒေါသ ငရဲ မောဟငရဲ လောကငရဲရဲ့ ဆင်းရဲပင်ပန်းခြင်းမှ ကယ်မတော်မူပါဘုရား။ ဟီး ...အင့် ...ဟီး ...ဟီး ...''

လူမိုက်ဝရဇိန်သည် သူကြုံတွေ့ခဲ့ရသည့် ထူးဆန်းချောက်ချားဖွယ်ဖြစ်ရပ်များကို ကရားရေလွှတ်ပြောပြပြီးနောက် ဟီးချိုရင်း မျက်ရည်ကို သွန်တော့၏။

''အေးလေ ...အပြစ်ကို အပြစ်လို့သိပြီး ဟီရိဩတပ္ပ–ရှက်ရမှန်းကြောက်ရမှန်းသိလို့ ဝန်ချတောင်းပန်ရင် ဘုရားရှင်က အဇာတသတ်မင်းသားကို အမြင်မှန်ရသူလို့ ဆိုခဲ့သကိုး။ ဒကာကြီး ...လောကငရဲ ဒေါသငရဲ မောဟငရဲနဲ့ အခု လောကငရဲကို လက်ငင်းကြုံတွေ့ ခံစားနေရပြီး ရှေ့လျှောက် ကောင်းမှုကုသိုလ်များများလုပ်၊ ဝိပဿနာအလုပ် များများလုပ်။

အဇာတသတ်လိုမင်းတောင် အဖကို သတ်ခဲ့သော်လည်း ရတနာမြတ်သုံးပါးကို ဆည်းကပ်ရှိသေ လုပ်ကျွေးကိုးကွယ်ကျင့်ကြံခဲ့လို့ အဝီစိငရဲလမ်းကနေ လောကုမ္ဘီငရဲကို သက်သာခွင့်ကျခဲ့ရတယ်။ အေးလေ ...ကံ,ကံရဲ့အကျိုးကို ပြုသူသာလျှင် ခံစားရမယ်။ မပြုသူ မခံစားရဘူး။

ကိုင်း ...ဒကာကြီးရဲ့ရောဂါကို ဘုန်းကြီး ပျောက်ကင်းအောင် ကုသပေးပြီး အပြစ်ကနေ သက်သာခွင့်ရအောင် လုပ်ပေးပါ့မယ်လေ''

ဘုန်းတော်ကြီး ဦးရက္ခိတလည်း ကံထူးဆန်းကြယ်စွာ ပြန်လည်ရောက်ရှိလာသည့် ရွှေဘုရားကို ကြည့်ပြီး လွန်စွာ ဝမ်းသာကြည်နူးနေ၏။

ဒါနှင့်အတူ နောင်တရှင်ကြီးကိုလည်း ဆေးကုသပေးခဲ့၏။ မူလရည်မှန်းတုန်းက စေတီပြီးလျှင် တိုက်ခန်းနှင့် အများကြည့်ရှုဖူးမြော်ရန် စီမံဆောင်ရွက်မည်ဟု ရည်ရွယ်ချက်ရှိပါသော်လည်း လူ့လောကမှာ ....

လူကောင်းလည်း ရှိ၏။

လူဆိုးလည်း ရှိ၏။

ရိုးသားသူလည်း ရှိ၏။

မရိုးသားသူလည်း ရှိ၏။

နို့မှာန့်ကို မျှော်လင့်သူ ရှိသလို၊

ရေပြည့်မှာ အရိုးပြာကျ နေချင်သူလည်း ရှိ၏။

ဘုရားရဟန္တာ မဖြစ်သေးသမျှ အာသဝေါတရား မကုန်သေးသမျှ သကဒါဂါမ်၊ အနာဂါမ် မဖြစ်သေးသမျှ ...

www.burmeseclassic.com



လောဘအရောင်ရှိနေသည်။

မောဟအရောင် ရင့်နေဦးမည်။

မောဟအမှောင် ဖုံးနေ ပိတ်နေကြဦးမယ်။

တန်ဖိုးရှိသည်ဟုသိလျှင် လောဘက ငရဲကို ဥပေက္ခာပြုပြီး အမိုက်တိုက် ...တိုးချဲ့ကြမည်။ ဒီလိုဆို ငရဲတောမှာ လူနေကျပ်တော့မည်။

ထို့ကြောင့် ဌာပနာပိတ်ပွဲနေ့သို့ ရောက်သောအခါ ရဟန်းရှင်လူ မင်းစိုး ...အတို့ မျက်စိရှေ့မှောက်မှာပင် ငါးထပ်ကြီး ရွှေသားရုပ်ပွားတော်ရဲ့ ဘုရား ...နောက်ခံသမိုင်းကိုလည်းကောင်း၊

ပြောသင့်ပြောထိုက်သည့် ဖြစ်ရပ်ဆန်းကြယ် အချို့ကိုလည်းကောင်း ...ဟောပြောပြီးနောက် ရွှေဘုရားရုပ်ပွားကို ကိုယ်တော်တိုင် ဌာပနာသွင်း ...ပူဇော်လိုက်လေသည်။

သည့်နောက် ... ဟိုတစ်ဘဝတုန်းက မူလအလှူရှင်များ ဖြစ်ခဲ့ဖူးကြ ...သည့် ဘုရားအစ်မ သူဌေးကတော်ကြီးများဖြစ်ကြသော ...

မရွှေဂုဏ် ...

မငွေဂုဏ် ...

မမြဂုဏ် ...

မစိန်ဂုဏ် ...

မနဝရတ်ဂုဏ်တို့နှင့်အတူ ...

သုံးဆယ့်တစ်ဘုံသားတို့အားလည်းကောင်း၊ ဝတ်ဖြူစင်ကြယ်နှင့်အိပ်မက်ရှင် ...တို့အားလည်း လိုက်လိုက်လှဲလှဲ မေတ္တာပို့ အမျှပေးဝေလိုက်လေသည်။

...ချက် ။ ။ ငါးဝတ္ထုအား နောက်ခံသမိုင်းကို စုံစုံစေ့စေ့လေ့ လာစုဆောင်း ...လျှင် လုံးချင်းဝတ္ထုရှည်အဖြစ် ရေးသားပါမည့်အကြောင်း ကြိုတင်သတင်းကောင်း ...အပ်ပါသည်ခင်ဗျား)

မောင်ညိုမှိုင်း(သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com

ဘုထောက်ကျာကြောင်းမှုလုံ ... ဒေါက်တာတင်ရွှေ



www.burmeseclassic.com

www.burmeseclassic.com

[၁]

အတိတ်ဘဝက ပဌာန်းဆက်အိပ်မက်ကို မက်ပြီး ကျွန်ုပ် ယခင်ဘဝက ကောင်းမှုလုံဘုရားလူကြီး ဦးအိုက်မောင်းအဖြစ် အသက်မခံရမီ အဖြစ်အပျက်များကို ပြန်လည်သတိရလာခဲ့သည်။ ထို့ကြောင့် ရပ်ရွာလူကြီးများကို ခေါ်ဆောင်ပြီး ဆေလီခံတစ်ဖက်ကမ်း ကချင်တောင်တန်းကြီးခြေရင်း၊ မဟော်ဂနီပင်ရင်း၌ ယခင်ဘဝက မြှုပ်နှံထားခဲ့သော ကောင်းမှုလုံ ရုပ်ပွားဆင်းတုတော်၊ နဖူးသင်းကျစ်တော်တွင် မြှုပ်နှံထားခဲ့ဖူးသော ပတ္တမြားကြီးအား ကောင်းမှုလုံဘုရားကြီးဂေါပကအဖွဲ့နှင့် ရပ်ရွာလူကြီးများအား ပြန်လည်ပေးအပ်ပြီး ပတ္တမြားကြီးအားမြှုပ်နှံရာတွင် အပေါ်မှ အမှတ်အသားဖြင့် ဖုံးဖိခဲ့သောကျောက်တုံးမှာလည်း အရည်ကောင်းသော ကျောက်စိမ်းတုံးဖြစ်နေ၍ တစ်လက်စတည်း ကောင်းမှုလုံဘုရားကြီး လုံးတော်ပြည့် ရွှေချရန် လှူဒါန်းခဲ့ပါသည်။

ကောင်းမှုလုံ ရွာသူရွာသားများကလည်း ကျွန်ုပ်အပေါ်တွင် သက်ာမကင်း ထင်ကျန်နေခဲ့သော ယခင်အတိတ်ဘဝက အမဲစက်ကြွေးဟောင်းကြီးကို အံ့ဩ

www.burmeseclassic.com



ဖွယ်ရာအိပ်မက်ဖြင့် ပြန်လည်သတိရပြီး အကြေဆပ်နိုင်သဖြင့် လွန်စွာ အံ့ဩဝမ်းသာနေကြသည်။

ထို့ကြောင့် ကျွန်ုပ်အား ယခုဘဝအမည် ထောင်မှူးကြီးဦးသိန်းဝင်းဟု မခေါ်၊ ယခင်ဘဝဟောင်းကအမည် ဦးအိုက်မောင်းဟုပင် ခေါ်ကြလေသည်။ ဦးသိန်းဝင်းအမည်မှာ ရွာနှင့်စိမ်းသည်။ ဦးသိုက်မောင်းအမည်သာ ရွာနှင့်ယဉ်ပါးပြီး လက်ခံကြသည်။

ထို့ကြောင့် ကျွန်ုပ်တို့အဖွဲ့အား မနက်၊ နေ့လယ်၊ ညထမင်းစားဖိတ်ကြသည်မှာ ကောင်းမှုလုံတစ်ရွာလုံးဖြစ်သည်။ ထို့ကြောင့်ပင် ကောင်းမှုလုံရွာသူကြီးက မျှတအောင် ခွဲတမ်းချပေးရသည့်အထိဖြစ်သည်။

ကျွန်ုပ်တို့အဖွဲ့မှာလည်း ပူတာအိုမြို့သို့ တာဝန်ဖြင့်လာရင်း အိပ်မက်အရ ကောင်းမှုလုံဘုရားကြီးသို့လာရောက် ဖူးမျှော်ခြင်းသာဖြစ်၍ အချိန်ကလည်း မရပါ။ ထို့ကြောင့် ပြန်ရန်ပြင်တိုင်း ရွာက ဝိုင်းဆွဲထား၍ သောင်တင်နေတော့သည်။

ထို့ကြောင့် အချိန်တိုအတွင်း ပူတာအိုမြို့သို့ အမြန်ပြန်ရောက်စေရန်အတွက် ကောင်းမှုလုံရွာလူကြီးများဖြင့် ညှိနှိုင်းတိုင်ပင်ရတော့သည်။

“သူကြီး . . . ကျွန်တော်တို့မှာ အချိန်သိပ်မရှိတော့ဘူး။ ကျွန်တော့်ဌာနက လူကြီးတွေလည်း စိတ်ပူကြရော့မယ်။ အလာတုန်းက မူလာရှီဒီးကြိုးတံတားကိုကျော်၊ မူလာရှီဒီးရွာက လယ်ထွန်စက်ငှား၊ မလိခ တစ်ဘက်ကမ်း နောင်ခိုင်ရွာက တစ်ဆင့် ကုန်းကြောင်းခရီးမလိခမြစ်ကိုကူးပြီး လမ်းလျှောက်၊ နမ့်ခမ်းကြီးရွာမှာ ညအိပ်ရတယ်။

အဲဒီရွာကြီးကတစ်ဆင့် ကုန်းကြောင်းခရီးနဲ့ နမ့်ခမ်းကြီး ရေတံခွန်ဆည်ကြီးကို ပင်ပင်ပန်းပန်းဖြတ်ကျော်မှ ကောင်းမှုလုံရွာကြီးကို ရောက်တယ်။ အခု ကျွန်တော်တို့မှာ အချိန်သိပ်မရှိတော့၊ ဒီရွာကနေ မလိခမြစ်အတိုင်း စုန်ဆင်းရင် ဘယ်ကိုရောက်မလဲ . . . သူကြီး”

“အင်း . . . ဆရာလေးတို့အလာတုန်းက ခရီးလမ်းပန်းအဆင်ပြေတာတောင် ပူတာအိုက ကောင်းမှုလုံရွာကြီးကို နှစ်ညအိပ်ခရီးလောက် ကြာတာပဲ အဆင်မပြေရင်တော့ နှစ်ညအိပ်၊ သုံးရက်တော့ ကြာလိမ့်မယ်။

ဆရာလေးပြောသလို မလိခမြစ်အတိုင်း လှေနဲ့မျှောဆင်းရင်တော့ ရေစုန်ခရီးဖြစ်လို့ မြန်တာပေါ့။ ဒါပေမဲ့ . . . အန္တရာယ်များမယ်၊ ပင်ပန်းမယ်။ မနက်စောစောထွက်ရင် မချမ်းဘောကို နေ့လယ်ရောက်မယ်။ မလိခတစ်ဘက်ကမ်းက

www.burmeseclassic.com



နောင်ခိုင်ရွာမှာ ထွန်စက်နဲ့ကြုံရင် ညနေပိုင်းမှာ ပုတာအိုပြန်ရောက်လိမ့်မယ်၊ မကြုံရင်တော့ ဂူဘားဒွေ့ရိပ်သာမှာ တစ်ညတာတည်းခိုရင်း ထွန်စက်ကြီးကို စောင့်ရမှာပေါ့''

''သူကြီး . . . ကျွန်တော်နဲ့ ထောင်မှူးသန်းနိုင်ကတော့ ရန်ကုန်သားမို့ လို့ လှေမလှော်တတ်ဘူး။ မြစ်ကြောင်းလည်း မကျွမ်းကျင်ဘူး။ အိုက်ပုက ဒီနယ်သားဖြစ်လို့ ကျွမ်းကျင်ကောင်း ကျွမ်းကျင်နိုင်ပေမယ့် သူတစ်ယောက်တည်း လည်း ဖြစ်မှာမဟုတ်ဘူး။ အဲဒါကြောင့် ရေလမ်းခရီးကလည်း ဖြစ်မှာမဟုတ်ဘူး။ တခြား ကုန်းကြောင်းဖြတ်လမ်းခရီး မရှိတော့ဘူးလား''

''မရှိဘူး . . . ဆရာလေး။ နောက်ဆုံးဖြစ်နိုင်တာက လားငှားရင်လည်း ခနတင်လို့ပဲရမယ်၊ လူစီးလို့မရဘူး။ ခရီးကတော့ ဖင့်မှာပဲ။ အဲဒီတော့ ဒီလိုလုပ် ပါ . . . ဆရာလေး။ လုံးစင်းလှေဝယ်ရမယ်။ ကျွန်တော်တို့ ကျွမ်းကျင်တဲ့လူတွေ လိုက်ပို့မယ်။

ကျွန်တော်တို့ လူကြီးအဖွဲ့ကလည်း ဆရာလေးလှူထားတဲ့ ကျောက်စိမ်း တုံးကြီးကို ဈေးကောင်းရအောင် ပုတာအိုအထိတက် ရောင်းချင်တယ်။ အပြန်ကျ တော့လည်း ကောင်းမှုလုံ့ဘုရားကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်ဖို့လည်း ပစ္စည်း တွေ ဝယ်ရဦးမယ်လေ''

''လှေကဝယ်ရင် ဘယ်လောက်ပေးရမှာလဲ။ ငှားလို့မရဘူးလား . . သူကြီး ရယ်။ ကျွန်တော့်မှာ လှေတစ်စီးဝယ်နိုင်လောက်အောင် ငွေကြေးမရှိတော့ဘူး ခင်ဗျ''

''ဆရာလေးကလည်း အဲဒီကိစ္စ ကျွန်တော်တို့တာဝန်ထားစမ်းပါ။ လှေဝယ် ရတဲ့အကြောင်းရင်းက ငှားမရနိုင်လို့ဘဲ။ မလိခရေစီးကြောင်းက တောင်ပေါ်က ကျလာတဲ့အရှိန်ကြောင့် တအားသန်တာ။ ဒီမှာက နိုင်ငံခြားမှာလို စက်တပ်လှေ မဟုတ်ဘူး။ စက်တပ်လှေရှိရင်တောင် သွားနိုင်မယ်မထင်ပါဘူး။

တချို့နေရာက အလွန်ရေတိမ်ပြီး မြစ်ကြောင်းလည်း ကျဉ်းတယ်။ ထိုးဝါး အကူနဲ့သွားရတာ။ လူကလည်း ဆင်းပြီး လှေကိုဆွဲရတဲ့ နေရာလည်းရှိတယ်။ မြစ်ကြောင်းခရီးက အလွန်ကြမ်းတာ။ ကျွမ်းကျင်ရင်တော့ အလွန်မြန်တဲ့ခရီးပေါ့။

အပြန်ကျတော့ ရေဆန်တောင်တက်ခရီး ဘယ်လိုမှ ဆန်တက်လို့ မရ နိုင်ဘူး။ ဒါကြောင့် လှေကို မချမ်းဘောမြို့ရောက်တာနဲ့ ရတဲ့ဈေးနဲ့ရောင်းပစ်ခဲ့ ရမှာ ကျွန်တော်တို့ရွာပြန်ခရီးကတော့ ဆရာလေးတို့ လာရာလမ်းအတိုင်း

www.burmeseclassic.com

www.burmeseclassic.com



ကုန်းကြောင်းခရီးပဲပေါ့။ ဘုရားပစ္စည်းတွေ ပါလာမှာမို့ ဝန်တင်လားတော့ ငှားရမှာပဲ''

''ဒါဆို ... သူကြီးတို့က ဘယ်နှယောက် လိုက်ကြမှာလဲ''

''ကျွန်တော်ရယ်၊ ဘုရားလူကြီး ဦးအောင်ရမ်ရယ်၊ ကိုယ်လုံပညာ တတ်တဲ့ ကာလသားခေါင်း ဖုန်းဆန်းရယ် (၃)ယောက် လိုက်မယ်။ လုံးတွင်း လှေကြီးကြီးတော့ ဝယ်ရမှာပေါ့။ ဆရာ့တပည့်အိုက်ပုက မြို့တက်အလုပ်လုပ်နေ တော့ ရေနဲ့စိမ်းနေပြီ။ သူ့အားကိုးလို့ ရမှာမဟုတ်ဘူး။ ဆရာတို့က (၃)ယောက် ဆိုတော့ (၆)ယောက် အတော်ပါပဲ''

✿ ✿ ✿

# [၂]

❑

ထိုနေ့ညနေက သူကြီးဦးနုန်ဘောက်တို့အဖွဲ့ လှေဝယ်ကြသည်။ (၉၄၅၀) ကျပ် ပေးရသည်ဟု သိရသည်။ ထိုခေတ်ကာလက ကျွန်ုပ်တို့ တစ်လစာလခထက် ကျော်ပါလိမ့်မည်။ လှေမှာ လုံးတွင်းလှေဖြစ်သည်။ သစ်ပွသားလည်းမဟုတ်၊ သစ်မာသားလည်းမဟုတ်၊ ကျွန်းသားကဲ့သို့ပင် ပေါ့သည်။

နောက်မှသိရသည်မှာ ရေပေါ်သောလောက်ယားသားဟု သိရသည်။ လုံးတွင်းလှေလုပ်ရန် အထူးကောင်းမွန်သော သစ်သားမျိုးဖြစ်သည်။ လုံးပတ် ကြီးသည်၊ အလျားရှည်သည်။ သစ်လုံးအရွယ်အစားမှာ စောင်းခြင်း လိမ်ခြင်း မရှိ ဖြောင့်တန်းညီညာသည်။ လှေဝယ်ရာတွင် ရောင်းသူက လှော်တက် (၂)ချောင်း နှင့် ထိုးဝါးနှစ်ချောင်းကိုလည်း လက်ဆောင်ပေးလိုက်ပါသေးသည်။

နောက်တစ်နေ့မနက် (၆)နာရီခန့်တွင် ကျွန်ုပ်တို့အဖွဲ့ လှေပေါ်သို့ ဆင်းကြသည်။ တစ်ရွာလုံးက ကမ်းပါးညွှတ်မျှ နှုတ်ဆက်ပို့ဆောင်ကြသည်။ လှေဦး က အားကောင်းမောင်းသန် ကာလသားခေါင်း ကိုဖုန်းဆန်း၊ လှေပဲ့ကိုင်က ရွာလူကြီး ဦးလနုန်ဘောက်ကိုယ်တိုင်၊ ထိုးဝါးသမားများက လယ်ထိုင်ဘုရားလူကြီး ဦးအောင်ရမ်နှင့် အိုက်ပုတို့ဖြစ်ကြသည်။

www.burmeseclassic.com



ကျွန်ုပ်နှင့် ထောင်မှူးသံဒိုင်တို့သာ ဘာမျှမလုပ်တတ်။ ခရီးသည် သက်သက်မျှသာ။ သို့သော် ကျွန်ုပ်တို့နှစ်ဦးက ဘွဲ့ရထောင်မှူး သင်တန်းဆင်းများဖြစ်ကြ၍ ကိုယ်လုံ့ပညာအနည်းအကျဉ်းနှင့် ရေကူးတော့တတ်ပါသည်။

လှေမှာလုံးထွင်းလှေဖြစ်၍ ခပ်လုံးလုံးဖြစ်သည်။ လှေအဆင်း၊ မြင်းအတက်ဆိုသော်လည်း ကျွန်ုပ်တို့အတွက်မှာမူ ရေနှင့်ဝေးခဲ့သဖြင့် လှေအတက်တွင်ပင် ယိုင်ရမ်းနေပြီး မလိုခမြစ်ထဲ လိမ့်မကျစေရန် အတော်ထိန်းရပါသည်။ လှေမှာ အောက်ပြည်အောက်ရွာလို စပ်လှေမဟုတ်၊ ဒေါင်မကျ မပြား။ ထို့ကြောင့် အတော်မူးသည်။

"ငြိမ်ငြိမ်လေးသာထိုင် . . . ဆရာလေး၊ မကြောက်နဲ့။ ထွင်းလှေဖြစ်လို့ လှေမမှောက်နိုင်ဘူး။ နောက်ပြီး ကျွန်တော်တို့က အလေ့အကျင့်ရ ကျွမ်းကျင်သူတွေပါ"

"ဟုတ်ကဲ့ . . . သူကြီး။ ကျွန်တော်တို့လည်း ရေကူးတတ်ပါတယ်။ စိတ်မပူပါနဲ့ခင်ဗျား"

သတိပေးသူက ပေးပါ၏။ မလှုပ်နဲ့ဆို၍သာ ငြိမ်နေရသည်။ လှေက အလိုလို လှုပ်ရမ်းနေသည်။ ရေစီးသန်ပြီး မြန်နေ၍ လှေလှုပ်နေသည်ဟု ထင်မိသည်။ ရွာထိပ်ကမ်းပါးပေါ်မှ ကောင်းမှုလုံ့ရွာသူရွာသားများကတော့ ကျွန်ုပ်တို့အား လက်ပြနှုတ်ဆက်ကျန်နေခဲ့ပါသည်။

မနက်မိုးလင်းစဖြစ်၍ မြစ်ပြင်ပေါ်၌ ရေခိုးရေငွေ့က ပျံ့လွင့်နေသည်။ ဝေးအတော်ဝေးဝေးကို မမြင်နိုင်။ မြစ်ရေပြင်ကျယ်ပေါ်တွင် လေပြည်လေညင်းက တသုန်သုန် တိုက်ခိုက်လျက်ရှိသည်။ သာယာအေးချမ်းလှသော မြစ်ရေပြင်ပေါ်တွင် လုံးထွင်းလှေကြီးသည် ငမိုးရိပ်မိကျောင်းကြီး ရေကူးသကဲ့သို့ ရှဲရှဲအော်မြည်၍ ရေကိုခွဲပြီး ရေစုန်တွင် လျင်မြန်စွာ ပြေးလွှားနေသည်။

ကျွန်ုပ် ပတ်ဝန်းကျင် တောရိပ်တောင်ရိပ်နှင့် မြစ်ပြင်ကျယ်ကြီးကို ကြည့်မိရင်း တောင်ပေါ်မြစ်ချောင်းများတွင် အဘယ်ကြောင့် လုံးထွင်းလှေများကို အသုံးပြုရကြောင်း စဉ်းစားနေမိသည်။ မြေပြန့်မှ လှေများကဲ့သို့ ဝမ်းကျယ်၊ စပ်ပြားလှေဆိုလျှင် ယခုထက် တည်ငြိမ်လိမ့်မည်ဟု စဉ်းစားရင်း တွေးတောနေမိသည်။

"ဆရာလေး . . . ကျွန်တော်တို့မလိခက ရေစီးသန်တယ်၊ မြန်တယ်။ တချို့နေရာတွေမှာ ဝါးတစ်ရိုက်လောက်နက်တယ်။ တချို့နေရာတွေကျတော့ တစ်ပေလောက်ပဲ နက်ပြန်တယ်။ ဒီဘက်ပိုင်းမှာ ရေပြင်ပြေလို့ လှေငြိမ်သက်ပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ အောက်ဘက်ရောက်ရင်တော့ ရေတိမ်ပြီး မြစ်ကျဉ်းတယ်။ အတက်အဆင်း ကြမ်းတယ်။ သတိတော့ထားကြပေါ့''

''ဟုတ်ကဲ့ပါ ... သူကြီး''

ကျွန်ုပ်တို့လှေသည် တငြိမ့်ငြိမ့်စုန်ဆင်းလာခဲ့ရာ နွားဖားခါးရွာကို ဖြတ်ကျော်ပြီးနောက် နောက်တွင်ကျန်ရစ်ခဲ့သော ကုန်းတောပေါ် မလိခ မြစ်ကမ်းပါး စောင်းမှ ကောင်းမှုလုံဘုရားကြီးကိုပင် မမြင်ရတော့ပါ။ ခရီးက အနိမ့်ပိုင်းသို့ တရွေ့ရွေ့ ဆင်းလာပြီဖြစ်သည်။

သို့သော် လေသင့်၍ ထင်ပါသည်၊ ကောင်းမှုလုံဘုရားကြီး၏ ဆည်းလည်း သံကလေးများကိုတော့ တချွင်ချွင် ကြားနေရပါသည်။ ကျွန်ုပ်စိတ်မှန်းဖြင့် ကောင်းမှုလုံစေတီတည်ရှိရာသို့ ရှိခိုးကော်ရော် ဖူးမြော်နေမိပါသည်။

ကျယ်ပြန့်လှသော မလိခမြစ်ရေပြင်ကြီးတွင် ခရီးသွားနေရသည်ကို ကျွန်ုပ် ပီတိဖြစ်မိသည်။ မြစ်ကြောင်းခရီးသွားရသည်မှာ လေကြောင်း၊ ကုန်းလမ်း ခရီးတို့ဖြင့် မတူပါ။ မြစ်ကြောင်းခရီးသည် ရေပြင်သာယာလျှင် သာယာသလို စိတ်ကိုချမ်းမြေ့စေပြီး ခန္ဓာကိုယ်ကို ရွှင်လန်းချမ်းမြေ့စေသည်။ မြစ်ပြင်ရေတစ်ကြော နှင့် မိုးကောင်းကင် ဟာလာဟင်းလင်းကြီးတွင် ကြည်နူးဖွယ်ရာ အတွေ့အကြုံများ ကို မြင်တွေ့ရမည်ဖြစ်သည်။

ကျွန်ုပ်တို့ စုန်ဆင်းချိန်သည် မနက်စောစော မလိခမြစ်၏ ရေကျချိန် ဖြစ်သည်။ ထို့ကြောင့် လေပြည်လေညင်း တသွေးသွေးရှိလှသည်။ မလိခမြစ် နှစ်ဘက်ကမ်းပါးယံကြီးများမှာ မြင့်မားမတ်စောက်လွန်းလှသည်။ ကမ်းနှစ်ဘက် ကျေးရွာများမှ ရေခပ်ဆင်းသူများဖြင့် ကျေးရွာရေချိုးဆိပ်များတွင် စည်ကားနေ သည်။ ကလေးလူကြီး ပျော်ပါးစွာ ရေခပ်နေကြသည်မှာ မလိခမြစ်ကမ်းခြေ မှ အသက်ဝင်လှုပ်ရှားနေသော သဘာဝပန်းချီကားတစ်ချပ်ပင် ဖြစ်တော့သည်။

ကျွန်ုပ်တို့လှေကို တဖြည်းဖြည်း စုန်ဆင်းရာ အလင်းရောင်က တဖြည်း ဖြည်း ပိုရလာသည်။ သို့သော် မြန်မာပြည်မြောက်ပိုင်း တောင်ပေါ်ဒေသဖြစ်၍ နေကိုတော့ မမြင်ရသေးပါ။ အအေးဓာတ်က အေးစိမ့်ပြီး တစ်ခါတစ်ရံ လေအေး တွင် ရင်ထဲအထိ စိမ့်ဝင်ပြီး ချမ်းအေးသွားတတ်သည်။ လှော်တက်ကိုင်နှင့် ထိုးဝါး ကိုင်၊ သူကြီးတို့အဖွဲ့ကတော့ ချွေးပျံနေကြရှာပါသည်။

✿ ✿ ✿

www.burmeseclassic.com

# [၃]

❑

ဟိုးအဝေးမြစ်ယံပေါ်တွင် ကြိုးကြာငှက်များ ပျံသန်းနေကြသည်ကို ထူးထူးခြားခြားလှပစွာ တွေ့မြင်ရသည်။ ထိုအခိုက် လှေဦးမှ ကာလသားခေါင်း ကိုဖုန်းဆန်းသည် ဒူးတစ်ဖက်ထောက်၍ ထိုင်ချလိုက်ပြီး ရေပြင်ကိုငေး၍ ကြည့်နေသည်။ ရေကြောင်း ရှာနေဟန်တူသည်။ ဘုရားလူကြီး ဦးအောင်ရမ်က ထိုးဝါး ထောက်၍ ထိန်းပေးသည်။

သူကြီး ဦးလနန်ဘောက်မှာလည်း လှော်တက်ဖြင့် ပဲ့ကိုင်၍ ထိန်းပေးနေရာ ကျွမ်းကျင်သူများဖြစ်ကြ၍ အလွန် တက်ညီလက်ညီရှိကြပါသည်။ အပေးအယူလည်း မျှတကြသည်။ ထို့ကြောင့် လှေမှာ ရေစုန်ခရီးဖြစ်သော်လည်း တန့်၍ နေးသွားသည်။

"ဝေး . . . ရှေ့မှာ ရေတံခွန်ရှိတယ် ဟေး . . ."

မြစ်ကမ်းပါးမှ လှမ်းအော် သတိပေးလိုက်သံသဲ့သဲ့ကို ကျွန်ုပ်တို့ ကြားလိုက်ရသည်။ ဦးလနန်ဘောက်တို့သုံးဦး ဗျာများသွားကြသည်။ ကိုဖုန်းဆန်းက ထိုးဝါးကိုကောက်ကိုင်၍ မြစ်ပြင်တွင်ဟိုထောက်၊ သည်ထောက်ဖြင့် ရေစမ်းသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှေ့မှာ ရေတံခွန်။ ငြိမ်ငြိမ်နေကြ"

သူ့နှုတ်မှလည်း သတိပေးလာသည်။ ကျွန်ုပ်နှင့် ထောင်မှူးသန်းနိုင်မှာ ရေတံခွန်ဆို၍ မလှုပ်ရဲတော့။ တဝေါဝေါ တဝုန်းဝုန်းကျနေသည့် မြင့်မားလှစွာသော ရေတံခွန်ကြီးကို ဖြတ်သန်းရတော့မည်ဟု ထင်နေမိကြသဖြင့် မျက်နှာငယ်ကလေးများဖြင့် ဂါထာ၊ မန္တန်များကို ရွတ်ဖတ်နေမိတော့သည်။ သို့ရာတွင် ကျောက်တုံးများကို မြစ်ရေတိုက်ပြီး 'ပလောက် ပလောက်' ဟူသောရေသံနှင့် ဝုန်းဝုန်းဟူသော ခပ်အုပ်အုပ်အသံကိုသာ ကြားလိုက်ရသည်။ ထိုနေရာတွင် ထူးထူးခြားခြား ငြိမ်သက်နေသည်။

ရေတံခွန်ရှိရာသည် ကျွန်ုပ်တို့လှေနှင့် တစ်စတစ်စ နီးကပ်လာပြီဟူသောအသိက ဝင်လာသည်။ ထို့ကြောင့် သူကြီးက ...

"ငြိမ်ငြိမ်ထိုင်နေကြနော် ... မလှုပ်နဲ့"

ဟု သတိပေးနေပါသည်။

"ဘယ်ဘက်ကိုထောက်၊ ဘယ်ဘက်ကိုထောက်"

သူကြီးဦးလနန်ဘောက် သတိပေး၍မှမဆုံးမီ လုံးထွင်းလှေကြီးသည် မြစ်ရေပြင်အောက်မှ ကျောက်တုံးများနှင့် တိုက်မိသည်။ လှေအောက်မှ 'ဒုတ် ... ဒုတ် ...' အသံမြည်ပြီး လှေမှာ ခါရမ်းသွားသည်။

ထိုးဝါးကျွမ်းကျင်သော ဘုရားလူကြီးဦးအောင်ရမ်နှင့် ကာလသားခေါင်းကိုဖုန်းဆန်းတို့က လှေတစ်ဘက်စီတွင် ထိုးဝါးထောက်၍ ကျွမ်းကျင်စွာ ထိန်းလိုက်ကြသည်။ လှေမှာ တည်ငြိမ်သွားသော်လည်း ရေနက်ပိုင်း ရောက်သွားဟန်ဖြင့် တစ်ရှိန်ထိုး စုန်ဆင်းတော့သည်။

ကျွန်ုပ်တို့မှာ ရင်တမမနှင့် နှလုံးခုန်နှုန်းက မြန်လာသည်။ ချမ်းအေးသောအာရုံခံစားမှုများ လွင့်ပြယ်၍ ချွေးများပျံလာသည်။ တကယ်တမ်းတော့ မလိခမြစ်ရေစီးသည် ပရိယာယ်များလှသည်။ မြစ်ရေပြင်မှာ နက်ရှိုင်းမယောင်နှင့် တိမ်ပြီး တိမ်မယောင်နှင့် နက်ရှိုင်းလှသည်။ ကျွန်ုပ်တို့ သက်ပြင်းမောများကို မကြာခဏလေးတွဲစွာ ချမိကြသည်။

လှေဝမ်းနှင့် ကျောက်ဆောင်၊ ကျောက်တုံးများ တိုက်မိသော်လည်း လှေကွဲမသွားပါ။ အောက်ပြည်အောက်ရွာက စပ်လှေသာဆိုပါလျှင် အစိပ်စိပ်အမြွာမြွာ ကွဲအက်ကြေမွသွားပေလိမ့်မည်။ လုံးထွင်းလှေဖြစ်၍သာ ဝမ်းဗိုက်အားကျောက်တုံးများဖြင့် တိုက်သည့်ဒဏ်ကို တင်းခံနေနိုင်ခြင်းဖြစ်ပါသည်။ ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ကောင်ပေါ်မြစ်ချောင်းများတွင် စပ်လှေအစား၊ လုံးထွင်းလှေကို အသုံးပြုခြင်း ကြောင်း ကျွန်ုပ်တို့ သဘောပေါက်ရတော့သည်။

နောက်ပိုင်းတွင် ရှေ့၌ ရေတံခွန်ရှိသည်ဟု သတိပေးကြားသော်လည်း ည်သည့်နေရာတွင် ရေတံခွန်ရှိပြီး ကျွန်ုပ်တို့ မည်သို့ ဖြတ်သန်းလာခဲ့ကြသည်ကို သိတော့ပါ။ မြစ်ရေပြင်သည် ပြန်လည်ငြိမ်သက်သွားသည်။ တည်ငြိမ်၊ င်သွင် စီးဆင်းနေပြန်သည်။ လှေသည်လည်း တငြိမ့်ငြိမ့် ပြေးလွှားလျက် ။ တည်ငြိမ်သွားတော့လည်း မြစ်ရေနှင့် တောရိပ်တောင်ရိပ်တို့ကြောင့် စိမ့်စိမ့် အေးမြနေပြန်ပါသည်။

ထိုစဉ် လက်ယာဘက် မြစ်ကမ်းဘေးတစ်နေရာတွင် လှေများဖြင့် ရပ်ရှုပ်နေကြသော လူရွယ်အုပ်စုကို မြင်လိုက်ရသဖြင့် သတိထားကြည့်မိရာ ပေါ်တွင် ရပ်နေကြသည့် လူရွယ်များသည် ရေငုပ်မျက်မှန်များ တပ်ဆင်ထား ။

စိတ်ဝင်တစား ကြည့်ရှုလိုက်စဉ် ရေဆန်တစ်နေရာမှ 'ဝုန်း' ခနဲ က်ကွဲသံ ကြားလိုက်ရသလို မြစ်ထဲတွင် ရေပန်းများ ဂယက်ထသွားသည်။ ည့် ရေငုပ်မျက်မှန်တပ် လူရွယ်များက လှေများကို မြစ်ကမ်းစပ်မှ မြစ်လယ်သို့ ပြီး တန်းစီ၍ ထိုးဝါးထောက် ရပ်နားထားပြီး ရေထဲသို့ ဆင်းကာ ငါးကောက် ကြသည်။

ကျွန်ုပ်တို့လည်း မလိခမြစ်အတွင်း၌ မိုင်းခွဲ၍ ငါးဖမ်းနေကြသော လူအုပ်စု ကြည့်ပြီး အလွန်အံ့သြမိကြသည်။ ကျွန်ုပ်တို့၏ရှေ့မှ ဆင်းသွားသော ငါးအုပ် သည် ဒိုင်းနမိုက်ဒဏ်ဖြင့် လွတ်ပါလေစ။ မိုင်းသံကြောင့် မြစ်ယံကောင်းကင် င် တောဘဲအုပ်များ လန့်ဖျပ်၍ ပျံသန်းသွားကြလေသည်။

ထိုနေရာကိုကျော်တော့ ကျွန်ုပ်တို့လှေသည် တငြိမ့်ငြိမ့် ပြေးနေရာမှ နှေးသွားပြန်သည်။ ရေကြောင်းကောက်၍ ထင်ပါသည်။ ကိုဖုန်းဆန်းမှာ လှေဦး င် ဒူးထောက်ပြန်လေပြီ။ ရေပြင်ပတ်ဝန်းကျင် ဝဲယာကို ကြည့်ပြန်သဖြင့် ကျွန်ုပ် သတိထားရပြန်ပါသည်။ ထို့နောက် မတ်တတ်ရပ်၍ . . .

"ရှေ့မှာ ရေတံခွန် ငြိမ်ငြိမ်နေကြ"

ဦးအောင်ရမ်နှင့် ဦးလနန်ဘောက်တို့ကလည်း ကိုဖုန်းဆန်းနှင့်အတူ ကို ဝိုင်းဝန်းထိန်းကြသည်။ အိုက်ပုကလည်း ထိုးဝါးတစ်ချောင်းဖြင့် ထိန်းပေး

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ကျွမ်းကျင်ကြ၍ လေ့မှာ ငြိမ်သက်စွာ သွားနေသည်။ ကျွန်ုပ်နှ
ထောင်မှူးသန်းနိုင်တို့အလုပ်ကတော့ အတတ်နိုင်ဆုံး ငြိမ်သက်စွာနေ၍ ဘုရား
များကို ရွတ်ဖတ်သရဇ္ဈာယ်ပြီး တောစောင့်နတ်၊ တောင်စောင့်နတ်တို့အာ
မေတ္တာပို့၊ အမျှဝေနေရန် သာဖြစ်တော့သည်။

✿ ✿ ✿

[၄]

❑

ကျွန်ုပ် ဒုတိယအကြိမ်သတိထားမိတော့ မြစ်ရေသည် ကျောက်တုံ
ကိုရိုက်ခတ်ပြီး 'ပလောက် ...ပလောက်' မြည်နေသည်။ 'ဝုန်း ...ဝုန်း'
သော ရေကျသံကိုလည်း ခပ်အုပ်အုပ်ကြားရပြန်သည်။ ရေတံခွန် ဖြစ်ပေသည်
မကြာမီ ဒုတ်ဒုတ်အသံကြီး ထွက်လာကာ ရေအောက်မှ ကျောက်တုံ
များဖြင့် လေ့ဝမ်း တရကြမ်း စစ်ခင်းကြပြန်သည်။ မြစ်ရေပြင်မှာ တိမ်ပြီး ကြည်လ
လှသဖြင့် ရေညှိတက်နေသော ကျောက်ခဲတုံးများ၊ လေ့ဝမ်းဖြင့်ညှိပြီး တလိမ့်လိ
လွင့်စင်သွားကြသည်ကိုပင် မျက်စိဖြင့် မြင်နေရသည်။

ထိုစဉ် လေ့သည် ဦးပဲ့တစ်ချက်သွက်သွက်ခါ ယမ်းသွားသည်။ ကိုဖု
ဆန်းနှင့် ဦးအောင်ရမ်းတို့ ထိုးဝါးကိုယ်စီဖြင့် သွက်လက်စွာ လှုပ်ရှားကြပြန်သည်
ထို့ကြောင့် ကျောက်တုံးများပေါ်သို့ရောက်နေသော လေ့သည် ထိုးဝါးအားနှ
ရေစီးအားကြောင့် ကျောက်ကြမ်းခင်းငြိနေရာမှ လျှောခနဲ လွတ်သွားပြီး ရေနက်ပိုင်
သို့ ရောက်သွားပြန်သည်။

ဤတစ်ခါတော့ ကျွန်ုပ် ရေတံခွန်ရှိမည့် ပတ်ဝန်းကျင်အား သေချာစွ
စူးစိုက်၍ ရှာဖွေမိသည်။ သစ်ရိပ်ကြီးများ ဖုံးလွှမ်းနေသည့် ချောင်းကျို ချောင်းကြ
ပါမကျန် ရေတံခွန်ကိုမတွေ့မိ။ ဒုတိယအကြိမ်လည်း ရေတိမ်ကျောက်ကြမ်

www.burmeseclassic.com



နေရာဖြင့် လွတ်သွားပြန်သည်။ မလိခမြစ်သည် တငြိမ့်ငြိမ့်စီးဆင်းနေပြန်သည်။ ကျွန်ုပ်ရင်မှာလည်း တသိမ့်သိမ့် အေးချမ်းသွားရပြန်သည်။

ကမ်းပါးယံတစ်နေရာတွင် လယ်စောင့်တဲကလေးများကို မြင်ရသည်။ ကမ်းပါးယံကြီးမှာ ပေ(၅၀)ကျော်ခန့်မြင့်မားသဖြင့် လယ်ကွင်းများကိုတော့ မမြင်ရ။ မြစ်ကမ်းခြေတွင် ခြောက်နှစ်ခန့်အရွယ် ယောကျ်ားလေးတစ်ဦးနှင့် သုံးလေးနှစ်အရွယ် မိန်းကလေးတစ်ဦးတို့ ရေချိုးနေကြသည်။

ပတ်ဝန်းကျင်တွင် လူကြီးမိဘများကို မမြင်ရ။ ထိုကလေးငယ်နှစ်ဦးသည်းသာဖြစ်သည်။ မကြာမီ ရေချိုးပြီးစီးသွား၍ အကြီးကလေးသည် သူ့အရပ်တစ်ဝက်လောက်ရှိ ဝါးဆစ်ဘူးတွင် ရေထည့်ပြီး အသင့်ပါလာသည့် ရေဘူးကြိုးဖြင့် ပုခုံးတွင်ချိတ်လိုက်ပြီး နှမကလေးဖြစ်ဟန်တူသူကို လက်ကဆွဲလိုက်သေးသည်။

ထို့နောက် အင်နှင့်အားနှင့် ပေ(၅၀)ခန့်မြင့်သည့် ကမ်းပါးယံကြီးကို ခြေကုန်းပြီးအားယူ၍ တလှုပ်လှုပ်ဖြင့် တက်သွားတော့သည်။ ကျွန်ုပ်တို့ အားလုံးသည်မြင်ကွင်းအားသဘောကျစွာ စိုက်ကြည့်နေမိကြစဉ် သူကြီးဦးလနန်ဘောက်က မှတ်ချက်ချသည်။

"ယောကျ်ားကွဆိုတဲ့စိတ်ဓာတ် ဒီကလေးမှာ ရှိနေပြီ။ ဒါဟာ ငါ့တာဝန်၊ ကမ်းပါးပေါ် အရောက်တက်မယ်၊ ညီမလေးလည်း . . . လာဟေ့လို့ ပြောနေတဲ့ အာဂမလိခသားဗျ"

"ဟုတ်ပါ့ . . . သူကြီးရယ်"

ကျွန်ုပ်ကလည်း မှတ်ချက်ချမိသည်။ ဝါးဆစ်ရေဘူးကလေး ကျောတွင်ပိုးထားသော မလိခသားကလေးငယ်မှာ မြစ်ကမ်းပါးထိပ်သို့ တရွေ့ရွေ့ဖြင့် အောင်မြင်စွာ တက်ရောက်သွားနိုင်ပြီဖြစ်သည်။ နိစ္စဓူဝ ပြုလုပ်နေရသော ထိုအလေ့အကျင့်သည် ဤမလိခမြစ်ကမ်းမှ ကလေးငယ်၏စိတ်ဓာတ်အတွင်း သံမှိုရိုက်ထားသကဲ့သို့ စွဲမြဲနေပါလိမ့်မည်။

ထို့ကြောင့်လည်း ငယ်စဉ်ဘဝမှာပင် မိမိကိုယ်ကိုအားကိုးခြင်း၊ မိမိလုပ်ရမည့်တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်နိုင်ခြင်း၊ ငယ်သူကို ညှာတာဖေးကူ၊ ချစ်ကြည်ဖြူခြင်းနှင့် ဖွဲ့သတ္တိရှိခြင်းတို့သည် ယင်းမလိခ သားငယ်ရင်တွင်း၌ ထာဝရ ကိန်းအောင်းနေဟန်တူပါသည်။ မလိခမြစ်ကမ်းပါးမှ ထိုအလုပန်းချီကားသည် ဘဝပန်းချီကားအဖြစ် သဘာဝကျစွာ ကျွန်ုပ်တို့ရင်၌ တွဲခိုနေရာယူပြီး ဖြစ်လေသောသည်။

www.burmeseclassic.com



မြစ်ယံကမ်းနဖူးပေါ်တွင် မြစ်တွေးငှက်ကလေးများ တေးဆိုနေ
သည်။ မြစ်ညှာသို့ဆန်တက်လာသည့် လှေကလေး တစ်စင်းတလေများ နေ
မည်လားဟု ကျွန်ုပ် ရှာဖွေကြည့်သော်လည်း မတွေ့ရပါ။ ကျွန်ုပ်တို့ နေ
မြစ်ကြောင်းသို့ စုန်မည့်လှေလည်း တစ်စင်းတလေမျှမရှိပါ။

ဤသို့ဖြင့် ကျွန်ုပ်တို့လှေတစ်စီးတည်း စုန်ဆင်းလာခဲ့ရာ တစ်နေရာအရော
တွင် လှေမှာ လှုပ်ရမ်းလာပြန်သည်။ ကျွန်ုပ် လှေဦးသို့ ဖျတ်ခနဲကြည့်မိ
ထုံးစံအတိုင်း ကိုဖုန်းဆန်းသည် ဒူးထောက်ပြီး မြစ်ပြင်ကို အသေအချာ စူး
ကြည့်နေပြန်သည်။ ထို့ကြောင့် ကျွန်ုပ်က ...

"ကိုဖုန်းဆန်း ... ရှေ့မှာ ရေတံခွန် တွေ့ပြန်ပြီလား"

"ဟုတ်တယ် ... ဆရာရေ့၊ ရှေ့မှာ ရေတံခွန်။ ငြိမ်ငြိမ်နေကြပါ၊ မ
ကြပါနဲ့"

မကြာမီတွင် အစောပိုင်းက ကြုံတွေ့ခဲ့ရသည့်အတိုင်း လှေဝမ်း
မြစ်အောက်ခြေကျောက်တုံးများ တစ်ဒုတ်ဒုတ် တိုက်မိခိုက်မိဖြစ်ကြပြီး လှေဦး
ပြန်သည်။ လှေမှာ ထိန်းမရဘဲ ရေအရှိန်နှင့် မျောပါနေသည်။ ထို့ကြောင့် ထိုး
များထောက်၍ ကျားကန်ရပြန်သည်။

ပြီးနောက် ရေနက်ပိုင်း၊ ရေစီးကြောင်းပေါ် လှေပြန်ရောက်ပြီး မြင်း
လိုက်သကဲ့သို့ မြစ်ပြင်တွင် တရိပ်ရိပ် ပြေးပြန်လေပြီ။ ကျွန်ုပ်တို့မှာ လှေ
ရေတံခွန်၊ ရေတံခွန်နှင့် လှေကိုသာ အာရုံစူးစိုက်မိတော့သည်။ သို့အတွက်
တစ်ကြိမ်တွင်လည်း ရေတံခွန်ဆိုတာကြီးကို အားစိုက်ကာရှာမိသည်။ သို့သော်
ကျွန်ုပ်မြင်ဖူး၊ ကြားဖူးသော ရေတံခွန်ပုံစံမျိုးကို မမြင်ရ၊ မတွေ့ရ။ အလွန်စဉ်း
ရ ကျပ်သွားပါသည်။

ထိုစဉ် သူကြီးဦးလနန်ဘောက်က ...

"ကျွန်တော်တို့ မချမ်းဘောအထိ မလိခမြစ်ပြင်မှာ ရေတံခွန် (၅)
ရှိပါတယ်။ ခု ... ကျွန်တော်တို့ (၃)ခုကို ဖြတ်ကျော်ပြီးခဲ့ပါပြီ။ ရေတံခွန်
ကြုံတိုင်း ဒီလိုပဲ လှေဝမ်းနဲ့ကျောက် ငြိတတ်ပါတယ်။ လုံးထွင်းလှေဆိုတော
စိတ်ချရပါတယ်။ နောက်နှစ်ခုကတော့ တော်တော်ကြီးပါတယ်။ အထူး ဂရုစို
ရပါလိမ့်မယ်"

ယခုမှ ကျွန်ုပ် ရေတံခွန်ဆိုတာကြီးကို ရှင်းတော့သည်။ သူတို့ပြော
သော ရေတံခွန်ဆိုသည်မှာ ကျွန် ဉ်ပ်တို့ မြင်ဖူးကြားဖူးသော တောင်ကမ်းပါးယံကြ



www.burmeseclassic.com

များမှ တဝေါဝေါ တဝုန်းဝုန်းကျနေသည့် ရေတံခွန်ကြီးများ မဟုတ်ကြပါ။ ကျွန်ုပ်တို့မြင်ပြန့်ခေါ် ရေအောက်ကျောက်တန်းကို ရေတံခွန်ဟုခေါ်ခြင်းဖြစ်သည်။

မလိခမြစ်၏ ရေအောက်မှ ကျောက်တန်းဆိုသည်မှာလည်း ပင်လယ်ကမ်းစပ်က ကျောက်သား၊ ကျောက်ဆွယ်၊ ကျောက်တောင်တန်းကြီးမဟုတ်ဘဲ မြစ်ကြမ်းပြင်တွင် ကျောက်တုံးလုံးချောများ ပြန့်ကျဲနေပြီး ထိုနေရာတွင် မြစ်ရေမျက်နှာပြင်သည် ရေကြောင်းပျောက်ကာ ရေတိမ်နေသည်။

မချမ်းဘောမြို့အထိ ရေအောက်ကျောက်တန်းကြီး (၅)ခု ရှိသည်ဟု ကျွန်ုပ်တို့ နားလည်လာရပါတော့သည်။ မလိခမြစ်မှာ တောင်ကျချောင်းများမှ မြစ်ဖျားခံခဲ့သဖြင့် မြောက်ပိုင်းစွန်းဒေသတွင် ရေတံခွန်များကြောင့် မလိခမြစ်ကြီးဖြစ်လာသည်မှာ မှန်သော်လည်း မလိခမြစ်က ရေတံခွန်ကဲ့သို့ စီးဆင်းနေခြင်းမဟုတ်ကြောင်း သိလာရပါတော့သည်။ ကျွန်ုပ် အတွေးရေယာဉ်ကြောတွင် မျောနေစဉ် ကိုဖုန်းဆန်းက ...

"ရှေ့မှာ ရေတံခွန် တွေ့ပြန်ပြီ။ ဒီတစ်ခါတော့ တော်တော်ကြီးတယ်။ အားလုံး ငြိမ်ငြိမ်နေပြီး သတိထားကြပါ"

ဟုတ်လိမ့်မည်။ ဤတစ်ခါကြားရသည့် 'ပလောက် ... ပလောက်' အသံ၊ 'ဝုန်း ... ဝုန်း' ဟူသောအသံများ၊ ရေစီးပြင်း၍ တဟဲဟဲအော်သံတို့မှာ ယခင်ကြုံခဲ့ရသည့် ရေတံခွန်ဆိုသည်တို့ထက် ပိုမိုကျယ်လောင်ဆူညံနေပါသည်။

မကြာမီ 'ဒုတ် ... ဒုတ် ...' ဟူသောအသံကြားရ၍ ကျွန်ုပ်တို့၏ လှေမှာ ကျောက်တုံးများဖြင့်ငြိပြီး ရပ်သွားပါသည်။ ထို့ကြောင့် ကိုဖုန်းဆန်း၊ ဦးအောင်ရမ်နှင့် ဦးလနန်ဘောက်တို့ လှေပေါ်မှ ခုန်ဆင်းလိုက်ကြသည်။ သို့သော် ရေမှာတိမ်လွန်း၍ လှေနှင့် မြစ်ကြမ်းပြင်ညှိနေခြင်းမှာ မလွတ်သေးပါ။

ထို့ကြောင့် ကျွန်ုပ်နှင့် ထောင်မှူးသံဒိုင်၊ အိုက်ပုတို့လည်း မြစ်အတွင်းသို့ ဆင်းလိုက်ကြရသည်။ မလိခမြစ်ရေမှာ အလွန်အေးလှသည်။ ရေတိမ်သော်လည်း ရေစီးအလွန်ကြမ်းသည်။ ရေစီးကြောင်းအတွင်း လဲပြိုမသွားစေရန် အတော်သတိထားရသည်။

မလိခမြစ်ရေသည် ဤနေရာ၌ တစ်ပေခန့်သာ ရေနက်ပါသည်။ ရေအောက်တွင် ကျောက်တုံးလုံးချောများဖြင့် ပြည့်နှက်နေသည်။ ဦးလနန်ဘောက်တို့ (၃) ဦးက လှေကို ဆွဲယူသွားကြပြီး ရေစမ်းနေကြသည်။ ကျွန်ုပ်တို့ကတော့ ကျောက်လုံးခင်းရေပြင်၊ ကိုက်(၁၀၀)ခန့်ကို လျှောက်ရသည်ကလည်း မလွယ်ကူပါ။

www.burmeseclassic.com



ရေညှိတက်နေသော ကျောက်လုံးများက ချောနေသည်။ ရေမှာ အချို့နေရာတွင် ခြေမျက်စိမြုပ်ရုံ၊ အချို့နေရာတွင် ဒူးဆစ်အထိနက်သည်။ ကျွန်ုပ်တို့ လမ်းလျှောက်ရသည်မှာ မလွယ်ကူပါ။ ရေစီးအားကတွန်း၊ အောက်ခံကျောက်လုံးများကချောသဖြင့် အသွားရအလွန်ခက်သည်။

ရေကြောင်းရှာနေသည့် ဦးလနန်ဘောက်တို့(၃)ဦးမှာ တဖြည်းဖြည်းကျွန်ုပ်တို့ဖြင့် ဝေးသွားရာ ကိုက်(၁၀၀)ခန့် ဝေးကွာသွားသည်။ ကျွန်ုပ် တို့(၃)ဦးကတော့ ဝေသာလီဖျိုင်းကြီးများ ငါးရှာသကဲ့သို့ ခေါင်းကိုငုံ့၍ ခြေတစ်လှမ်းချင်းသာရွေ့လျားဝံ့တော့သည်။

"ဝေး ... တွေ့ပြီဟေ့"

မြစ်ယံအတွင်း သူကြီးဦးလနန်ဘောက်၏အသံက ထိုးဖောက်၍ လွင့်ဝဲလာပါသည်။ ကျွန်ုပ်တို့လည်း သူတို့ထံသို့ လှမ်းမျှော်ကြည့်လိုက်ရာ ကိုက်(၁၀၀)ခန့် ဝေးနေပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့(၃)ဦး သူတို့ထံ ဦးတည်၍ ဆက်လျှောက်ကြရပြန်ပါသည်။

"ရှေ့မှာ လက်ဝဲဘက်က စီးဝင်တဲ့ချောင်းတစ်ခုရှိနေတယ်။ ဒီတော့ ရေဝဲရှိနိုင်တယ်။ လှေပေါ်ရောက်ရင် ငြိမ်ငြိမ်ကလေးထိုင်ပြီး နေကြပါ"

ဟု ဘုရားလူကြီးဦးအောင်ရမ်က ကျွန်ုပ်တို့အား လှမ်း၍သတိပေးသည်။

ကျွန်ုပ်တို့ လှေပေါ်ရောက်ပြီးနောက် ဦးလနန်ဘောက်က ရေကြောင်းဆီသို့ လှေကို တဖြည်းဖြည်း ဆွဲယူသွားသည်။ ထို့နောက် လှေပေါ်တက်၍ ထိုးဝါးထောက်ပြီး ရေစီးကြောင်းအတွင်းသို့ အလိုက်သင့်ဝင်သည်။ ဦးလနန်ဘောက်က လှေပဲ့ကိုတက်ဖြင့် ထိန်းထားပေးသည်။ လှေမှာ တဖြည်းဖြည်း မြန်လာသည်။ ထို့နောက် ရေစီးကြောင်း အရှိန်ရလာသည်နှင့် လမ်းကောင်းကောင်းတွင် စက်ကုန်ဖွင့်မောင်းသော မော်တော်ကားကဲ့သို့ လှေသည် တရိပ်ရိပ် ပြေးလွှားနေတော့သည်။

မကြာမီ ရေစီးသံတဝေါဝေါကို ကျယ်လောင်စွာ ကြားလာရသည်။ သောင်ယံကွေ့တစ်ခုအနီးတွင် မြစ်အတွင်းစီးဝင်သည့် ချောင်းရေအားနှင့် မြစ်ရေအားဆုံဟန်တူသည်။ ရေစီးအားမှာ အလွန်ကောင်းနေသည် မလိခမြစ်ရေပြင်မှာ ထိုနေရာတွင် အတော်နက်ပုံရသည်။

ရေစီးတိုင်း ရေဦးထိုးလှေ့ရှိရာ မြစ်ကမ်းပါးယံတို့သည် ချိုင့်၍ ကွေ့၍ကောက်နေကြသဖြင့် ရေစီးအားမှာ နှေးကွေးသွားသည်။ ထို့ကြောင့် လှေကို ကောင်းစွာ ထိန်းသိမ်းနိုင်ကြပါသည်။

www.burmeseclassic.com



သူကြီးဦးလနန်ဘောက်က . . .

"မလိခမြစ်ဟာ အလွန်လျှို့ဝှက်တယ် . . . ဆရာလေးရဲ့။ တောင်ကျ ချောင်းတွေ ပေါင်းဆုံထားတဲ့မြစ်ဖြစ်လို့ မိုးရာသီမှာတော့ အလွန်ကြမ်းတမ်းပြီး နိုင်းစိုင်းပါတယ်။ ရေကြောင်းခရီးကို ကျွမ်းကျင်တဲ့ဒေသခံတွေပဲ သွားရဲတာပါ။ ဒါတောင် သတိမထားရင် အန္တရာယ်ဖြစ်တတ်ပါသေးတယ်။

တစ်ခါက မိုးတွင်းတစ်ခုမှာ မလိခ ရေတအားကြီးဖူးတယ်။ ဘယ်လောက် ထိ ရေကြီးသလဲဆိုရင် နောင်ခိုင်ရွာက မချမ်းဘောကို ကူးတို့ဖြင့် ကူးရတဲ့ ကော်သီးကြိုးချိတ်ဆွဲထားရာ ပေ(၃၀)ခန့်အမြင့်ရှိတဲ့ ကျပ်လုံးခန့် သံမဏိ ကြိုးအထိ ရေတက်ပြီး ရေအားပြင်းထန်လွန်းလို့ ကြိုးကြီးပြတ်သွားခဲ့ရတယ်။ မလိခမြစ်ရေဟာ အဲဒီလောက်အထိ အားသန်တယ် . . . ဆရာလေးရဲ့"

ထိုနှစ်ရေကြီးစဉ်က တောင်ပေါ်သစ်တောကြီးများမှ သစ်ပင်ကြီးများ သည်လည်းကောင်း၊ ကမ်းပါးယံမှ သစ်ပင်ကြီးများသည်လည်းကောင်း ရေတိုက် စားကာ အမြစ်ပြုတ်၍ မြစ်ရေစီးအတွင်း မျောပါသွားကြရသည်။ ဦးလနန်ဘောက် က ဆက်ပြောပြန်သည်။

"အဲဒီမြစ်ရေကြီးတုန်းက အတွေ့အကြုံတစ်ခု ရလိုက်သေးတယ် . . . ဆရာလေးရဲ့။ မြစ်ရေနဲ့ သစ်ပင်လုံးကြီးတစ်ခု မျောပါလာပြီး ကျွန်တော် တို့ရွာ ကမ်းစပ်မှာ ကျန်နေရစ်ခဲ့တယ်။ ရေတဖြည်းဖြည်း ကျသွားမှ အဲဒီထူးဆန်းတဲ့ သစ်ပင်ကြီးကို သတိထားမိကြတော့တယ်။ ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ တစ်ခါမှမတွေ့ဖူးကြတဲ့ သစ်ပင်ကြီးမျိုး ဖြစ်နေတာကြောင့် ရွာသားတွေက ဝိုင်းဝန်း ကမ်းပေါ်အထိ ဆွဲတင်ထားလိုက်ကြတယ်"

"အဲဒီသစ်ပင်ကြီးက အရွက်သေးသေးချွန်ချွန်နဲ့ ပျဉ်းမပင်ကြီးလို မြင့်ကြီးတယ်၊ ယောက်ျားကြီး နှစ်ဖက်စာလောက်တောင် ကျော်လိမ့်မယ်။ အပင်လိုပင်စည်ကြားမှာ အဖုအထစ်အတက်မပါဘူး။ ပြောင်ချောကြီး။

ရွာသားတွေက လုံးထွင်းလှေထွင်းဖို့ ရည်ရွယ်ပြီး သယ်တင်ထားကြတာ ကြာပါဘူး . . . ကောင်းမှုလုပ်ဘုရားလာဖူးတဲ့ ဗုဒ္ဓဘာသာ တရုတ်လူမျိုးတွေရောက် လာပြီး သစ်လုံးကြီးမြင်တာနဲ့ ကျပ်(၂)သောင်းပေးပြီး ဝယ်သွားကြတယ်။

သူတို့ပြောလို့ သိရတာကတော့ အဲဒီသစ်ပင်ကြီးဟာ တရုတ်လူမျိုးတွေ အလေးထားမြတ်နိုးတဲ့ COFFIN WOOD TREE ခေါ်တဲ့ တရုတ်ခေါင်း ပြုတဲ့ အပင်ကြီးတဲ့။ အဲဒီအပင်ကြီးကို ထွင်းပြီး လူသေအလောင်းကိုထည့် ထားရင် မပုပ်၊ မသိုးဘူးလို့ အယူရှိကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... သူကြီးပြောတဲ့ အပင်ကြီးက ကိုနီဖရပ်သစ်အမျိုးအစား ရုက္ခဗေဒဘာသာနဲ့ (TAI WANIA CRYPTO MERIODIOES) လို့ခေါ်တယ်။ တရုတ်လူမျိုးတွေက ခေါင်းလုပ်လို့ COFFIN WOOD TREE လို့လည်း ခေါ်တယ်။ ရာသီဥတုနဲ့ ပိုးမွှားဒဏ်ကို ခံနိုင်တဲ့သစ်မျိုးပဲ။ ဆော့လော်မြို့နယ်အတွင်းမှာ များစွာ ပေါက်ရောက်တယ်လို့ ကျွန်တော် မှတ်သားဖူးတယ်"

ထိုစဉ်တွင် မလိခမြစ်ပြင်၌ မိုးနှင်းတို့ကျလာပြီး ပတ်ဝန်းကျင်ကို မမြင်ရတော့။ မြစ်အတွင်း၌ ကျွန်ုပ်တို့လှေတစ်စင်းသာ စုန်ဆင်းနေသည်။ ထိုစဉ်တွင် ဒုန်းခနဲတစ်ချက်စောင့်ပြီး လှေသည် လည်ထွက်သွားတော့သည်။

"ဟာ ... ကျောက်စွန်းနဲ့တိုက်ပြီး လှေကွဲသွားပြီဟေ့။ ရေတွေ စိမ့်ဝင်လာပြီ။ အိုက်ပု ... ဝါးဘိုးဝါးပက်ခွက်နဲ့ အမြန်ပက်စမ်း။ ကမ်းစပ် ရေတိမ်ရောက်တာနဲ့ လှေကိုဆွဲတင်ကြမယ်။ ကဲ ... လှော်ကြစမ်း။ ဝါးထိုးလည်း ကူကြဦး"

ဦးလနန်ဘောက်က အဆက်မပြတ် လူအားလုံးကို ခိုင်းစေလိုက်ပြီး သူကိုယ်တိုင်လည်း ကာလသားခေါင်း ကိုဖုန်းဆန်းနှင့်အတူ တက်ညီလက်ညီ လှော်ပါတော့သည်။ တော်ပါသေးသည်။ ရေနက်ရေစီးကြောင်းမှာ မကျယ်ဝန်းလှသဖြင့် ကမ်းစပ်ရောက်သည်နှင့် လုံးထွင်းလှေကြီးကို ရေတိမ်ပိုင်းသို့ ဆွဲတင်ကြသည်။

လုံးထွင်းလှေဆိုသည်မှာ အတွင်းပိုင်း၌ လူစီးရန်သစ်သားအား နှိုက်၍ ထွင်းထားပြီး ဘေးပေါင်နှစ်ဘက်အထူ (၂)လက်မခန့်သာ ချန်ထားပါသည်။ ရှေ့လှေဦးတွင်လည်း ထိပ်ချွန်၍ ရေကိုခွဲနိုင်ရန် ဘေးနှစ်ဖက် အသားအား ချထားသေးသည်။

အတွင်းဝမ်းခေါင်းနှင့် လှေဦးနှောက်ဟု ခေါ်ဆိုရမည့် ထိပ်ဦးအသားမှာ အလွန်ဆုံး (၆)လက်မခန့်သာ ထူပါလိမ့်မည်။ ယခု ထိုနေရာအား ကျောက်စွန်းဖြင့်ဆောင့်မိပြီး လှေဦးကွဲသွားခြင်းဖြစ်သည်။ လုံးထွင်းလှေထွင်းသော လောက်ယားဟူသည့်သစ်သားမျိုးမှာ မဆတ်၊ ပျဉ်းတွဲတွဲဖြင့် အထိအခိုက်ကို ခံနိုင်ရည်ရှိသော အသားမျိုးဖြစ်သည်။

ယခုတော့ သစ်ကြောတည့်တည့်ကို ရေအောက်ကျောက်စွန်းက ဓားဖြင့်ခွဲလိုက်သလို ဟက်တက်ကြီး တည့်တည့်ခွဲလိုက်ခြင်းဖြစ်သည်။ ကျွန်ုပ်ကုန်း၍ ငုံ့ကြည့်စဉ် တစ်စုံတစ်ခုသော တောက်ပဝင်းလက်သည့် အရောင်တစ်ခုကို မြင်လိုက်ရသဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"သူကြီး . . . လှေဦးထိပ်က သစ်ကွဲကြောင်းထဲမှာ ရွှေရောင်ဝင်းနေတဲ့အရာကို တွေ့ရတယ် . . လာကြည့်ပါဦး"

ကျွန်ုပ်က အော်ပြောတော့ အားလုံးက ကမန်းကတန်းအပြေးလာပြီး ကြည့်ကြသည်။

"ဟာ . . . ဟင် . . . ရွှေရောင်ပဲ"

ထိုစဉ် ကာလသားခေါင်း ကိုဖုန်းဆန်းက သူလွယ်လာသော ငုက်ကြီးတောင်ဓားရှည်ဖြင့် လှေဦးကွဲကြောင်းအား ချဲ့သည်။ ဦးလရန်ဘောက်က ကွဲကြောင်းအား လှေတက်ဦးထည့်၍ ကလန့်သည်။ မကြာမီ လှေဦးကွဲသွားပြီး ငါးဆယ်ကျပ်သားခန့်ရှိ ရွှေရောင်အလုံးတစ်လုံး ထွက်ကျလာသည်။

"ဟ . . . ဟ . . . ဒါ ရွှေတုံးပဲ။ ဘယ်လိုဖြစ်တာပါလိမ့်"

"အစောက လှေနဲ့တိုက်မိတာ ရေထဲက ရွှေငုတ်ထင်တယ်။ သူကြီး ရွှေငုတ်ကျိုးပြီး လှေကွဲကြားမှာ ညပ်နေတာ ထင်ပါရဲ့"

"အိုက်ပုရယ် . . . အတွေးတိမ်လှချည်လား။ ရွှေဆိုတာ မာတဲ့ သတ္တုမျိုးမဟုတ်ဘူး။ လောက်ယားလို လုံးထွင်းလှေလုပ်တဲ့ သစ်မျိုးကို မထိုးခွဲနိုင်ဘူး။ ရွှေလုံးက နဂိုကတည်းက သစ်ပင်ထဲမှာ ရှိနေတာနေမှာ"

"သူကြီး . . . သူကြီးပြောချင်တာက ဒီရွှေလုံးက သစ်ပင်အသားထဲမှ ဝင်နေတဲ့ရွှေလုံးအမြုတေလို့ ပြောချင်တာလား"

"ဟုတ်တယ် . . . ဆရာလေး။ ဝါးအမြုတေလို သစ်ပင်ထဲမှာ အလို ဖြစ်တဲ့ အမြုတေလား။ ရွှေတုံးတွေ ရွှေကြောတွေ မြေအောက်မှာရှိတဲ့နေ မှာ သစ်ပင်ပေါက်လို့ ရွှေတုံးက သစ်ပင်ထဲဝင်နေတာလား။ စဉ်းစားစရာပဲ။ ပြန်ရောက်မှ လှေထွင်းတဲ့သူတွေကို ထွင်းမဲ့ လောက်ယားပင်ကို ဘယ်နေရာ ခုတ်သလဲလို့ မေးမြန်းပြီး သွားတူးကြည့်ရဦးမယ်"

"သူကြီးတို့ရွာဘက်မှာ ရွှေက အဲဒီလောက်တောင်ပေါသလား"

"ပေါသပေါ့ . . . ဆရာလေးရယ်။ ကျွန်တော်တို့ ကောင်းမှုလုံ ရွာ က ရွှေထွက်တဲ့ နမ့်ခမ်းကြီးချောင်းနဲ့ နီးတာပဲ။ မြေကြီးထဲမှာ နစ်မြုပ်နေ ရွှေကြောကြီးတောင်ရှိတယ်လို့ ယုံကြည်ကြတယ်။ ကျွန်တော်တို့ဘက်မှာ အ တောင် ရှိသေးတယ်။

ဘာတဲ့ . . . ဩော် . . . "မလိခမြစ် အရှေ့ဘက်ကမ်းခြေက ရွှေ လို့ ဝါသတဲ့။ မလိခမြစ်အနောက်ဘက်ကမ်းက မြေက ကျောက်စိမ်းထွက် စိမ်းသတဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ခုဒီရွှေတုံးကို ဘယ်လိုလုပ်ကြမှာလဲ ... သူကြီး"

"ဆရာလေးမြင်တာ ဆရာလေးနဲ့ပဲ ဆိုင်ပါတယ်"

"အို ... မဟုတ်တာ။ လေ့က ကျွန်တော်ဝယ်တာမှ မဟုတ်တာ။ သူကြီးဝယ်တာ မဟုတ်လား"

"မဟုတ်ဘူး ... ဆရာလေးရဲ့။ ကျွန်တော်တို့စပ်ပြီး စုပေါင်းဝယ်ထားကြတာ"

"အဲဒါဆိုလည်း ရှင်းတာပဲ။ ရွှေတုံးကိုရောင်းပြီး စုပေါင်းလေ့ဝယ်ထားတဲ့သူတွေ အချိုးကျ ဝေယူကြရုံပေါ့"

"အဲဒီလိုလည်း မဟုတ်သေးဘူး ... ဆရာလေးရဲ့။ ဒီလေ့ဝယ်တဲ့ကိစ္စက ဆရာလေးနဲ့ဆိုင်တယ်။ ဆရာလေးကိစ္စသာမရှိရင် ကျွန်တော်တို့ လုံးတွင်းလေ့ဝယ်စရာ အကြောင်းမရှိဘူး။ နောက်ပြီး တွင်းလေ့ လုပ်တဲ့သူတွေက ဟိုတွင်းဒီဖြတ်နဲ့ လေ့တစ်ခုလုံးကို ပယ်ပယ်နယ်နယ် ကိုင်တာ။

ထူးဆန်းတာက လေ့ဦးပိုင်း တစ်မိုက်လောက်အသားထူတဲ့ နေရာကလေးမှာ ရွှေလုံးက ဝင်ဥနေတာ။ ကျွန်တော်တို့ အလိုအရတော့ လေ့ကွဲပြီး ကမ်းပေါ်ဆွဲတင်ပြီး ခြေလျင်ခရီးဆက်ကြရုံပဲ။ အခုတော့ ဆရာလေးက စေ့ငုတတ်လို့ ရွှေတုံးကိုရတာ ဆရာလေးနဲ့ပဲ ဆိုင်ပါတယ်"

"အင်းပါ ... ဒါဆိုရင်လည်း ဒီလိုလုပ်ကြရအောင်ပါ ... သူကြီးရယ်။ မချမ်းဘောရောက်ရင် ဒီရွှေတုံးကို ပေါက်တဲ့ဈေးနဲ့ ရောင်းလိုက်ပါ။ ရတဲ့ငွေထဲက လေ့ဝယ်ထားတဲ့တန်ဘိုးကို နုတ်ပါ။ နောက်ပြီး အခုလို အုပ်စုလိုက်လာရတဲ့ သွားစရိတ်၊ လာစရိတ်၊ စားစရိတ်တွေကို နုတ်ပါ။ ပိုတဲ့ငွေကိုတော့ အခုရှိနေကြတဲ့အုပ်စုကို အချိုးကျခွဲပေးလိုက်ပါ ... သူကြီးရယ်"

"မဟုတ်သေးဘူး ... ဆရာလေး။ ကျွန်တော်တို့က ကောင်းမှုလုံ ဘုရားကြီး ဘက်စုံမွမ်းမံပြင်ဆင်ရေးအတွက် ငွေကြေးမထည့်ရသေးဘူး။ လုပ်အားဒါနပဲ ထည့်ရသေးတာ။ ဒါကြောင့် ဆရာလေးမယူရင်တော့ ဘုရားကြီးဝေယျာဝစ္စအတွက် အကုန်လှူပစ်လိုက်ပါ့မယ်။ ကျွန်တော်တို့ လေ့ဖိုးလည်း မယူတော့ပါဘူး။ အားလုံး သဘောတူကြသလား"

"တူပါတယ်၊ တူပါတယ်"

စိတ်ကောင်းအလွန်ရှိကြသော အာဂမလိခသားများ ဖြစ်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . ဆရာလေး၊ ဒီကမ်းခြေသောင်ပြင်ကြီးကို ဖြတ်ပြီး ကမ်းပေါ် တက်ကြမယ်။ ဟိုရှေ့က တောင်ကြီးကို ကွေ့ပတ်ကျော်လိုက်တာနဲ့ မချမ်းဘောမြို့ အစပ်ကို ရောက်ပါပြီ"

ကျွန်ုပ်တို့အုပ်စု ကုန်းကြောင်းခရီး လျှောက်လှမ်းခဲ့ကြပါသည်။ နေလုံးကြီးကို နှင်းမှုံထုကြား အရှေ့ဘက်စောင်းစောင်းတွင် မြင်ရသဖြင့် မွန်းမတည့်သေးပါ။ ကျွန်ုပ်၏လက်မှ နာရီကိုကြည့်တော့ နေ့လယ်(၁၁) နာရီခန့်သာ ရှိသေးသည်။ ကျွန်ုပ်တို့ (၁)နာရီခန့် လမ်းလျှောက်လျှင် မချမ်းဘောမြို့သို့ နေ့လယ်စာ စားချိန်အမီ ရောက်မည်ဖြစ်သည်။

ရွာသူကြီး ဦးလနန်ဘောက်ပြောသလို မလိခမြစ်တစ်ဘက်ကမ်း နောင်ခိုင်ရွာတွင် ကိုဒီရဲဖော်၏ထွန်စက်ကြီးရောက်နေပါက ယနေ့ ညနေစောင်းတွင် ကျွန်ုပ်တို့အဖွဲ့ ပူတာအိုမြို့သို့ ပြန်လည်ရောက်ရှိကြမည်ဖြစ်ပါသည်။

ကျောက်စိမ်းတုံးကြီးကိုလည်း သင့်ရာဈေးဖြင့် ရောင်းချမည်။ ရွှေတုံးတိုလည်း ရောင်းချမည်ဖြစ်သဖြင့် ကောင်းမှုလုံဘုရားကြီး ဘက်စုံပြုပြင်ရေးအတွက် လုံလောက်ရုံတင်မက ပိုလျှံနေပါလိမ့်မည်။

ကျွန်ုပ် . . . . ကျွန်ုပ်၏မိသားစုဖြင့် နောက်တစ်ခေါက်လာလျှင် ကောင်းမှုလုံဘုရားကြီးအား လုံးတော်ပြည့်ရွှေချပြီး ဆင်းတုတော်တွင်လည်း နဖူးသင်းကျစ်တော်၌ ပတ္တမြားကြီးအား ပြန်လည်တပ်ဆင်မည် ဖြစ်သဖြင့် မလိခမြစ်ကမ်းဘေး ကုန်းတော်ပေါ်၌ အထက်မှာ ကောင်းမှုလုံ၊ အောက်တွင် ရွှေတိဂုံဟူသော စာဆိုနှင့်အညီ သပ္ပာယ်စွာ ဖူးမြော်ရတော့မည်ဖြစ်ကြောင်း ပီတိအတွေးဖြင့် အေးဆေးစွာ လျှောက်လှမ်းမိပါတော့သတည်း။

တောင်မြို့ကြီးသိန်းဝင်း

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

[၁]

❑

'လူ'

လူရယ်လို့ဖြစ်လာလျှင် ဆင်းရဲတဲ့ လူချမ်းသာတဲ့လူ။ လူလိုသိတဲ့လူ၊ လူလိုမသိတဲ့လူ ဟူ၍ရှိ၏။

ဆင်းရဲခြင်းချမ်းသာခြင်းတို့မှာ ယခုဘဝတွင် ပြုလုပ်နေသောကောင်းမှု မကောင်းမှုတို့နှင့် ရှေးရှေးဘဝက ကောင်းမှု မကောင်းမှုလုပ်ခဲ့ခြင်းအပေါ်တွင်လည်း မူတည်၍နေပြန်၏။ ရှေးဘဝက ကောင်းကျိုးချမ်းသာ ပြုလုပ်ခဲ့သူများသည် ယခုဘဝတွင် အတိုင်းမသိ ချမ်းသာကြလေ၏။

တချို့သောပုဂ္ဂိုလ်တို့သည် ရတောင့်ရခဲလှသော လူ့ဘဝကို ရောက်ရှိလာပါသော်လည်း ကျပ်မပြည့်သူရူးဘဝသို့ ရောက်ရှိခဲ့ကြ၏။ ဤအကြောင်းတို့သည်လည်း ယခုဘဝ၏ ကုသိုလ် အကုသိုလ်နှင့်မဆိုင်။ ရှေးရှေးသောဘဝတို့မှ ကောင်းမှုလုပ်ခဲ့ခြင်း၊ မကောင်းမှုလုပ်ခဲ့ခြင်းတို့ဖြင့်သာ သက်ဆိုင်၏။

ယခုအခါ သာသနာတစ်ဝက်ကျော်လာခဲ့သဖြင့် တိရစ္ဆာန် (ပြိတ္တာ) အမျိုးသားတို့သည် လူ့ဘဝသို့ ရောက်ရှိလာကြရပါသော်လည်း ရှေးဘဝက တိရစ္ဆာန်ဘဝမှ ရောက်လာခြင်းဖြစ်၍ အယူလွဲသောဘာသာတို့ကို ကိုးကွယ်ကြကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



တိဌွေး (တိကောင်) အသေးကလေးများမှ လူဖြစ်လာသူတို့သည် သူ များ အသက်ကိုသတ်ပြီး (ယစ်ပူဇော်) မှ နတ်ပြည်ရောက်မည်ဟု ထင်မြင်ယူဆ ကြကုန်၏။ မိမိကိုယ်ကို သွေးများများစွန်းလေ အထက်ကောင်းကင်ဘုံ၌ နေကြရလိမ့် ဟု ၎င်းတို့၏ ဘာသာရေးလမ်းညွှန်ပုဂ္ဂိုလ်တို့မှ လွဲမှားသောယူဆမှုများကို ငယ်ငယ် ကတည်းက ရိုက်သွင်းခြင်းခံရသဖြင့် ကိုယ့်ကိုယ်ကိုယ် အသေခံ၍ မုံးခွဲကြ၏။

ကိုယ့်ကြောင့် လူများများသေလေ ကိုယ့်အတွက် နောင်ဘဝကောင်းမည် ဟု သိရှိသက်ဝင်ယုံကြည်ကြလျှက်ရှိ၏။ သနားစရာကောင်းသော လူများဖြစ်ကြ ၏။ ကိုယ့်ကိုယ်ကို လူဖြစ်ရှုံးနေသည်ကို သူတို့မသိကြ။

မတော်တဆ၊ ခလုတ်တိုက်မိလျှင်ပင် ကိုယ့်ကျတော့ သေမလောက် နာတတ်ကြပြီး၊ တခြားလူကို ကိုယ်ကလုပ်လိုက်ပါက သူအလုပ်ခံရသူမှာ ဘယ် လောက်နာ လိုက်မလဲဟု ကိုယ်ချင်းစာစိတ်ရှိကြမည်ဆိုလျှင် ကမ္ဘာကြီး ငြိမ်းချမ်း သာယာမည်ဖြစ်၏။

သို့သော်လည်း ဤကဲ့သို့ သိတတ်ဖို့မှာ ခက်ခဲလှ၏။ ရှေးဘဝက ဘာသာ တရားလိုက်စားခဲ့သူမှ ဤသို့သောအသိကို သိကြမည်ဖြစ်၏။

ထို့ကြောင့် လူလိုမနေရသော လူတို့အကြောင်းခွဲခြားပြချင်၏။

အချို့က ကျွန်ုပ်တို့ရေးနေသော (ဂမ္ဘီရ)ဝတ္ထုတို့အား (အပျော်ဖတ်)ဝတ္ထု များဟု သတ်မှတ်ကြ၏။

ထိုသို့သတ်မှတ်ထားသူများကို ကျွန်တော်တို့အပြစ်တင်စရာမလိုပေ။

ကျွန်တော်တို့ နေ့စဉ်နှင့်အမျှ လူအို။ လူနာ။ လူသေ။ ရဟန်းတို့ကို အကြောင်းကြောင်းကြောင့် တွေ့မြင်နေရပါသော်လည်း ရှေးအဆက်ဆက်က ပါရမီ နည်းခဲ့၍ (သိဒ္ဓတ္ထ)မင်းသားကဲ့သို့မသိ။ မမြင်မတွေးဆကြသဖြင့် သာမန်လူသား ဘဝမှ တိုးတက်လာခြင်းမရှိခဲ့။

ကျွန်တော်တို့၏ ဂမ္ဘီရဝတ္ထုများကို နှိုက်နှိုက်ချွတ်ချွတ် စဉ်းစားတွေးတော ကြည့်ပါက ကိုယ်မကောင်းတာလုပ်ခဲ့၍ မကောင်းတာဖြစ်ခဲ့ရခြင်းကို တွေ့ရှိကြ မည်ဖြစ်၏။ သေချာဖတ်ရှုကြည့်ပါက တရားပေါက်မည့် ဝတ္ထုများ များစွာပါရှိပါ သည်။ စာဖတ်ပရိသတ်များအနေဖြင့် မိမိသည် လူတော့မှန်သည်။ သို့သော် လူဟူ၍ (အဌကထာ) တွင် (၄) မျိုးဖော်ပြထားရာ၌ မည်သည့်လူဖြစ်သလဲဆိုတာ ပြန်လည် ဆန်းစစ်ကြည့်စေချင်သည်။

www.burmeseclassic.com



၁။ မနုဿနေရယိက = လူ့ငရဲသား။

လူရယ်လို့ဖြစ်လာပါသော်လည်း တခြားသော အသက်များကိုသတ်ပြီး ချမ်းသာနေသူများ။ သူများပစ္စည်းကို မတရားသိမ်းပိုက်ခိုးယူပြီး ချမ်းသာနေသူများ။ ထိုမကောင်းမှုတို့ကြောင့် မင်းစိုးရာဇာတို့က လက်ခြေဖြတ်၊အကျဉ်းချအပြစ်ဒဏ်ချခံရခြင်း ဟူသော ဆင်းရဲဒုက္ခခံစားနေရသောလူ။

၂။ မနုဿပေတ =လူပြိတ္တာ။

ရှေးရှေးဘဝက ကောင်းမှုကုသိုလ်ကို စိုးစွန်မျှမလုပ်ခဲ့သူ။ မကောင်းမှုများသာလုပ်ခဲ့သဖြင့် ယခုဘဝတွင် လူရယ်လို့ဖြစ်လာသော်လည်း တောင်းစားနေရခြင်း၊ သူများအိမ်မှာ ကျွန်ခံပြီးမှ စားဝတ်နေရေးဖြည့်ဆည်းနေရခြင်း။ စားဝတ်၊ နေရေး ကျပ်တည်းနေရခြင်း၊၊ ဆင်းရဲကြပ်တည်းစွာဖြင့် ရပ်တည်ရာမရ ကတိမ်းကပါး ပြေးလွှားရှာဖွေနေရသောလူ။

၃။ မနုဿတိရစ္ဆာန =လူတိရစ္ဆာန်။

လူပင်ဖြစ်သော်လည်း သူတပါး၏ ထောက်ပံ့မှု ဖြင့် မိသားစု၏ဝမ်းရေးဖြည့် ဆည်းနေရသူ။ သူတပါးခိုင်းသမျှကို လုပ်ကိုင်ဆောင်ရွက်နေရလျှက် နေမနားလုပ် ကိုင်နေရသူ။ လူတို့၏စည်းမျဉ်းဥပဒေကို ဥပက္ခာပြု၍ ဥပဒေနှင့်လွတ်ကင်းသည့်ကိစ္စ အဝဝကို လုပ်နေရသဖြင့် အစိုးရမင်းစသည့် တပါးသူတို့၏ ညှဉ်းချောက်မှုကြောင့် သေဘေးကိုကြောက်ပြီး တောချုံပင်ပေါင်း ကို ခိုမှီဝင်ပုန်းကာ ဆာလောင်ခြင်းဆင်းရဲဒုက္ခကို ပယ်ဖျောက်ရုံမှတပါး၊ ဘာမှအဆိုးအကောင်းမသိဘဲ အသက်မသေရန်ထွက်ပြေးနေသော ဒုက္ခကို ကြီးစွာခံစားနေရသောလူ။

၄။ ပရမတ္တမနုဿ =လူစစ်စစ်

မိမိ၏အကျိုးစီးပွားကိုသိ၍ ရှေးရှေးက ကောင်းမှုလုပ်ခဲ့ခြင်းကြောင့် ယခုဘဝ ကောင်းစားနေခြင်း။ ရှေးရှေးဘဝက မကောင်းတာလုပ်ခဲ့၍ ယခုဘဝ ဒုက္ခဆင်းရဲ ရောက်နေခြင်းကိုသိ၍ ကံ,ကံ၏အကျိုးကို ယုံကြည်ကာ မကောင်းမှုတို့ရှောင်၍ ကောင်းမှုကိုသာ လုပ်နေတဲ့လူ။

www.burmeseclassic.com



သတ္တဝါအပေါင်းတို့ပေါ်တွင် ကိုယ်ချင်းစာတရား ထားရှိနိုင်သည့်အပြင် သံဝေဂတရားထားရှိနိုင်သည့်အလျောက်၊ အကုသိုလ်ကမ္မပထတရားတို့ကိုလည်း ရှောင်ကျဉ်ကာ ကုသိုလ်ကမ္မပတရားတို့ကို ကောင်းစွာကျင့်သုံး၍ ပုညကိရိယ ဝတ္ထုတို့နှင့် ပြည့်စုံသောလူဟူ၍ လူ (၄) မျိုးရှိပါသည်။

ကိုင်းမိမိက ဒီ(၄)မျိုးထဲက ဘယ်လိုလူမျိုးဖြစ်သလဲ သုံးသပ်ကြည့်ပါ။

ကိုယ်က (၁) (၂) (၃)ထဲရောက်နေလည်း စိတ်မပျက်ပါနဲ့။ ဝိပဿနာသမထ တို့ကို ကြိုးစားလုပ်ကိုင်ကြည့်ပါ။ ဒါန။ သီလ။ ဘာဝနာပွားများ အားထုတ်ကြပါ (လူစင်စစ်) ဖြစ်လာပါလိမ့်မည်။

✿ ✿ ✿

[၂]

❑

သစ်မသီရွာမှ ဉယျာဉ်ခြံ။

အုန်း။ သြဇာ။ ပိန္နဲ။ မာလကာ။ သရက်။ သဘော်ာပင်။ ဆူးပုတ်ပင်။ မန်ကျည်းပင်များ ပြည့်ကြပ်နေအောင် စိုက်ထားသည်။

ဆူးပုတ်ပင်က ဆူးရှိသောကြောင့် ခြံစည်းရိုးတွင် တန်းစီစိုက်ထားပြီး ထိပ်ကိုဖြတ်တိထားသဖြင့် ဆူးပုတ်ပင်မှာ လူတစ်ရပ်သာသာရှိပြီး ရွက်ကြမ်းများ ခူးပေးသဖြင့် ရွက်နုများအမြဲထွက်နေရာ နေ့စဉ်ဝင်ငွေရ၏။

သြဇာသီး၊ မာလကာသီး၊ ပိန္နဲသီး၊ သရက်သီး၊ သဘော်ာသီးပင်တို့မှာ ရာသီစာများဖြစ်ရာ နှစ်ပတ်လည်ဝင်ငွေရရှိနေ၏။

ဦးအေးချမ်းနှင့် ဒေါ်သိမ်မွေ့တို့ပိုင်၏။ ခြံအဝင်ဝတွင် တစ်ထပ်တိုက်က လေးဆောက်၍ လင်မယားနှစ်ယောက်တည်းနေသည်။

သူတို့သည် သားသမီးမရှိ။ နှစ်ကိုယ်တည်း။ ဘုရားတရားသံဃာတို့ထံ ရင်ငွေ့လှုံ့လျှက် အေးချမ်းစွာနေထိုင်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးအေးချမ်းနှင့် ဒေါ်သိမ်မွေ့သည် နာမည်နှင့်လိုက်အောင်သိမ်မွေ့ပြီး ချမ်းလှသည်။ သူတို့နှစ်ယောက်သည် သားသမီးမရှိသဖြင့် မိဘမဲ့ ခွေးလေ လွှင့် အထီးကလေးမွေးထား၏။ ထိုခွေးကို ကျားရိုးသွေးပြီး တိုက်ထားသဖြင့် ယ်ကတည်းက အကိုက်ဆိုးသည်။

ခြံအနီးပတ်ဝန်းကျင်တွင် လူစိမ်းမဝင်မခံ။ ဦးအေးချမ်းနှင့် ဒေါ်သိမ်မွေ့ မိမိ၏ခြံထဲမှ သစ်သီးဝလံများကို အိမ်သို့အပိုခူးမသွားဘဲ သစ်ပင်အောက် င် အဝအပြဲစားသွားလိုပါက စားခွင့်ပြု၏။ စီးပွားဖြစ်တော့ အယူမခံ။ ခွင့်လွှတ် ရာ ရွာမှ ၎င်းလင်မယားအား ချစ်ခင်ကြ၏။ စောင့်ရှောက်၍ လိုအပ်လျှင် ညီ၏။

ခြံကြီးမှာ ကေမြောက်များစွာ ကျယ်သဖြင့် တချို့သီးနှံပင်များကို အိမ်မှ ကြည့်ပါက မမြင်နိုင်ပေ။

ထိုခြံကြီး၏ အိမ်နှင့်ဝေးလှသော တနင်္ဂနွေထောင့်တွင် နှစ်ပေါင်း (၅၀) က အလိုလိုပေါက်နေသော ညောင်ကျတ်ပင် (ညောင်ခြေထောက်) ပင်ကြီး စ်ပင်ရှိသည်။ သစ်ပင်ကြီးမှာ အမြဲတမ်းအုံ့ဆိုင်းနေပြီး နေပျောက်မထိုးအောင် သစ်ရွက်ပေါင်းများ ထွက်လျှက်ရှိသည်။

ထိုညောင်ပင်သည် အကိုင်းအခက်များမှ မုတ်ဆိတ်မွေးများ၊ ညောင်မြစ် ထွက်ပြီး မြေကြီးထိကာ ယှက်နွယ်လျှက်ရှိရာ အေးအေးချမ်းချမ်းနေလိုသူ အတွက် ကွက်ပြစ်ပင်ထိုးစရာမလိုဘဲ ထိုညောင်ပင်မြစ်များပေါ်မှာပင် အိပ်၍ ၏။

နေ့လည်၊ နေခင်း ပူလောင်အိုက်စပ်နေသောအချိန်တွင် ၎င်းတို့ ဇနီး ောင်နှံသည် ဤညောင်ပင်အောက်တွင် လာရောက်အနားယူကြ၏။

ရှေးဘဝက မည်သို့သော ကုသိုလ်ထူးများလုပ်ခဲ့သည်မသိ။ ယခုဘဝတွင် လုပ်မလုပ်ဘဲ ခြံထွက်ပစ္စည်းများဖြင့်ပင် ရွာဦးကျောင်းဆရာတော် ဦးဇဝန အတွက် တိုက်ကျောင်းသစ် ဆောက်လုပ်လှူဒါန်းနိုင်၏။

ကျောင်းအတွက် အစစလိုလေသေးမရှိ။ ဆန်၊ဆီ၊ ဆား၊ ငါးခြောက် စသဖြင့် စဉ်မပြတ်လှူ၏။ နွေကာလတွင် ရေရှားတတ်သဖြင့် ရေတွင်းတူးပြီး လှူထားရာ ရေတွင်းအား ရွာမှလူများ လာရောက်ခပ်ယူတတ်ကြလေရာ ဦးအေးချမ်း

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သိမ်မွေ့တို့မှာ အလှူဒါနအထူးမလုပ်ရပဲ အလိုလိုစိတ် ချမ်းသာနေရ၏။ ကုသိုလ်လည်းရနေ၏။ ကျောင်းပင်ကြီး၏ အမြစ်ခြေတွင် ရေမနက်လှသော ကျွင်းကြီးတစ်ခုရှိ၏။ ထိုကျွင်းကြီးအတွင်း ငန်းမြွေအဖိုအမနှစ်ကောင်နေ၏။

ထိုငန်းမြွေနှစ်ကောင်အား တစ်ပတ်လျှင် တစ်ခါ ဦးအေးချမ်း ဒေါ်သိမ်မွေ့တို့က နွားနို့ကို အင်တုံနှင့်အပြည့်ထည့်ပြီး တိုက်ကျွေး၏။

ထို့ကြောင့် ငန်းမြွေနှစ်ကောင်သည် ၎င်းတို့လင်မယားနှစ်ယောက်အား ရန်မရှာဘဲ ၎င်းတို့ဘာသာ အေးချမ်းစွာသူတို့၏ ဘာသာဘာဝအလျောက် နေကြ၏။ မြွေများသည် နဂါးမျိုးဆိုသည်ဟု ပြောကြသည်မှာ ယုံကြည်ဖွယ်ရာရှိ၏။ ကိုယ့်ကို ရန်မရှာသူများအား ၎င်းတို့ကလည်း ရန်မရှာကြပေ။

ထူးဆန်းလှသည်မှာ ခွေးနှင့်မြွေသည် ရန်ဘက်များဖြစ်ကြသော်လည်း ဦးအေးချမ်းနှင့် ဒေါ်သိမ်မွေ့ မွေးထားသော ခွေးကလေးကျော်ဆွေနှင့် ထိုငန်းမြွေနှစ်ကောင်မှာ တည့်တည့်ရှုရှုနေကြ၏။

ခွေးပေါက်စ၊ မြွေပေါက်စဘဝကတည်းက အတူတူ မြင်တွေ့နေကြလေသည်မှာ ၎င်းတို့အချင်းချင်းပင် သံယောဇဉ်ရှိနေကြသည်။

မြွေနှစ်ကောင် နွားနို့သောက်နေပါက ကျော်ဆွေက ထိုင်၍စောင့်၏။

ပြောရဦးမည်။ ထိုခေတ်ထိုအခါက ရုပ်ရှင်မင်းသား ကျော်ဆွေခေတ်စားခဲ့ရာ ကျော်ဆွေကို ချစ်သဖြင့် ၎င်းတို့ အမြတ်တနိုးထားမွေးထားသော ခွေးကလေးကို ကျော်ဆွေဟု မှည့်ခေါ်ထားခြင်းဖြစ်၏။

တခါတရံကျော်ဆွေနှင့် မြွေနှစ်ကောင်တို့ ဆော့ကစားတတ်၏။

ငန်းမြွေအစ်မက နည်းနည်းဆိုးသည်။ သည်းမခံတတ်။ ကျော်ဆွေက ကစားရင်း ကိုက်မိသွားလျှင် ငန်းမြွေအစ်မက ကိုက်ပေါက်မည်လုပ်၏။ ထိုအခါ မြွေထီးကြီးက ရှေ့မှကာပေး၏။

ထိုသို့ ငန်းမြွေအစ်မစိတ်ဆိုးလျှင် ကျော်ဆွေကသိ၏။ အမြီးကလေးကုတ်ခါငြိမ်သွား၏။ ထိုရက်တစ်ရက်လုံး သူတို့အတူတူ မဆော့ကြတော့ပေ။

ငန်းမြွေနှစ်ကောင်နေသော ကျောင်းပင်ကြီးတွင် ဒီးဒုတ်ငှက်များ၊ သိမ်စွန်များ၊ဇရက်များ၊ ကျီးကန်းများ၊ ဖျိုင်းများစသည်ဖြင့် ငှက်ပေါင်းစုံနေကြ၏။ ဝါဆိုဝါခေါင်၊ တော်သလင်းလများတွင် ဖျိုင်းငှက်တို့ မိုးခိုတတ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ညချမ်း လပြည့်ညတွင် ထုံးစံအတိုင်း ကျော်ဆွေရယ်၊ ငန်းမြွေနှစ်ကောင်ရယ်။ ဆော့ကစားနေခိုက် ဒီးဒုတ်ငှက်တစ်ကောင်သည် ငန်းမြွေမကို ထိုးသုတ်ချီလေ၏။ ကံကောင်းလှသည်မှာ မြေပြင်မှ တစ်ပေအမြင့်သို့အရောက်တွင် ကျော်ဆွေက ဒီးဒုတ်ငှက်ကို ခုန်ဟတ်လိုက်ရာ ကျော်ဆွေ၏ပါးစပ်ထဲသို့ ဒီးဒုတ်ငှက်၏အမွေးများ ကျွတ်ကျန်ခဲ့ပြီး မြွေမလည်း အောက်သို့ပြုတ်ကျ၏။

ငန်းမြွေနှစ်ကောင်မှာ ကြောက်ကြောက်လန့်လန့်ဖြင့် မြေကျင်းထဲသို့ ဝင်၍ပြေးကြ၏။ ထိုညမှစ၍ လသာရက်တွင် ထွက်၍မဆော့ကြတော့ပေ။

ရွာဦးကျောင်းဆရာတော်ဘုရား ဦးဇဝန၏ ဘုန်းကြီးကျောင်းမှာ ဦးအေးချမ်း ဒေါ်သိမ်မွေ့တို့၏ ဥယျာဉ်ခြံကြီး၏ တနင်္ဂနွေဒေါင့် ညောင်ပင်ကြီးနှင့် ဝင်းထရံခြား၏။ ည (၇) နာရီဆိုလျှင် ဆရာတော်ဘုရားများ ပဌာန်းရွတ်၏။ ပရိတ်များလည်း ရွတ်၏။ ဘုရားရှိခိုးအမျိုးမျိုးတို့ ရွတ်ဆိုကြပြီး (၈) နာရီတွင် အမျှဝေကြေးစည်ထုလေ၏။

ထိုအခါ ကျော်ဆွေသည် အမျှဝေ၍ သာဓုခေါ်ဆိုသည်အလား အူလေ၏။ မြွေနှစ်ကောင်ကလည်း ညောင်ပင်မြစ်အခြေတွင် လည်ကိုစင်းကာ တွန်သံများပေး၍ သာဓုခေါ်ကြ၏။

တခါတရံတွင် ဆရာတော်များ ဘုရားစာဆုံးကာနီးတွင် ကြေးစည်မထုရသေးခင်မှာပင် ခွေးကအူပြီး မြွေနှစ်ကောင်က တွန်ကြ၏။

"အု ... ဂူး"

"ရှီး ... ရှီး ... ရှီး"

ဖြင့် အသံများဆူညံနေလေရာ အိပ်တန်းတက်ရန် ပြင်ဆင်နေကြသော ငှက်များပင် လန့်၍ပျံကြ၏။

အခါကြီးရက်ကြီးများတွင် ဦးအေးချမ်းနှင့် ဒေါ်သိမ်မွေ့တို့ ဘုန်းကြီးကျောင်းသို့ ဥပုသ်စောင့်သွားပါက ကျော်ဆွေလည်း လိုက်ပါတတ်သကဲ့သို့ ငန်းမြွေနှစ်ကောင်ကလည်းလိုက်ပြီး သိမ်အတွင်းတွင်ရှိသော တင်ပလ္လင်ကိုယ်တော်အား ရစ်ခွေ၍ နေတတ်ကြ၏။

ဦးအေးချမ်းနှင့် ဒေါ်သိမ်မွေ့တို့ပြန်မှ သူတို့လည်းပြန်ကြ၏။ ဤသတင်းမှာ တစ်ရွာလုံးကြားသိကြလေရာ ဥပုသ်ရက်များတွင် ငန်းမြွေကြီးများအား ကြည့်ရှုရန် ရွာမှလူများလာ၍ ကျောင်းတွင် ဥပုသ်ယူကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒကာနဲ့ဒကာမကြီး ဒီကျော်ဆွေနဲ့ ဒီငနှင်းမြွေနှစ်ကောင်ကတော့ ပြောမပြနိုင်အောင် ထူးဆန်းလှတဲ့ရေစက်ပဲ"

"ဒီတိရစ္ဆာန်တွေက လူနဲ့တော်တော် နီးစပ်တယ်။ ငါတို့နဲ့ ပဋ္ဌာန်းဆက်လည်း ရှိပုံပေါ်တယ်ကွယ့်"

"သာဓု သာဓု ... မြန်မြန်ကျွတ်တမ်းဝင်ပြီး နိဗ္ဗာန်ရောက်ကြပါစေ"

ဆရာတော် ဦးဇဝနက မေတ္တာပို့ပေး၏။

ငနှင်းမြွေအမသည် အငြိုးအတေး အလွန်ကြီး၏။ တစ်ခါက သူ့ကို ကိုက်ခဲ့သွားဖူးသော ဒီးဒုတ်ငှက်ကို မှတ်ထား၏။ ၎င်းငှက်ဥများဥသောအခါ ဒီးဒုတ်ငှက်အစာရှာထွက်ချိန်တွင် သစ်ပင်ပေါ်သို့တက်၍ ဥများကို စားလေ၏။

နောက်ပိုင်းတွင် အခြားငှက်များ၏ ဥများကိုပါ တက်၍စားတတ်လေ၏။

"ကိုရေချမ်း ... ညက ကျွန်မအိပ်မက် မကောင်းဘူးတော့"

"ဟေ ... ဘာများမက်လို့လဲဟ"

"ငနှင်းမြွေအမက ကျွန်မဗိုက်ထဲ ဝင်ပါရစေဆိုပြီး ဖွတ်ပြောနေတယ်တော့"

"ဟင် ... အဲဒါ နင်ငြင်းလိုက်သလား"

"ဘယ်ငြင်းရမှာလည်းတော်။ နင်က ဘာဖြစ်လို့ ဝင်ချင်ရတာလဲလို့ မေးတော့"

"သူက ကျွန်မတို့ရဲ့သားဖြစ်ချင်လို့ ဝင်ချင်တာတဲ့"

"အဲဒီတော့ ..."

"ကျွန်မကလည်း နင်ဝင်ချင်ဝင်လေ။ ငါတို့ကိုတော့ ဒုက္ခမပေးနဲ့လို့ ပြောလိုက်တယ်"

"အဲဒီတော့"

"ကျွန်တော့်အတွက် ဘာမှမပူနဲ့ အမေတို့အဖေတို့ကို လုံးဝဒုက္ခမပေးဘူး။ ကျွန်တော့်ဘဝ ကျွန်တော်ကျောင်းသွားမယ်လို့ ပြောတယ်တော့"

"အေး ... အဲသလိုဆိုတော့လည်း အကောင်းသားဟ"

"အဲတော့ ... ကျွန်မအခုမှ စဉ်းစားမိတယ်"

"ဘာများလည်းဟ ... ဘာများ စဉ်းစားမိသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအိပ်မက်ကိုကြည့်ရတာ ငန်းမြွေအမ တစ်ခုခုဖြစ်ပြီထင်တယ်"

"အေး ... ဟုတ်သားဟ။ လာ လာ ... တို့သွားကြည့်ရအောင်"

ဦးအေးချမ်းနဲ့ ဒေါ်သိမ်မွေ့တို့ အိမ်မှအထွက် ကျော်ဆွေအပြေးအလွှား ရောက်လာပြီး ဦးအေးချမ်းတို့နှစ်ယောက်ကို ကိုက်တော့ဝါးတော့မလို ဟောင်လေ၏။

"ဝုတ် ... ဝုတ် ... ဝုတ်"

"အု ... ဂူး"

"ဝုတ် ... ဝုတ် ... ဝုတ်"

အမြီးကလည်း နန့်နေသည်။ ဟောင်ကလည်း ဟောင်နေသဖြင့် ဒေါ်သိမ်မွေ့တို့လင်မယား နားမလည်ဖြစ်နေပြီး၊ လှမ်းနေသောခြေလှမ်းများ ရပ်ပြီး နေမိတော့၏။

ထိုသို့ရပ်သွားသောအခါ ကျော်ဆွေသည် ဒေါ်သိမ်မွေ့၏ ထဘီကို ကိုက်ချီပြီး ညောင်ပင်ဆီသို့ ဖွတ်ဆွဲခေါ်၏။ ထို့ကြောင့် ကျော်ဆွေခေါ်ရာနောက်သို့ လင်မယားနှစ်ယောက် လိုက်ကြသည်။

"အ ... အ ... အ"

"အ ... အ ... အ"

"ဖလူး ... ဖလူး"

"ဖျော ... ဖျော"

ညောင်ပင်တွင် စစ်ပွဲဖြစ်နေ၏။ ကျီးများပြုနေ၏။ ကျီးကန်းများသည် ညောင်ပင်တစ်ပင်လုံး လှုပ်လှုပ်ခါနေအောင် ပျံနေ၏။

နေရာရွှေ့၍လည်း ထိုးဆိတ်နေ၏။ သိန်းစွန်ငှက်များ၊ ဒီးဒုတ်ငှက်များလည်း ညောင်ပင်တစ်ပိုက် ဆူညံစွာ အော်ဟစ်ပျံသန်းနေကြ၏။

ဦးအေးချမ်းတို့လင်မယားနှစ်ယောက် ညောင်ပင်အောက်သို့ရောက်သောအခါ စိတ်မကောင်းဖွယ်ရာ မြင်ရလေ၏။

ငန်းမြွေအမမှာ ခေါင်းတခြားကိုယ်တခြား စုတ်ပြတ်နေ၏။ ကိုယ်ထည်အချို့မှာ ညောင်ပင်ပေါ်တွင် တန်းလန်းချိတ်နေ၏။

ငန်းထီးမြွေကြီးကတော့ ညောင်ပင်ပေါ်မှာ သောင်းကျန်းနေ၏။ တွေ့သမျှ ငှက်တို့ကို ပေါက်သတ်နေ၏။

www.burmeseclassic.com



ကျီးကန်းငှက်များ တစ်ကောင်ပြီးတစ်ကောင် ညောင်ပင်အောက်သို့ ပြုတ်ကျနေ၏။

"ဂီး ... ဂီး ... ဂီး"

"ဖျော ... ဖျော ... ဖျော"

ဆက်ရက်များ၏အော်သံ၊ ကျီးကန်းများ၏အော်ဟစ်သံ၊ သိန်းစွန်များ၏ ဒေါသကြီးစွာ အော်သံနှင့်ကြောက်ရွံ့၍ အော်သံများ ဆူညံ၍နေ၏။ ဒီတစ်မနက်တော့ အေးချမ်းလှတဲ့ ညောင်ပင်ရိပ်က တိုင်းပြည်ပျက်နေတော့၏။

"ဟေ့ ... ဟေ့ ... တော်တော့ တို့ နောက်ပြန်ဆုတ်ကြရအောင် ဟိုကောင်ကြီး မိန်းမစိတ်ဖောနဲ့ အသိစိတ်ပျောက်နေပြီ။ တို့ပါ ရန်ရှာလိမ့်မယ် လာ ... လာ ... ပြန်ကြရအောင်"

ဟု ဦးအေးချမ်းက ပြော၏။

"ဟုတ်တယ်တော့ ... ကျုပ်တို့ ရှေ့ဆက်တိုးလို့ မဖြစ်ဘူး"

ဟု ဒေါ်သိမ်မွေ့က ပြော၏။

ထဘီကို ကိုက်ခါဖွတ်ဆွဲခေါ်နေသော ကျော်ဆွေကို ဦးအေးချမ်းက ပွေ့ချီလိုက်၏။

ကျော်ဆွေကလည်း သူ့သူငယ်ချင်းနှင့် ငှက်များ သူနိုင်ကိုယ်နိုင် အပြိုင်ကြနေသောမြင်ကွင်းကို ကြည့်လျှက် သူ့သခင်များအား ငန်းမြွေကြီးဘက်မှ ကူညီ၍ သတ်ပုတ်ပေးစေချင်ပုံပြနေ၏။

"မဖြစ်ဘူး ... မဖြစ်ဘူး ... ကျော်ဆွေကို သုံးလေးရက်လောက် ကြိုး ထားမှ။ ဒီရက်အတွင်းဆိုရင် သူ့ကိုလည်း ချမ်းသာပေးမယ့်ပုံ မပေါ်ဘူး"

ဟု ဒေါ်သိမ်မွေ့က ပြော၏။ ဟုတ်မှန်ကြောင်း ဦးအေးချမ်းက ထောက်ခံ ပြီး ကျော်ဆွေကို လက်ကမလွှတ်ဘဲ ပွေ့ဖက်ထားလေ၏။

ထိုစဉ်ခိုက် သိန်းစွန်ငှက်က ငန်းထီးကြီး၏လည်ပင်းကို ခြေနှစ်ချောင်း ဖြင့် မိမိရရကုတ်ချီကာ လေတွင်ပျံဝဲသွား၏။

ငန်းမြွေကြီးကလည်း အမြီးဖြင့် သိန်းစွန်ကို ရစ်ပတ်ဖို့ ကြိုးစားနေ၏။

သိန်းစွန်ငှက်သည် ငန်းထီးကြီးအား ကုပ်ချီပြီး ညောင်ပင်ကြီးပင်ဖျားထက် ဆီမှ ဝဲပျံနေ၏။ ကျီးကန်းများက သိန်းစွန်ကြီးနောက်မှ အုပ်ဖွဲ့လိုက်ပျံ၍ မြွေကြီး ကို ထိုးဆိတ်ကြ၏။

www.burmeseclassic.com



သိန်းငှက်ကြီးက ပျံနေရင်းမှ ငန်းမြွေကြီး၏ဦးနှောက်ကို ဖောက်နေ၏။

ဘယ်လိုက ဘယ်လိုဖြစ်သွားသည်မသိ။ ငန်းမြွေကြီးနှင့် သိန်းစွန်ငှက်သည် ညောင်ပင်အောက်သို့ နှစ်ကောင်စလုံး ပြုတ်ကျလာ၏။

"အုန်း"

"ဝုန်း"

"ဖျော ... ဖျော ... ဖျော"

"ဝုန်း"

"ဖုန်း"

ငန်းမြွေနှင့် သိန်းစွန်ငှက်တို့ ပြုတ်ကျလာသည့် ညောင်ပင်တလျှောက် ညောင်ရွက်များ ကြွေကျလာ၏။

မြေပြင်ပေါ်သို့ တိရစ္ဆာန်နှစ်ကောင်ရောက်လာသောအခါ ဦးအေးချမ်းနှင့် ဒေါ်သိမ်မွေ့တို့ အံ့ဩစွာဖြင့် ကြည့်မိ၏။

သိန်းစွန်ငှက်မှာ ငန်းမြွေကြီး၏ ရစ်ပတ်ထားခြင်းခံရပြီး မပျံနိုင်တော့၍ ကျလာခြင်းဖြစ်ပြီး ငန်းမြွေကြီးမှာလည်း သိန်းစွန်ငှက်၏ စူးရှလှသော ခြေသည်းကြီးများကြောင့် လည်ပင်းပေါက်ခါ သွေးချင်းချင်းထွက်လျှက် အသက်ထွက်သွား၏။

သိန်းစွန်ငှက်မှာလည်း သစ်ကိုင်းများ၏ ရိုက်မိသောဒဏ်ကြောင့်လည်းကောင်း၊ အရှိန်ပြင်းစွာ မြေကြီးဖြင့်ရိုက်မိသော ဒဏ်ကြောင့်လည်းကောင်း နှစ်ကောင်စလုံး ဆက်သွယ်မှုအပြင်ပသို့ ရောက်ရှိသွားကြလေတော့၏။

(၁၅၀၀) ကီလေသာ (တဏှာ) ၏စွဲလမ်းမှုသည် အသိဉာဏ်ရှိသော လူတိုလည်းကောင်း၊ အသိဉာဏ်မရှိသော တိရစ္ဆာန်ကိုလည်းကောင်း အစွဲအလမ်းကြီးစွာဖြင့် ... ဒုက္ခကောင်းကောင်းပေးတတ်ကြောင်း ကျွန်တော်သံဝေဂရမိ၏။

ကြည့်တတ်လျှင် မြင်တတ်ပါသည်။ ကြည့်တတ်အောင်ကြည့်၍ သံဝေဂရယူနိုင်ကြပါစေ။

✿ ✿ ✿

www.burmeseclassic.com

[၇]

❑

"ရှီး . . . ရှီး . . . ရှီး . . . ရှီး"
"ရှီး . . . ရှီး . . . ရှီး . . . ရှီး"
"ရှီး . . . ရှီး . . . ရှီး . . . ရှီး"
"ရှီး . . . ရှီး . . . ရှီး . . . ရှီး"

"အောင်မယ်လေးတော် . . . အသည်းတွေများတောင် တုန်အောင် ကြောက်လှချည့်ရဲ့"

"ဘာဖြစ်လို့လဲ ဒေါ်ဂွမ်းရဲ့"

"နင်တို့အိမ်တစ်ပိုက်က မြွေတွန်သံတွေ ဆူညံနေတာပဲဟာ။ ငါတော့ အကြောထဲကတောင် စိမ့်လာအောင်ကြောက်နေပြီ"

"မကြောက်ပါနဲ့ ဒေါ်ဂွမ်းရယ်။ သူတို့ဆွေမျိုးတစ်ယောက် လူ့လောကကို ရောက်လာမှာမို့ လာပြီးအားပေးနေတာပါ"

"ဟဲ့ . . . ငအေးချမ်းရဲ့။ ကြောက်ပါတယ်ဆိုမှ နင်က ဖြဲခြောက်နေပြန်ပြီ"

"ဘာလဲ . . . နင့်မိန်းမဗိုက်ထဲက မြွေတွေမွေးလာမှာလား။ ဒါဆိုရင်တော့ ငါကြောက်တယ် ဆက်မွေးမပေးနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဒေါ်ငွမ်းကလည်းဗျာ။ အတိတ်မရှိ နမိတ်မရှိ စကားတွေ ပြောပါနဲ့။ လူမွေးလာမှာပါဗျ"

ဟု ဒေါ်ပွကာ ဦးအေးချမ်းက လက်သည်ဒေါ်ငွမ်းကို ငေါက်ပြောပြောမိ သည်။

"သိဘူးလေဟယ် ... နင့်ဥစ္စာက မြွေတွေတွန်နေလို့ ငါကပြောတော့ သဲက သူတို့ဆွေမျိုး လူ့ပြည်ရောက်လာမှာလို့ ပြောတာကိုးဟဲ့"

"အင်း ... ဟင်း ဟင်း၊ ဗိုက်ကနာတာတစ်မျိုး၊ ရှင်တို့နှစ်ယောက်က တစ်မျိုး။ ဘာဖြစ်နေကြတာလဲတော့၊ ရန်ဖြစ်ချင်ရင်လည်း အပြင်ထွက်ဖြစ်ကြ"

အသက်သုံးဆယ်ရောက်မှ ခလေးမွေးရမယ်ဆိုတော့ ဒေါ်သိမ်မွေ့ စိတ် ညည်း၊ အလိုလို ဒေါသထွက်နေ၏။ ဘာလိုလိုနှင့် ငန်းမြွေနှစ်ကောင်သေသွားခဲ့ သည်မှာ (၁၀)လကြာခဲ့ပြီ ဖြစ်၏။

"ဒီလို ... ဒေါ်ငွမ်းရဲ့၊ ကျွန်မတို့ညောင်ပင်ကြီးက မြွေတွေမသေခင်၊ ကျွန်မဗိုက်ထဲဝင်ပါရစေလို့ လာပြောတာ။ ကျွန်မက လက်ခံလိုက်တယ်လေ"

"အဲဒီနောက်ပိုင်း ဒီကလေးကို ဗိုက်ထဲက လွယ်ရတော့တာပဲ။ သူပဲရှိ မှာပါတော်"

ဟု ဒေါ်သိမ်မွေ့ကပြော၏။ မြွေများကလည်း အဆက်မပြတ် မြည်တွန် နေတော့၏။

"အူဝဲ ... အူဝဲ ... အူဝဲ"

"ရှီး ... ရှီး ... ရှီး"

"ဂျုံး"

"ဗျော ... ဗျော ... ဗျော"

"ဗိုး ... ဗိုး ... ဗိုး"

"ရှီ ... ရှီ ... ရှီ"

ကလေးက ဝမ်းထဲကထွက်လာသည်။ ထိန်းမရသိမ်းမရ ငိုတော့သည်။ မြွေတွေကလည်း အားရပါးရ တွန်ကြ၏။ လေကြီးမိုးကြီးလည်းကျ လေကြမ်းကြမ်း တိုက်ခါ ရွာချနေသည်။

"ယောက်ျားလေးတော်ရေ"

လက်သည်ဒေါ်ငွမ်းက အားပါးတရ အော်ဟစ်လိုက်သည်။

www.burmeseclassic.com



"ဗျို့ . . . ဒေါ်ဂွမ်း၊ ကိုယ်အင်္ဂါစုံရဲ့လားဗျ"

မီးနေခန်းအပြင်မှ ဦးအေးချမ်းက မေး၏။

"စုံပါ့တော်။ စုံလွန်းလို့ ဟိုဘက်တောင်လွန်သေး"

"ဘာတွေများ အပိုပါလာလို့ ဟိုဘက်တောင်လွန်ရတာလဲဗျ . . . ဒေါ်ဂွမ်းရ"

ဟု ထိတ်လန့်တကြားမေး၏။

"နင့်သားကလေးက လက်ပွားကလေးဟ။ ညာဘက်လက်မကနှစ်ချောင်း ဘယ်ဘက်လက်သန်းက နှစ်ချောင်းအားလုံး လက်ဆယ့်နှစ်ချောင်းတော့"

"ဟာဗျာ . . . ငယ်တုန်းပိုနေတဲ့ လက်တွေဖြတ်ပြစ်ဗျာ"

"အောင်မယ်လေးတော် . . . ကိုရွှေအေးချမ်းရယ်၊ သွေးလွန်ပြီး သေသွားမှ ကျုပ် လူသတ်မှုဖြစ်နေပါဦးမယ်"

ဟု လက်သည်ဒေါ်ဂွမ်းက ပြော၏။

"အလကားနောက်တာပါဗျာ . . . သူ့ဘဝနဲ့ သူလာတာ၊ ဘာတွေပိုလာလာ ထားလိုက်ပါ"

"အေးပါဟဲ့ . . . ကိုယ့်ကုသိုလ်နဲ့ ကိုယ်ပေါ့ပါ့ဟယ်။ အဲတော့ တော်တော် ထူးဆန်းတာပဲဟေ့"

"ဘာတွေထူးဆန်းပြန်ပြီလဲဗျ"

"လျှာနှစ်ခွနဲ့တော့ လက်ဖဝါးနှစ်ဘက်မှာလဲ မြွေရုပ်တွေပါတယ်တော့"

ဟု အံ့ဩစွာဖြင့် လက်သည်ဒေါ်ဂွမ်းက အော်၏။

"ဗုဒ္ဓေါမြတ်စွာဘုရား"

ဦးအေးချမ်း မတ်တပ်မှ ဖင်ထိုင်လဲကျသွား၏။

"တော်ကြစမ်းပါတော် . . . မီးနေသည်တောင် သွေးတက်ပြီးသေလောက် ပါတယ်။ ကိုယ်နဲ့ထိုက်လို့ကိုယ့်ဆီရောက်လာတာ ဘာမှမပြောကြနဲ့တော့။ ဖြစ်သမျှ သူ့ကံပဲ"

ဟု ဒေါ်သိမ်မွေ့က ပြော၏။

ဤသို့ဖြင့် မြွေဝင်စားမောင်လက်ပွားကို အရုဏ်ကျင်းနံနက်ခင်း စနေနေ့မှာ မွေးဖွားလေတော့သတည်း။

✿ ✿ ✿

www.burmeseclassic.com

# [၄]

❑

“လျှာနှစ်ခွတဲ့”

“ညာဘက်လက်က လက္ခနှစ်ချောင်းတဲ့”

‘ဘယ်လက်က လက်သန်းနှစ်ချောင်းတဲ့”

“မြွေနေ့၊ နဂါးနေ့၊ စနေနေ့မှာ မွေးတာတဲ့”

“မြွေတွေကလည်း မမွေးခင်ကလာပြီး စောင့်ရှောက်ကြသတဲ့။ လက်နှစ်ဖက်ဖဝါးမှာ မြွေရုပ်တွေပါသတဲ့ဆိုသည့် အံ့ဩဖွယ်ရာစကားများကြောင့် ရွာနီးချုပ်စပ်မှ လူတွေလာရောက်ကြည့်ကြတော့လည်း အနားသို့ ကပ်ခွင့်မရကြ။ ထိုသို့မကပ်နိုင်ကြရခြင်းမှာ ငန်းမြွေပေါက်တစ်ကောင်က ကလေးကို ရစ်ပတ်၍ အမြဲစောင့်နေသောကြောင့်ဖြစ်၏။

ဒေါ်သိမ်မွေ့ ကလေးကို နို့တိုက်မည့်အချိန် ဖယ်ပေး၏။ ဒေါ်သိမ်မွေ့ အလုပ်လုပ်နေချိန်တွင် ကလေးကိုလာပြီးစောင့်၏။

ခွေးကလေးကျော်ဆွေကလည်း အနားမှမခွာ။ တစ်ခါတစ်ရံ အစောင့်ငန်းမြွေနှင့် ကျော်ဆွေတို့ ဆော့ကစားနေတတ်၏။

www.burmeseclassic.com



ဒေါ်သိမ်မွေ့ကလည်း ကလေးကို နို့တိုက်နေချိန်တွင် လွတ်နေသော နို့မှ ထွက်ကျလာသော နို့တို့ကို ဒန်ဖလားဖြင့်ခံထားပြီး အစောင့်ငန်းမြွေကို တိုက်၏။

ဤသို့ဖြင့် မြွေဝင်စားလက်ပွားတစ်ယောက် (၁၆) နှစ်သားအရွယ်သို့ ရောက်လာလေတော့သတည်း။

✿ ✿ ✿

# [၅]

❑

မြွေဝင်စားမောင်လက်ပွား လူမှန်းသိတတ်ခါစ အရွယ်ကစ၍ မူမမှန် ကြောင်း သိကြသည်။ အမှန်တော့ မြွေဝင်စားမောင်လက်ပွား ကျပ်မပြည့်သောလူ တစ်ယောက် ဖြစ်နေ၏။

မိဘကချမ်းသာ၍ ဝတ်ကောင်းစားလှဝတ်ဆင်ပေးထားသော်လည်း ရွာ ထဲရောက်လျှင် တွေ့ရာလူကို ချွတ်၍ပေးတတ်၏။ ထို့ကြောင့် မိဘများက မောင်လက်ပွားကို ဝတ်ကောင်းစားလှမဆင်တော့။

တခါတရံတွင် အိမ်မှတစ်ပတ်နှစ်ပတ် ပျောက်သွားတတ်၏။ မြွေဝင် စားလက်ပွားပျောက်သွားလျှင် ခွေးကလေးကျော်ဆွေလည်း ပျောက်သွားတတ် သည်။ မြွေဘဝကတည်းက ခင်နေသော မောင်လက်ပွား၏နောက်သို့ လိုက်၍ သွားခြင်းကြောင့်ဖြစ်၏။ ရေကို ဓားနှင့်ခွဲ၍ ရကောင်းရမည်။ လက်ပွားနှင့်ကျော်ဆွေ တို့ကို ခွဲထား၍မရပေ။

အင်းတောင်ကြီးရွာ။

အထောင်သောင်ကြီးရွာ။

သဲကုန်းကြီးရွာ။

သပုတ်ရွှေရွာနှင့် အင်းဂလာကြီးရွာ အစရှိသည့် (ကျုံပျော်) မြို့နယ် တစိုက်ရှိ ရွာများသို့ ဒိုးယိုပေါက်ခြေဦးတည့်ရာသွားနေတတ်၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို သူဌေးသားမှန်းလည်း သိကြသည့်အပြင် မြွေဝင်စားလက်ပွား ဟည်း အငြိမ်မနေ။ တွေ့သမျှ အကုန်ဝင်ကူလုပ်တတ်သဖြင့် ချစ်ခင်ကြ၏။

အထူးသဖြင့် အလှူပွဲ၊ မင်္ဂလာဆောင်ပွဲ၊ ဘုရားပွဲများရှိသည့်နေရာသို့ မြွေဝင်စားလက်ပွားရောက်နေတတ်၏။

လက်ပွားကို တွေ့ချင်လျှင် ဆိုင်းသံဗုံသံကြားရာသို့သာ လိုက်၍ရှာတွေ့ ပြီ၏။ ပထမ မိဘနှစ်ပါးက မြွေဝင်စားလက်ပွားအား ညောင်ပင်တွင် သံကြိုး ချည်တုပ်ပြီး သော့ခတ်ထားဖူး၏။

ဦးအေးချမ်းနှင့် ဒေါ်သိမ်မွေ့တို့ ညောင်ပင်မှအိမ်သို့အပြန် လမ်းမှာပင် သော့မပွင့်ဘဲ မြွေဝင်စားလက်ပွားက လွတ်နေပြီဖြစ်၏။

မည်သို့မှလုပ်၍မရသဖြင့် ၎င်းအား နေချင်သလိုနေတော့ဟု လွှတ်ထား လိုက်ရတော့သည်။

မကြာမီပင် မိဘနှစ်ပါး ဝမ်းသာစရာစကားကြားရလေ၏။

ထိုသတင်းမှာ မြွေဝင်စားလက်ပွားတစ်ယောက် ရွာလယ်မှ မုဆိုးမ ဒေါ်ဘုမ ၏သမီး သူကဲ့သို့ ကျပ်မပြည့်သော မနှင်းမှုံနှင့် ကြိုက်နေကြပြီး ချစ်သူများဖြစ်နေ ကြပြီဆိုသည့်သတင်း။

၁၅၀၀ ကိုလေသာသည် အရှုံးအနှမ်းကိုပင် အလွတ်မပေး။ ဒက္ခပေး တတ်၏။ မုဆိုးမဒေါ်ဘုမ။ ထိတ်ရကြောက်ရပြီ။ သူ့လို သူဆင်းရဲရဲ့သမီးနှင့် သူဌေးသား ဘယ်ပေးစားမလဲဟု တွေး၍ ကြောက်ရွံ့စိုးရိမ်ခဲ့၏။

သို့သော် ဤသို့မဟုတ် မိန်မရသွားလျှင် ခြေငြိမ်သွားလိမ့်မည်ဟုထင်၍ ဒေါ်သိမ်မွေ့တို့ဘက်မှ သဘောတူခဲ့၏။ နေ့ကောင်းရက်မြတ်ရွေးပြီး ရွာနီးချုပ်စပ်မှ အပေါင်းအသင်းမိတ်ဆွေများအား ဖိတ်စာကမ်းလိုက်သည်။

ရွာဦးကျောင်းက ဆရာတော်ကြီး ဦးဇဝန၏ ဘုန်းကြီးကျောင်းတွင် မဏ္ဍပ် ကြီး ဟီးနေအောင်ပြင်ဆင်ထား၏။

အလှူကြီးပေးနေသကဲ့သို့ မင်္ဂလာမဆောင်မီ တစ်ရက်အလိုကပင် စည်ကားနေ၏။

မြွေဝင်စားမောင်လက်ပွားနှင့် မနှင်းမှုံတို့ကလည်း ကြက်သွန်တွေနွား ဘက်ဖက်တွေ သုပ်ကျွေးဖြင့် ရွာသူရွာသားများနှင့် ပျော်ပါးနေကြ၏။

"မောင်လက်ပွား"

www.burmeseclassic.com



"ဗျာ"

"မင်းနှင်းမှုံကို ချစ်လား"

"ချစ်တာပေါ့ဗျ"

"ဘယ်လောက်တောင်ချစ်လဲ"

"ဟိုချောင်းထဲက သဲမြေတွေလောက် ချစ်တာပေါ့ဗျ"

"ဟုတ်လား ... အဲဒီလောက်တောင်ချစ်လား"

"ဒါဖြင့် ငါတို့ရှေ့မှာ မင်းချစ်သူကို နမ်းပြ"

အရှုးဘာသိမှာလဲ။ လူတောမရှောင် သူတောမရှောင် ဖက်ပြီးမွှေးမွှေး ပေးနေတာ။ တော်ပါတော့ ယုံပါပြီဆိုမှ ရပ်တယ်"

မဏ္ဍပ်ကိုလာတဲ့လူတိုင်းက စကြနောက်ကြ။

လူတောထဲမှာပဲ မွှေးမွှေးပေးခိုင်းပေးပြနဲ့ တဝါးဝါး တဟားဟားနဲ့ တစ်ရွာလုံး ပျော်လို့မဆုံး မော်လို့မဆုံး ဖြစ်နေကြတော့တာပေါ့။

ညဦးနက်တော့ လာရောက်ကြသော ဧည့်သည်များနှင့် အတူတူရောပြီး မောင်လက်ပွားတို့ချစ်သူနှစ်ဦး ကြမ်းတပြေးထဲ အိပ်ကြလေ၏။

"ဟောတော့ လာကြပါဦး နှင်းမှုံအသက်မရှိတော့ဘူး"

တစ်ယောက်ယောက်ရဲ့ အော်သံကြောင့် အိပ်နေသူများလန့်နိုးကြပြီး နှင်းမှုံအနီးသို့ သွား၍ကြည့်ကြရာ နှင်းမှုံ၏နဖူးတည့်တည့်တွင် မြွေဆွယ်ရာနှစ်ခု တွေ့ကြပြီး လန့်ဖျပ်သွားကြလေတော့၏။

အားလုံး ကိုယ့်အိမ်ကိုယ် ပြန်ပြေးကြသည်။

မောင်လက်ပွားတစ်ယောက် မောင်ပဉ္စာမြေလူး ဖြစ်ရပြီ။ သူချစ်တဲ့ ကောင်မလေးကို သူ့ယခင်ဘဝက ချစ်သူမြွေဟောက်ကလာပြီး ပေါက်သတ်သွား ခြင်းဖြစ်၏။

ထိုနေ့မှစ၍ မောင်လက်ပွားကို အပေါင်းအသင်းမလုပ်ကြတော့။ မြွေကြောက်၍ဖြစ်၏။ ဒီတော့မှ အပေါင်းမရှိတော့သော မောင်လက်ပွားတစ်ယောက် သွက်ချာပါဒဖြစ်ခါ ပို၍ရူးသွားလေတော့၏။

၁၅၀၀ ကီလေသာအချစ်သည် တိရစ္ဆာန်များကိုပင် မနာလိုဝန်တိုစိတ် ဖိစီးတတ်ပါလားဟု ကျွန်တော် မှတ်ထားလိုက်မိပါတော့သည်။

❀ ❀ ❀

www.burmeseclassic.com

[၆]

## ရှေးဆိုးထိန်းမောင်ကြီးနှင့် ခေါင်းပြတ်နေတဲ့ အလောင်း

❑

ကျုံပျော်မြို့နယ် တောက်တဲ့ရိုးကျေးရွာ၊ ဖွံ့ဖြိုးရေး မူလတန်းကျောင်းနံပတ်လည်အခမ်းအနားဖြစ် ကျုံပျော်မြို့ဗဟိုရုပ်ရှင်အဖွဲ့မှ သတင်းအတိုအထွာများနှင့် အကယ်ဒမီရပြီး ကားဟောင်းများပြသသည်တွင် အနီးအနားရွာများမှ ဝါသနာရှင်များလာရောက်ကြည့်ရှုကြရာ မူလတန်းကျောင်းဖြင့် အပြည့်ဖြစ်နေ၏။

နံနက် (၅) နာရီတွင် ဗဟိုရုပ်ရှင်ပြီးဆုံးလေရာ ရုပ်ရှင်ကြည့်ပြီးသော ရွာသူရွာသားအားလုံးတို့သည် ကိုယ့်ရွာကိုကိုယ် ကိုယ့်အုပ်စုနှင့်ကိုယ် အုပ်စုဖွဲ့၍ ပြန်ခဲ့ကြလေ၏။ အင်းတောင်ကြီးရွာမှ ရွာသူရွာသားတို့သည် မိမိတို့ရွာသို့သွားရာ အနီးဆုံး လမ်းဖြစ်သော ငှက်ပျောတောထဲမှ ဖြတ်၍ပြန်ခဲ့ကြ၏။

တောက်တဲ့ရိုးရွာနှင့် နှစ်မိုင်အကွာတွင် ခေါင်းပြတ်နေသော အလောင်းတစ်လောင်းကို တွေ့ရှိကြတော့၏။

"ဟော့ ... ဟောဒီမှာ အလောင်းတလောင်းကွ"

www.burmeseclassic.com



"ဟာ . . . ဟုတ်တယ်ဟေ့၊ ခေါင်းမရှိတော့ဘူး"

"သေတဲ့ကောင် . . . ဘယ်ကောင်များဖြစ်နိုင်မလဲ သေသေချာချာ ကြည့်ကြစမ်းပါဦး"

ရွာသားအားလုံး အလောင်းနားသို့ တိုးကပ်သွားပြီး အလောင်းကို ကြည့်ကြ၏။ သတ္တိရှိသူများက ထင်ရှားသဲကွဲစွာ သိရှိနိုင်ရန် အလောင်း၏အနီးသို့ တိုးကပ်ကြည့်ကြပြီး ကြောက်သူတို့က အဝေးမှကြည့်ကြသည်။

"ဟာ သနားစရာကောင်းလိုက်တာကွာ။ ဒီလိုစိတ်ထားကောင်း သဘောကောင်း လူ့ဘဝအကြောင်းဘာမှမသိတဲ့ အရူးကိုမှသတ်ရတယ်လို့ကွာ"

ဟု တစ်ယောက်ကပြော၏။

"ဘယ်သူဖြစ်နေလို့ မင်းက ဒီလိုပြောရတာလဲကွ"

တစ်ယောက်က မရှင်းသဖြင့် မေး၏။

မေးမည်ဆိုလည်း မေးထိုက်ပါသည်။ သေနေသူ၏ အလောင်းတွင် ဦးခေါင်းမရှိတော့။ ထို့ကြောင့် ဘယ်သူဘယ်ဝါဖြစ်မည်ကို မသိနိုင်ပေ။

သို့သော် ပထမကပ်ကြည့်သူက တက်တက်တူတူ ပြောနေသဖြင့် မေးလိုက်ခြင်းဖြစ်၏။

"မင်းကလည်းကွာ . . . ငါတို့ရွာက မြွေဝင်စားလက်ပွားအလောင်းလေကွာ"

"ဘာ . . . ဟိတ်ကောင်၊ သေချာရဲ့လားကွ။ သေသေချာချာ ကြည့်စမ်းပါဦး"

"မသေချာရင်ကော ငါ့လူရယ်။ သူ့မှာ ဘယ်သူမှလိုက်ပြီး တုလို့မရတဲ့ လက်ပွားတွေ ပါတယ်လေကွာ"

ဟု ပြော၏။ ထို့ကြောင့် ကျန်သည့်ရွာသူ ရွာသားများက သေချာအောင် အနီးကပ်ကြည့်ပြီးနောက် ဦးခေါင်းပင် မတွေ့ရတော့သော်လည်း

"ဟုတ်တယ်ဟေ့ . . . လက်ပွားကွ၊ လက်ပွား"

ဟု ပြိုင်တူအော်ကြလေ၏။

သေနေသူ၏လက်ကို ဖြန့်၍ကြည့်လိုက်သောအခါ လက်ဖဝါးနှစ်ဖက်တွင်ပါနေသော (မြွေရုပ်) များကြောင့်။ မြွေဝင်စားလက်ပွားဟူ၍ အားလုံး အတည်ပြုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုကောင်ကများ အရူးကိုအဖက်လုပ်ပြီး သတ်ရသတဲ့လားကွာ"

ဟု ငြီးဆိုပြီးအပြစ်တင်စကား ပြော၏။

"အရူးထက်မိုက်ပြီး အရူးထက်ရူးလို့ပေါ့ကွ"

ဟု တစ်ယောက်က ပြောလေ၏။

"ဟေ့ကောင်တွေ ... အလောင်းကို သွားမထိနဲ့။ အမှုက ငါတို့လာပတ်နေဦးမယ်။ တောက်တက်ရိုးရွာမှာရှိနေတဲ့ ဗဟိုရုပ်ရှင်အဖွဲ့နဲ့ပါလာတဲ့ ရဲတွေကို သတင်းသွားပေးရအောင်ဟေ့"

"ဟုတ်တယ် ... အဲဒါကောင်းတယ်ဟေ့။ တစ်ယောက်က ရွာကိုပြန်ပြီး သူ့အမေနဲ့အဖေကို သတင်းပေးလိုက်ကြကွ"

ဟု ပြောလေ၏။

"သူ့အမေနဲ့အဖေကို ပြောဖို့ ကျွန်မတို့ရွာကို ပြန်လိုက်မယ်။ ရှင်တို့က မဲကို အမြန်ဆုံးသွားပြီး အကြောင်းကြားကြ"

ဟု ပြောကာ တာဝန်ကိုယ်စီယူကြပြီး လူစုခွဲလိုက်ကြသည်။

✿ ✿ ✿

[၇]

❑

လူဆိုးထိန်းမောင်ကြီးနှင့်အဖွဲ့သည် ဗဟိုရုပ်ရှင်အဖွဲ့မှပါလာသော ဓာတ်ပုံဆရာကို ခေါ်၍သေဆုံးသူ၏အလောင်းကို နေရာစုံမှ လစ်လပ်မှုမရှိအောင် ဓာတ်ပုံရိုက်၍ မှတ်တမ်းတင်လိုက်၏။

လူဆိုးထိန်းမောင်ကြီးက သတင်းလာပို့သော ရွာသားများ၏စကားကို သေချာစဉ်းစားပြီး မြွေဝင်စားလက်ပွားဟု အတည်ပြုလိုက်၏။

"ဟော ... ဟိုမှာကြည့်စမ်း။ သွေးကွက်တွေမဟုတ်လား"

ဟု သွေးစွန်းနေသော မြက်ပင်များကိုပြ၏။ သွေးကွက်၏လမ်းညွှန်မှုမှာ မြစ်ဆိပ်ဘက်သို့ ဆင်းသွားပုံပေါ်၏။

www.burmeseclassic.com



သွေးစွန်းနေသော မြက်ပင်များအတိုင်း ခြေရာခံ၍လိုက်လာသည်။ ဓားတ... လန်းဖြင့် အထိုးခံပြီးသေနေသော ကျော်ဆွေကို တွေ့ရှိလေ၏။

"ဗိုလ်ကြီး . . . ဒီခွေးက မြွေဝင်စားလက်ပွားရဲ့ခွေးပဲ။ သူ့သခင်အတွက် အသက်စွန့်သွားတာဖြစ်မယ်"

ဟု အရပ်သားတစ်ယောက်က ပြော၏။

သေဆုံးနေသော ခွေး၏ပါးစပ်ထဲတွင် အင်္ကျီလက်အပိုင်းအစနှင့် အသား... အနများကို တွေ့ရှိရ၏။

"လူဆိုးတစ်ယောက် ဒဏ်ရာရသွားပုံပေါ်တယ်ဗျ။ ကျွန်တော်တို့ ဆက်... လိုက်ကြရအောင်"

ဟု လူဆိုးထိန်းမောင်ကြီးကပြော၍ ကျန်ရှိနေသော သွေးကွက်အတိုင်း... ဆက်၍လိုက်ခဲ့လေ၏။

ကမ်းစပ်သို့ရောက်သော် တစ်ကိုယ်လုံးမည်းနေသော လူသေအလောင်း... တစ်ခုကို တွေ့ရပြန်၏။ ထိုသေဆုံးသူ၏ ညာဘက်လက်အင်္ကျီစမှာ စုတ်ပြဲ... သည်ကို တွေ့ရခြင်းဖြင့် ခွေးကလေးကျော်ဆွေနှင့် နောက်ဆုံးတိုက်ပွဲဝင်ခဲ့သော... လူဆိုးဖြစ်ကြောင်း အတည်ပြု၏။

"ခွေးကိုက်လို့သေတာတော့ မဖြစ်နိုင်ဘူး။ ဒီပြင်ဒဏ်ရာ ရှာကြစ... ပါဦး"

ဟု လူဆိုးထိန်းမောင်ကြီးက ပြော၏။

"ကျွန်တော့်အထင်တော့ တစ်ကိုယ်လုံးညိုမဲနေတာ ကြည့်ရရင်တော့... မြွေကိုက်လို့ မြွေဆိပ်တက်ပြီး သေတယ်ထင်တယ်"

"ဒီမြွေဝင်စားလက်ပွားရဲ့နောက်ကို ငန်းမြွေတစ်ကောင်ကလည်း အမြဲ... လိုက်နေတာ ဗိုလ်ကြီး။ ဒီကောင် ကိုက်သတ်လိုက်တာဖြစ်မှာပဲ"

ဟု ရွာသားတစ်ဦးက ထင်ကြေးပေး၏။

"ဟိုမှာခြေရာတွေကွ။ ဒီလူသတ်မှုမှာ တစ်ယောက်တည်း မဟုတ်... လောက်ဘူး။ လှေနဲ့လာပြီး သတ်သွားတာထင်တယ်"

ဟု လူဆိုးထိန်းမောင်ကြီးက ရှေ့သို့ဆက်လာခဲ့ရာတွင် ကမ်းစပ်တွင် လှေ... ကို ရေထဲသို့တွန်းချထားသောအရာနှင့် ခြေရာ (၃) စုံကိုတွေ့ရလေရာ နောက်ထပ်... လူဆိုး (၃) ယောက်ပါနိုင်သေးကြောင်း မှတ်ချက်ပေး၏။

www.burmeseclassic.com



"ဟာ . . . ဒီမှာ မြွေခေါင်းကြီး။ ဒီကောင်တွေ မြွေကိုပါသတ်ပြီး ယူသွားကြတယ်ဗျ ဗိုလ်ကြီး"

မြွေသေမှ ခေါင်းကိုဖြတ်ပြီး ရွံ့ထဲသို့ လွှင့်ပစ်ခဲ့ရာ မြွေခေါင်းက ရွံ့ထဲတွင် စစ်ဝက်မြှုပ်နေ၏။

ကမ်းစပ်တွင် မြွေအူများ တွေ့ရလေရာ လှေပေါ်မတက်ခင် မြွေကိုရင်ခွဲ ၍ ယူသွားကြောင်း တွေးတော၍ သိရှိနိုင်၏။

"နေစမ်းပါဦး . . . ဒီမြွေနဲ့ဒီချွေးက ဒီမြွေဝင်စားလက်ပွားအတွက် ဘာကြောင့် အသေခံပြီး တိုက်ပွဲဝင်သွားတာတုံး"

တိရိစ္ဆာန်များဖြစ်ပေမယ့် လူတွေထက် သစ္စာရှိပုံကို ကြောက်ခမန်းလိလိ တွေ့မြင်ရလေရာ လူဆိုးထိန်းမောင်ကြီးသည် သေဆုံးသွားသော ချွေးနှင့်မြွေကို ငေးကြည့်လေးစားသွား၏။

ရွာလူကြီးက မြွေဝင်စားလက်ပွားကို ပထမအဆင့်ကနေ ယနေ့နောက်ဆုံး အထိ ပြောပြခဲ့၏။

"အဲသလောက်တောင် မြွေတွေနဲ့ ရင်းနှီးသလားဗျ"

"အင်း . . . ကိုယ်တိုင်မကြုံခဲ့ရဘူးဆိုရင်တော့ ကျွန်တော်လည်း ဗိုလ်ကြီး လိုပဲ မယုံချင်ပါဘူး။ လက်တွေ့ကိုယ်တွေ့ ကြုံရတာမို့ ယုံခဲ့တာပါ"

"ဒါနဲ့ လက်တွေ့တစ်ခု ပြောပြရဦးမယ်"

"ပြီးခဲ့တဲ့လက ကျွန်တော်တို့ရွာမှာ အလှူလုပ်ခဲ့တုန်းက ကျွန်တော်တို့ က အများပိုင်စိုက်ခင်းထဲကိုသွားပြီး ဘူးသီးခရမ်းသီး ခူးကြတုန်းမှာ ယာခင်းအလယ် က ငန်းမြွေကြီးတစ်ကောင် ပါးပျဉ်းထောင်ပြီးထွက်လာတော့ အားလုံးကြောက် ပြီး ပြေးမယ်လုပ်ခဲ့ကြပြီးမှ အားလုံးစုပေါင်းပြီး မြွေကြီးကိုသတ်ဖို့လုပ်တော့ ဒီမြွေ ဝင်စားလက်ပွားက အသတ်မခံဘဲ သူကိုယ်တိုင်သွားဖမ်းပြီး ခရမ်းသီးတွေနဲ့အတူ ထုပ်ပိုးပြီး မဏ္ဍပ်ထဲယူလာတယ်လေဟု နောက်ကြောင်းပြန်၍ အောက်ပါအတိုင်း ပြောခဲ့၏။

✿ ✿ ✿

www.burmeseclassic.com

# [ ၈ ]

❑

တစ်ခါကတောက်တဲ့ရွာမှ ရှင်အပါး (၁၀၀) အလှူပွဲကြီး ကျင်းပခဲ့၏
ရွာသူရွာသားအားလုံး စုပေါင်း၍လှူသော အလှူပွဲကြီးဖြစ်၏။

ရွာထဲမှ အပျို၊ လူပျိုကာလသားအားလုံး ရွာအလှူပွဲအတွက် ချက်ဖို့
ရွာအပြင်က စိုက်ခင်းထဲက ခရမ်းသီး၊ ဗူးသီး၊ ပဲသီးခင်းကြီးထဲသို့သွားပြီး ဟင်းစား
သွားခူးကြ၏။

ထိုသို့ခူးနေစဉ် ရောမကြီးမားလှသော ငန်းမြွေကြီးတစ်ကောင် ပါးပျဉ်း
ကြီးထောင်ပြီး ဟင်းရွက်ခူးနေသူများကို ရန်မူမည့်ပုံတွေ့ရှိရလေ၏။

ထို့ကြောင့် ရွာသားများက မြင်တွေ့သွားသောအခါ တစ်ယောက်တစ်
ပေါက်အော်ကြ၏။ ကြောက်သူကကြောက်ကြပြီး၊ မကြောက်သူများက အလှူပွဲ
တွင် အပင်ပန်းခံပြီး လုပ်နေသူများအတွက် အရက်မြည်းရန်ဖမ်းဖို့ ကြိုးစားကြ
သည်။

"ဟာ . . . ဟိုမှာ၊ မြွေကြီးဟေ့၊ နည်းတဲ့ကောင်းကြီးမဟုတ်ဘူးကွ။ ထို့
အတွက် အမြည်းကောင်းကောင်းရပြီဟေ့"

www.burmeseclassic.com



တစ်ယောက်က မြွေကိုဖမ်းဖို့ ညာသံပေးလိုက်သည်နှင့် ကျန်လူများက အားတက်လာပြီး ရရာလက်နက်စွဲကိုင်၍ မြွေကြီးဆီသို့သွားကြ၏။

မြွေကြီးကလည်း ထွက်မပြေး၊ လာရင်ပေါက်သတ်မည်ဟု ပါးပျဉ်းထောင်ထားသော ဦးခေါင်းကို ဟိုရမ်းဒီရမ်း ရမ်းနေ၏။ ဟင်းစားခူးနေတဲ့ မြွေဝင်စားလက်ပွားသည် ရွာသားတွေဘာဖြစ်နေပါလိမ့်ဟု သိချင်၍ကြည့်လိုက်ရာ မြွေကြီးကို သတ်ဖို့ တဖြည်းဖြည်းချင်း ချောင်းမြောင်း၍သွားနေတာမြင်သဖြင့် ...။

"ဟေ့ ... ဟေ့ ... နေကြဦး ... ဒီကောင်ကြီးက ငါ့မိတ်ဆွေပါကွ။ သေတ်နဲ့ ငါ ဖမ်းပြီး တစ်နေရာသွားလွှတ်ပါ့မယ်"

ဟုပြောကာ မြွေကြီးထံသို့ အပြေးအလွှားသွားခဲ့ပြီး မြွေကိုဖမ်းပြီးနောက် ဟင်းစားများထည့်ထားသော ပုဆိုးထုပ်ထဲသို့ ထည့်၍ယူသွား၏။

ရွာသူရွာသားတွေကတော့ ...

"မြွေကြီးကများ ဒီကောင်ကိုပေါက်လိုက်ရင် ဆေးမမှီနိုင်ဘူး"

လို့တွေးပြီး ကြောက်နေကြတာပေါ့။

သို့သော်လည်း မြွေဝင်စားလက်ပွားက မြွေအလမ္ပာယ်သမားတစ်ယောက်လို အေးအေးဆေးဆေး မြွေကြီးကို ဖမ်းသွားတာမြင်ရတော့ ...။

"ဟယ် ... ငါတို့ရွာသား၊ လက်ပွားကတော့ မြွေဘုရင်မှ မြွေဘုရင်ပဲဟေ့"

လို့ အော်ကြဟစ်ကြနဲ့ ကောင်းချီးပေးကြ၏။

မြွေဝင်စားမောင်လက်ပွားကတော့ မြွေကြီးကိုယူပြီး အလှူမဏ္ဍပ်ကိုသွားလေရဲ့။ မဏ္ဍပ်ထဲမှာကလည်း ရွာသူငါးဆယ်လောက်က ကြက်သွန်အခွံနွှာနေကြပြီး ကျေးရွာလူကြီးတွေကတော့ သံဃာစင်ပေါ်မှာထိုင်ပြီး ဘုရားအကြောင်း၊ တရားအကြောင်း ပြောဆိုနေကြ၏။

ဤကဲ့သို့ ရပ်ရွာလူကြီး၊ လူငယ်၊ လူလတ်များ မဏ္ဍပ်ထဲအစုံရောက်နေချိန်တွင် မြွေဝင်စားလက်ပွားရောက်လာခဲ့သည်။

လေးလေးပင်ပင်ကြီးကို ထမ်းလာတဲ့ မြွေဝင်စားလက်ပွားကို တွေ့ကြရတော့၊ စားစရာတွေတော့ အများကြီးပါလာပြီဆိုပြီး အားရဝမ်းသာခရီးဦး ကြိုကြတာပေါ့။ တချို့ရွာသားတွေက လက်ပွားကို ကူညီဖို့ အနားရောက်လာတော့ လက်ပွားက အထုပ်ကြီးကို လူတောထဲမှာ ဖြည်၍ချလိုက်၏။

"ဟာ မြွေကြီးဟေ့ .... ပြေးကြ၊ ပြေးကြ"

www.burmeseclassic.com



လို့ မြွေဝင်စားလက်ပွားအနီး ရောက်လာတဲ့လူက အော်ပြီး ထွက်ပြေးတော့ မဏ္ဍပ်ထဲကလူတွေလည်း တချို့ဘာမှန်းမသိဘဲ ထပြေးကြရာ၊ တစ်ယောက်နှင့်တစ်ယောက် တိုက်မိပြီး အလဲလဲအကွဲကွဲ ဖြစ်ကုန်ကြ၏။

လူတွေဒီလောက်များတော့ မြွေကလည်း ဘာသားထုထားတာမို့လို့လဲ၊ ကြောက်ပြီးထွက်ပြေးရာမှ သံဃာစင်ဘက်ကို ပြေးမိသလိုဖြစ်ခဲ့ရာ သံဃာစင်က ဘုရားအကြောင်း တရားအကြောင်းပြောနေတဲ့ လူကြီးတွေကလည်း ထွက်ပြေးကြရာ တစ်ယောက်နှင့်တစ်ယောက် တိုက်မိပြီး အလဲလဲအကွဲကွဲ ဖြစ်ကြပြန်လေ၏။

"သေချင်းဆိုး . . . လက်ပွား"

"မြွေကိုဖမ်းဟေ့ . . . ဒီကောင်ကြီးဆို ဟင်းစားကောင်းကောင်းရတယ်ကွ"

ဟု အော်သူအော်၏။

မြွေကြီးကပြေးသွားရာမှ ရပ်လိုက်ပြီး ဟိုဟိုဒီဒီကြည့်ပြီးနောက် မြွေဝင်စားလက်ပွားဆီသို့ ပြန်ပြေးလာပြီး ခြေထောက်ကို ပတ်ခွေတက်သွားပြီးနောက် လည်ကုပ်ပေါ်သို့ရောက်သောအခါ မဏ္ဍပ်ထဲမှ လူများကိုစောင်းငဲ့ကာ ကြည့်နေ၏။ မြွေဝင်စားလက်ပွားကတော့ သူနဲ့ဘာမှမဆိုင်သလိုနှင့် ပခုံးပေါ်မြွေကြီးကို တင်ကာ မဏ္ဍပ်ထဲမှ ထွက်သွားခဲ့လေတော့သတည်း။

✿ ✿ ✿

[၉]

❑

"အဲဒီလောက်ကို မြွေကိုနိုင်တာ ဗိုလ်ကြီးရဲ့။ သဘောကလည်းကောင်း။ ကူညီရိုင်းပင်းချင်တဲ့စိတ်ကလည်းရှိ၊ မိဘကလည်း ရပ်ကျိုးရွာကျိုး သယ်ပိုးဆိုတော့ ဒီကောင့်ကို မချစ်တဲ့လူ မရှိသလောက်ပါပဲ"

"ဒီလောက်သဘောကောင်းတဲ့ကောင်ကို ခေါင်းဖြတ်သတ်တယ်ဆိုတော့ သတ်တဲ့ကောင်တွေဟာ ခွေးထ... ခိုက်တဲ့ကောင်တွေပါဗျာ"

www.burmeseclassic.com



ဟု ရှာသားတစ်ဦးက ပြော၏။

"သြော် ... ဒါနဲ့ ပြောရဦးမယ် ... ဗိုလ်ကြီး။ ကျွန်တော့်အထင်တော့ ဟိုတစ်ပတ်လောက်က ဖြစ်ခဲ့တဲ့အဖြစ်ကြောင့်များ ဒီကောင် အသတ်ခံရသလား မသိဘူး"

"အေးဗျာ ... ခင်ဗျားသိသလောက် ပြောပြစမ်းပါဦး"

"သူက သွားချင်ရာသွားပေမယ့် အခု သူသေတဲ့ ဒီနေရာဇရပ်ကိုတော့ မြန်မြန်ပြန်လာတယ်။ ပြီးခဲ့တဲ့တစ်ပတ်က လက်နက်ကိုင်သူပုန်အဖွဲ့က သုံးယောက် လာ ဒီဘက်မှာ ဓားပြတိုက်ဖို့လာရင်း လမိုင်းတင်ပြီးတဲ့ အရက်တွေသောက်ပြီး အိပ်ပျော်သွားတာမှာ ဒီမြွေဝင်စားလက်ပွား တွေ့သွားတော့ ရွာကိုသတင်းပေးခဲ့လို့ ရွာက ကာကွယ်ရေးအဖွဲ့တွေကဖမ်းပြီး စစ်တပ်ကို အပ်ခဲ့ဖူးတယ်"

"အဲဒီအငြိုးနဲ့ အသတ်ခံရတယ်ထင်တာပဲ။ ခုတွေ့တဲ့ အလောင်းကောင် လာ ဓားပြထဲကကောင်ပဲ ဖြစ်ရမယ်"

ဟု သိသမျှပြောပြသည်။

လူဆိုးထိန်းမောင်ကြီးက ထိုရွာသား၏ ပြောသည့်စကားကို ကြားရသောအခါတွင် ဖြစ်နိုင်ချေအရှိဆုံးစကားဖြစ်ကြောင်း တွေးမိ၏။

ထို့ကြောင့် လူဆိုးထိန်းမောင်ကြီးသည် မြွေဝင်စားလက်ပွား၏အနီးတွင် ဒူးထောက်ထိုင်ပြီး လက်ပွားကိုကိုင်ကာ ...

"ကိုင်း ... မြွေဝင်စားလက်ပွားရေ အရင်ကလည်း မင်းကူညီခဲ့ပြီးပြီ ဒီတစ်ခါလည်း ငါ့ကို ကူညီဦး။ မင်းကိုသတ်ခဲ့တဲ့ လူတွေကို မင်းကိုယ်တိုင် ဖမ်း သေတော့၊ ငါတို့ကတော့ မင်းကို ကူညီမယ်"

ဟုပြောပြီး လက်ပွား၏ သွေးတစ်စက်ကိုယူပြီး မိမိကိုင်ဆောင်သော ဒီအာလီခြောက်လုံးပြူး၏ ပြောင်းဝကို သုတ်လိမ်းလိုက်သည်။

"ရှီ ... ရှီ ... ရှီ"

ကုန်းမြင့်မြင့်ပေါ်မှ မြွေတွန်သံကြား၍ကြည့်လိုက်ရာ ဖြူဖြူမီးတန်းတစ်ခု ပေါ်လာပြီး လူတစ်ယောက်ရပ်နေသည့် ပုံသဏ္ဌာန်ဖြစ်သွားပြီး ရေစပ်အတိုင်း မီးခိုး တန်းကြီးက ခနိုတောကြီးအတွင်းသို့ မြွေတစ်ကောင်သွားသကဲ့သို့ ကွေ့ကောက်၍ ထွက်သွား၏။

www.burmeseclassic.com



"မိတ်ဆွေတို့ ခင်ဗျားတို့ရွာကို ဒီအလောင်းယူသွားတော့။ ကျွန်တော်တို့ ဆက်လိုက်သွားဦးမယ်"

ပြောကာ မီးခိုးတန်းကြီးထွက်သွားသည့်နောက်မှ လိုက်ခဲ့ကြတော့၏။

"ခြေသံလုံအောင်သွားဟေ့ သိန်းစွန်မျက်လုံးနဲ့ကြည့် မပေါ့ဆနဲ့"

ဟုပြောကာ လူဆိုးထိန်းမောင်ကြီးက ရှေ့မှထွက်ခဲ့သည်။

သွားရသည်က မလွယ်။ ဓနိပင်၊ ပိန်းပင်တွေကြား ရွှံ့ဗွက်ထဲမှ လျှောက်လာကြရခြင်းဖြစ်၏။

မီးခိုးတန်းကြီးမှာ ရှေ့ဝါးတရိုက်ခန့်သွားပြီးသောအခါ မြစ်ကိုဖြတ်၍ ရေလယ်သို့ ထွက်သွား၏။

"ဟာ ... ဗိုလ်ကြီး ဘယ်လိုလုပ်မလဲ၊ ရေထဲတော့ ကျွန်တော်တို့ လှေမရှိဘဲ မဖြတ်နိုင်ဘူး"

ဟု ရဲတစ်ယောက်ကပြော၏။

"ဟေ့ ... အားလုံးဝပ်ပြီး နေရာယူကြ။ ကျည်ကွယ် မျက်ကွယ်ကောင်းကောင်းယူ။ ဘာသံမှ မကြားချင်ဘူး။ နောက်ဆုံး ပြောလိုက်မယ်။ လေလည်ချင်တယ်ဆိုရင်တောင် အောင့်ထားကြ"

ဟု လူဆိုးထိန်းမောင်ကြီးက အမိန့်ပေးသည်။ အားလုံး ရွှံ့ဗွက်ထဲတွင် ဒူးထောက်အနေအထားဖြင့် မီးခိုးတန်းသွားရာသို့ လိုက်ကြည့်ရာတွင် ...

ဟိုဘက်ကမ်းမှ ဒီဘက်ကမ်းသို့ လောင်းလှေတစ်စီး လူ ၃ ယောက်စီးကာ လှေလှော်လာသည်ကို မြင်ကြရတော့၏။

"ဗိုလ်ကြီး ... ဟိုလှေက ထူးဆန်းတယ်။ ဒီနေရာမှာ လူသွားလမ်းမရှိဘဲ ဒီဘက်ကို တည့်တည့်ကြီး လာနေတယ်"

"အေးကွ ... ဟိုမှာကြည့် မီးခိုးတန်းကြီးက အဲဒီလှေဆီ တည့်တည့်သွားနေတယ်။ တို့ စိတ်ရှည်ရှည်နဲ့ စောင့်ကြည့်ကြစို့"

နည်းနည်းမှမလှုပ်ပဲ ပိန်းပင်နှင့် ဓနိပင်များကို အကာအကွယ်ယူကာ စောင့်နေကြ၏။

ကုန်းပေါ်မှ ရေထဲကို ရှင်းရှင်းလင်းလင်း မြင်ရသော်လည်း ရေထဲမှကုန်းပေါ်ကိုမူ ရှင်းရှင်းလင်းလင်း မမြင်ရ။

ကိုင်းပင်၊ ဓနိပင်၊ ပိန်းပင်နှင့် လမုပင်တို့က ကွယ်နေသဖြင့် လူဆိုးထိန်း



www.burmeseclassic.com

www.burmeseclassic.com



မောင်ကြီးတို့မှာ မျက်ကွယ်ကြည့်ကွယ် ကောင်းကောင်းရနေ၏။ မီးခိုးတန်းကြီးက လှေပေါ်ပါ လူသုံးယောက်ကို ဖတ်ခွေသွားပြီးနောက် တဖြည်းဖြည်း ပျောက်ကွယ်သွား၏။

ထိုကဲ့သို့ မီးခိုးတန်းကြီးကို လူဆိုးထိန်းမောင်ကြီးတို့က ကောင်းစွာမြင်ရသော်လည်း လှေပေါ်မှလိုက်ပါလာသူများက သတိပင်မမူမိကြပေ။

"ရဲဘော်တို့ ဟိုလှေပေါ်ကကောင်တွေ မသင်္ကာစရာပဲကွ။ ဒီနေရာက တစ်ရွာနဲ့တစ်ရွာ ဖြတ်သွားဖြတ်လာလုပ်တဲ့လမ်းလည်း မရှိဘူး။ ဒီကောင်တွေ ဒီနေရာကို ဦးတည်လာတယ်ဆိုတော့ မသင်္ကာစရာပဲ သတိထားကြ"

ဟု လူဆိုးထိန်းမောင်ကြီးက သတိပေး၏။ ထိုသို့ သတိပေးနေခိုက်တွင် လူဆိုးထိန်းမောင်ကြီးတို့၏ ရှေ့တည့်တည့်ကမ်းသို့ လာဆိုက်တော့သည်။

"ခုခံမယ်ပုံပေါ်ရင် လူကိုမှန်အောင်မပစ်နဲ့ ပြန်ပြီးထွက်မပြေးနိုင်အောင် လှေကိုပဲပစ်ပါ"

ဟု သတိပေးလိုက်သသည်။ လှေကမ်းသို့ ကပ်သည်နှင့်လုပ်သော သေနတ်ကိုင်ထားသောလူက ပထမဆုံးဆင်း၏။ နောက်မှ ငှက်ကြီးတောင်ဓားရှည်ကိုင်ထားသော လူနှစ်ယောက်က ဆင်းဖို့ရပ်လိုက်သည့်အချိန်။

လူဆိုးထိန်းမောင်ကြီးက ခြောက်လုံးပူး သေနတ်ကို မိုးပေါ်ထောင်ပြီး ပစ်လိုက်၏။

"ဟေ့ကောင်တွေ ... အားလုံးလက်မြှောက်"

"ဒိုင်း"

"ဒိုင်း"

ရှေ့မှသေနတ်ကိုင်ထားသူက မမျှော်လင့်ဘဲ သေနတ်သံကြားသဖြင့် နွံထဲသို့ မှောက်ဝါးထိုးလိုက်သည်။

လူတစ်ကိုယ်လုံး နွံထဲနစ်ဝင်သွား၏။ လုပ်သေနတ်ရိုင်ဖယ်သေနတ်လည်း နွံထဲနစ်သွား၍ဘာမှ သုံးမရတော့။

သေနတ်ပြောင်းထဲသို့လည်းကောင်း၊ ကျည်ဖလှတ်ထဲသို့လည်းကောင်း၊ နွံများအပြည့် ဝင်သွားပြီဖြစ်၏။

"ဒိုင်း ....ရှိုး"

"ဒိုင်း ...ရှိုး"

www.burmeseclassic.com



နောက်ထပ်ရိုင်ဖယ်ငါးလက်က လူဆိုးတို့၏ လှေကိုစုတ်ပြတ်သွားအောင် ပစ်လိုက်ရာ လှေပေါ်မှ ဓားကိုင်လူနှစ်ယောက်က ဓားကိုကိုင်လျက် ရှေ့သို့ မှောက်ငါးထိုး၍ ခုန်ဆင်းလိုက်ရာ ရှေ့မှ ရွံ့ထဲနစ်နေသော ကျောကို ဒုတိယလူ၏ဓားက စိုက်ဝင်သွားသကဲ့သို့။

ဒုတိယလူပေါ်သို့ တတိယလူကလည်း ဓားကြီးဖြင့် မှောက်ငါးထိုးလိုက်ရာ နောက်ဆုံးခုန်ချသည့် လူဆိုး၏ဓားအရှည်က ပထမလူရော၊ ဒုတိယလူရော နှစ်ယောက်စလုံးကို ဓားဖြင့်ထိုး၍ သတ်သကဲ့သို့ ဖြစ်သွား၏။

"ဖလူး ... ဖလူး ... ဖလူး"

"အား ... သေပါပြီဗျို့"

"အောင်မယ်လေး ... ကြောက်ပါပြီဗျို့။ ကျုပ်ကို မပစ်ပါနဲ့ လက်မြှောက်ပါတယ်"

ပထမလူက ပါးစပ်ထဲ ရွံ့ဝင်သဖြင့် အသံကမပီသ။ ဖလူးဖလူးဖြင့် အော်ကာ လူ့လောကကို နှုတ်ဆက်သွား၏။ ဒုတိယလူက နောက်ကျောဓားဝင်သွားသဖြင့် ကောင်းကောင်းအော်နိုင်သော်လည်း ၎င်းလူ၏အဖို့မှ နောက်ဆုံးပြောသွားသော စကားဖြစ်၏။ တတိယလူကတော့ ဒူးထောက်ပြီး လက်မြှောက်နေသည်။

လူဆိုးထိန်းမောင်ကြီးတို့ နောက်ဆုံးမြင်ကွင်းက ထူးဆန်းလှ၏။

ထိုလူဆိုးသုံးယောက်ကို ရစ်ခွေပတ်နေသော မီးခိုးတန်းကြီးထွက်လာပြီး ထိုလူများ၏အပေါ်မှ ငန်းမြွေကြီးပါးပြင်းထောင်သည့်ပုံပေါ်လာပြီး တဖြည်းဖြည်း ပျောက်သွား၏။

မြွေဝင်စားမောင်လက်ပွား မြွေဘဝပြန်ရောက်သွားသည်မှာ သေချာ၏။ ဒေါသစိတ်ကို နောက်ဆုံးအထိ သုံးသွား၏။

မြွေဝင်စားလက်ပွားကို သတ်လိုက်သူမှာ သေနတ်ကိုင်ထားသူဖြစ်၏။

လက်ပွား၏ဒေါသ၊ မည်မျှကြောက်စရာကောင်းသလဲဆိုမှ ဓားတစ်ချောင်းနှင့်ပင် သေနိုင်ပါသော်လည်း ဓားနှစ်ချောင်းထိုးစိုက်ခံရပြီး သေခဲ့ရ၏။

သူတို့တတွေကို ပြန်စစ်ကြည့်ရအောင်။

မြွေပွေးမသည် ညနေတိုင်း ဆရာတော်ဇဝနတို့၏ ရှိခိုးသည့် ဘုရားစာကို ကြားသိခဲ့ရသဖြင့် သေသောအခါ လူဖြစ်ရ၏။

လူဖြစ်လာပါသော်လည်း မြွေဘဝက အခြားသောတိရစ္ဆာန်များ၏ ဥများကို ခိုးစားခဲ့သဖြင့်လည်းကောင်း၊ သေခါနီးတွင် ရန်ဖြစ်ခဲ့သဖြင့် ဒေါသမောဟဖုံး

www.burmeseclassic.com



 သွမ်းကာ သေဆုံးခဲ့ရသဖြင့်လည်းကောင်း သူဌေးသားဖြစ်သော်လည်း ဝဋ်ကြွေးအရ စားကောင်းခြင်းမစားရ၊ ဝတ်ကောင်းခြင်းမဝတ်ရသော ...

နံပါတ် (၂) ဖြစ်သည့် (မနုဿပေတ–ပြိတ္တာ) ဘဝဖြင့် လူဖြစ်ခဲ့ရပြီး စောစီးစွာ သေဆုံးခဲ့ရ၏။

လူဆိုးများကမူ နံပါတ် (၁) (မနုဿနေရယိက–ပြိတ္တာ) ဘဝဖြင့် လူဖြစ်လာကြသဖြင့် သူများပစ္စည်းကို မတရားလုပြီး သူများအသက်ကိုသတ်မှ အသက်ရှင်နိုင်သည့် လူမျိုးဖြစ်နေ၏။

ဤသို့သော ဘဝများသို့ မရောက်ရှိရလေအောင် ဆရာတော် (မောင်းထောင် မြေဖင်းဆရာတော်ဘုရားကြီး) က အောက်ပါအတိုင်း ဆိုဆုံးမခဲ့သည်ကို သံဝေဂရရှိနိုင်ပါရန် တင်ပြလိုက်ပါသည်။

✿ ✿ ✿

[ ၁၀ ]

## တရားလက်လွှတ် ငှက်တောင်ကျွတ်

❑

– အတောင်ပံအားကိုးပြီး ပျံသန်းနေရတဲ့ငှက်ဟာ တောင်ပံကျွတ်သွားရင် ပျံနိုင်ပါဦးမလား ....?

– လူတွေလည်း ငယ်ရွယ်သန်မြန်တဲ့အချိန် သွားနိုင်လာနိုင်တုန်းက (ဒါန) ဆိုတဲ့ အလှူအတန်းလည်း တတ်နိုင်သလောက် မလှူဒါန်းခဲ့၊ (သီလ) ဆိုတဲ့ (၅) ပါးသီလ (၈) ပါးသီလကိုလည်း ဟုတ်တိပတ်တိ မဆောက်တည်။ (သမထ)နဲ့ (ဝိပဿနာ) တရားကိုလည်း တစ်နာရီ တစ်ရက်ပြည့်အောင် မထိုင်ခဲ့။ ။

www.burmeseclassic.com



- သားကျွေးမှု၊ မယားကျွေးမှုတွေနဲ့ ရက်တွေ၊ လတွေ၊ နှစ်တွေ၊ ကုန်ပြီး အသက်အရွယ်တွေက ကြီးလာတော့ (ခြေမနိုင်) (လက်မနိုင်) ဖြစ်လာတဲ့အချိန်၊ ဘယ်တရားကို အာရုံပြုရမယ်၊ ဘာကိုမှတ်ရမယ်ဆိုတာတောင် မသိကြတော့ဘူး။

- ဒါနဲ့ မိမိလုပ်ခဲ့တဲ့ မကောင်းတဲ့စိတ်ကထင်လာ၊ အရုဏ်တွေလွဲမှားပြီး (အပယ်လေးပါး) ဆိုတဲ့ (ငရဲ) (တိရစ္ဆာန်) (ပြိတ္တာ) (အသူရကာယ်) တွေဘဝကို ရောက်ရော။
ကောင်းရာသို့ ညွှန်ပြနေသော ဆရာတော်ကြီးများနဲ့ တွေ့ပါလျက် (အပယ်လေးပါး) ရောက်သွားတာ
- ကြောက်စရာမကောင်းဘူးလား?
- သနားစရာမကောင်းဘူးလား?

ဒါကြောင့် မြတ်ဗုဒ္ဓဟောကြားခဲ့တဲ့ တရားတော်တွေကို လက်မလွှတ်ကြနဲ့။ တရားမပျက်ကြနဲ့။

အသိတရား၊ သတိထားပြီး နေကြပါတဲ့ဗျား။

မှတ်ချက် ။ ။

ဤဇာတ်ကြောင်းလေးဟာ ကျုံပျော်မြို့မှာ တကယ်ဖြစ်ခဲ့တဲ့ ဇာတ်လမ်းကလေးပါ။

ကျုံပျော်အဝင်တံတားကြီး ဂိတ်စောင့်ကန်ထရိုက်၊ ကျုံပျော်မြို့ မျက်နှာဖုံးမြန်မာ့လက်ဝှေ့ပွဲများ ပွဲသွင်းသူ (ဦးဝင်းမောင်)၏ ပြောပြချက်ကို အမည်များပြောင်း၍ ရေးသားလိုက်ပါသည်။

သဗ္ဗေ၊ အနိစ္စ၊ သင်္ခါရ
**မကြေးညိုစိမ့်**

www.burmeseclassic.com

www.burmeseclassic.com

# မိုးကျရွှေကိုယ်
## လှိုက်ကံကောင်းနှင့် နဘာယ်ဘောမရှိ



www.burmeseclassic.com

www.burmeseclassic.com

# [၁]

❑

ဓားမြွေးကို တင်းတင်းဆုပ်လိုက်၏။

သူ၏ ခြေ၊ လက် အင်္ဂါ အစိတ်အပိုင်းတစ်ခုလို ဖြစ်နေမြဲ ဓားလွတ်သည်
သူ့လက်ဆုပ်အတွင်းမှာ စေးစေးပိုင်ပိုင်။ သားကောင်ကို ခုန်အုပ်အံ့ဆဲဆဲ သား
ခြင်္သေ့တစ်ကောင်၏ အမြီးဖျားနှယ် သူ့ဓားရှက်ဓားသွားက တဆတ်ဆတ်တုန်
လှုပ်ယမ်းလျက်။ တိုက်ပွဲပျော်ဓားက သွေးဆာသွေးတောင်းနေပေပြီ။

'ရဲထွက်ရဲခုတ်' စစ်သူရဲ၏ဓား။

"သွေးသောက်ရို့ ညီသားနောင်မယ်ရို့။ သူ့နိုင်ငံသား သံမှုန့်စားမှ တို့
တုံးမည်မှတ်တဲ့ကွယ်ရို့။ အမျိုး၊ ဘာသာ၊ သာသနာဖျက် ဒိဋ္ဌိမိစ္ဆာမမ္မန္တရာယ်
ကောင် ကုလားဖြူ ကုလားမည်းတွေရဲ့သွေးနဲ့ ဓားဆေးရအောင်လေ့။

တို့မြေတို့ပြည်ကို ကျူးကျော်၊ တို့သခင် တို့ဘုရင်ကို နန်းချ၊ တို့ဘာသာ
တို့သာသနာကို စော်ကားသောင်းကျန်းနေတဲ့ တိုင်းခြားသားတွေရဲ့ ခြေဖဝါး
အောက်မှာ ထီးသုဉ်း၊ နန်းသုဉ်း၊ မြို့သုဉ်း၊ သုဉ်းချင်းမလှ သုဉ်းနေရတဲ့ ဟော့သည်

www.burmeseclassic.com



ညခေတ်ကြီးထဲ ကြုံကြိုက်လို့ လူဖြစ်နေရတဲ့ ငါရို့တစ်တွေဟာ 'သေသော်မှ ည့်ဩ်ကောင်း၏' တဲ့ကွယ်။ သန်းခေါင်ထက် ညည့်မနက်တော့ဘူးဟေ့။

ရန်သူမိစ္ဆာတွေကို ဝေသာလီပြည် ဘီလူးကျသလို ဟူးဟူးလျှင်လျှင် ထိုးရဲခုတ်ရဲ သတ်ရဲဖြတ်ရဲ အသက်ချင်း သွေးချင်းလဲရဲလဲဝံ့တဲ့ ဗမာသွေးပီပီ စစ်သူရဲတွေ ဒီတိုင်းဒီပြည်အတွက် လိုနေသကွယ့်။ သွေးမနည်းတဲ့ သွေးရဲတဲ့ ယောက်ျားဘသားတွေ လိုသဟေ့။ အစ်ကိုရို့၊ ညီရို့လက်မယ်အကယ့်သံနဲ့ သုပ်တဲ့ ဓားစစ်စစ်ကို ဗမာ့သွေးနဲ့ ကိုင်ကြည့်လှည့်ကြ။ ညီအစ်ကိုရို့သွေးတွေ နွေးလာ၍ သာမက ကျိုက်ကျိုက်ကြီးတောင် ဆူလာစေရမကွယ့်။ ဇက်ကောင်း ကို့ ဓားတောင်းနေတဲ့ မိစ္ဆာကုလားတွေရဲ့ ခေါင်းတွေနဲ့စီခင်းပြီး လွတ်လပ်ခြင်း ထီးတားထိုးလိုက်ကြစို့ရဲ့။ လာလေ ... လာလှည့်ကြ သွေးသောက်ရို့။

တစ်ပြည်တစ်ရွာသားရန်ကို ခုခံဖို့ ဓားဆွဲမည့်လက်တွေ ထောင်, သောင်း, သိန်း လိုနေသကွယ့်ရို့။ ညီရို့ ... အစ်ကိုရို့ ... သွေးသောက်ရို့။ ဗမာ့သွေးက ဘာသလို ... နီသဟဲ့ဆိုသာ ပြလှည့်ကြ''

ဟိန်းဟိန်းညံအောင် ဝန်းကျင်ကိုစိုးခဲ့သည့် 'ရဲထွက်ရဲခုတ်' စစ်သူရဲ၏ သွေးညီသံ၊ သွေးတောင်းသံ၊ သွေးနှိုးသံနှင့်အတူ မိစ္ဆာကုလားတို့ကို တွေ့ရာချင်း ဓားမဆိုင်း အတင်းဝင်အတင်းခုတ် သုတ်သင်ဝံ့ရဲခဲ့သည့်ဓား။

သီပေါအရှင် မင်းတရားကလေးနှင့် အရှင်မ စုဖုရားလတ်တို့ 'အရှင်နှစ်ပါး ဆက်နန်းဆက်သုဉ်း၍ တစ်ပြည်ရပ်ခြား ကုလားလက် မပါသေးမီ လက်ထက် တကလေးကပင် လက်ဝဲဝင်းတော်မှူး 'မင်းကြီးသီရိမဟာဇေယျကျော်ထင်' ချုပ်အဖြစ် ကွပ်ကဲသည့် အောက်မြစ်စဉ်စစ်ကြောင်း၌ စစ်သည်သူရဲ တ် စုဆောင်းရသော 'ရဲထွက်ရဲခုတ်' စစ်သူရဲဖြစ်ခဲ့သူ။

'ရွှေလက်ယာ'၊ 'ရွှေလက်ဝဲ'၊ 'နတ်စုလက်ယာ'၊ 'နတ်စုလက်ဝဲ' အစုသား တ်မှ၍ 'ရဲစွမ်း' ဖြင့်သာ လူရေးပြလျက် တပ်ဗိုလ်ဖြစ်ခဲ့သည့် 'ဗိုလ်လှဦး'၏ တွင် ရွာစဉ်မြို့စဉ်တစ်လျှောက် စစ်သူရဲ စုဆောင်းခဲ့သူ။ သူတို့ 'ရဲထွက်ရဲခုတ်' သူရဲတို့၏ ဓားစွမ်းနှင့်လူစံကို တွေ့တွေ့တင်တင် ရင်ဆိုင်ဖူးသည့် ရန်သူတိုင်း က်ချားတုန်လှုပ်ခဲ့ရစမြဲ။

www.burmeseclassic.com



ထီးကျိုးစည်ပေါက် အရှင်သခင်ပျောက်ခဲ့ရသည့် ကျွန်သဘောက်ဘဝ၌ သော်မှလည်း ...

"ဘယ်လိုလဲ သွေးသောက်"

အိုးစားကြီးမောင်နောင်က တန်ဆောင်းပြာသာဒ်ရုံနှင့် ထနောင်းပင် ညီနောင်အကွယ်၌ မုဆိုးဒူးထောက်ထိုင်လျက် ရှေ့တူရူ လေးပင်သုံးခန်း ရေနံသုတ် ကျွန်းဇရပ် မည်းမည်းကြီးဆီကို စူးစူးရဲရဲကြည့်နေမိသည့် သူ့နံဘေး၌ အသာပူး၍ ထိုင်လိုက်ရင်း သဲ့သဲ့မေး၏။

"ရန်သူ့ရှေ့ပြေး ကင်းထောက်တပ်လား၊ စစ်ဦးကျွံလာတဲ့ သင်းကွဲတပ် လားတော့ မသေချာသေးဘူး။ အင်အား ၂၀ သာသာလောက်တော့ ရှိမယ်၊ ပန်ချာပီကုလားမည်းတစ်ကောင်မှ မပါဘူး။ ကျောက္ကာနဲ့ သာစည်ဖက်က သင်းရို့ စကားပြန်လုပ်စားနေတဲ့ ပုဆိန်ရိုး ဖိုးဒန်နဲ့ မောင်စည်ပါလာသယ်။ ဟို ... ခေါင်းပေါင်းကြေးနုစိမ်းနဲ့ အဘိုးအိုသက်ကျားကြီးက ဝါးတောမသူကြီး ဖိုးရာသိန်း ဟုတ်စ"

"အင်း ... ဟုတ်ပ။ သီအကောင်တွေ သင်းရို့ဘာသာ စိတ်ချလက်ချ သိပ်ရှိနေကြပုံရသဗျ။ သင်းရို့မီးပေါက်သေနတ်တွေကို ဖိုခုံလောက်ဆိုင်စီ ထောင်ထားပြီး နားအေးပါးအေး အမှင်းစားနေကြသာပဲ ကြည့်ရော့။ အစီးအနင်း ပုံတော်ရင် ကျုပ်တို့ စစ်ရေးလှနိုင်သယ်"

"သင်းရို့ကင်း ... ကင်း ဘယ်မလဲ။ သီအကောင်တွေဟာ စစ်ရပ်စစ်နေ ပြုသယ့်အခါ ကင်းတိုကင်းရှည် ချတတ်ပါဘိသနဲ့။ သင်းရို့ကင်းကို တွေ့အောင် ရှာဦး"

"ဟုတ် ... သွေးသောက်"

လေရူးဝှေ့သလို ဖျတ်ခနဲ ပျောက်သွားသည်။

သူ့အိုးစားကြီးသည် သူနှင့်မတိမ်းမယိမ်း။ အစိတ်စွန်းစွန်း သုံးဆယ် တွင်းကူး၏။ သူ့ကိုလည်း လွှတ်အထင်ရှိလွန်းသည့်သူ။ လက်ထက်တော်ကလေ ခါနှောင်းပိုင်း မြေလတ်ဝန်မိုးမြဲစစ်ကဲကြီး မြင်စိုင်းမြို့စား 'မင်းကြီး မင်းလှမဟာ မင်းခေါင်သီဟသူ ဗိုလ်ကျော်ခေါင်'ဖွဲ့ခဲ့သည့် 'နတ်ရှင်ရန်နိုင် ၁၀၄ ယောက်အဖွဲ့

www.burmeseclassic.com



ဘွင် ပါဝင်ခဲ့ဖူးသည့် သူ့အား သူ့အထက်အကြီးအမှူး အကြပ်တစ်ယောက်အဖြစ် ဆက် ပို၍ ကိုးစားလွန်းသည်။ သူ့အမိန့်ဆိုလျှင် သေဆိုသေ ရှင်ဆိုရှင်။

ဖော့ဦးထုပ်ဆောင်း၊ သားရေခါးပတ် စလွယ်နှင့် သေနတ်ပြောင်းတို့ ကို ကြိုးတပ်အိတ်ဖြင့် ခါးချိတ်ထားသူ ဗိုလ်ကလေးတစ်ဦး၊ မုတ်ဆိတ်ပါးမြိုင်း ဆွေ ပြောင်းဖူးမွေးနှယ် ပွစာတက်နေသည့် အရွယ်ကြီးကြီး စာသင်ကြီးတစ်ဦး အုပ်ချုပ်လာသည့် မျက်နှာဖြူတပ်စုကလေးသည် မကြာမီ ကျရောက်လာတော့ ည့် ကြမ္မာဘေးဆိုးကြီးကို ရိပ်စားမိပုံမရကြသေး။ အစားအစာကိုသာ စိတ်အေး ဆက်အေး နွားငတ်ရေကျ အလောတကြီး စားနေကြဆဲ။

နံနက် လင်းကြက်ဆော်ပြီးစ။

နေဝန်းပြူလာပြီဖြစ်၍ မှိုင်းမှိုင်းဆိုင်းဆို့နေခဲ့သည့် မြူနှင့် နှင်းတို့ လန့်နေစ ကာလကလေးတွင်ဖြစ်၏။

သွေးအေးနေသည့်ရန်သူကို သရဲမင်းရဲစီး နိုင်လိုမင်းထက် လက်စတုံး သုတ်သင်ပစ်နိုင်မည့် အခြေအနေက ပေးနေသည်။

အင်အားချင်းဖြင့်မူ သင်းတို့က သာသည်။ အစုစုအင်အား ၂၀ သာသာ။ ပေါက်သေနတ်တွေ၊ လှံစွပ်တွေ၊ ကုလားမားတွေကိုယ်စီ။

သူတို့တပ်ဖွဲ့ကလေးမှာမူ သွေးသောက်ကြီးပင် မပါလာခဲ့။ အကြပ်ဖြစ် သည့် သူနှင့် အိုးစားကြီးငနောင်၊ ငအောင်သူတို့သာ အကြီးအမှူးအဖြစ်ပါသည်။ တပ်စစ်သည်က ၁၀ ဦး၊ ပေါင်း ၁၃ ဦး။

'နတ်ရှင်ရန်ပိုင်' အစုသားဘဝက မင်းကြီးဗိုလ်ကျော်ခေါင် ချီးမြှင့်ခဲ့ သည့် ပြောင်းတိုသေနတ်တစ်လက်ဖြင့် သူ့မှာပါလာခဲ့သည်။ ကျန်သည်တို့မှာ လှံတိုလှံလျှင်၊ လှံရှည်၊ လေးနှင့်မြား။ ဗမာမင်းတပ်တော်သားတို့ ကိုင်မြဲ ရိုးလက်နက်မျိုးတွေသာ။

သို့နှင့်တိုင် သူတို့က စစ်သွေးတရဲရဲဖြင့် လှုပ်ရှားချောင်းမြောင်းခွင့်ရ သည့် သူသတ်မုဆိုး။ ရန်သူက သတိပေါ့ဆစွာ အရပ်အနေ လျော့ရဲနေသည့် သားကောင်တွေ။

အလုပ်အကြံအစီအမံနှင့် သတ်ရဲသေရဲလျှင် သူတို့ မုချနိုင်မည်။

www.burmeseclassic.com



ရွက်ခြောက်ကို ဖော့ဖော့နင်းဖိသံနှင့်အတူ မောင်နောင်ချက် တဖြုတ် အတွင်း ပြန်ရောက်လာ၏။

"ကင်းတို ကင်းရှည်ထုတ်မထားတာကတော့ အပုံကြီး သေချာတယ် သွေးသောက်ကြီး။ ကျောင်းကြီးပေါ်မှာ ဘုန်းကြီးဦးဇောတိနဲ့ ဦးဖင်းကလေး ဦးကလျာဏတို့လည်း မရှိကြဘူးတဲ့။ အရာတော်က ပွဲစားကြီး ဦးဖိုးဘရဲ့ ရှင်ပြု အလှူကို ကြွသွားကြသတဲ့။

မနေ့ညဦးပိုင်းကတည်းက ရောက်လာပြီး ဘုန်းကြီးကျောင်းကို သူ့ အမေလင်ဥစ္စာလို မောင်ပိုင်စီးထားကြသာတဲ့။ ဝါးတောမသူကြီး ဖိုးရာသိန်းက တစ်ညလုံး အကျွေးအမွေးနဲ့ ယမကာနဲ့ သင်းပထွေးတွေကို မျက်နှာလုပ် ညော ထောက်ခံနေခဲ့သာတဲ့။

ရွာကတော့ မျောက်လိုအကောင်တွေမို့ အော့နှလုံးနာလွန်းလို့ ရွာခေါင်း နဲ့ ရွာဆော်တွေလောက်ပဲ လုပ်စရာရှိသာ လုပ်ပေးပြီး ည မွန်းမတိမ်းခင် ပြန်လာခဲ့ကြသတဲ့။ ဘုန်းကြီးဦးဇောတိမရှိတဲ့ ဘုန်းကြီးကျောင်းဇရပ်ကြီးကို ပျော်ပွဲစားရုံအမှတ်နဲ့ မူးယစ်သောင်းကျန်းနေလိုက်ကြပုံများ ထောင်းလမောင်းကို ထလို့တဲ့ဗျ ... သွေးသောက်ကြီး"

"အိမ်း ... သတိမကပ်ကြဘဲ ပေါ့ပေါ့လျော့လျော့ဖြစ်နေတာတော့ သေချာတာပလေ။ တချို့တလေ ဇရပ်ပေါ်မှာ တုံးလုံးပက်လက်အိပ်နေကြတုန်း သေးကိုး။ ဟိုးမှာမြင်လား။ အနို ... သူရို့ ဝါးတောမကို ဘာလာလုပ်ကြသာ တုံး"

"ကျုပ်တို့ ဗမာဘုရင့်တပ်တွေ၊ အထူးသဖြင့် ကျုပ်တို့ ဗိုလ်လုလင် 'ရဲထွက်ရဲခုတ်' စစ်သည်တွေ အဝင်အထွက်ရှိမရှိ စနည်းနာရင်း 'စစ်ရှ သာတဲ့လေ။ အရင်ဗွေဆော်ဦးတုန်းကဖြင့် တစ်ခါဖူးမျှ ခြေဦးမတော်ခဲ့ကြဖူးဘူး ဒါ ... စစ္စာဦးပဲ"

"ကိုင်း ... သီပုံဆို ကျုပ်တို့စစ်ဦးဘီလူး အတင်းဝင် အတင်းခုတ် ရဲသွေးပြလိုက်ကြစို့ရဲ့။ သွေးသောက်နဲ့ ပေါက်လှကြီးတို့ ငဖောင်တို့တစ်စု ဇရပ်ရဲ့ဝဲဖက်ကဝင်။ ငအောင်သူရယ်၊ ဖိုးမှည့်တို့၊ အောင်စီတို့တစ်စုက ဇရပ် က တုံးလုံးပက်လက်တွေကို အပြတ်ရှင်း။

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်နဲ့ မင်းထင်ကြီး၊ မြတ်သာ၊ ပန်းစိန်၊ သောတွန်းတို့ တစ်အုပ်က သင်းရှိုဗိုလ်ကလေးနဲ့ စာသင်ကြီးတို့အစုကို စီးမယ်။ ဟို အသားထဲက လောက်ထွက်တဲ့ ဝါးတောမသူကြီးနဲ့ စကားပြန်ပုဆိန်ရိုးနှစ်ကောင်ကိုတော့ သင်းရှိုက အခုအခံမပြုရင် ချမ်းသာပေးလိုက်ကြပေတော့။ ကျုပ်တို့ဗမာ သွေးတွေချင်းပဲ။ ဟုတ်စ''

''ဟုတ်ပ ... သွေးသောက်ကြီး''

''ရှိ ... ကလိုဆို ကျုပ်ဆီက ချိုးကူသံကြားသာနဲ့ အတင်းဝင်ပေတော့။ ကိုယ့်ငန်းကိုယ့်တာလုံရင် ချက်ချင်းပြန်ဆုတ်။ မြင်းတွေထားတဲ့ ရိုးစပ်လျှိုဖျားနားမှာ ဆုံကြမယ်။ ဟုတ်စ''

''သတိရှိပါ ... သွေးသောက်ကြီး။ မိစ္ဆာတွေကပေမင့် ဉာဏ်နိုဉာဏ်နက်အများသား။ လူကလိန်စေ့တွေရယ်''

''စိတ်ချစမ်းပါလေ ... 'နတ်ရှင်ရန်နိုင်' ရောကြူးဆိုသဟာ 'ရဲကျော်သီဟ' ဘွဲ့ကို အလကားပဲတင်းနဲ့တော့ဖြင့် မရခဲ့တန်ရာပါဘူး။ ကဲ–သွေးသောက်တို့လည်း ကိုယ်စီသတိမြဲကြ။ ရှေ့ဆက်ရမဲ့ခရီးက ရှည်ဦးမယ်။ တို့အသက်တို့သွေးကို အလကား မစတေးမိလိုက်ကြစေနဲ့''

''ဟုတ်ပ ... သွေးသောက်ကြီး''

''သွေးတွေ နွေးလာသည်။

စစ်ရေးငင်သံ၊ စစ်မြှူသံကြားလေတိုင်း ကျိုက်ကျိုက်ဆူပွက်လာမြဲစသူရဲ၏ နှလုံးသွေးတို့ ဒေါင်းတည်မောင်းတည် ပွက်သံပေးလာ၏။

လက်ရုံးလက်မောင်း၊ အကြောအချင်တွေအထဲ စစ်သွေးတွေ တဒိုင်းဒိုင်းပြေးလွှားလှုပ်ရှား။

သူ၏ ဝင်းဝင်းတောက်တောက်နေသည့် မျက်ဝန်း၌ စစ်မီးလျှံတွေ၊ ငါနီစွေးသည့် စစ်သွေးတွေ ဖိတ်လျှံထလာသည်။

တီကောင်ညိုအထွေးကြီး ကောက်တင်ထားသလို စစ်မာန်ဖြင့် ပြည့်ဖောင်းဖောင်းကားနေသည့် သွေးကြောဖြာယှက် သူ့လက်ဆုပ်ကြီးအတွင်း၌ 'မိစ္ဆာနှိမ်' ဓားသည် မာန်ဖီနေ အစာဆာနေသည့် မြွေဟောက်တစ်ကောင်နှယ် လှုပ်လှုပ် တရမ်းရမ်း ခေါင်းထောင်မာန်ဖီနေတော့သည်။

www.burmeseclassic.com



သူနှင့် ရင်ဘောင်တန်း ဘေးချဉ်းယှဉ်လျက် သူ့လက်စွဲလုံတို လုံလျှင်သမား မင်းထင်ကြီး၊ လေးသမားမြသာ၊ ဓားနှစ်လက်ဝိဇ္ဇာ ပန်းစိန်နှင့် အဲမောင်းလှံရှည်ကိုင် သောထွန်းတို့လေးဦးသားက လေးညို့မှ ပြေးထွက်တော့မည့်အဆိပ်လူးမြားတံတွေနှယ် လက်ရုံးလက်မောင်း ကိုယ်ဟန်ခြေထားကြွရရှိဖြင့် ရန်သူကိုချေမှုန်းရန်၊ စစ်ရေးငင်ရန်အသင့်။

သူက သူ့လက်စွဲ ပြောင်းတိုသေနတ်ကို မောင်းချိုးလျက် ကျည်ဖြည့်ရင်း သူ့လူတွေကို မျက်ရိပ်ဖြင့် အချက်ပြလိုက်၏။

"ကု ... ကူး ..."

ချိုးကူသံက လေတွင် ... ဝဲ ... ဝဲ ... ဝဲ ...။

"ဒိုင်း ..."

"ကျား ... ဘသား၊ ဗမာ့သွေးတဲ့ဟေ့"

"မိစ္ဆာတွေကို သတ်ကြ"

"ကျား ... ကျား ... ကျား"

"ရှိ ... ကုလားသွေးနဲ့ ဓားဆေးတဲ့ 'ရဲထွက်ရဲစုတ်' တပ်တဲ့လေ့ ... ရှိ ... ရှိ ... ရှိ ..."

"မင်းထင်ကျော်ခေါင် ... ဗိုလ်လှဦးတပ်တဲ့ကွယ်လေ့။ ယမမင်းသွေးသားချင်း စပ်ကြပေရော့။ ကျား ... ကျား ..."

"သေစမ်းဟဲ့ ... မိစ္ဆာကောင်တွေ"

"သတ်ဟေ့ ... သတ်ဟ ... မိစ္ဆာမှန်ရင် အရှင်မထားနဲ့။ မင်းသခံတပ်မှာကျခဲ့ရတဲ့ တို့ဗမာသွေးသောက်တွေရဲ့ အသက်ကြွေးကို ရင်းစားရအောင် ပြန်ယူကြ ... ရှိ ... ကျား ... ဘသား"

"ဟိတ်"

"ဗိုး ... ဗိုး ... ဒုတ်"

"ဒုတ် ... ဒုတ်"

"အား ... အား ... အား"

"OH! Bastard"

www.burmeseclassic.com



"Damn it . . ."

"Ah! My God!"

တိုက်ပွဲသည် တာလွှတ်သည်နှင့်ပင် တစ်ဖက်သတ် အသာစီးဖြင့် ဖိတိုက်ခွင့်ရလိုက်သည့် တိုက်ပွဲဖြစ်၏။

အလစ်အငိုက် မမျှော်မလင့် ဝင်အတိုက်ခံလိုက်ရသည့် ရန်သူ လူအုပ်ခမျာ ရပ်တည်မနိုင်၊ ဖရိုဖရဲ၊ အပြုံပြုံ အလဲလဲ၊ အတုံးအရုံး။

တပ်စုမိုလ်ကလေးနှင့် မုတ်ဆိတ်ဖွား စာသင်ကြီးတို့နှစ်ဦးသည် တိုက်ပွဲစချင်းပင် သူ့ပြောင်းတိုသေနတ်အောက်မှာ အားခနဲ . . . အီးခနဲ ကားယားကြီးတွေ အသက်ပျောက်သွားခဲ့ကြရ၏။

စိမ်ပြေနပြေ ပါးဖြိုနားဖြို စားပွဲကြီးကျင်းပနေကြသည့် ကုလားစစ်သားတစ်အုပ်မှာ တထောင်းထောင်းထနေသည့် ဖုန်လုံးကြီးအတွင်းမှ တလက်လက်တပြောင်ပြောင် ဓားရောင်တဖွေးဖွေးအောက်၌ ငှက်ပျောပင်တွေကို မိုက်လယ်ဘာ တော့တော့တင်တင် ပိုင်းချလိုက်သလို တဗိုင်းဗိုင်းပစ်လဲလျက် သွေးငေါက်ဆောက်ပန်းရင်း ချက်ချင်း အသက်ပျောက်သူပျောက်၊ တွန့်တွန့်လိမ်လိမ် ခွေခွေခေါက်ခေါက် အသက်ငင်သူငင်။

ဗိုးခနဲ . . . ဗိုးခနဲ လေဟုန်ခွဲ၍ ပြေးဝင်လာသည့် လုံတိုလုံလျှင် အဆိပ်သူးမြားတွေက ရင်ဝ၊ လည်ပင်း၊ နှလုံးတည့်တည့်ဆီကို တဒုတ်ဒုတ် ဝင်စွဲလျက် ခြေအလှုပ်လက်အလှုပ်ပင် တစ်ရွေ့တစ်ခတ်မျှ မလှုပ်ရှားနိုင်တော့ဘဲ ဇိဝိန်ကြွေသူလည်းကြွေ။

တစ်ခဲနက် ဟစ်ကြွေးသံနှင့်အတူ ဇရပ်ကြီးပေါ်သို့ လွှားခနဲ လွှားခနဲ ခုန်ဝင်လာသည့် ငပန်းစိန်၊ ငသာထွန်းတို့နှစ်ဦး၏ လျှပ်စီးလက်ဓားချက်နှင့် အဲမောင်းလုံ့ရှည် တရစပ်ထိုးချက်များကလည်း တမေ့တမော အိပ်မောကျနေလေသူ အင်္ဂလိပ်စစ်ဗာရီတစ်စုကို မနိုးသော မထသောအိပ်ခြင်းဖြင့် တမလွန်သို့ ဒုတ်ဒုတ်ထိ ဆွဲခေါ်သွားခဲ့ပြန်၏။

လျှပ်ရောင်ကဖွေး၊ ဓားရောင်နှင့်သွေး။ စွေးစွေးမည်းမည်း ရဲမောင်းလျှံနီ။

www.burmeseclassic.com



ဖုန်လှိုင်းကြီးတွေ တမှိုင်းမှိုင်း ထွေးတက်နေသလို ဓားခုတ်သံ၊ မြားခွင်းသံ၊ လှံကစားသံ၊ အော်သံညည်းသံ၊ ငိုကြွေးမြည်တမ်းသံ၊ ရဲသွေးရဲမာန် ရဲတင်းဖွဲ့သံတွေ ရှုပ်ရှုပ်ထွေး ဆူဆူညံဝေနေတော့သည်။

ချက်တစ်ဖြုတ် ... ချက်တစ်ဖြုတ်မျှပင်။

အလစ်အငိုက်နှင့် လျှင်မြန်မှု၊ စစ်သွေးစစ်မာန် စိတ်ဓာတ်ဖော့ပုန် ပြင်းပြထက်သန်မှု၊ အသာစီးဖြင့် စစ်ပွဲသည် တဒင်္ဂအတွင်း ပြီးဆုံးသွား၏။ သန်သန်မာမာ လှုပ်လှုပ်ရွရွ ပြနိုင်လေသူ ကုလားဖြူစစ်ဗာရီ တစ်ကောင်တစ်မြီးမျှမရှိတော့။ အားလုံး တုံးလုံးပက်လက်။

"ကိုင်းဟေ့ ... လက်နက်တွေ အမြန်သိမ်း။ သင်းရို့သာ စစ်လျှင်စစ်ဖျားဆိုသဟာဖြင့် သင်းရို့ရဲ့နောက်မှာ စစ်မနဲ့စစ်ကူတပ်တွေ မကြာမတင် တလိမ်းထိုးပြီး ရောက်လာကြလိမ့်မယ်။ မုံရွာမယ် သူတို့လည်း ဗိုးတပ်နဲ့အတူ မျက်နှာဖြူစစ်သား ၂၀၀ လောက်ပါတဲ့တပ်နဲ့ အရာတော်မယ် 'မေဂျာအဒန်ဆင်' ရဲ့စက်သေနတ်နဲ့ အမြောက်ကလေးတွေပါတဲ့ စစ်ဗာရီတပ်ခွဲတစ်ခွဲ ရောက်နေတယ်လို့ အထောက်တော်တွေက သတင်းပို့ထားတယ်မှတ်လား။ ကဲ ... သုတ်သုတ်လုပ်။ မြန်မြန်ပြန်ဆုတ်ကြမယ်"

"ဟုတ်ပ"

"သွေးသောက်ကြီး ... သွေးသောက်ကြီး .. နောက်မယ်"

"ဒိုင်း ... ဒိုင်း ..."

"အား ... အင့် ..."

"သယ် ... သီမအေပေး ပုဆိန်ရိုးတွေ၊ ချင်းရို့အသက်ကို ငဲ့ကွက်ခဲ့တဲ့ သွေးသောက်ကြီးကိုမှ ပစ်မှားရက်ပလေ။ သစ္စာဖောက် လောက်ကောင်တွေ ... အရှင်မထားနဲ့ဟ ... မြေလေးသယ် ... သတ် .. သတ်"

"ဒုတ်"

"ဒုတ်"

"ဒုတ်"

"အား ... အမေရေ့"

"အီး"

www.burmeseclassic.com



"သေပါပြီဗျာ"

ရင်ဝ၌ မီးလုံးကြီးဖောက်ဝင်သွားသလို မျက်ဝန်း၌ မီးလျှံမီးတောက်တွေ တဟုန်းဟုန်း စွဲလောင်တော့သလို သူ့တစ်ကိုယ်လုံးအားအင်တို့ ရုတ်ခြည်းပျောက်ကွယ်။ ဘုရား ... ဘုရား ... ဘုရား ... ရန်သူ့ကျည် သင့်ခဲ့ပြီထင်ပ။ သူ့ခန္ဓာသည် လျှော့ရည်းခွေပျော့လျက် ဖြည်းဖြည်းချင်း ပြိုဆင်းလာလျက်ရှိပြီ။ အမှောင်သည် တစ်စစ သိပ်သည်း၍ သိပ်သည်း၍ လာနေ၏။

"သွေးသောက် .. သွေးသောက် .. နတ်ရှင်ရာနိုင် ကိုရာကြူး"

ဖုန်တသောသော၌ တဖတ်ဖတ် တဖုတ်ဖုတ် ပြေးသံလွှားသံတွေ မြုပ်ချည်ပေါ်ချည် နီးလာကြ၏။ "ဟောသဟာ မင်းထင်ကြီးအသံ၊ ဟော ... ဟော ... သီဟငနောင် ... အင်း ... သင်းက ငအောင် သူ"။ ဖွဲ့ခတ် အံတင်းထားသည့် အကြားကပင် မျက်ဝန်းတို့ကို ဖွင့်၍ မရချင်တော့။

ဖုန်တောထဲ၌ သွေးတွေအိုင်ထွန်းလျက် မလှုပ်မယှက် လဲကျနေသည့် သူတို့အကြပ်ကလေး 'ငရာကြူး' အနီး လူစုံချိန်တွင် သူ့ဓားစွဲလက်မှ လက်ဆုပ်မဖြည်သေး။ သံကြီးမဲကြီး ဓားကို ဆုပ်ကိုင်ထားဆဲဖြစ်၏။

သွေးစီးချောင်းကြီးသည် ရင်အုံအောက်မှသည် လက်ဆုပ်တိုင်အောင် စီးကျလျက်။ ဓားရှက်တစ်လျှောက် စုအိုင်လျက် တပေါက်ပေါက် တစက်စက် မြေသို့ တတောက်တောက် ယိုကျနေလေရာ မြေအပြင်ဝယ် သွေးအိုင်ကြီး ထွန်းနေလေပြီ။

"တောက် ... ဖြစ်မှဖြစ်ရလေ ... ကိုရာကြူးရယ်။ ရန်သူ့ကျည် မသင့်ရဘဲ တစ်မျိုးသားတည်း သစ္စာဖျက်လောက်ကောင်လက်ချက်နဲ့မှ နိမ့်ပါးကံခေရတယ်ရယ်လို့။ ဥဒါန်းမကြေနိုင်စရာကွယ် ... တောက်"

"ရာရာစစ ... ကိုရင်တို့ရယ်၊ ဒီသက်ကျားကြီးကို စောစောကတည်းက အဝီစိပို့ထားလိုက်ရမှာ။ ကဲ ... ခုတော့ ရေတိမ်နစ်ရပြီ"

"ဟော့ ... ဟော့ ... မျက်စိဖွင့်လာတယ်။ မှန်း ... သွေးသောက် သွေးသောက်ကြီး ... ကိုရာကြူး"

"မင်းထင်ကြီးလား"

"ဟုတ်ပ"

www.burmeseclassic.com



"အေးကွယ် ... ငါတော့ နေရမယ်မထင်တော့ဘူး။ ပေးစမ်း ... မင်းလက်ကို ငါ့ဆီကမ်းလိုက်စမ်း"

"သတိထားပါ ... သွေးသောက်ကြီး။ ကျုပ်တို့ သွေးသောက်ကြီးကို သရက်ကန်ဘုန်းကြီး ဦးစက္ကိကျောင်းအရောက် သယ်သွားကြမယ်။ ဘုန်းတော်ကြီးက အသက်ဘေးကင်းအောင် ကုပေးနိုင်မှာပါ။ အားတင်းထားဦးပ။ သရက်ကန်ကိုရောက်ခဲ့ရင် ..."

"ထားကွယ့် ... ထားလိုက်ကြတော့။ ငါ သေတာရှင်တာက အရေးမဟုတ်တော့ဘူး ... မင်းထင်ကြီးရဲ့။ ငါ့ဝန်ငါ့တာကို ငါ ကျေကုန်ခဲ့ပြီ။ ကျန်တဲ့အရေးက မင်းတို့ ကျန်ရစ်မဲ့သူတွေရဲ့ အရေးပ ... ဟုတ်စ။

ရော့ ... ငါ့ဓား။ သီဓားကို ငါ့ညီကလေး 'ငရာကျော်' လက်ထဲရောက်အောင်သာ အပ်လိုက်ကြပေတော့။ သူဘာဆက်လုပ်ရမလဲဆိုတာ သူသိတယ်။ မင်းထင်ကြီး ... သီတာဝန်တော့ ကျေပါစေလေ့"

"စိတ်ချ ... သွေးသောက်ကြီး"

"ကိုင်း ... ဆုတ်ကြစို့ စစ်တိုက်တာပဲလကွယ်။ စစ်အောင်တာလည်း ကြုံစတမ်း၊ စစ်ညှိုးစစ်နိမ့်လည်း တွေ့စတမ်းပ။ ဘောက်မဲ့အရေးလဲ၊ ရှင်တစ်ဆူ လူတစ်ယောက်ပဲ ကျန်ပေမယ့်လည်း မိစ္ဆာဒိဋ္ဌိတွေကို အလံမလှဲစတမ်း၊ ဒူးမထောက် လက်မမြှောက်စတမ်း သုတ်သင်ကြဖို့ကသာ တကယ့်အရေးကြီးကွယ့်။ တစ်သက်တစ်ခါသေတာ သေပါစီကွယ် ... ဟုတ်ဘူးလား"

သည်စကားတစ်ခွန်းသည်သာ 'နတ်ရှင်ရန်နိုင်' ဘွဲ့ခံဗမာ မင်းတပ်တော်၏ အကြပ်ကလေး ကိုရာကြူး ချန်ထားရစ်သည့် နောက်ဆုံးစကား ဖြစ်တော့သည်။

စစ်မြေမှသည် ဇာတိမြေဆီသို့ ဘယ်နံရောအခါမှ သူပြန် ရောက်မလာတော့။ သူ့ကိုယ်စား သူ့ဓား 'မိစ္ဆာရန်နိုမ်' သည်သာ သူ့ညီခင်ညီချစ် မောင်ရာကျော်ကလေးထံ ဒုတ်ဒုတ်ထိ ပြန်ရောက်လာခဲ့၏။

မျိုးနွယ်ကိုစောင့်သည့် 'ဝံသာနုရက္ခိတ' ဓားတစ်စင်း။

ထိုဓားတစ်စင်းသည် ...။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၂]

❑

"အိုင်ဆေး ... ကိုပုကလေးရေ"

"ဟုတ်ကဲ့ ... ဆရာကြီး အမိန့်ရှိပါ"

"သာယာဝတီဘက်ကိုဖြင့် ဆရာကိုပုကလေးကိုယ်တိုင် တစ်ခေါက်တစ်ကျင်း ဆင်းခြေဦးမှ နေရာကျလိမ့်မယ်နဲ့ တူရဲ့ဗျ"

"ခင်ဗျာ ..."

သတင်းထောက် ကိုပုကလေးသည် သူရိယသတင်းစာကြီး၏ မန်နေးဂျင်းဒါရိုက်တာလည်းဖြစ်၊ သတင်းစာ၏ ပေါ်လစီမူဝါဒကို ကျားစီးဖားစီး ပိပိပြားပြား အုပ်ကိုင်ထားသည့် သူ့ဆရာ ဦးဘဘေကို နားမလည်နိုင်ဟန် မျက်နှာနေဖြင့် ဖျတ်ခနဲ လှမ်းကြည့်လိုက်မိသည်။

ဦးဘဘေ၏ လုပ်ဟန်လုပ်ပေါက်က သည်သို့ချည်းသာဖြစ်၏။ သတင်းနှင့် ပတ်သက်လာလျှင် ရှူးရှူးသွပ်သွပ် ရှိလွန်းသူဖြစ်သည်။ ဆိုင်းမဆင့် ဗုံမပါ ခိုင်းချင်ရာရာတွေကို ကောက်ကာငင်ကာ ခိုင်းလား ခိုင်းတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ညကြီးမိုးချုပ် ညည့်နက်သန်းခေါင်ပင်ဖြစ်စေ၊ ကျားသားမိုးကြိုး ရှာရှာဖွေ သတင်းအစအနတွေကို ယူချင်ယူလာတတ်ပြီး သူ့ သူ့ရိယတိုက်သားတစ်ဖွဲ့လုံးကို ညလုံးပေါက် ပြောင်းဆန်အောင် သတင်းနောက်သို့ ကိုးကုန်းကိုးကျင်း ကောက်ကောက်ပါ လိုက်ချင်လိုက်ခိုင်းတတ်သည်။

သူကိုယ်တိုင်က နိုင်ငံရေးအဝန်းအဝိုင်း၌ ထဲထဲဝင်ဝင် ပေါက်ပေါက်ရောက်ရောက် ရှိသူဖြစ်နေပါလျက် ၁၉၂၆-၂၇ 'တောပုန်းကြီးစံဖဲ' သူပုန်ထမှုကြီး၌ ဗန္ဓုလဦးစိန်၏ 'ဗန္ဓုလဂျာနယ်' က သူ့ သူ့ရိယကို နှာတစ်ဖျားမက ကပ်၍ ကျော်ဖြတ်ကာ တစ်တိုင်းတစ်ပြည်လုံး 'ဗန္ဓုလ ... ဗန္ဓုလ' ဟုန်းဟုန်းထ ဖြစ်ခဲ့ရလောက်အောင် နားရွက်တံတွေးဆွတ်ခံခဲ့ရခြင်းကို ကြိတ်မနိုင်ခဲမရ တဖွဖွပြောနေတတ်ဆဲဖြစ်သည်။

ယခုလည်း စကားစချီလာပုံကြီးက 'ဆင်ခေါင်းခွေးမချီနိုင်' သတင်းကြီးတစ်ခုခုကို အစဆွဲမိလာခဲ့ပြန်ပြီထင်သည်။

သူ့မျက်နှာက တည်၍ တင်းနေ၏။ ရွှေကိုင်းမျက်မှန်အောက်မှ သူ့မျက်ဝန်းမျက်ဖန်တွေက တောက်စားလွန်းနေသည်။

"(၁၄-၁၂-၂၈) ရက်နေ့ထုတ် သတင်းစာက 'မြန်မာပြည် ဥပဒေပြုအဖွဲ့ အစည်းအဝေး ပထမမြန်မာဥက္ကဋ္ဌ' ဆိုတဲ့သတင်းနဲ့ (၁၃-၈-၃၀) ရက်နေ့က 'ပထမမြန်မာလူမျိုး ဘုရင်ခံသစ္စာတော်ပြုပွဲ' သတင်းကို ကိုပုကလေးပဲ သတင်းလိုက်ပြီး သတင်းရေးခဲ့တာပဲ .. ဟုတ်စ။ ကျုပ်က တိုက်အုပ်ရဲ့ 'ဒေးလီးဒိုင်ယာရီ'ရော၊ 'ကေ့စ်ဒိုင်ယာရီ'ရော၊ 'ဒေးလီးဂျူတီရီဂျစ္စတာ' တွေကိုရော အကုန်ကြည့်ပြီးပြီ သတင်းခေါင်းပုံတွေလည်း ခင်ဗျားကိုယ်တိုင် ရိုက်ခဲ့တာပဲ ... ဟုတ်စ"

ဦးဘဘောက ကိုပုကလေး၏မျက်နှာကို စေ့စေ့ကြည့်လျက် သူ့ထုံးစံအတိုင်း အတိအကျပြောသည်။ 'စကားနည်းရန်စဲ' ဝန်ခံလိုက်ရုံမှ တစ်ပါးအခြားမရှိ။

"ဟုတ်ပါတယ်ခင်ဗျာ ... အဲဒီတော့ ..."

"အဲဒီတော့ အတွင်းဝန်များရုံးက ဥပဒေပြုအဖွဲ့နဲ့ဆိုင်တဲ့ သတင်းတွေကို လိုက်ဖူးလိုက်စရှိပြီး မင်းတိုင်ပင်အမတ်တွေကိုရော၊ အတွင်းဝန်များရုံးက



www.burmeseclassic.com

www.burmeseclassic.com



အရာထမ်း၊ အမှုထမ်းတွေကိုရော ကိုပုကလေးက ရင်းနှီးကျွမ်းဝင်ပြီးသားပဲ မဟုတ်လား။ ပြီးတော့ အခု ပြည်ထဲရေးဝန်ကြီးချုပ်ဖြစ်နေတဲ့ မစ္စတာလွိုက်နဲ့လည်း အရင် သူ သစ်တောရေးဝန်ကြီးချုပ်ဘဝကတည်းက တော်တော်ပလဲနံ ပသင့်ခဲ့ဖူးတယ်လို့ ကျုပ်သိထားတယ်''

''အဲဒါက ကျုပ်မိတ်ဆွေ အိန္ဒိယအစိုးရ စက်မှုနဲ့အလုပ်သမားဌာန တွဲဖက်အတွင်းဝန်ကလေး ကိုတင်ထွန်းနဲ့ပတ်သက်ပြီး ရင်းနှီးရတာပါ။ ကိုတင်ထွန်းနဲ့ သူ့သားနဲ့က ကိန်းဘရစ်မှာ ကျောင်းတက်ဖက်တွေတဲ့ခင်ဗျ။ တော်တော်ခင်မင်ကြတာ''

''အဲဒါ ကောင်းတာပေါ့။ လာမဲ့ ဒီဇင်ဘာ ၁၉ ရက်နေ့မှာ ကျုပ်တို့ဘုရင်ခံအသစ်ကလေးက ပြည်ထဲရေးဝန်ကြီးချုပ်ကို အတွင်းဝန်ရုံးမှာ ခဏ ကုလားထိုင်ပေါ်တင်ထားခဲ့ပြီး တိုင်းခန်းလှည့်လည် အဖူးမြော်ခံထွက်ဖို့ လုပ်ထားသတဲ့ဗျ။ သာယာဝတီ၊ လက်ပံတန်း၊ ဟင်္သာတ၊ ပုသိမ်ဖက်ကိုရောက်မယ်။ သာယာဝတီမှာ 'ဒါဘာမင်းပွဲ သတင်းကြီး' ဝှဲချီးကျင်းပပြီး ဗြိတိသျှကျေးတော်မျိုး ကျွန်တော်မျိုးတွေကို သူကောင်းပြုလေဦး မယ်ဆိုကိုး''

''သတင်းက သေချာသွားပြီလားခင်ဗျ''

''အတွင်းဝန်များရုံးမှာ တာဝန်ကျနေတဲ့ အင်္ဂလိပ်ကပြားစပ် အင်စပိတ်တော် သွန်မဆင်ဆီက ရခဲ့တဲ့သတင်းပဲဗျ။ လွဲလောက်မထင်ပါဘူး''

ဦးဘဘေသည် တော်တော်တန်တန်လူက သူ၏မျက်စိထဲ သဲပက်၍မရဟူသည့် အချိုးမျိုးဖြင့် စိတ်ချလက်ချကြီး ပြောလျက်ရှိသည်။

''အဲဒီတော့ ကျွန်တော်က ဘာလုပ်ရမှာတုံး''

''ကိုပုကလေးရယ် ... ခင်ဗျားကလည်း နလပိန်းတုံး ထူပုံထူပန်းလုပ်မနေချင်စမ်းပါနဲ့ဗျ။ ခင်ဗျားရဲ့သတင်းသမား 'ညာဦ'၊ သတင်းသမား 'ဇ' ကို ကျုပ်သိပါတယ်။ အဲဒီ ကျုပ်ပြောတဲ့ ဘုရင်ခံမင်းဘုရားရဲ့ ရှုးနောက်နောက် တိုင်းခန်းလှည့်လည် အဖူးမြော်ခံ 'ဘုရားထူးခံခရီး' အကြောင်း သတင်းဆက်ကို ခင်ဗျားလက်ကုန်နှိုက်စေချင်တယ်။

ပြီးတော့ ခင်ဗျားလူ အဘိုးကြီးလွိုက်ရဲ့ ဩဇာသုံးပြီး ဆာမောင်ကြီးရဲ့ ခရီးစဉ် စဆုံးကို သတင်းလိုက်စေချင်တယ်ဗျ။ ခင်ဗျား ရသမျှသတင်းကို

www.burmeseclassic.com



တယ်လီဖုန်းနဲ့ပဲဖြစ်ဖြစ်၊ ဆက်သားလွှတ်ပြီးပဲဖြစ်ဖြစ် တိုက်ကိုပြန်ပို့ပေါ့။ ခင်ဗျား ကိုကူဖို့ အလုပ်သင်သတင်းထောက်ကလေး နှစ်ယောက်လောက်လည်း တွဲပြီး ထည့်ပေးလိုက်မယ်။

အဲ . . . ပြည်က ကျုပ်တို့စာရေးဆရာ ကိုတင် (ဒဂုန်ရွှေမျှား) လည်း အရှိ သားပဲ။ ဘာကြောင့်မှန်းတော့လည်း မသိဘူးဗျို့။ ကျုပ်စိတ်ထဲမှာ အဲဒီ ဆာမောင် ကြီးရဲ့ ဘုရားထူးခံရိုးနဲ့ သာယာဝတီ ဒါဘာပွဲကြီးက တစ်ခုခု ထူးထူးခြားခြား ကြီးကြီးကျယ်ကျယ် ထဖြစ်လာလိမ့်မယ်လို့ အပ်ချမတ်ချ အာရုံရနေသဗျ။ ဘယ် လိုမှ ဖျက်လို့ကိုမရဘူး''

''ဘာလဲခင်ဗျ . . . 'တောပုန်းကြီးစံဖဲ' လို မိုးမီးလောင်ပြီး ဘိလပ်အထိ ဟုန်းဟုန်းထသွားစေမယ့် 'Red News' မျိုးလား။

''အဲဒါတော့ ကျုပ်လည်း သေချာမသိသေးဘူး။ ဒါပေတဲ့ တစ်တိုင်း တစ်ပြည်လုံးနဲ့ဆိုင်တဲ့ အရေးကိစ္စကြီးတစ်ခုခုတော့ဖြင့် ကြုံလာပြန်ဦးတော့မယ် လို့ ကျုပ်စိတ်ထဲ ကြိုသိနေသလိုလိုချည်းဗျ''

''ဘာကြောင့် အဲလိုထင်နေရတာတုံး ခင်ဗျာ''

''ကဲပါလေ . . . ထိုင်စမ်းပါဦး။ ခင်ဗျား သူရိယမှာရေးခဲ့တဲ့ သတင်းတွေ ထဲက ကျုပ်ဖြတ်ယူထားတဲ့ ဟောဒီသတင်းကလေးတွေကို တစ်ဆိတ် ဖတ်ကြည့် စမ်းပါ။ သူ့ချည်းတစ်ခုတည်း ဘယ်သတင်းနဲ့မှ အဆက်အစပ်မရှိဘဲ ထားရင် တော့ သာမန်ဖော်ပြနေကျ ပုံမှန်သတင်းကလေးတွေချည်းပါပဲ။

ဒါပေတဲ့ အဲဒီသတင်းတွေ အချင်းချင်းကိုရောမွှေပြီး တစ်ခုနဲ့တစ်ခု အဆက်အစပ် လုပ်ကြည့်လိုက်စမ်းပါ။ ခင်ဗျားလည်း ကျုပ်လိုပဲ စိတ်ထဲထင့်ခနဲ ခံစားလာရလိမ့်မယ်။ ခင်ဗျားဆိုတာကလည်း ခပ်ခေခေ သတင်းသမား ယောင်တီး ယောင်နငနဲ့မှ မဟုတ်တာကလား . . ဟုတ်စ''

ကိုပုကလေးက သူရိယသတင်းစာ၌ သူကိုယ်တိုင်ရေးသားခဲ့သည့် သတင်း များကို ပြန်ဖတ်နေရသည်။ ဖတ်နေရင်းက ထိုသတင်းများကို လိုက်ခဲ့စဉ် ကြုံခဲ့ဆုံခဲ့ ရပုံကလေးများကို တစိမ့်စိမ့် တရေးရေး သတိရနေမိ သေး၏။

''၁၉၂၈ ခု ရွေးကောက်ပွဲကြီး ပြီးကတည်းက မြန်မာနိုင်ငံအရေး၊ မြန်မာ လူမျိုးစုတွေရဲ့အရေးကို အဆုံးအဖြတ်ပြုမယ့် ဥပဒေပြု လွှတ်တော်ထဲမှာ တရုတ်၊

www.burmeseclassic.com



ကုလားအမတ်တွေ လွှမ်းလာ၊ ချယ်လှယ်လာကြတာကို ခင်ဗျားရေးထားတာ ဖတ်သဗျ။ စိတ်မျက်စိထဲ ကွင်းကွင်းကွက်ကွက် မြင်လာရတယ်။

ဗမာတစ်ပြည်လုံးရဲ့ စီးပွားရေးကလည်း သူတို့လက်ထဲမှာပဲ။ အလုပ်အကိုင်၊ ရာထူးဌာနနဲ့ရ ဟူသရွေ့ကလည်း သူတို့ပဲ ကြီးစိုးအုပ်စီးထားကြတာ။ အဘော်ကြီးကူလီကအစ လံချား၊ ဆိုက်ကားသမားအဆုံး သူတို့ချည်းပဲ။

ရန်ကုန်မြို့ကြီးကို . . . ကြည့်လေ . . . ကုလားဦးရေက ဗမာတိုင်းရင်းသားအစုစုရဲ့ နှစ်ဆလောက်ရှိနေတယ်။ ဒီတော့ ရန်ကုန်ဟာ မြန်မာမြို့လား၊ ကုလားမြို့လားလို့တောင် မေးချင်စရာပဲ။ ကဲ . . . ခင်ဗျားကြည့် . . .။

ဖရေဇာလမ်းက ညဈေးတန်းကိုတောင် 'ကာလကတ္တားဘဇား' တဲ့ဗျ။ ကုလားပိုင် လုပ်ပစ်လိုက်ကြပြီ။ စူရတီဈေးဆို ကုလားမဟုတ်ရင် မဝင်ရသလိုပဲ။ ကုလားတွေ ခေတ်ကောင်းနေလိုက်ကြပုံများ ခင်ဗျားရေးထားတာ တကယ်ထိတယ်။

ပြီးတော့ ဗမာတောင်သူလယ်သမားတွေ အရေးနဲ့ စပါးဈေး တွင်းဆုံးကျနေတဲ့ သတင်းလည်း လက်ရှိအခြေအနေကို ဘွင်းဘွင်းကြီး ဖွင့်ချနိုင်ခဲ့တာပဲ။

ဘာတဲ့ . . . ခင်ဗျားရေးထားတာ။ ကုန်သည်အချင်းချင်း၊ အင်္ဂလိပ်နဲ့ ချစ်တီးသူဌေးတွေအချင်းချင်း အရောင်းအဝယ်လုပ်နေတဲ့ စပါးဈေးက တင်း(၁၀၀)ကို (၁၀၅)ဖြစ်နေပေမယ့် တကယ့်လယ်သမားတွေက (၆၂ º)ပဲ ရလိုရ၊ (၅၅)ပဲ ပေးလို့ ပေးလုပ်နေကြတဲ့အတွက် လယ်စရိတ်တောင် မကြေနိုင်ဘဲ ဒုက္ခပင်လယ် ဝေနေကြရတယ်။

အင်းစိန်၊ သာယာဝတီ၊ လက်ပံတန်း၊ ဟင်္သာတ၊ ဖျာပုံ၊ ဒေးဒရဲဘက်တွေမှာ စားရမဲ့၊ သောက်ရမဲ့၊ လယ်မဲ့ယာမဲ့ ခရုဆံကျွတ်လယ်သမားတွေ အငတ်ဘေးဆိုက်နေကြပြီလို့ ရေးထားတာများ ကျုပ်ဖြင့် ဖတ်ရင်းနဲ့တောင် မျက်ရည်ထည့်လာတယ်။ ရင်ထဲ မကောင်းလွန်းလို့''

ထိုသတင်းများကို လိုက်ခဲ့စဉ် သတင်းရင်းမြစ်ရှိရာ လယ်ထဲယာထဲ ချောင်းကြိုမြောင်းကြား ရောက်ခဲ့ရစဉ်က ရှုးမတတ် သူကြေကွဲခံစား ခဲ့ရပုံများ

www.burmeseclassic.com



ကိုမှ ကိုပုကလေးက ပြန်မပြောချင်တော့ပေ။ တွေးကြည့်ရုံမျှနှင့် ရင်နာရင်နင့်ရ လွန်းလှသည်။

"အဲဒီအထဲ မြေပြူရာ ကင်းမှောင့်၊ ထမင်းနပ်မှန်စားဖို့တောင် အနိုင်နိုင် ဖြစ်နေရှာတဲ့ ဗမာတောင်သူလယ်သမားတွေကို လူခွန်၊ မြေခွန်၊ သဿမေခွန် သစ်တောခွန်၊ အိမ်ခွန်၊ တံဆိပ်ခေါင်းခွန်၊ ယစ်မျိုးခွန်၊ အမြွတ်တော်ခွန်၊ ထင်းခွန် ဆားခွန် ...ဟာ ...အခွန်မျိုးပေါင်း သောင်းခြောက်ထောင်ကို ကုန်းရုန်း ထမ်းခိုင်းနေလေတော့ နလံမထူနိုင်ကြ တော့ဘူးဗျ"

"ဟုတ်ပါတယ် ... ဆရာကြီး။ ဒီအထဲ ပြီးခဲ့တဲ့ မေလ ၂၆ ရက်နေ့က ရန်ကုန်မြို့မှာဖြစ်ခဲ့တဲ့ ကုလားဗမာ အဓိကရုဏ်းကြီးမှာ တိုင်းခြားသား ကုလား တွေရဲ့ ပကတိအတွင်းသရုပ်ကို ဝမ်းတွင်းပါအတိုင်း ကိုယ်တွေ့မျက်မြင် ဖြစ်ခဲ့ရ တာပဲမဟုတ်လား။

'ခွဲရေး' ကိုပဲ တစိုက်မတ်မတ် လှုံ့ဆော်ရပ်တည်ခဲ့တဲ့ ကျွန်တော်တို့ 'သူရိယသတင်းစာ'ကို ကုလားတွေ ညစ်တွန်းတွန်းပြီး မဲ့ခဲ့ကြတာလေ။ သတင်းစာ တိုက်တောင် တစ်စစီ ဖျက်ဆီးပစ်ဖို့ ကြံခဲ့ကြတာ။ ကံသီပေလို့"

"အဲဒါက တစ်နှစ်တစ်နှစ် လူခွန်၊ သဿမေခွန် (၉၆) သိန်းကျော် ထမ်းနေရလို့ မခံမရပ်နိုင် အုံကြွလာတော့မယ့် လူထုတွေရဲ့ ဒေါသကို တမင် တကာ ထမင်းရည်ပူလာလျှာလွှဲ လုပ်လိုက်တာပါဗျာ။ သဘော်ကြီးအလုပ်သမား တွေ သပိတ်က ကုလား–ဗမာအရေးနဲ့ ရောကြိတ်ပြီး လမ်းလွှဲပေးလိုက်တဲ့ အင်္ဂလိပ် ဉာဏ်ကြီးရှင်တွေရဲ့ နိုင်ငံရေးလုပ်ကြံမှုကြီး သက်သက်ပါ"

"အဲဒီကိစ္စကိုလည်း နိုင်ငံရေးလုပ်တဲ့နေရာမှာ အကြမ်းဖက်ပြီး တော်လှန် ပုန်ကန်လိုတဲ့စိတ် ပြင်းထန်လွန်းတဲ့ ဂျီစီဘီအေ ဦးစိုးသိန်းနဲ့ သာယာဝတီ မောင်မောင်တို့၊ ပြည်မောင်မောင်တို့ကပဲ ကြိုးကိုင်ဖန်တီးတော့သလိုလို လုပ်ပစ် လိုက်ကြပြန်တယ်။

ပုလိပ်မင်းကြီး ဝဲလ်ဘုန်းကိုယ်တိုင်က အဲဒါကို ဖြစ်နိုင်တယ်လို့ ယုံကြည် ကြောင်း ပြည်ထဲရေးဝန်ကြီးချုပ်ဆီ အစီရင်ခံခဲ့သတဲ့ခင်ဗျ။ ကိုတင်ထွဋ်နဲ့ မစ္စတာ တီကူးပါး ပြောတာဆိုတာတွေကို နားစွန်နားဖျား ကြားခဲ့ရဖူးတယ်"

www.burmeseclassic.com



"အဲဒါကြောင့် ကျုပ်က ဆရာကိုပုကလေးကို သာယာဝတီဖက်ကို မဖြစ်မနေ ဆင်းစေချင်တာပေါ့ဗျာ။ ကဲ ... ဟောဒီသတင်းတွေ ဖတ်ကြည့်ဦး"

ဦးဘဘောက သူရိယသတင်းစာ လေးငါးစောင်ကို ဖွတ်ကြီး ထိုးပေးလာ၍ ဖတ်ရပြန်သည်။ သူက မှင်နီကြီးဖြင့် ရဲဗလောင်းခတ်အောင် မျဉ်းတားထားသဖြင့် သူဖတ်စေချင်သော သတင်းတွေက တမင် ပြူးပြဲပြနေသလိုရှိ၏။

၁၂၉၀ ပြည့်၊ သီတင်းကျွတ်လဆုတ် (၆)ရက် (၄-၁၀-၂၈) နေ့ထုတ် သူရိယမှ 'နိုင်ငံ့ဦးဆောင် ၁၀၀-ကော်မတီ' ဖွဲ့စည်းသည့်သတင်း၊ (၅-၁၀-၂၈) နေ့ထုတ် သူရိယမှ ဦးချစ်လှိုင်နှင့် ၁၀၀-ကော်မတီပါ သံဃာတော်များ သဘောကွဲလွဲခြင်းသတင်း၊ (၁၉-၁၀-၂၈) ထုတ် သူရိယမှ 'နိုင်ငံလုံးဆိုင်ရာ ၁၀၀-ထက်မနည်း ပါဝင်သော စတုဒီသာကော်မတီ' အဖွဲ့ဝင်များ ဝန်ခံကျိန်ဆိုရမည့် သစ္စာစာတန်းသတင်း၊ (၁၂-၁၂-၂၈) နေ့ထုတ် သူရိယမှ ၁၀၀-ကော်မတီ အုပ်ချုပ်ရေးဆရာတော်ကြီးများ၏ တိုက်တွန်းနှိုးဆော် မေတ္တာရပ်ခံစာသတင်း၊ ၁၂၉၀ ပြည့်နှစ်၊ ပြာသိုလဆုတ် (၂)ရက်နေ့ထုတ် သူရိယမှ ၁၀၀-ကော်မတီကို သာမဂ္ဂီစစ် ဝံသာနုစစ်တို့က အသိအမှတ်မပြုကြရန် အထူးသတိပေး နှိုးဆော်စာ သတင်း၊ (၁၆-၂-၂၉) သူရိယမှ ၁၀၀-ကော်မတီ ဖျက်သိမ်းခြင်းသတင်း၊ သက်ပန်း ဆရာတော်ဘုရားကြီး ကြီးမှူးတော်မူသော သံဃာအဖွဲ့ချုပ်ကြီး၏ ဩဝါဒခံ 'မြန်မာပြည်လုံးဆိုင်ရာ မြန်မာအသင်းချုပ်ကြီး'၏ အလုပ်ဌာနကို ကြည့်မြင်တိုင်၊ ဘုရားလမ်း၊ တိုက်နံပါတ် (၆၇)တွင် ဖွင့်လှစ်ကြောင်း သတင်း ... စသည့် အကွဲအပြဲသတင်းတွေချည်းဖြစ်သည်။

"ဒီသတင်းတွေကရော ဘာဖြစ်ပြန်လို့တုံး ... ဆရာကြီး"

"ဘာဖြစ်ရဦးမလဲဗျ ... တို့ဗမာ သာကီမျိုးတွေပဲ။ အရေးဟဲ့ အကြောင်းဟဲ့ဆို ကိုယ့်ကုပ်ပေါ်ခွစီးထားတဲ့ တိုင်းခြားသား ငါ့တစ်ပါး အင်္ဂလိပ်၊ တရုတ်၊ ကုလားကို တစ်ချောင်းတည်းသောစိတ်နဲ့ ပေါင်းရုံးပြီး ညီညီညွတ်ညွတ် ချကြရမဲ့ ကိစ္စမျိုးမှာ အချင်းချင်း ဗိုလ်လုကြရင်း ကွဲကြပြဲကြ၊ ဗမာဗမာချင်း ဆော်ကြ ကလော်ကြတဲ့ ရက်စရာ့ကိစ္စကြီးတွေကို ခင်ဗျား သတိထားမိအောင်လို့ပေါ့။

ပြီးတော့ ခင်ဗျား အခု သတင်းလိုက်ရမဲ့ ဆာမောင်ကြီးနဲ့ သာယာဝတီ ဒါဘာပွဲကြီးကိစ္စမှာ ပြဿနာကို မီးမွှေးပေးနိုင်တဲ့ ဓမ္မစစ်လက်သည် တရားခံ

www.burmeseclassic.com



တွေက ကြည့်မြင်တိုင်၊ ဗားကရာလမ်းက ဦးစိုးသိန်းတို့ ဂျီစီဘီအေအဖွဲ့တွေပဲ ဖြစ်ဖို့များနေတာမို့လို့ဗျို့။ ကဲ ... တည့်တည့်ပြောတော့ ရိပ်မိပြီလား''

''ဗျာ ...''

''မဗျာနဲ့ ... ဆရာကိုပုကလေးရဲ့။ ဂျီစီဘီအေသင်းကြီး အခုလို အချင်းချင်း မကွဲမပြဲကြသေးဘဲ ခေတ်ကောင်းနေတုန်းက ဖွဲ့စည်းထားခဲ့တဲ့ အင်္ဂလိပ်အစိုးရကို အခွန်တော်မပေးရေး (ဘူးအသင်း)တွေ၊ ဝံသာနုအသင်းတွေ ရှိပါရောလား။

အဲ ... အခု သာယာဝတီ၊ အုတ်ဖို၊ လက်ပံတန်း၊ ဟင်္သာတ၊ ဖျာပုံ ဒေးဒရဲ၊ အင်းစိန်နဲ့ ပဲခူးနယ်ဘက်က ထက်ထက်မြက်မြက် 'ဘူးအသင်း'၊ 'ဝံသာနုအသင်း'ခေါင်းဆောင်တွေဟာ ဦးစိုးသိန်းတို့ရဲ့ ဗားကရာလမ်းက ဂျီစီဘီအေ အသင်းချုပ်ရုံးနဲ့ ဗဟန်းရေတာရှည်လမ်း၊ ခြံအမှတ် (၃၃)က 'တို့ဗမာအစည်းအရုံး'မှာ ဝင်ချီထွက်ချီ ခြေများနေကြတယ်လို့ ကျုပ် စောင့်ကြည့်နိုင်းထားတဲ့ သတင်းထောက်တစ်ယောက်က ပြောနေတယ်''

''ဟင် ... ဟို 'တို့ဗမာသီချင်း' ကြောင့် ခုတစ်လော နာမည်ကြီး ရေပန်းစားနေတဲ့ ဝိုင်အမ်ဘီအေကိုတင်နဲ့ ကိုဗသောင်းတို့ရဲ့ အဖွဲ့လား ဆရာကြီး''

''ဟုတ်လှချည့် ခင်ဗျာ။ (၁၈–၇–၃၀) ရက်နေ့ ညနေ(၅)နာရီက ရွှေတိဂုံကုန်းတော် အနောက်မြောက်ထောင့် ဦးစံထွန်း–ဒေါ်နှစ် ဇရပ်ကြီးမှာ ကျကျနန အခမ်းအနားနဲ့ကို (တို့ဗမာသီချင်း)ကို သီဆိုပြခဲ့ပြီး လူထုရဲ့ဘဝင်ကို ငြိစေခဲ့တဲ့ အာဃမီးခဲကလေးတွေပ ... ကိုပုကလေးရဲ့။

ဒီမှာ ... ကျုပ်ပြောမယ်။ ခင်ဗျား စောင့်လို့သာ ကြည့်နေပေတော့။ အဲဒီ လူငယ်ပညာတတ် 'သခင်'ခိုတဲ့ မီးခဲကလေးတွေဟာ အရှိန်နဲ့အဟုန်နဲ့ အားကောင်းလာပြီး အနာဂတ်ဗမာပြည်ရဲ့ လွတ်လပ်ရေးကြိုးပမ်းမှုကို မီးဟုန်းဟုန်း တောက်စေလိမ့်မယ်ဗျ။ မယုံမရှိနဲ့''

''နို့ ... သူတို့တွေနဲ့ ကျွန်တော် သာယာဝတီသွားရမယ့်အရေးက ဘယ်လို ...''

''ရော် ... ကိုပုကလေးက တယ်သတင်းစာသမား ပီသနေလိုက်တာ ပါကလား။ သတင်းနိုက်တဲ့နေရာမှာတော့ ပိတ်ပဲ။ ဒီလိုဗျို့ ... လာ ... လာ ...

www.burmeseclassic.com



အနားကို။ ကျုပ်ဆီကို တဆိတ်တိုးလာခဲ့။ သိပ် စကားကျယ်ကျယ်ပြောလို့ ဖြစ်သေးဘူးဗျ။ ကျုပ်လည်း သိပ်သေချာသေးတာ မဟုတ်ဘူးရယ်။ သို့ပေတဲ့ ဘောပိုင်းက ယုံကြည်စိတ်ချရလောက်တဲ့ ပုဂ္ဂိုလ်ဆီကတစ်ဆင့် လူလွှတ်ပြီး မြော်ခိုင်းလိုက်တာဆိုတော့ ခိုင်လုံသလောက်နီးနီးပဲ ... ကိုယ့်ဆရာရဲ့''

''ဟာ ... မထိတ်သာ၊ မလန့်သာရှိလိုက်ပ ... ဆရာကြီးရယ်။ ဘာတွေများတဲ့တုံး။ ဂြိုဟ်ကြီးကိုးလုံးပူးပြီး နေနဲ့လနဲ့ တစ်ပြိုင်တည်း ထွက်လာဦးမှာ တဲ့လား''

''အဲဒီထက် ဆိုးသေးသဗျို့''

''ဗျာ''

''ဟော ... 'ဗျာ'ပြန်ပြီ။ 'ဗျာ' မနေနဲ့ဗျို့။ ခင်ဗျားကို ကျုပ်သွားခိုင်းနေတဲ့ သာယာဝတီနယ်ဖက်မှာ လယ်သမားတွေက သိပ်မကြာခင် ရက်ပိုင်းအတွင်း သူပုန်ထကြတော့မလို့တဲ့ ... ကဲ''

''ဟောဗျာ ... ဟောဗျာ''

''သာယာဝတီ၊ ဥက္ကံ၊ သုံးဆယ်၊ ထိန်တော၊ မိုးညိုဖက်က နင်းပြား ဘောင်သူလယ်သမားတွေ အားလုံးနီးပါး အလုံးအရင်းနဲ့ အုံကြွပြီး ပါလာကြ တော့မယ်။ ဆရာဦးစံကျော်ဆိုတဲ့ အာယုဗ္ဗေဒ မြန်မာဆေးဆရာတစ်ဦးက လျှို့ဝှက် စည်းရုံးပြီး စီမံနေတာတဲ့ဗျ''

''ဦးစံကျော်ဆိုတာက ဦးစိုးသိမ်းတို့ရဲ့ ဂျီစီဘီအေအကနေ လူခွန်၊ သဿမေဓ အခွန်တော်တွေကြောင့် လူထုတွေဖွတ်ကျောပြာစု ချွတ်ခြုံကျနေရပုံနဲ့ အခွန်တော် ကောက်တဲ့ ရွာခေါင်းတွေ၊ သူကြီးတွေ၊ အရေးပိုင်တွေ၊ မြို့အုပ်တွေက ပုလိပ် အားကိုး၊ ကုလားစစ်ဗာရီတွေ အားကိုးပြီး ထင်သလို မင်းမူအနိုင်ကျင့်၊ နည်း အမျိုးမျိုး နှိပ်စက်နေကြပုံတွေကို ခရိုင် (၈) ခရိုင်အထိ ကျယ်ကျယ်ပြန့်ပြန့် ကွင်းဆင်း လေ့လာပြီး စာတွဲပေါင်း(၁၇၀)၊ စာမျက်နှာ (၃၀၀)ကျော်ရှိတဲ့ လူထုတွေရဲ့ ခံစားချက် အစီရင်ခံစာကို ဂျီ–စီ–ဘီ–အေ ကောင်စီချုပ်ကို တင်ပြခဲ့တဲ့ 'ဆရာစံ' ဆိုတာပဲလား ဆရာကြီး။ 'လက္ခဏာဖေဆေးကျမ်း' ကို မော်လမြိုင် 'တိုင်းလုံး မိတ်ဆွေ' ပုံနှိပ်တိုက်က ထုတ်ဝေခဲ့ဖူးသေးတယ်လေ။ သူပဲလား ဆရာကြီး''

www.burmeseclassic.com



''ဟုတ်ပ . . . ဟုတ်ပ။ သူကိုယ်တိုင်က ဦးစိုးသိန်း ဂျီစီဘီအေရဲ့ အလယ်အမှုဆောင် အဖွဲ့ဝင်တစ်ယောက်ပေပဲကိုး''

''ဘယ့်နှယ် . . . ဆေးဆရာက ဦးစီးပြီး သူပုန်ထရဦးမယ်လို့။ မကြကောင်း မစည်ရာ။ တောပုန်းကြီး စံဖဲတို့၊ ဗန္ဓကရသေ့တို့၊ မင်းလောင်းမောင်သတို့လို ဖြတ်လမ်းက နာမည်ကြီးအောင် 'ဥံဖွ' တွေနဲ့ ထွင်ကြပြန်တာလား . . . ဆရာကြီးရယ်''

''အဲဒီလိုတော့လည်း မျက်စိမှိတ်ပြီး ယိုးစွပ်လို့မရပြန်ဘူး . . . ကိုပုကလေးရဲ့။ ကျုပ်ကို သတင်းပေးတဲ့ ပုဂ္ဂိုလ်ရဲ့စာအရတော့ တိုက်ခိုက်ရေးတပ်ချည်း ၃-၄ ထောင်ရှိပြီး နောက်က ရိက္ခာထောက်မယ့် အရံတပ်ကကိုးထောင်၊ တစ်သောင်းရှိသတဲ့ဗျ။ ဓားရေး၊ လှံရေး၊ ဗန်တိုဗန်ရှည်၊ လက်ဝှေ့နပန်းစတဲ့ တိုက်ခိုက်ရေးပညာ၊ ကိုယ်လုံပညာတွေကိုတောင် ကျကျနန လေ့ကျင့်ထားပြီးကြပတဲ့''

''အလိုလေးဗျာ . . . ကြောက်စရာကြီးပါလား''

''ပြီးပြီးရော ဆင်ကန်းတောတိုး ထလုပ်ကြမယ့် ပုံမျိုးမဟုတ်ဘူးတဲ့ဗျ။ သူတို့သူပုန်တပ်ဖွဲ့ကို ဝင်ဖို့ကိုတောင် အတန်တန်စီစစ် ရွေးချယ်ပြီးမှ ဝင်ခွင့်ရကြတာတဲ့။ ရှေးက ဗမာမင်းတပ်တွေလို သစ္စာရေသောက်၊ ဆေးတော်မှတ်ပြီး ရာထူးအဆင့်ဆင့်၊ ဘွဲ့မည်ရည်နဲ့တဲ့ကွ စနစ်တကျ ဖွဲ့ထားတာတဲ့။

ဘယ်လောက်သိပ်သည်း စနစ်ကျလိုက်သလဲဆိုရင် 'ဝဲလ်ဘုန်း' တို့ ပုလိပ်ဖက်ကရော၊ 'ဘုကရေဗလီ'တို့ 'ဆွီသီဘင့်' အုပ်ချုပ်ရေးဖက်ကရော သဲ့သဲ့ကလေးတောင် မဥပါဒ်မိကြသေးဘူးတဲ့ဗျ။ ဒါကြောင့် ဘုရင်ခံကြီး 'ဆာချားလ် အင်းနစ်' တစ်ယောက် ဆာမောင်ကြီးကို တိုင်းပြည်ခဏ ထိုးအပ်ပြီး စိတ်အေးလက်အေး အင်္ဂလန်ကို ခဏပြန်သွားရဲတာပေါ့ . . . ဟုတ်စ''

''ရှိ . . . တယ်လုပ်လိုက်ပါလားခင်ဗျား . . . ဘယ်လို သူပုန်မျိုးပါလိမ့်''

''ဂဠုန်သူပုန်တဲ့ . . . ကိုယ့်ဆရာရေ့ . . . ကိုင်း''

''ဩော် . . . ဂဠုန်သူပုန်တဲ့လား''

❀ ❀ ❀

www.burmeseclassic.com

# [၃]

❑

"ဂျူနိုသူပုန် ...တဲ့။ အဲသလိုများ ပြောလိုက်မိလေသလား ...ဆိုင်သေး"

သူ၏ သက်တမ်းတစ်လျှောက်တွင် ထူးထူးဆန်းဆန်း ဖြစ်ရပ်များကို တွေ့ဖူးကြုံဖူးပေါင်း များလှလေပြီဖြစ်သည့်တိုင် ယခု သူ နားနှင့်ဆတ်ဆတ် ကြားဆိုက်ရသည့် စကားမှာ အံ့သြဖွယ်ကောင်းရုံမျှ သက်သက်မဟုတ်။ အသည်းတုန်အတုန် ဖြစ်ချင်စရာလည်း ကောင်းလွန်းလှသည်။ ကြံကြီးစည်ရာကိစ္စလည်း ဖြစ်သည်။ ထို့အပြင် ရှေ့ရှေ့အကျိုးဆက်ကို မျှော်၍ တွေးကြည့်လိုက်တိုင်း ကြက်သီးတဖျဉ်းဖျဉ်း ထချင့်စဖွယ်ကြီးလည်း ဖြစ်နေတော့သည်။

မစ္စတာဆင်းအိုဖာအိုလိန်းသည် ကြားရသည့်သတင်းကို မယုံကြည်နိုင်ဖွယ် အံ့သြမှင်သက်နေရုံမျှမက စိတ်တွေလည်း အုံ့မှိုင်းရှုပ်ထွေး လေးလံ၍သွား၏။

"သုပဏ္ဏက ဂျူနရာဇာ 'ဂျူနိုမင်း' ရဲ့ တော်လှန်ရေးတပ်တွေတဲ့ချို။ ကြားရချက်တွေကဖြင့် မြင်းမိုရ်တောင်ကို ဖိုးစေ့နဲ့ပေါက်လေသကောရယ်လို့

www.burmeseclassic.com



ပဲ ဟားတိုက်ရယ်မောပစ်လိုက်ရမလား။ အုတ်နံရံကို ကြက်ဥနဲ့ထုသလိုပဲ မထေ
တထေ့ပြုံး တမဲ့မဲ့ လုပ်ရတော့မလား။ တိုက်ရင်းနဲ့သေကာမှ သေစေတော့
ငုတ်တုတ်ပစ်ခတ်ရင်းနဲ့တော့ အသေမခံနိုင်ဘူးဟော့ဆိုပြီး ခွေးရူးချောင်ပိတ် အရိုက်
ခံရလို့ ပြန်ကိုက်မယ့်ပုံမျိုး။ သူတို့စိတ်ရင်း၊ သဘောရင်းတွေကိုပဲ ချီးမွမ်းရတော့
မလား။ ကျုပ်လည်း မသေချာချင်တော့ဘူး အိုင်ဆေးရေ။ နို့ပေတဲ့ သူပုန်ထဖြစ်
ကြဖို့ကတော့ သေချာသလောက်ပဲတဲ့ဗျ''

''ရှော့ . . . အဲဒီအိတ်ထဲမယ် သာယာဝတီ ဆင်ခြေဖုံးက ရပ်ကွက်ကလေး
တွေ၊ သုံးဆယ်ချောင်းဖျားက ရွာသိမ်ရွာမွှားကလေးတွေနဲ့ 'ငွေးချောင်းဂင်
တစ်ပိုက်က ရွာတွေဖက်ဆီကို ကျုပ်ကောင်ကလေးတွေ မွှေဟဲ့နှောက်ဟဲ့၊ ဖွလို့
လှန်လို့ရခဲ့သမျှ သတင်းအစအနတွေပဲ။

သဲလွန်စကွင်းဆက်တွေနဲ့ ဆုပ်ဆုပ်ကိုင်ကိုင်၊ ခိုင်ခိုင်မာမာ သက်သေခံ
အထောက်အထားတွေကို ဆက်စပ်ကြည့်လိုက်တဲ့အခါ . . . ဟင်း . . . ကြောက်
စရာ၊ ကြက်သီးထစရာ အရေးအခင်းကြီးတစ်ခုဟာ မလွဲမသွေ ရှောင်မလွတ်
ပြေးမလွတ် တွေ့တွေ့တင်တင် ကြုံကို ကြုံလာရတော့မယ်ဆိုတာဟာ မြေကြီး
လက်ခတ်မလွဲပဲဗျ။ သေချာသလောက်ပဲ။ သကြားမင်းက နကင်းကြီးနဲ့အမွှ ဆင်း
တားရင်တောင်မှ တားလို့ရနိုင်မယ် မထင်တော့ဘူး''

ဖရင့်အိုကွန်နာက တောက်လျှောက်ကြီး ပြောချလိုက်ပြီး သူစုဆောင်း
ရရှိသည့် သတင်း၊ သဲလွန်စ၊ အထောက်အထားများစုထည့်ထားသည့် စာအိတ်
အဝါကြီးကို ဗုန်းခနဲ ပစ်ချပေးလိုက်သည်။

အမ်အိုင်– ၅၊ အမ်အိုင်– ၆စသည့် တကယ့်အထူးတပ်ဖွဲ့များနှင့် အတူ
တွဲလျက် အပွဲပွဲနွှဲလာခဲ့ဖူးပြီဖြစ်သည့် အိုင်းရင်းသွေးနွှယ်သူ အိုကွန်နာ သည်လူ
လူပန်းက ပျော်ချင်နွှဲ့သလောက် စိတ်ဓာတ်မာကျောလွန်းသူ ဖြစ်သည်။ တစ်ရံတစ်ခါ
စိတ်ကြမ်းကိုယ်ကြမ်းဟုပင် သမုတ်ချင်လောက်အောင် ထထလုပ်ပစ်တတ်သည်။

နဂိုကပင် ပြာလဲ့တောက်ပပြီး စူးရှသည့် သူ့မျက်ဝန်း၌ စိတ်အား
ထက်သန်မှု အရောင်အရိပ်တို့ တဖိတ်ဖိတ်၊ တလက်လက်။ သို့နှင့်တိုင် နွမ်းကြေ
ညစ်ပေနေသည့် သူ့အဝတ်အစားများနှင့် မရိတ်မသိမ်းဘဲထားထားသည့် နှုတ်ခမ်း
မွေး၊ မုတ်ဆိတ်၊ ပါးမြိုင်းမွေးငုတ်စိ ထိုးထိုးထောင်ထောင်များ၊ အတန်နွမ်းလျ

www.burmeseclassic.com



သည့် မျက်နှာနေ၊ ချောင်ကျနေသည့် မေးရိုးနှင့် အိပ်ရေးမဝဟန် မျက်စိမျက်ဖန် နီကြန့်ကြန့်များကသည် သုံးလေးရက်အတွင်း နေ့မအိပ်၊ ညမအိပ် ကြိုတ်၍ အားကြိုးခန်း လှုပ်ရှားခဲ့ရမှန်း သိသာလွန်းနေသည်။

သူ့အမြဲပြောလေ့ရှိသည့်အတိုင်း စုံစမ်းထောက်လှမ်းမှု မှန်သမျှတွင် အားအနည်းဆုံးပျော့ကွက်မှ စတင်ရမည်ဟူသောနည်းကို လက်တွေ့ အသုံးချခဲ့သည့်တိုင် ထင်ထားသလောက် ခရီးပေါက်ခဲ့ပုံဖြင့် မရချေ။

"ဘာလဲဗျ . . . ဆာအာသာကိုနင်ဒွိုင်းလ်ရဲ့ ရှားလော့ဟုမ်းကြီးရဲ့ နည်းပဲလား။ ဒီရက်ပိုင်း ရန်ကုန်၊ မဂိုလမ်းဖက်က ကုလားလူမိုက် မဆီဒီခန်၊ ဒီလာခန်၊ မဂျစ်ခန်တို့ အုပ်စုတွေရယ်၊ ရေကျော် ပုသိမ်ညွှန့်စက်ဆန်းဘက်က ကြက်ကျားတို့ ကုလားအုပ်ရယ်၊ လမ်း ၄၀ က နဂျစ်နဲ့ အာရတ်တို့အဖွဲ့တွေရယ်ကို သာယာဝတီတစ်ဝိုက်မယ် ရှောင်မလွှတ်အောင် တွေ့နေရတယ်လို့ ကျုပ်တို့ စုံထောက်ဘက်ကပြောတော့ အပြောကြသား။

ကျုပ်က ဘုရင်ခံရဲ့ ဒါဘာပွဲကြီးအတွက် လူမိုက်တွေ နယ်ခံထိပ်သီးတွေနဲ့ ညှိပြီး နေရာဦး၊ ဖျာလာခင်းကြတယ်ပဲ မှတ်တာ။ လမ်းမတော် ဗိုးတုတ်ရဲ့တပည့် ပုဏ္ဏားသိန်းမောင်ရယ်၊ သံဈေးက ပုဏ္ဏားဘထွန်းရဲ့ လက်ရင်း တလိုင်းကလေး ကျော်သင်းရယ်ကိုပါ တွေ့လိုက်မိသေးတယ်ဆိုလို့ ကျုပ်က ကျုပ်အတွေးနဲ့ကျုပ် ခပ်ပေါ့ပေါ့ ခပ်အေးအေး နေလိုက်မိတာ။

ရာဇဝတ်ဝန်ကြီး မစ္စတာရေးနီးကိုတောင် 'လူမိုက်အဖွဲ့တွေ သိပ်စုံလာရင် ဒါဘာပွဲကြီးမှာ အချင်းချင်းသတ်ကြဖြတ်ကြတဲ့ စာရင်းရှင်းပွဲတွေ ဖြစ်လာနိုင်တယ်။ နယ်ခံထိပ်သီးတွေကို ခြေချုပ်နဲ့ ခဏထိန်းထားရင် ကောင်းမယ်' လို့တောင် သတိပေးခဲ့မိလိုက်သေးသဗျ။ လက်စသတ်တော့ ကိုယ့်လူရဲ့ လက်စခြေစတွေကိုး။ ဒါကြောင့် . . . ကျုပ်က . . .

'ဟဲ့ . . . ငြိမ်လှချည်လား' လို့တောင် အောက်မေ့နေမိသေးတာ"

"ငန်းရိုင်းကို ဖမ်းချင်ရင် မြင်းရိုင်းနဲ့ကွယ်ပြီး လိုက်တတ်ရမယ်ဆိုတာကိုး . . . အိုင်ဆေးရဲ့။ ကဲ . . . လုပ်ပါဦး။ အဲဒါတွေကို ကြည့်ပြုပြီး ထင်မြင်ချက်ကလေးများလည်း ပေးစမ်းပါဦး"

အကြိတ်အနယ် လုပ်စတမ်းဟေ့ဆိုလျှင် အစားအသောက်ကိုပင် တစ်ချက်ကလေးမျှ လှည့်မကြည့်တတ်ဘဲ ဖွဲခတ်ဖွဲကြီးတတ်ခြင်းမှာ ဖရင့်အိုကွန်နာ၏

www.burmeseclassic.com



ထူးခြားသော စရိုက်ဓလေ့တစ်ခုဖြစ်သည်။ တစ်ခါတစ်ခါ အားကိုအလွန်အကျွံ အားကိုးအားထားပြုလေ့ရှိတတ်ရာ ယခုလည်း စားပွဲပေါ်၌ အသင့်ပြင်ထားပြီးဖြစ် နေသည့် နံနက်စာကို တို့၍မျှပင် မကြည့်ပေ။

''ဘာလဲဗျ ... ခင်ဗျားဥစ္စာ။ 'သုပဏ္ဏက ဂဠုန်ရာဇာ' ဆိုတာ။ ဘာ အဓိပ္ပာယ်ကြီးတုံး။ ဟောဒီအရှေ့ပိုင်းနိုင်ငံတွေ အထဲမှာ အိန္ဒိယရယ်၊ တရုတ်ရယ်၊ ဒီမြန်မာနိုင်ငံရယ်လောက် ထွေထွေရာရာ 'ဂမ္ဘီရသိပ္ပံ'တွေနဲ့ 'ပရလောက'ဖြစ်ရပ် ဆန်းတွေ ပေါ်များလှတာ ရှိမထင်တော့ဘူး။ လင်းစမ်းပါဦးဗျ။ ခင်ဗျားရဲ့ 'သုပဏ္ဏက ဂဠုန်ရာဇာ' ဆိုတာကြီးက ဘာတဲ့တုံး''

''လက်ပံပင်ပေါ်က ဂဠုန်ငှက်မင်းတဲ့ အိုင်ဆေးရေ့။ 'သုပဏ္ဏက' ဆိုတဲ့ ပုဒ်က 'လက်ပံပင်'ကို ဟောတယ်။ 'ဂဠုန်'က ဂဠုန်ငှက်ပေါ့။ ရာဇာဆိုတာက တော့ မင်းပေါ့ဗျာ။ ဂဠုန်ငှက်ဆိုတာရော သိရဲ့လား။ ဗမာလူမျိုးတွေရဲ့ ဒဏ္ဍာရီ ထဲက ငှက်တစ်မျိုးလို့ပဲ မှတ်လိုက်ဗျာ။ နဂါးမျိုးရဲ့ ရန်သူ၊ နဂါးကို နိုင်သတဲ့။ 'The mythical King Of Birds, also the enemy of Dragon' ပေါ့ ... အိုင်ဆေးရဲ့''

"OH!God. ... တကယ့် ရှာရှာဖွေဖွေတွေနဲ့တော့ ကြုံနေရပြန်ပြီဗျို့။ အဲဒီဂဠုန်နဲ့ သာယာဝတီဘက်က လျှို့ဝှက်သူပုန်ဂိုဏ်းနဲ့က ဘယ်လိုကဘယ်လို ဆက်နေရပြန်တာတုံး''

''ခင်ဗျားရဲ့မှတ်ဉာဏ်ကလည်း ပေါ်လိုက်ပျောက်လိုက် ထင်ပါရဲ့ဗျာ။ ကျုပ်တို့ပြည်မြို့မှာ 'မီးအိမ်ခုနစ်လုံး စံအိမ်ကြီး'ကိုသွားပြီး 'ဂမ္ဘီရကံကောင်း'ဆိုတဲ့ နဲ့ဆီမှာ ဂဠုန်သူပုန်တွေရဲ့အလံပေါ်က အမှတ်သင်္ကေတတွေရဲ့ အဓိပ္ပာယ်ကို သွားမေးခဲ့ကြတာကိုရော မှတ်မိသေးရဲ့လား။

ဇရာမစံအိမ်ကြီးထဲမှာ တစ်ညလုံးလုံး ရှိနေခဲ့ကြပြီးမှ သူကျွေးတဲ့ ပိန်းရိုင်းဥတွေ တစ်ဝတစ်ပြဲစားပြီး အိပ်ပျော်သွားလိုက်ကြတာ၊ အိပ်ရာကလည်း နိုးရော ... ဟော ... သချိုင်းဂူအကြီးကြီး တစ်ခုနံဘေးမှာ အချောင်းသားရောက် နေခဲ့ကြတာလေ။ ကဲ ... မှတ်မိပလား''

''ဩ ... ဟုတ်ပြီ ... ဟုတ်ပြီ။ အဲဒီတုန်းက ဦးနေရဟန်ဆိုတဲ့ ဟို ထူးထူးဆန်းဆန်းလူကြီး ရှင်းပြခဲ့ဖူးတဲ့ အဲဒီအလံနဲ့ ဒီဂဠုန်သူပုန်တွေက တစ်ဆက် တည်းကိုး။ အဲဒီလိုလား ...''



www.burmeseclassic.com

www.burmeseclassic.com



"ရေးတေးတေးတော့ ဟုတ်ချင်ချင်ရှိလာပြီဗျို့။ အဲဒီဖားရွှေကျော်သူကြီး သူလာတဲ့သတင်းထဲမှာ အင်း၊ အိုင်၊ ခလှဲ့၊ လက်ဖွဲ့တွေ၊ ဆေးဝါးတွေ စီရင်ထားတဲ့ ဆေးရှာတွေက ဘာမှန်းမသိသေးတဲ့ ပုဂ္ဂိုလ်တွေဆိုတာ ဟောဒီကျုပ်တို့ 'ဂမ္ဘီရ' တွေဖြစ်ဖို့ များနေသဗျ။

သူတို့တွေ ကာလတော်တော်ကြာ စုံစမ်းသိခဲ့ရသမျှတော့ အဲဒီ 'ဂမ္ဘီရ အဖွဲ့'တွေ စုနေတာ နှစ်ချီပြီးတောင် ကြာနေခဲ့ကြပြီကော။ 'ဘူးအသင်း' တွေ 'ဝိသာနုအသင်း'တွေကို အမာခံထားပြီး ဖွဲ့တာတဲ့ဗျ။ ဒီ နောက်ပိုင်း 'တို့ဗမာ သခင်'ဆိုတဲ့ ပညာတတ်လူငယ်တွေနဲ့တောင် ဆက်ထားကြပတဲ့။

အဲဒီလောက်ဖြစ်နေတာကိုတောင် လေသံသဲ့သဲ့ တစ်ချက်ကလေး ထွက်မလာခဲ့ဘူး။ မသင်္ကာစရာ လှုပ်လှုပ်ခတ်ခတ် အမှုအခင်း မရှိခဲ့ဘူးဆိုတော့ ကျုပ်တို့ ပုလိပ်ဘက်၊ စုံထောက်ဘက်ကပဲ ခပ်ချာချာ ချာတူးလန်ပြီး ညံ့တာလား။ သူတို့တွေကပဲ အရေးကြီးလို့သွေးနီး၊ အရေးကြုံလို့ သွေးဆုံကုန်ကြပြီလေသလား။ ဘုရားသခင်မှ သိနိုင်တော့မှာပဲ"

"ဟော့ ... ဟော့ ... အိုင်ဆေး။ ခင်ဗျားသုံးထားတဲ့ ရန်ကုန် ကုလား လူမိုက်တွေက မေလကုန်ကဖြစ်ခဲ့တဲ့ ကုလား–ဗမာအရေး ရန်ငြိုးရန်စတွေကြောင့် 'သခင်အားရ ကျွန်ပါးဝ' မဟုတ်တရုတ်၊ ဗရုတ်သုက္ခ သတင်းတွေနဲ့ အဆင်း ဘီးတပ်ပြီး ချောက်ချနေဦးမနော။ အဲဒါကိုလည်း တဆိတ် သတိထားဦး"

"လူဆိုးလူမိုက်ပဲဖြစ်ဖြစ်၊ သူပုန်သူကန်ပဲဖြစ်ဖြစ် ဗမာပြည်မှာနေနေ၊ အင်္ဂလန်မှာနေနေ ဥပဒေမဲ့ အလုပ်လုပ်ရတဲ့သူတွေရဲ့စရိုက်၊ သဘာဝ၊ ဓလေ့တွေက သိပ်မခြားနားတတ်လှပါဘူး ... အိုင်ဆေးရဲ့။ အဲ ... သူတို့တစ်တွေမှာ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ် အခြေခံကလေးတွေ ပါလာပြီဆိုရင်တော့ ပိုပြီးသိပ်သည်း ပိုပြီးကျစ်လစ်၊ ပိုပြီးကြံ့ခိုင်၊ ပိုပြီး သိမ်မွေ့သွားတတ်တာမျိုး ဖြစ်ချင်ဖြစ်တတ် ရဲ့။ အဲဒီတစ်ချက်ကိုတော့ သတိရှိရသပေါ့။

အခု ကျုပ်တို့တွေ့နေရတဲ့ 'ဂမ္ဘီရသူပုန်' ဆိုတဲ့ မောင်တွေဟာ အလေ နတ်တော သူခိုးဓားပြသာသာ အဖွဲ့သက်သက်၊ ပေါက်ပန်းဈေး သူပုန်ထတမ်း ကစားမယ့် အရူးဈေးပန်းအဖွဲ့မျိုး မဟုတ်တာဖြင့် သေချာတယ်ဗျ။ ခင်ဗျားနဲ့ ကျုပ်တို့ ကံတူအကျိုးပေးဖြစ်ပြီး အင်္ဂလန်မြေက ခွာပြေးလာခဲ့ရတဲ့ ကျုပ်တို့



www.burmeseclassic.com

www.burmeseclassic.com



'အိုင်းရစ်သူပုန်' 'အိုင်းရစ်မျိုးချစ်' တော်လှန်ရေးအင်အားစုတွေမျိုးများ ဖြစ်နေလေမလားလို့ ကျုပ်တော့ စိုးရိမ်နေမိတယ်။

အဆင်အသွေးနဲ့ အရိပ်နိမိတ်တွေက တိုက်တိုက်ဆိုင်ဆိုင် တော်တော်ကြီးကို တူညီနေသဗျ။ အဲသလို 'အိုင်းရစ်သူပုန်' မျိုးများ ဖြစ်ခဲ့မယ်ဆိုရင်တော့ ဒီမိုးက တော်တော်နဲ့ မငြိမ်းဘူးဗျို့။ တစ်ပြည်လုံးကို ကူးစက်ပြီး ကာလမကြာခင် တဟုန်းဟုန်း တောက်လာလိမ့်မယ်''

''နေပါဦးလေ ... ခင်ဗျားပြောတော့မှပဲ ကျုပ် မျက်စိကျယ်လာရပြီဗျ။ ခင်ဗျားဟာတွေကို သေသေချာချာ ကြည့်စမ်းပါရစေဦး''

''ကြည့်ပါဗျာ ... ကြည့်ပါ။ အဲဒီမှာ သတင်းအမျိုးအစားအလိုက် သတင်းပေးရဲ့ ယုံကြည်စိတ်ချရမှုအလိုက် စနစ်တကျ ဦးစားပေး အဆင့်ခွဲပြီး စုထားပေးပါတယ်။ သတင်းအရည်အသွေး အကောင်းဆုံး၊ အသေချာဆုံးတွေအတွက် 'Case File' တွေလည်း ပြည့်စုံအောင် တွဲပေးထားပါတယ်။

ခင်ဗျား သတိပေးသလို ကုလားလူမိုက်အုပ်စုရဲ့ တစ်ဖက်စောင်း သတင်းမျိုးတွေကို မဲတင်းပေးနိုင်အောင်လည်း ဖိုးတုတ်တို့၊ ဘထွန်းတို့လို ကုလားမုန်းတဲ့ ရဲရဲတောက်ဗမာလူမိုက်တွေက တစ်ဆင့်ချိတ်ပြီး ဂျပိုးတွေကို ရှာသိမ်းရှာမှုး ကြိုကြိုကြားကြားကလေးတွေအထိ သတင်းစုခိုင်းထားခဲ့ပါရဲ့''

''ခင်ဗျားဟာက ကိုယ့်ဖဲကိုယ်ချိုးပြီး ကိုယ့်ဘာသာဝေသလို ဖြစ်မနေပေဘူးလား''

''လမ်းကိုပဲကြည့်ဗျ ... ဒီလမ်းကို ဘယ်သူဖောက်သလဲအထိ မီးခိုးမဆုံး မိုးမဆုံး လျှောက်မလိုက်နဲ့။ ခရီးမတွင်ဘဲ ဖြစ်သွားလိမ့်မယ်။ ရေးရေးမြင်နေရတဲ့ လမ်းတောင်မှ ပျောက်သွားတတ်တယ်''

မေးရိုးလေးထောင့်၊ ကုပ်ပိုးအစ်အစ်၊ ပခုံးတောင့်တောင့်၊ မုတ်ဆိတ်နှုတ်ခမ်းမွေး တိုစစနှင့် စကားခပ်ဖွာဖွာ၊ လေသံလေပေါက် အတန်ထွားထွား ဆင်းအိုဖာအိုလီနီးသည် ခပ်ထူထူ၊ ခပ်ထိုင်းထိုင်းဟန် သူ့ပုံပန်းသဏ္ဍာန်နှင့် ဗီလာဆန်ကျင်စွာ သွက်သွက်လက်လက်လှုပ်ရှားစပြုလာ၏။ သားကောင် အနံ့ကိုရသည့်အမဲလိုက်ခွေးကြီးတစ်ကောင်ပမာ ဂနာမငြိမ်နိုင်အောင် ဖြစ်လာသည်။

အိုကွန်နာယူလာသည့် စာအိတ်ဝါကြီးထဲမှစာတွဲများ၊ ဓာတ်ပုံတချို့၊ စစ်ဆေးချက်မှတ်တမ်းများ၊ ပုလိပ်အမှုတွဲပေါင်းများ၊ 'ဝံသာနု အသင်း'၊ 'ဘုံအသင်း'

www.burmeseclassic.com



များ၏ အသင်းဝင်အမည်စာရင်းများ၊ ဆားပုလင်း (နယ်ထိန်း)ပုလိပ်တို့၏ အစီရင်ခံစာများ၊ ယခုရက်ပိုင်းအတွင်း မြို့မဂ်ဂါတ်တဲမှ စုံစမ်းစစ်ဆေးလျက်ရှိသည့် ထူးခြားသည့် အမှုတွဲများကို တကုပ်ကုပ် ဖတ်လျက်ရှိသည်။ တချို့အချက်အလက်များကို ရေးမှတ်လျက်ရှိ၏။ တချို့ စာရွက်စာတမ်းများကိုမူ သီးခြားခွဲ၍ထားသည်။

ထိုသို့ပြုလျက်ရှိရာမှ ရုံးသုံးသံမဏိဗီရိုကြီးအတွင်းရှိ မြေတိုင်း၌ာနသုံး မြေပုံကြီးတစ်ချပ်ကို ထုတ်ယူလာခဲ့ကာ ပါလစ်ရောင်ပြောင်လက်နေသည့် ကျွန်းသားစားပွဲကြီးပေါ်၌ ဖြန့်လိုက်လျက် မြေပုံပေါ်တွင် ကြေးဝါဟာသံရုပ် အလေးကလေးများကို ဖိတုံးသဖွယ်ဖိရင်း၊ တစ်ချီတစ်ချီတွင် သူ့ပယင်းဆေးတံအိုးဖြင့် အချို့နေရာများကို ထောက်၍ထောက်၍ စိတ်ဝင်တစား ကြည့်ရှုလျက်ရှိနေ၏။

"အိုင်ဆေးရေ ... တော်တော် စိတ်ဝင်စားစရာကောင်းတဲ့ အချက်ကလေးတွေကို တွေ့နေရပြီဗျ။ ဟောဒီ ပထဝီအနေအထားကလေးတွေကို တဆိတ်ဂရုထားကြည့်လိုက်စမ်းပါ။ ဒီအချက်ဟာ တော်တော်အရေးကြီးလာနိုင်တယ်မျို့"

"မြေပုံကိုကြည့်လိုက်၊ ဟောဒီစတုရန်းပုံ မည်းမည်းတွေဟာ ဂျွန်သူပုန်တွေရဲ့ ခေါင်းဆောင်နဲ့ သူ့အဖွဲ့တွေ အခြေချနေခဲ့ဖူးကြတာကို တွေ့ခဲ့ဖူးတဲ့ နေရာတွေပဲဗျ။ ကျုပ် ပင်အပ်အနီကလေးတွေ တစ်ချောင်းစီ စိုက်ထားလိုက်မယ်။

ဟောကြည့် ... အင်းရွာတဲ့ဗျ။ ရန်ကုန်၊ သာယာဝတီ၊ လက်ပံတန်းရထားလမ်းဘေးက လက်ပံတန်းဘက်ကိုနီးတဲ့ ရွာကြီးပဲ။ အဲဒီ အင်းရွာနားကဘုန်းကြီးကျောင်းမှာ ဂျွန်ခေါင်းဆောင်က အကြာကြီးနေခဲ့ဖူးသတဲ့ဗျ။ ကြည့်ရတာ အဲဒီဘုန်းကြီးကျောင်းဟာ ဒီပုန်ကန်မှုရဲ့ အခြေခံစခန်း ဖြစ်ပုံရတယ်။

ပြီးတော့ ဒီမှာကြည့် ... ငဖြူကလေး၊ လှူစမ်း၊ ခနုတ်စု၊ ကရင်စုဘိုကြီးကုန်း၊ လိပ်အင်းတဲ့။ ရန်ကုန်ဘက်ကိုနီးတဲ့ မီးရထားလမ်းတစ်လျှောက်ကရွာကလေးတွေ။ အဲ ... အဲဒီမှာ ဂျွန်တွေရဲ့ လှုပ်ရှားမှုကို တွေ့တယ်။ သူတို့အဓိက စတည်းချတာက ငဖြူကလေးမှာ။

နို့ပေတဲ့ ... ဂျွန်အဖွဲ့တွေ အလှုပ်အရှားအများဆုံးက သုံးဆယ်ချောင်းမြောက်ဖက်ခြမ်းက လင်းတကုန်း၊ စမ်းတွင်း၊ စီနှစ်ခွ၊ ဖားရွှေကျော်၊ အင်းကောက်အင်းကောက်ကလေး၊ နတ်စင်ကုန်း၊ ရေတိုက်၊ ငါးအိမ်စု လှည်းလမ်းကူး ဇရပ်သဲဝါသစ်တောကြီးပိုင်းကို ဦးတိုက်နေတဲ့ ရွာကလေးတွေပဲ။



www.burmeseclassic.com

www.burmeseclassic.com



သာယာဝတီနဲ့ အလှမ်းဝေးပြီး အတွင်းပိုင်းကျတဲ့ ရွာကလေးတွေပဲလေ။ သာယာဝတီနဲ့ ခုနှစ်မိုင်ပျော့ပျော့လောက်တော့ ဝေးလိမ့်မယ်ဗျ။ အဲ . . . အဲဒီက ရေတိုက်နဲ့ ဖားရွှေကျော်မှာ သူတို့ခေါင်းဆောင်တွေကို မကြာခဏ တွေ့ရတတ်တယ်ဆိုတော့ အဲဒါလည်း အခြေခံစခန်းတစ်ခုဖြစ်ပုံပဲ။ ကဲ . . . ပင်အပ်အနီ စိုက်ထားလိုက်ကြဦးစို့။

"ဟောဒီ . . . သုံးဆယ်ချောင်းရဲ့တောင်ခြမ်း အရှေ့ဘက်ယွန်းယွန်းက တောင်ညိုမှာ ဂျပန်ခေါင်းဆောင်ဟာ ခပ်ကြာကြာနေခဲ့ဖူးတယ်လို့ ဆိုပြန်သလို အဲဒီတစ်ပိုက်က အင်ကြင်းကုန်း၊ မှန်ကွင်း၊ ကျွဲတန်လင်း၊ စလူပိုင်း၊ သင်တောကုန်း၊ ဘုရားပြို၊ ချမ်းသာကုန်းရွာတွေ ဖက်မှာလည်း ဂျပန်အဖွဲ့တွေ လတ်တလော လှုပ်ရှားမှု ရှိနေပြန်တယ်တဲ့။ ဒီအခြမ်းမှာ တောင်ညိုဟာ အခြေခံစခန်းလို့ ယူဆနိုင်စရာရှိတယ်။ ဒီတော့ သူတို့အခြေခံစခန်းတွေကို မျဉ်းအနီကြောင်းနဲ့ ဆက်ဆွဲကြည့်လိုက်ကြစို့။

ကိုင်း . . . အလျား ၁၀ မိုင်– ၁၁ မိုင်၊ အနံ ၇ မိုင်ပျော့ပျော့လောက် မယ်ရှိမယ့် ဂျပန်သူပုန်တွေရဲ့ ခြေကုပ်ဧရိယာကြီး ပေါ်မလာပေဘူးလား။ ခန့်မှန်းခြေစတုရန်းမိုင် ၈၀ လောက်ရှိမယ့် ရောမနယ်မြေကြီး။ သုံးဆယ်ချောင်းက ဗဟိုကနေ တိုးလျှိုပေါက်ဖြတ်စီးနေတယ်။

ဝွေးချောင်းဂရုံနဲ့ သဲဝါသစ်တောကြိုးပိုင်းကြီးတွေလည်း ထီးထီးမားမား ရှိနေပြီး နောက်မှာ ပဲခူးရိုးမကြီးက ခံထားပေးတယ်။ ပြီးတော့ သူတို့ အခြေခံစခန်းတွေဟာ သာယာဝတီအရှေ့ခြမ်းတစ်ခြမ်းလုံးကို ပိုင်ပိုင်နိုင်နိုင် စီးဖိထားသလိုချည်းပဲဗျ . . . ဟုတ်စ"

"အဲ . . . ဟုတ်ပ . . . အိုင်ဆေးရာ။ ခုလို မြေပုံချကြည့်လိုက်တော့မှပဲ ဒီဂျပန်သူပုန်အဖွဲ့ဟာ ဆင်းဆင်းရဲရဲ တောလက်ကျေးရွာကလေးတွေက လယ်သမား ယာသမားတွေကို အခြေခံထားပြီး ကျုပ်တို့ပုလိပ်တွေ၊ စစ်ဗိုလ်ဗိုလ်စီတွေ၊ မြို့ပြအုပ်ချုပ်ရေးအဖွဲ့တွေရဲ့ဒဏ်၊ ချစ်တီးသူဌေးတွေရဲ့ဒဏ်ကို ကုန်းခံနေကြရတဲ့ တကယ့်ပြေားတွေက သူသေသေ ကိုယ်သေသေ၊ 'ဖိလွှန်းလို့ကြွ၊ နင်းလွန်းလို့ ထောင်ထ' လာတဲ့ တကယ့်အုံကြွမှုကြီးပဲဆိုတာ သေချာလာတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယက ဂန္ဒီကြီးတို့လို အကြမ်းမဖက်ရေးတွေ၊ ငြိမ်းချမ်းစွာ ဆန္ဒပြရေးတွေ တစ်ခုမှပါမှာ မဟုတ်ဘူးဗျ။ သေမြေကြီး . . . ရှင်ရွှေထီး၊ နောက်ဆုံး သွေးတစ်စက်ကျန်တဲ့အထိ ကျဲကြလိမ့်မယ်နဲ့ တူရဲ့ဗျို့''

''နို့ပေတဲ့ . . . တံဖဦးနဲ့ ကောက်ဆွပဲရှိတဲ့ ဒီနင်းပြားတွေက ဒီလောက်အထိ လုပ်ဝံ့ကြပါ့မလား . . . အိုင်ဆေးရာ။ ဗမာပြည်မှာ ပုလိပ်ဖက်က မျက်လုံးမျက်ဆံပြူးရလောက်တဲ့ အကြမ်းဖက်တော်လှန်မှုမျိုးတွေကို မကြားခဲ့ရတာဘဲ နှစ်အတော်ကြာခဲ့ပြီ မဟုတ်လား။ ပြီးတော့ အခု ကျုပ်တွေ့နေသမျှ မြန်မာလူမျိုးတွေက ခပ်အေးအေး၊ ခပ်ပျော်ပျော် ဘာသာလဝါသမားတွေပဲဗျ။ လူဆူလူကြမ်းတွေက မရှိသလောက်ရှားတယ်''

''အဲဒါက မစ္စတာအိုဖာအိုလိန်းအနေနဲ့ ကျုပ်တို့ မြန်မာလူမျိုးတွေရဲ့ အတွင်းစိတ်ကို တကယ်မသိလို့၊ မြန်မာ့ဗိဇနဲ့ စိတ်ဓလေ့ကို တကယ် အဝါးမဝသေးလို့ မှန်းသမ်းပြီး ပြောလိုက်တာဗျ။ တကယ်တမ်းက 'မြန်မာ'ဆိုတဲ့ လူမျိုးဟာ တော်တော်အသိရခက်တဲ့လူမျိုး။

အရေးမကြုံခင် သောက်သောက်စားစား ပေါ့လာဝါးလား နေချင်နေတတ်ကြပေမဲ့ တကယ့်အရေးမှာ အသက်ပေးဖို့ အပြုံးမပျက်၊ ဝန်မလေးတတ်တဲ့ လူမျိုးဗျ။ အဲ . . . ခင်ဗျားတို့အင်္ဂလန်က စကောတောင်ပေါ်သားတွေနဲ့ အိုင်းရစ်တွေလိုမျိုးပဗျာ။ ဟုတ်စ . . . အိုင်ဆေး''

''ဟင် . . . အိုင်ပီမင်းခေါင်''

''ဟော . . . အိုင်ပီထိပ်တင်ညွှန့်''

မျက်ဝန်း၌ အေးစက်စက်အကြည့်၊ သေချာကြည့်မှ မြင်သာနိုင်သည့် မထိတထိ အပြုံးလဲ့လဲ့ဖြင့်ဝင်လာသည့် အိုင်ပီမင်းခေါင်ကို အိုကွန်နာက ပြုံးပြသည်။

အိုင်ပီထိပ်တင်ညွှန့်မှာ ခပ်ဖိုင့်ဖိုင့်၊ သူ့ခန္ဓာကိုယ်ကြောင့် ချောင်ချောင်ချိချိ နေ၍ရသည့် နံနက်စာစားပွဲ၌သာ ထိုင်နေရစ်သည်။ ကော်ဖီကြမ်းကရားမှ ဘရာဇီးကော်ဖီနံ့ မွှေးပျံ့ပျံ့က လှိုင်လျက်ရှိ၏။ အခန်းတွင်းရှိ လူတိုင်း၏ရင်ကို နွေးစေသည်။

''အဲ . . . အိုင်ပီတို့ ရောက်လာကြတာနဲ့ အတော်ပဲ။ ကျုပ်လည်း မစ္စတာအိုကွန်းနားနိုပ်စက်လို့ နံနက်စာစားပွဲကို မျက်နှာလွှဲပြီး တစ်မနက်ခင်းလုံး

www.burmeseclassic.com

www.burmeseclassic.com



ဦးနှောက်တွေ ပူနေရတာခင်ဗျ။ လာကြဗျာ ... စားရင်သောက်ရင်း၊ ဘရာဇီး ကော်ဖီမွှေးမွှေးကလေးကို အရသာခံရင်း စိတ်ပန်းဖြေကြရအောင်။

ကိုင်း ... မစ္စတာအိုကွန်းနားလည်း လာဗျ။ ဗမာစကားမှာ 'အုန်းတောင့်မှ သီလစောင့်' ဆိုတဲ့ စကားတစ်ခွန်းရှိသဗျ။ အဲဒါ အမှန်ပဲ။ ခင်ဗျားလည်း ကိစ္စက ဘယ်လောက်အရေးကြီးကြီး ကိုယ့်ကိုယ်ကိုယ် ညှဉ်းဆဲမနေပါနဲ့တော့၊ စားလိုက်သောက်လိုက်ဦး။ ကျုပ်တော့ အစားကောင်းစားလိုက်ရရင် သူ့အလိုလို ဉာဏ်ရွှင်လာတော့တာပဲ ... ဟဲ ... ဟဲ ... ဟဲ ...''

နံနက်စာစားပွဲသို့ အိုကွန်းနားလည်း ဝင်ထိုင်သည်။

အာလူးပြုတ်၊ ကြက်ဥပေါင်မုန့်ကြော်၊ ကြက်ပေါင်ကြော်တို့အပြင် ပလာတာနှင့် ကြက်သားပဲဟင်းတို့က စားချင့်စဖွယ် မွှေးကြိုင်နေ၏။ အိုင်ပီမင်းခေါင်နှင့် အိုင်ပီထိပ်တင်ညွန့်တို့က ကော်ဖီကိုပဲ သောက်ကြသည်။ မြို့လယ်ကာကာဆိုင်မှ ဗိုက်ပြည့်အောင် စားထားခဲ့ကြပြီး ဖြစ်၏။

''ကဲ ... လုပ်ပါဦးဗျ။ ခင်ဗျားစောစောကပြောတဲ့ မြန်မာလူမျိုးရဲ့အတွင်းစိတ် 'Sprit of Burman' ဆိုတာကို''

''အဲ ... အဲ ... ဟုတ်တယ် ... အိုင်ပီမင်းခေါင်၊ ကျုပ်တို့ စောစောက ပြောနေတဲ့ စကားဆက်အရ အိုင်ပီရဲ့စကားထဲမှာ လေးနက်တဲ့ အဓိပ္ပာယ်တစ်ခု ပါနေတယ်လို့ ကျုပ်တို့ အလိုလိုခံစားမိနေတယ်။ သာမန်ထက်ပိုတဲ့ တစ်ခုခုပေါ့ဗျာ။ အဲဒါဘာလဲ၊ ပြောပါဦး''

''အိုင်ဆေး ... ခင်ဗျားတို့ 'ခေါင်းကြီး ခေါင်းကလေး' ဆိုတာကိုများ ပြေသံဆိုသံ ကြားခဲ့ဖူးသေးလား။ ဒါမှမဟုတ် ခင်ဗျားတို့ အစိုးရ မှတ်တမ်းတွေထဲမှာရော ဖတ်ဖူး၊ သိခဲ့ဖူးသေးလား''

''နိုး ... နိုး ... ကြားလည်း မကြားဖူးဘူး။ ဖတ်လည်း မဖတ်ဖူးဘူးဗျ။ ကျုပ်တို့က ရာဇဝင်နဲ့ နည်းနည်းတော့ အလှမ်းဝေးချင်ချင်ရယ်''

''ရာဇဝင်မဟုတ်ပါဘူး ... မစ္စတာအိုဗာအိုလိန်းရယ်။ သမိုင်းပါဗျ။ သမိုင်းတောင်မှ သိပ်လှမ်းဝေးတဲ့ သမိုင်းမဟုတ်သေးပါဘူး။ အင်္ဂလိပ်- မြန်မာ ဒုတိယစစ်ပွဲပြီးခဲ့တဲ့ (၁၈၅၂)ခုနှစ်နောက်ပိုင်း ၁၀ နှစ်တာကာလအတွင်း ဟောဒီ သာယာဝတီနယ်၊ သာယာဝတီမြေပေါ်မှာ တကယ်ဖိန့်ဖိန့်တုန် ကြုံခဲ့၊ ဖြစ်ခဲ့ဖူးတဲ့ မြန်မာခုခံရေးသမားတွေရဲ့ ရဲရဲတောက် သမိုင်းကြီးပါ''

www.burmeseclassic.com



"OH!God. . . . သာယာဝတီမှာ အဲဒီလိုသမိုင်းမျိုး ရှိခဲ့ဖူးသလား။ အံ့သြစရာပဲ။ ပြောပါ . . . အိုင်ဗီမင်းခေါင်။ အဲဒီအကြောင်းကို ကျုပ် သိပ်စိတ်ဝင်စားပါတယ်။ ပြီးတော့ အိုင်ဗီကို ကြိုပြီးပြောထားလိုက်ပါရစေ။ ကျုပ်တို့ဟာ အသက်မွေးမှုအရ ဗြိတိသျှဘုရင်မကြီးရဲ့ အိန္ဒိယပဋိညာဉ်ခံ ဝန်ထမ်းတွေ ဖြစ်နေကြပေမဲ့ ဆရာကြီး ဂျော့အော်ဝဲလ်(ဆာဂျော့စကော့တ်)တို့၊ မောရစ်ကောလစ်တို့ ဆရာကြီးဂျေအက်ဖ် ဗာနီဗယ်တို့လို မျက်မှောက်ကာလ ဖြစ်ပျက်နေတဲ့ ကိုလိုနီယန္တရားကြီးကတခြား၊ ဒီတိုင်းပြည်ရဲ့ တကယ့် ပကတိဖြစ်ရပ်တွေကတခြား၊ 'ခါး တောင်းကျိုက်တခြား၊ ဖင်တခြား' ဖြစ်နေပုံကြီးကို စိတ်မချမ်းမသာ ထွေနဲ့စွာ ငုတ်တုတ်ထိုင် ကြည့်နေမိကြတဲ့သူတွေပါပဲ ဆိုတာလေ"

"Thanks! မစ္စတာ"

"စားကြပါဦးလေ ဖြည်းဖြည်းပေါ့"

အိုင်ဗီထိပ်တင်ညွန့်က ဝင်ထိန်းလိုက်၏။ သူ့မိတ်ဆွေ အိုင်ဗီမင်းခေါင်၏ 'ကြက်ခေါင်းဆိတ်မခံ' မျိုးချစ်စိတ်အခံကလေးကြောင့် မကြာခဏ ချောက်ကျခဲ့ရဖူးပေါင်း များလှပြီဖြစ်ရာ၊ တစ်စတစ်စ အေးစက်တင်းမာလာနေသည့် သူ့အသံသည် သူပြောချင်ရာရာတွေကို မထောက်မညှာ ပြောချပစ်ဦးတော့မည်နန်း ရိပ်မိလျက် ကျောချမ်းနေပြီဖြစ်သည်။

"မစ္စတာအိုကွန်းနား . . . တဆိတ် ဟောဒီစာတမ်းကလေးကို ဖတ်ကြည့်လိုက်စမ်းပျာ။ အဲဒါ ဒီမနက်ပဲ လက်ထောက်ပုလိပ်မင်းကြီး မစ္စတာသွန်မဆင်က အာဝန်ပေးလို့ ကျုပ်ပြုစုပြီး တင်ပြလိုက်ရတဲ့ စာတမ်းတစ်စောင်ပဲခင်ဗျ"

အိုင်ဗီမင်းခေါင်က သူ့လက်တွင် အဆင်သင့်ပါလာသည့် စာအုပ်အနီတစ်အုပ်ကို အိုကွန်းနားထံ ကမ်းပေးလိုက်သည်။ ဆင်းအိုဖာအိုလိန်းကလည်း စိတ်ဝင်စားလွန်းစွာ ကုန်းကိုင်း၍ ကြည့်လျက်ရှိ၏။

စာအုပ်က ခပ်ပါးပါးဖြစ်သည်။

ရုံးသုံးစာအုပ်ရှည်ပုံစံမျိုး စနစ်တကျသေသေသပ်သပ် ချုပ်လုပ်ထား၏။ မျက်နှာဖုံး၌ 'သာယာဝတီဦးခေါင်းကြီး၏ ဗြိတိသျှအစိုးရဆန့်ကျင် တော်လှန်မှု လေ့လာချက်စာတမ်း (၁၈၅၂-၁၈၅၈)' ဟု ခေါင်းစီးထိုးထားသည်။

www.burmeseclassic.com



စာအုပ်၏ ရှေ့ပိုင်းရေခံစာမျက်နှာကို လှန်လိုက်မိလျှင်ပင် မေးရိုးကားကား သျှောင်တစောင်းကြီးနှင့် ရောမဓားကြီးနှစ်လက်ကို ကိုယ်ရှေ့တွင် 'ဆက်ရက် လည်လျှောက်' ယှက်၍ ခြေအစုံ ကားကားခန့်ခန့်ကြီး ရပ်နေသည့် ကြံ့ကြံ့ ခိုင်ခိုင် မြန်မာကြီးတစ်ယောက်၏ ဓာတ်ပုံကို တွေ့ကြရသည်။ ရွှေထီးတစ်လက် မိုးလျက်သားပါတကား။

"အေးဗျာ ... အိုင်ပီမင်းခေါင်ပြောလည်း ခံရတော့မှာပဲ။ ကျုပ်ကို ကျုပ်တော့ဖြင့် ကျုပ်အလုပ်နဲ့ပတ်သက်သမျှ အချက်အလက်၊ အတတ်ပညာ ဗဟုသုတ၊ သတင်းမှန်သမျှကို ချစ်တီးငွေစုသလို စုတတ်တဲ့ သူလို့ လွတ်အထင်ကြီး ထားခဲ့တာပဲ ခင်ဗျ။

အကြောင်းကြောင်းကြောင့် ဟောဒီ 'ဗြိတိသျှ-ဘားမား' ကို လာ လိမ့်မယ်လို့ သေချာသွားပြီဆိုတော့ ကျုပ်က ဘာလုပ်သလဲ ... သိလား 'ဗြိတိသျှပြတိုက် စာကြည့်တိုက်'ကြီးကို တန်းပြေးတာပဲ။ ၁၇၅၃ မှာ ဆာဟန်း(စ်) ဆလုံးခိုင် တည်ထောင်ခဲ့တဲ့ အဲဒီစာကြည့်တိုက်ကြီးဟာ ကိန်းဗရစ်၊ အောက်စဖို့ စတဲ့ တက္ကသိုလ်ကြီးတွေကို မတက်နိုင်တဲ့ ကျုပ် တို့လိုသာမန်လူတန်းစား တွေ ကိုယ့်ဘာသာကိုယ် လေ့လာသင့်ယူစရာ အလွန်ကောင်းတဲ့ ဆင်းရဲသား တက္ကသိုလ်ကြီးပေကိုးဗျ။

တော်လှန်ရေးတွေ ပြင်းထန်နေတဲ့ ဥရောပတစ်ခွင်တစ်ပြင်လုံးက တိမ်းရှောင် ထွက်ပြေးလာခဲ့ကြတဲ့ ပညာတတ်၊ ပညာရှင်တွေ ခိုကိုးရာ အသိပညာဝန်းကျင်ကြီး လည်း ဖြစ်နေသေးတယ်။ အဲဒီမှာ 'ဗြိတိသျှ-ဘားမား' နဲ့ ပတ်သက်လို့ ပုလိပ်ဖက်က သိသင့်သိထိုက်သမျှကို လေ့လာခဲ့သဗျ။ အင်္ဂလိပ်တွေကို ခံတိုက်ခဲ့ တဲ့ 'မင်းကြီးမဟာဗန္ဓုလ'တို့ 'ဗိုလ်မြတ်ထွန်း'တို့ကို ကျုပ်သိခဲ့ဖူးတယ်။ ဒါပေမဲ့ ခင်ဗျားရဲ့ 'သာယာဝတီဦးခေါင်းကြီး' ကိုတော့ ကျုပ်မသိခဲ့သေးတာ အမှန်ပဲ"

အိုကွန်နောက တွေးတွေးဆဆ ပြောသည်။ အိုဖာအိုလိန်းမှာမူ ဒူ့စားရင်း သောက်ဆဲတန်းလန်းတွေကို လတ်စသတ်လျက်ရှိ၏။ သူကား သိလို၊ စူးစမ်းလို စိတ် ပြင်းထန်တတ်သည့် ကလေးသူငယ် မျက်နှာပေးကို ဆောင်နေသည်။

"ကဲ ... အိုင်ပီရေ ... ပြောတော့ဗျာ။ ခင်ဗျားရဲ့ စာတမ်းကို ဖတ်တာ လည်း ဖတ်တာပေါ့။ လောလောဆယ်တော့ အဆီထုတ်အနှစ်ချုပ်ထားတဲ့ အိုင်ပီရဲ့ လိုတိုရှင်းပြောပြချက်ကိုပဲ နားထောင်လိုက်ကြရအောင်။

www.burmeseclassic.com



ခဏနေရင် မနက်ဖြန်လုပ်မဲ့ ဒါဘာပွဲကြီးအတွက် လုံခြုံရေး အစည်းအဝေးကို တက်ကြရဦးမယ်မဟုတ်လား။ ရန်ကုန်ပုလိပ်မင်းကြီး ရှက်တဲလ်ဝဝ်ရယ်၊ ပုလိပ်မင်းကြီး ဝဲလ်ဘုန်းရယ်၊ ပြည်ရာဇဝတ်ဝန်ကြီး ဖေးဗီးယားကြီးရယ်၊ ပြည်ထဲရေးအတွင်းဝန် ဆွိုသင်းဘင့်ချ်ရယ် အားလုံးနီးနီး အရေးပိုင်အိမ်မှာ ရောက်နေကြပတဲ့''

''ဒီလိုဗျ ... ခင်ဗျားတို့ ကျုပ်တို့ အခု ၁၉၃၀ မှာ တွေ့နေရတဲ့ သာယာဝတီမြို့ဆိုတာ မြို့သစ်တည်ထားတဲ့ သာယာဝတီဗျ။ မူလ သာယာဝတီမြို့ဟောင်းက ကြို့ပင်ကောက်မြို့ရဲ့အရှေ့ဘက် ရှစ်မိုင်လောက်မှာ ရှိခဲ့ဖူးသေးတယ်။

အဲ ... ၁၈၅၂ ခုနှစ် အောက်မြန်မာနိုင်ငံကို သရက်–အောင်လံ–မြေထဲအထိ အင်္ဂလိပ်ကသိမ်းတော့ မြန်မာမင်းလက်ထက် သာယာဝတီခရိုင်၊ နတ်တလင်းအနောက် ၁၂ မိုင်အကွာက တာပွန်တိုက်သူကြီး ဦးခေါင်းကြီးက အင်္ဂလိပ်ကျွန်မခံဘဲ သာယာဝတီနယ်ဘက်က လူသူစုရုံးပြီး ပြန်တိုက်ခဲ့ရာမှာ ၁၈၅၄ ဖေဖော်ဝါရီလလောက်မှာ သာယာဝတီတစ်နယ်လုံး ဦးခေါင်းကြီးလက်အောက်ကို ကျသွားခဲ့ရတယ်။ မိုးညို၊ သာယာဝတီမြို့တွေမှာ မြို့အုပ်လုပ်မဲ့လူတောင် ရှာမရခဲ့ဘူးတဲ့။ မူလသာယာဝတီမြို့လည်း ပျက်ကရော။ အခု 'သာယာဝတီ'က အင်္ဂလိပ်တည်ပေးထားတဲ့ မြို့သစ်ဗျ''

''အိုဟိုး ... အာဃတိုက်သူကြီးပါကလားဗျို့။ တာပွန်တိုက်နယ်ကလေးကနေ သာယာဝတီ၊ ထိန်တော၊ မိုးညိုနယ် အကျယ်ကြီးကိုတောင် တိုက်သိမ်းနိုင်ခဲ့တယ်ဆိုတော့ ဦးခေါင်းကြီးရဲ့ လုပ်ရည်ကြံရည်တင်မက သူ့လက်အောက်က တပ်ဗိုလ်တပ်သားတွေရဲ့ တိုက်ခိုက်ရေးအင်အားနဲ့ စိတ်ဓာတ်၊ သတ္တိဟာ ဘယ်သေးလို့လဲ .. အိုင်ပီရဲ့။ တကယ့်စစ်ရေး စွမ်းရည်ကြီးပဲ''

''ဦးခေါင်းကြီးနဲ့ သူ့ရဲ့ မြန်မာခုခံတော်လှန်ရေး တပ်အင်အားကို ခန့်မှန်းဖို့ သူနဲ့ရင်ဆိုင်နှိမ်နင်းခဲ့ရတဲ့ အင်္ဂလိပ်တပ်အင်အားကိုပဲ ယှဉ်ကြည့်ပေါ့ဗျာ။ ၁၈၅၄ ပြီးရောက်တော့ တောင်ညိုမှာ ရခိုင်ဘက္တီယန် (Arakan Battallion) တစ်ခွဲတစ်ခွဲနဲ့ အမြောက်နှစ်လက်၊ တာပွန်ချောင်းနဲ့ဖွဲ့ထားတဲ့ပဲခူးခြေမြန်တပ်က တပ်ရင်းတစ်ရင်း၊ တာပွန်ချောင်းဝမှာ အမြောက်နဲ့ စက်သေနတ်ကလေးတွေ

www.burmeseclassic.com



တင်ထားတဲ့ စစ်သင်္ဘော (Nerbudda) တစ်စင်း၊ ပေါင်းတည်မှာ နံပါတ်(၄) ဆစ်(ခ်) ခြေလျင်တပ်ရင်း (Shikh Infantry) တစ်ရင်း၊ ရေကင်းမှာ နံပါတ်(၁၀) ဘင်္ဂလားခြေလျင်တပ်ရင်း (Bengal Native Infantry)၊ ကြံခင်းတစ်ဖက်ကမ်းမှာ ဘင်္ဂလားခြေလျင် တပ်ခွဲတစ်ခွဲ၊ ထိန်တောမှာ ပန်ချာပီတပ်ခွဲတစ်ခွဲ၊ မိုးညိုမှာ နံပါတ် (၉) မဒရပ်ခြေလျင်တပ်နဲ့ စံရွှေး၊ မိုးညို၊ သာယာဝတီမြို့တွင်း လုံခြုံရေးကို လဲဗီးတပ်တွေ ချထားပေးခဲ့ရသတဲ့''

''အား . . . လား . . . လား . . . ကျုပ်တို့ စကော့နဲ့ အိုင်ယာလန် သူပုန်တွေကိုတောင် တစ်ခါမှ ဒီလောက်ပြင်းပြင်းထန်ထန် မတိုက်ခိုက်မနှိပ်ကွပ်ခဲ့ရပါကလား . . . အိုင်ခေးရာ။ သောက်ကျိုးနည်း၊ သေးတဲ့ စစ်တပ်အင်အားတွေလား''

''နေပါဦးလေ . . . အဲဒီတပ်တွေက ဦးခေါင်ကြီးရဲ့ စစ်ဆုတ်စစ်တက်အရွေ့အလျားကို ပိတ်ရုံဆို့ရုံအင်အားကလေး ရှိသေးတာပါ။ အဲဒါနဲ့ မလုံလောက်လို့ တာပွန်မှာ ၃၀၀၊ ရေကင်းမှာ ၂၇၀၊ သာယာဝတီနဲ့ ထိန်တောမှာ ၅၀၀ စီ၊ မိုးညိုမှာ ၁၀၀ . . . စစ်ပုလိပ်နဲ့ ရိုးရိုးပုလိပ်တွေကို ထပ်ပို့ရတဲ့အပြင် ဥရောပစစ်သားတွေချည်းပါတဲ့ အမြောက်တပ်ရင်းတစ်ရင်း ထပ်ပို့ခဲ့ရပြန်သတဲ့။

ဒေသပထဝီကိုလည်း မကျွမ်း၊ ရာသီဥတုဒဏ်လည်း မခံနိုင်လို့ ဦးခေါင်ကြီးကို တိုက်ရတာထက် ငှက်ဖျားကြောင့် ဒလမန်းကြမ်းသေတာတွေ တစ်နေ့တခြား များများလာပါလေရော။ ဦးခေါင်ကြီးကလည်း တောကြီးအုံကြီး ချောင်းကမ်းကြီးတဲ့ နေရာတွေဆီချည်း စစ်မြှုခေါ်ခေါ်ပြီး ပြောက်ကျားစစ်နဲ့တိုက်တော့ အကျအဆုံးကလည်း မတန်တဆများသတဲ့။

ဒါကြောင့် ကပ္ပတိန်နက်တဲရဲ့ အကြံပေးချက်နဲ့ ဒေသခံတိုင်းရင်းသားတွေချည်းပါတဲ့ ပဲခူးခြေမြန်တပ် (Bago Light Infantry) တစ်တပ်ကို ဖွဲ့စည်းခဲ့ရသတဲ့။ အင်္ဂလိပ်လက်အောက် ရောက်နေပြီးဖြစ်တဲ့ ရခိုင်ဒေသနဲ့ တနင်္သာရီနယ်တွေက ပသျှူးတွေ၊ ဂေါ်ရင်ဂျီတွေ၊ မာရဝါရီကုလားတွေ၊ ပန်ချာပီနဲ့ ခါတောတွေ၊ ဂေါ်ရခါးတွေ နန့်ကမလေး အမျိုးသား ၁၂၀ ပါသတဲ့ဗျ။

အရာရှိ ၁၆၊ အရာခံနဲ့အကြပ် ၉၆၊ ခရာသမား ၁၆၊ တပ်သား ၈၀၀ စုစုပေါင်း ၉၂၈ဦး ပါတဲ့ ခြေမြန်တပ်ကို လှုပ်ရှားတပ်အနေနဲ့ စစ်ကစားစေခဲ့

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်စေခဲ့တာတဲ့ဗျ။ တပ်ရင်းမှူးက Arakan Battallion ရဲ့ တပ်ရင်းမှူးဖြစ်တဲ့ ajor Nuthallပဲ။ အဲဒါလည်း ဦးခေါင်းကြီးကို မနှိမ် နိုင်ခဲ့ပါဘူး''

''တယ်ခေါ်ပါကလားဗျို့ ... ဗိတိုရိယဘုရင်မကြီးရဲ့ အင်ပါယာ စစ်တပ်ကြီးက ဗမာတိုက်သူကြီးတစ်ယောက်နဲ့ သူ့သူပုန်တပ်ကို ခရုခါးတောင်းကြိုက်ဖမ်းဆလို ဖြစ်နေတော့တာပါပဲကလား''

''တိုတိုပြောရရင်ဗျာ ... ၁၈၅၅ နှစ်ကုန်တော့ သာယာဝတီ၊ ထိန်တော၊ ညို၊ ရေကင်း၊ တာပွန်တစ်နယ်လုံး ဗိုလ်ခေါင်းကြီးနဲ့ သူ့ညီ ဗိုလ်ခေါင်းကလေးတို့ရဲ့ ထိန်းချုပ်မှုအောက် လုံးလုံးရောက်သွားပြီး အင်္ဂလိပ်အစိုးရပိုင် အခြားယ်တွေနဲ့ အဆက်ပြတ်သွားခဲ့ရသတဲ့။

အဲဒါကြောင့် အိန္ဒိယက လေးနိုင်ငံဝန်ရှင်တော်မင်းကြီး ဖက်ချ်က ဦးခေါင်းကြီးကို အရှင်ဖမ်းပေးနိုင်ရင် ဆုငွေ ၂၀၀၀ိ/ ပေးမယ်လို့ ကြေညာခဲ့ရတယ်။ ဒီကြေညာချက်ကို အိန္ဒိယဘုရင်ခံချုပ် ဒါလဟိုဇီ (James Andrew Delhousie) ၁၈၄၇–၅၆) က ဦးခေါင်းကြီးလိုပုဂ္ဂိုလ်မျိုးကို ဆုငွေ ၂၀၀၀ိ/ နဲ့ ရမလားဆိုပြီး ၀၀၀ိ/အထိ တိုးမြှင့်ထုတ်ပြန် ကြေညာခဲ့ရတယ်။

အဲဒီခေတ်က ဈေးနှုန်း ဆန်တစ်တင်းခြောက်မူးနဲ့ တွက်ကြည့်ဗျာ။ ဆန်တင်းပေါင်း ၃၂၀၀၀ လောက်အထိ ရနိုင်ပြီး အလတ်စား သူဌေးကလေး ဖြစ်နိုင်တဲ့ ငွေပမာဏဗျ ... မစ္စတာအိုကွန်းနားရဲ့''

''ကျုပ်တို့ အင်္ဂလိပ်အစိုးရမင်းများ ခံရချက်တော့ ဆိုးပါ့ဗျာ။ နောက်တော့ ဘယ်လိုဖြစ်သွားတုံး''

''ဘယ်နှယ့်ဖြစ်ရမတုံး ... ဦးခေါင်းကြီး တစ်ယောက်တည်းနဲ့တောင် အရေးမပိုင်းဖြစ်နေတဲ့ ခင်ဗျားတို့အဖွဲ့ဝင်တွေဟာ ၁၈၅၃ မှာ နေမြို့ဗိုလ်မြတ်ထွန်း ထပ်ကပါ ဦးခေါင်းကြီးတို့နဲ့ ပေါင်းပြီး တိုက်လာပြန်တော့ပိုပြီး အရေးမလှ ဖြစ်ကုန်တော့တာပေါ့။ ၁၈၅၄၊ မေ ၁ ရက်မှာ တပ်သား ၄၈၀၊ အရာရှိ ၆၊ ရာသမား ၆ ယောက်ပါတဲ့ (Sarawak) ပုလိပ်တပ်ဖွဲ့နဲ့ အင်္ဂလိပ်စစ်သင်္ဘော 'Nemesis' နဲ့ 'Zenobia' တို့ကို စစ်ကူလွှတ်ခဲ့ရသေးတယ်''

''ဗိုလ်ခေါင်းကြီးကို အင်္ဂလိပ်စစ်တပ်က မိသွားခဲ့သလား ... အိုင်ဗီ''

www.burmeseclassic.com



"ရှာရှာဖွေဖွေဗျာ ... ၁၈၅၃ ဖွန်လထဲမှာ ဦးခေါင်းကြီးဟာ အင်္ဂလိပ်ပိုင် 'ပြိတိသျှ-ဘားမား' အောက်မြန်မာနိုင်ငံကို အလုံးအရင်းနဲ့ စစ်ပြုဖို့ မြန်မာမင်းပိုင် အထက်မြန်မာနိုင်ငံထဲက သရက်-မင်းတုန်း နယ်ဘက်ကို ကူးဝင်လာခဲ့ပြီး ဒီဘက်ကို ရွတ်တရက်ဝင်တိုက်လိုက်၊ လက်နက်လူသူရိက္ခာတွေ အကြီးအကျယ်စုဆောင်းလိုက်နဲ့ တော်တော် ဒုက္ခပေးနေခဲ့တာဗျ။

၁၈၅၈ ရောက်တော့ အင်္ဂလိပ်အစိုးရနဲ့ 'ပုဂံမင်း'က စစ်ပြေငြိမ်းချမ်းစာချုပ်ချုပ်လိုက်ကြတော့ ဦးခေါင်းကြီးကလည်း အင်္ဂလိပ်ကို တိုက်ဖို့ နယ်မဲ့အရောက်၊ မြန်မာမင်းရဲ့တပ်တွေက တားဆီးတာကိုမနာခံလို့ ပုဂံမင်းရဲ့အမိန့်အရ သေနတ်နဲ့ပစ်ပြီး ကွပ်မျက်ခဲ့ရတာတဲ့ဗျ။ မှတ်တမ်းတွေက အဲသလိုဆိုတယ်..."

"ကျွတ် ... ကျွတ် ... ကျွတ် ... ဖြစ်မှဖြစ်ရလေ ... အိုင်ဝီရယ် ... ကိုယ့်တစ်ဦးတည်းရဲ့ အချုပ်အခြာအာဏာအတွက်နဲ့ ကိုယ့်အမျိုးသားတစ်ခုလုံးအရေးကို စတေးပစ်ရက်တဲ့ ဘုရင်ဆိုးတစ်ပါးပဲဗျ။ နှမြောစရာ ကောင်းလှချည်ဗျာ"

"မစွတာတို့ကို ကျုပ်ပြောချင်နေတာက ဦးခေါင်းကြီးရဲ့ ရဲစွမ်းသတ္တိသက်သက်အကြောင်း မဟုတ်ဘူးခင်ဗျ။ သူတို့သရုပ်ပြသွားတဲ့ မြန်မာ့စိတ်ဓာတ်နဲ့ သမိုင်းရှိခဲ့ဖူးတဲ့ သာယာဝတီနယ်၊ သာယာဝတီသားတွေရဲ့အကြောင်းကို အဓိကပြောချင်တာ"

"အင်း ... အင်း ... ဟုတ်ပါပြီ ... ဆိုပါဦးလေ"

"အင်္ဂလိပ်- မြန်မာ ပထမစစ်ပွဲတုန်းက ကျုပ်တို့ မြန်မာမင်းနဲ့ စစ်သေနာပတိ၊ မင်းကြီးမဟာဗန္ဓုလက စစ်ပွဲထဲမှာ ရွှေထီးမိုးပြီး စီမံကွပ်ကဲခဲ့တာတဲ့ဗျ။ အမြောက်ကျည်ဆန်သင့်မယ့်ဘေးကိုတောင် ဂရုမထားခဲ့ဘဲ 'ဗမာ့သွေး ဗမာ့သတ္တိ'ကို ပြခဲ့တာ။

သာယာဝတီ ဦးခေါင်းကြီးလည်း ဒီလိုပဲ။ နောင် ... အိမ်ရှေ့မင်းဘဝမှာ သူ့တူတော် မြင်ကွန်း-မြင်းခုန်တိုင်မင်းသားတို့ ထောင်ထားပုန်ကန်လို့ ကံတော်ကုန်ခဲ့တဲ့ ကနောင်မင်းသားကြီးက ချီးမြှင့်တဲ့ အဆောင်အယောင်တော် ရွှေထီးကို စစ်ပွဲထဲမှာတောင် ကျကျနနဆောင်းပြီး စီမံကွပ်ကဲခဲ့တာတဲ့ခင်ဗျ။ သေဘေး



www.burmeseclassic.com

www.burmeseclassic.com



ဆက် ဂုဏ်သိက္ခာကို ပိုမက်တတ်တာ။ အသက်ထက် အမျိုးဂုဏ် 'ဇာတိပုည ဏ်မာန'ကို ပိုတန်ဖိုးထားတတ်တာ မြန်မာပဲ။ အဲဒါ တကယ့်မြန်မာ့စိတ်ပဲ''

''ဟုတ်ပေ့ဗျာ''

''ပြီးတော့ ... သာယာဝတီဟာ ရွှေဘိုပြီးရင် မြန်မာတွေအတွက် ဆမိုင်းတွင်တဲ့ 'အောင်မြေ'ရယ်ခင်ဗျ။ နုယ်နုယ်ရရ သာမညောင်ည ဓားပြ၊ သူခိုး ထွက်တဲ့နယ် မဟုတ်ဘူး။ သူပုန်ရယ်လို့ ဆုပ်ဆုပ်ခဲခဲ ထလောင်မီးကျခဲ့ရင်တောင် အနုံညာတ အညံ့စားမထွက်ဘူး။ ရောမ မီးတောက်မီးလျှံကြီးကို မွေးပေးမယ့် သူပုန်အရင့်အမာကြီးတွေပဲ ပေါ်လာလိမ့်မယ်''

''ဗျာ ...''

''မစ္စတာ အိုဖာအိုလိန်းတို့ ဟောဟိုစားပွဲကြီးပေါ်မှာ ဖြန့်ခင်းထားတဲ့ သာယာဝတီမြေပုံကြီးနဲ့ မြေပုံပေါ်က အမှတ်အသားတွေကို မြင်လိုက်ရုံနဲ့ အဲဒီ ကိစ္စဟာ ဘာလဲဆိုတာ 'ချက်ဆို နားခွက်က မီးတောက်' ပြီးသားပါဗျာ ...။

ကျုပ်ကလည်း ဆပ်ကျောင်းမှာ 'Best Cadet' ရခဲ့တဲ့အတွက် ဆပ်ကျောင်း၊ ကျောင်းအုပ်ကြီး လက်ဖက်တင်နင်မေဂျာ အီးဂျီဝေါလေ့(စ်) ရဲ့ ထောက်ခံချက်နဲ့ တော့တလန်ယာဒ်အထိတောင် ပညာသင်သွားခဲ့ရဖူးတဲ့ စုံထောက်တစ်ယောက် ပါဗျ''

''ကောင်းပါပေ့ဗျာ ... ဒါနဲ့ ဒါဘာပွဲကြီးနဲ့ ပတ်သက်ပြီး ဘာသတင်းတွေ ရား ထူးသေးသလဲဗျ အိုင်ဆေး။ တဆိတ် အသိပေးကြစမ်းပါဦး''

''ထူးထူးခြားခြားရယ်လို့တော့ မရှိပါဘူးဗျာ။ အဲ ... အရေးပိုင်ကြီးနဲ့ သာယာဝတီဦးပုတို့ အမတ်မင်းတချို့တွေ့တော့ တော်တော်ကလေးစကား အချေ အတင် ဖြစ်လိုက်ကြရသတဲ့။ ခွန်းကြီးခွန်းငယ်၊ အကြိတ်အနယ်တွေတောင် ဖြစ် ကြရသတဲ့''

''ဘာကြောင့်များလဲဗျာ ... ဒါ ဖြစ်ခဲ့တဲ့ ကိစ္စပဲဗျ။ အရေးပိုင် မစ္စတာ ထလပ်ဟာ သူ့ဝသီအတိုင်း ပျော်ပျော်နေတတ်ပြီး အားရင်ဂေါက်သီးပဲ ရိုက်နေ တတ်တဲ့သူပဲ။ အဲ ... အိုင်စီအက်(စ်) စိတ်ဓာတ်တော့ အပြည့်ရှိလွန်းတယ် ဆိုရမှာပေါ့။ သူ့အလုပ်နဲ့ပတ်သက်ရင် ဖြောင့်မတ်တိကျလွန်းတဲ့သူ တစ်ယောက် ပတ်သက်ပါပဲ။ ကောက်ကောက်ကျစ်ကျစ်တော့ ရှိပုံမရဘူးဗျ''

www.burmeseclassic.com



"ဘုရင်ခံဆီကို ခုပြီးတင်ကြမဲ့ တောင်သူလယ်သမားတွေရဲ့ အသနား ခံစာပါ အချက်အလက်တချို့ကို ဖြတ်ပစ်ဖြုတ်ပစ်လို့တဲ့ မစ္စတာအိုကွန်းနားရေ ... အဲဒီလျှောက်ထားလွှာထဲမှာ အရေးပိုင်ရဲ့လူတွေ ပုလိပ်တွေနဲ့ စစ်ဗာရီကုလားတွေ အတင်းအဓမ္မ မတော်မတရားလုပ်ပုံတွေက နှစ်နှစ်နာနာပါနေလို့တဲ့ဗျ။

ပြီးတော့ အခွန်မပေးလို့ရယ်၊ ချစ်တီးကြွေး မဆပ်နိုင်လို့ရယ် အမျိုးမျိုး 'လံဘားကျောက်တံတား' ရမယ်ရှာပြီး သာယာဝတီဂါတ် မဆန့်အောင် ဖမ်းဆီး ထည့်ပြီး နှိပ်စက်ညှဉ်းပန်းနေကြတဲ့ ကိစ္စတွေလည်း ပါသတဲ့။

အရေးပိုင်အပြောတော့လည်း သုမင်္ဂလဖြစ်တဲ့ ဒါဘာပွဲကြီးမှာ စိတ် မချမ်းသာစရာကိစ္စတွေကို မတင်ပြစေရဘူးလို့ ပြည်ထဲရေးဝန်ကြီးချုပ်နဲ့ အတွင်း ဝန်ချုပ်ကြီးတို့က ဖိဖိစီးစီး ညွှန်ကြားထားသတဲ့ဗျ။ သူလည်း ဆူးကြားက ဘူးသီး လို ဖြစ်ရတာနေမှာပဲ။ 'ဂန္ဓိဖု' ကလည်း ခပ်ထက်ထက်နဲ့ တွေ့ကြရော"

"အဲဒီတော့ ..."

"အသနားခံစာမှာပါတဲ့ သူတို့ပျော့ကွက်တွေကို ဘုရင်ခံချုပ်ရဲ့ ရွှေနား တော် မပေါက်ကြားရအောင် လယ်သမားတွေစုတင်တဲ့စာကို ဖြတ်တောက် ပြုပြင်ပြီး နငယ်အမြီးတပ် ပစ်လိုက်ရုံသာမကသေးဘူး မလိုလဲလိုလဲ ဘုရင်ခံကြီး က ကြည့်ချင်သပဆိုရင် မျက်နှာပန်းလှဖို့ သူတို့အစုတ်ထုပ်၊ အရှုပ်ထုပ်တွေကို သနပ်ခါးလိမ်းပန်းပန်လုပ်နိုင်အောင် ဒါဘာပွဲကြီးကို ဒီဇင်ဘာ ၂၁ ရက်နေ့မှ လုပ်တော့မတဲ့ဗျ။ အတွင်းဝန်ချုပ်ကြီးက ရက်ရွှေ့ပစ်လိုက်တယ်။ ရာဇဝတ်ဝန်ကြီး မစ္စတာရေးနိုးဆိုတာ ဘာပြောကောင်းမလဲ။ ခေါင်းတောင် မဖော်နိုင်ဘူး။ ကျား ရှေ့ရောက်တဲ့ လိပ်လိုပဲ ပုလို့၊ ဝပ်လို့"

"ဒီပုံဆိုရင် လယ်သမားတွေ စုတင်ကြမယ့် အခွန်တော်လျှော့ပေါ့ရေး၊ နှစ်ဟောင်းက အခွန်တော်ကြွေးကျန်တွေကို လျှော်ပစ်ရေးဆိုတဲ့ကိစ္စဟာ ရေဝေး အရပ်ရေးသလို 'တိမ်ပန်းချီ' ဖြစ်ရတော့မယ်နဲ့ တူပါရဲ့။ သဲထဲရေသွန်ပလေ"

"အဲသလိုမျိုးဖြစ်ခဲ့ရင် ... ဖွဟဲ့ ... မပြောကောင်း ပြောကောင်း သာယာဝတီမှာ လောင်မီးကြီးကျလိမ့်မယ်ဗျ။ မြေကြီးလက်ခတ်မလွဲဘဲ"

"ဘယ်လို ... မစ္စတာအိုကွန်နာ"

"သာယာဝတီနယ်မှာ ယယ်သမားတွေ သူပုန်ထကြလိမ့်မယ်ဗျ"

www.burmeseclassic.com



"ဟင် ..."

"ချစ်တီးကဆူ၊ အခွန်တော်ကပူ လူစစ်စစ်က ဂျူန်ဖြစ်ဆိုတဲ့ အရပ်ထဲကစကားတွေလို ဂျူန်သူပုန်ထ ဖြစ်ကြလိမ့်မယ်။ နေ့လားညလားပဲ"

"အဲဒီလောက် သေချာနေသလားဗျာ"

" 'ဆာဂျေအေ' သာ ပညာရှိနည်းနဲ့ အချိုမသတ်တတ်ဘဲ 'တစ်ချက်လွှတ် အမိန့်နဲ့' ပစ်ပစ်ခါခါ သစ်စိမ်းချိုးချိုးခဲ့ရင် ဒီကနေ ဒါဘာပွဲပြီး ... အဲ ... နောက်တစ်နေ့ ကြမ္မာဆိုးငင်တော့မှာပဲဗျ။ စိတ်ချ။

ကျုပ်တို့ မစ္စတာဗာနီဗယ်ကြီးနဲ့ ဆာဂျော့စကော့တို့ မော်ရစ်ကောလစ်တို့ ခဏခဏထောက်ပြနေသလို နင်းပြားတွေက မခံနိုင်ကြတော့ဘူးဗျ။ ဆင်ကျိုစားတော့ ဆိတ်မခံသာဖြစ်ကုန်ကြပြီ။ ငတ်ရင်းမသေ တိုက်ရင်းသေကြမှာပဲ။ သူတို့မှာ ရွေးစရာတခြားလမ်း မရှိတော့ဘူး"

"လယ်သမားသူပုန် ... ဟုတ်စ"

"ဂျူန်သူပုန်တဲ့ဗျ"

"ငတ်ရင်းမသေ တိုက်ရင်းသေကြမယ်တဲ့။ 'Great deeds must be fought for, hope for, died for'y ... ဒီလိုလား။ 'Born but to die' သေတစ်နေ့ မွေးတစ်နေ့တဲ့လား"

"ဟုတ်ပဗျာ ... လယ်သမားဂျူန် ... သူပုန်ဂျူန်တဲ့"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [၄]

❑

"သူ့ပုန်ထကြဖို့ကလွဲပြီး တခြားရွေးစရာ လမ်းမရှိတော့ဘူး . . . မင်းစံ။ အခြေအနေတွေကတော့ 'သေသော်မှတည့် ဩော် . . . ကောင်း၏' ဆိုတဲ့ အကွက်ကို ဒုတ်ဒုတ်ထိဆိုက်နေပြီ။ ကျုပ်တို့ 'ဓမ္မသဿဝန ဗုဒ္ဓသာသနာ ဗမာစစ်စစ်ကနေ မွေးလာပါရက်နဲ့ ဂျူးဇက်ဆိုသလိုလို၊ အော်ဂတ်စတပ်ဆိုသယောင်ယောင် အောက်ဂလိအာ ဘိုကြက်ချေး နာမည်မှည့်ထားတဲ့ ကိုလိုနီအိမ်စောင့်ခွေး 'ဆာမောင်ကြီး' ကလည်း ကျုပ်တို့လူထုတွေရဲ့ မျှော်လင့်ချက်တွေကို အားမနာလျှာမကျိုး နင်းချေဖျက်ဆီးပစ်လိုက်ခဲ့ပြီကော . . . မင်းစံရဲ့"

စကားသံသည် ခြောက်ကပ်အက်ကွဲလျက် မာထန်တုန်ယင်နေတော့သည်။ အလံတောင်ဌာနချုပ်ရှိ လူတိုင်းက 'ဦးဖင်းကြီး' ဟုလည်းကောင်း၊ 'ဘုန်းကြီးညဏ်' ဟုလည်းကောင်း၊ 'အဘညဏ်' ဟုလည်းကောင်း လေးစားရိုကျိုး ခင်မင်ကြစမြဲ ဆရာညဏ်၏ မျက်နှာနေသည် ဤမျှ ခက်ခက်မာမာ တစ်ကြိမ်တစ်ခါမျှပင် မရှိခဲ့စဖူး။ မတွေ့မမြင်ခဲ့ရစဖူး။ အရေးတော်ပုံကြီးကိုစွန့်

www.burmeseclassic.com



ပ်ရောကိုယ်ပါပုံ၍ ဝင်စားနှစ်မြှုပ်ထားလျက် တက်ကြွထက်သန်လွန်းသလောက် ခဉ့် ရွှင်ပြုံးချိုသာနေတတ်သူ။

ယခုဖြင့် သူ၏မျက်နှာကြီးမှာ သရဲသဘက်စီးသလို စူးရဲတင်းမာလွန်း၏။ ထွက်စကားသည်လည်း ဒေါသငွေ့ဖြင့် ပူလောင်ပြင်းပြလွန်းနေသည်။

"ဒါဘာပွဲကြီးကို စနည်းနာဖို့ ဘယ်သူတွေ သွားခဲ့ကြသလဲ"

'မင်းစံ' ဟု သူတို့တမြတ်တနိုး ခေါ်ဝေါ်နေကြသည့် ဆရာကြီး ဦးစံ ကျော်သည် ရွှေရောင်တဝင်းဝင်း စံပယ်နေသည့် 'အဘယမုနိမုဒြာ' ပန်းပေါင်း စ်ထောင်မံဘုရား ရုပ်ပွားတော်မြတ် ကိန်းဝပ်တော်မူနေသည့် ဘုရားဆောင် ၏ အောက်ဖက်ဝါးစိမ်းကွပ်ပျစ်ကြီးပေါ်၌ တင်ပလ္လင်ခွေထိုင်လျက်သားက လေသံ အေးအေးကလေးဖြင့် သူ့လူများကို အကြည့်တစ်ချက်ဝင့်ရင်း မေးလိုက်၏။

လေသံသည် အေးငြိမ်းသယောင် ရှိချင်သော်လည်း မီးလျှံတွေကို မျိုချထား သည့် ရေခဲမီးတောင်ဖြစ်နေမှန်း အခန်းတွင်းရှိ လူတိုင်း ခံစားသိနေကြသည်။

"မင်းရဲရဲအောင်ထင်၊ ဗိုလ်မှူးဘအေးရယ်၊ ရဲရဲကျော်ထင် ဗိုလ်ဖိုးဆော့ ရယ်၊ ရေဝိုက်က ဗိုလ်ဖိုးချစ်ရယ်၊ သခင်တိုက်စိုးတို့ လူငယ်ပိုင်းတွေရယ် ... ဒါဘာပွဲထဲအထိ ဝင်ပြီး စနည်းနာခဲ့ကြတာပဲ ... မင်းစံ။ ကဲဟေ့ ... ဖိုးဆော့ မင်းတို့ ကြားခဲ့၊ တွေ့ခဲ့၊ သိခဲ့ရသမျှကို ဒီက တပ်ဗိုလ်နဲ့ ဦးစီးခေါင်းဆောင်တွေ အားလုံးသိအောင် ပြောပြစမ်းဦးလဟ ... ကိုရင်"

"အင်း ... ပြောရမှာတောင် ပါးစပ် 'သန' လိုက်ပ ဦးဇင်းရာ။ မပြော ပြီးမို့သာ"

"ဟုတ်တယ် ... အဘဉာဏ်။ ဒါဘာပွဲမှာ ဖားရွှေကျော်သူကြီး ဦးထွန်းလှ နဲ့ စိမ်ကသူကြီး ဦးဖိုးညွန့်ကြီးတို့က ကျုပ်တို့လူစုတွေကို 'သခင်အားရ ကျွန်ပါးဝ' သုပ်ပြီး ပိုင်းရှေ့ထွက်ထွက်ဟောင်ပြတဲ့ ခွေးကြီးတွေလို အမြိုးတနံ့နံ့နဲ့ ပြဿနာ ရှာချင်နေသေးတာခင်ဗျ။

သာယာဝတီအမတ်မင်းဦးပုရဲ့ အတွင်းရေးဝန် ကိုစံညွန့်ကလေးက အပြေး အလွှားရောက်လာပြီး ဘုရင်ခံဆီဆက်သမဲ့ အသနားခံစာနဲ့ ဆိုင်ရာ လယ်သမား သုထု ကိုယ်စားလှယ်တွေ အစုထဲ ဖွတ်ဆွဲသွင်းသွားလို့ လက်မတင်ကလေး အသက်ရှူချောင်ခဲ့ရတာရယ်။

ရေဝိုက်ရွာကို မနေ့တစ်နေ့က အခွန်ကောက်ရင်း ဝင်မွှေသွားခဲ့တဲ့ ာဇဝတ်ဝန်ကလေး ဦးမောင်ကလေးနဲ့ အင်စပက်တော် ကိုဘဦးတို့ တိုရာဓာတ်

www.burmeseclassic.com



အုပ်ကုလား ဟာမက်တို့ကဆို ကျုပ်တို့အဖွဲ့တွေကို မျက်စောင်းတခဲခဲနဲ့။ မေကာလ္လား ‥ နဂါးသာဆို ကျုပ်တို့ ပြာဖြစ်ရချေသေးရဲ့ဗျာ''

''အဲသလောက် သည်းသည်းလှုပ်ဖြစ်နေဆို သင်းတို့က သင်းတို့အမေလင် (ဆာဂျေအေကြီး)ဆီက 'ကေ ‥ တီ ‥ အမ်'တို့ 'ကေ ‥ အက်စ် ‥ အမ်'တို့ 'တီ ‥ ကီ ‥ အက်စ်'တို့လို တံဆိပ်တော်တွေ၊ ဂုဏ်ထူးဆောင် ငွေဓားတွေ၊ နှစ်လုံးပြူး သေနတ်တွေ၊ ရွှေဇာဝါရေး လက်မှတ်ကြီးတွေ ဖောချင်း သောချင်းရကြပေသကိုး ဗျ။ ဒီတော့လည်း သခင်သဘောတော်ခွေ့အောင် အမြီးနှံ့ပြကြရပြီပေါ့။ ဟိန်းသံ ဟောက်သံ၊ အာသံ လျှာသံ ပေးပြရပြီပေါ့''

''မင်းစံပြောတဲ့ အင်္ဂလိပ်မိစ္ဆာအစိုးရရဲ့ ဂမ္ဘီရအဆောင်တွေ၊ လက်ဖွဲ့ တွေပါကွာ။ တို့ရဲ့စမလို၊ အင်းတွေလို အရဟံလည်းမဟုတ်၊ နမောတဿ လည်း မပါ၊ 'ကျက်သရေဆောင် ရွှေစလွယ်ရမင်း'တဲ့။ 'တိုင်းကျိုးပြည်ကျိုး ဆောင် တံဆိပ်တော်ရမင်းတဲ့။ ဟင်း ‥‥ ဟင်း ‥‥ မြန်မာစကားကို သင်းတို့ မိစ္ဆာ အင်္ဂလိပ်အက္ခရာနဲ့ စာလုံးပေါင်းပြီး ပေးထားလိုက်ရုံနဲ့ အစွမ်းထက်တဲ့ လူ့သတ်ဘွဲ့၊ အမျိုးဖျက်၊ သာသနာဖျက်အဆောင်၊ ဇာတ်တူသား ချင်းစားခိုင်းတဲ့ အောက်လမ်းအစီအရင်တွေပေါ့ ‥‥ ကိုရင်တို့ရဲ့''

''ဖွီ ‥‥ အစီအရင် မဟုတ်ပေါင်ဗျာ၊ အပင်းအဆိပ်တွေပါ။ သင်းတို့ကို အဲသဟာတွေနဲ့ (ဗူးသွင်း) လိုက်တာခင်ဗျ။ သင်းတို့နလ ပိန်းတုံးတွေ၊ အမေကျော် ခွေးတော်လွမ်းချင်တဲ့ ကျွန်နုံတဟောင်ဟောင် သဘောက်မသားတွေ ဗူးသွင်းခံ လိုက်ကြရတာ။ ကဲ ‥‥''

''ကဲပါလေ ‥‥ အဲဒါတွေ အသာထားပါဦး။ အရေးကြီးတဲ့ လိုရင်း အချက်တွေကိုပဲ အရင်ပြောကြစမ်းပါဦး''

''အဲ ‥‥ အဲ ‥‥ ဟုတ်ပ။ ဘာတဲ့ ‥‥ ကိုရင်တိုက်စိုး။ ကိုရင်က ချက် နဲ့လက်နဲ့ ထိထိရောက်ရောက် ပြောတတ်တယ်။ ကဲ ‥‥ လုပ်ပါဦးဟ''

''ဒီလို ‥‥ ဆရာကြီးရေ့။ ဆရာကြီး သင်ညာဏ်ပေးတဲ့အတိုင်း ဖိမ်ဇာ က ဦးစံခွေးကြီးနဲ့ ဖားရွှေကျော်က ဦးကြီးတိုက်မောင်းတို့ရယ် အားလုံး အစုစု ရွာငယ်ကလေးတွေက လယ်သမားကိုယ်စားလှယ် (၁၀၂)ဦး လက်မှတ်ထိုးပြီး ခုတင်ကြတဲ့ အသနားခံစာက ဒါဘာပွဲကြီးသိမ်းကာနီး ဘုရင်ခံကြည့်သာနေတုန်း အရေးပိုင်ကတင်ပြလို့ လက်ထဲအထိတော့ ဆိုက်ဆိုက်မြိုက်မြိုက်တော့ ရောက်



www.burmeseclassic.com

www.burmeseclassic.com



သွားပါရဲ့။ နို့ပေတဲ့ . . . အသနားခံစာကို စာကလေးအမွေးနုတ်သလို အမြီးနုတ်၊ ခေါင်းနုတ်လိုက်ကြတော့ တင်ပြချင်တဲ့ အဓိကအချက်တွေ တစ်စက်ကလေးမှ မပါတော့ဘူး။ အရေးပိုင်လက်ထဲမှာပဲ ခွေးလျက်တဲ့ ထန်းလျက်လုံးလို လုံးပါး ပါးခဲ့ရရော''

''အင်း . . .''

''သာယာဝတီနယ်ထဲက ရွာကလေးတွေနဲ့ လယ်သမား၊ ယာသမားတွေရဲ့ စပါးကွင်းတွေဆီမှာ မြေပိုင်ရှင်တွေကတစ်မျိုး၊ ချစ်တီးက တစ်ဖုံ၊ အရေးပိုင်မင်း၊ မြို့ပိုင်မင်းနဲ့ ရွာသူကြီးရွာခေါင်းတွေကတစ်နည်း၊ ရာဇဝတ်အုပ်၊ စာသင်ကြီး၊ ဆူပရာ၊ ဂျမဒါစတဲ့ ကုလားပုလိပ်တွေ စစ်ပုလိပ်တွေကတစ်သွယ်၊ လက်သိပ်ထိုး စည်းဝါးရိုက်ထားကြသလို နည်းအမျိုးမျိုးနဲ့ နှိပ်စက်၊ အဆီစား၊ အသားမျို လက်ကုန်နှိုက်ပြီး (ဘနှမဖူးသိုက်တူး) နေလိုက်ကြတာကဖြင့် ရွာကလေးတွေ ပျက်လုခမန်း ကျိုးလန့်စာစား ဖြစ်နေကြရပြီဆိုတဲ့အကြောင်း အသေးစိတ် တင်ပြချက်တွေကတော့ အရေးပိုင်က ဖြုတ်ချပစ်တဲ့အထဲမှာ ပါသွားတယ်ခင်ဗျာ''

''ရေစုန်ကို မျှောတာပဲပေါ့ . . . ပြီးရော . . . ပြီးရော''

''အဲ . . . သစ်တောခွန် တစ်မတ်ကို ပယ်ဖျက်ပေးပြီး ကိုယ့်မြေကိုယ့်ရေမှာပေါက်တဲ့ လွတ်လွတ်လပ်လပ် အလကားခုတ်ယူသုံးစွဲခွင့်ပြုဖို့ ထင်းခွန်ဆိုတာ အဓိပ္ပာယ်မရှိလို့ ဖျက်သိမ်းပေးဖို့စတဲ့ အချက်တွေကတော့ အသနားခံစာထဲပါပေတဲ့ ဘုရင်ခံဘုရားက ဖတ်ပြီးပြီးချင်းပဲ ချက်ချင်း မဆိုင်းမတွ ဖယ်ချပစ်လိုက်တယ် . . အဘဥက္ကဋ္ဌရေ့''

''အံ့ယ် . . . ဘယ့်နှယ့်ကြောင့်''

''အဲဒီတောခွန်ထင်းခွန်ဆိုတာဟာ လူတစ်ယောက်မှ ၁၆ ပြား ရှိတာ။ မပြောပလောက်တဲ့ ငွေပမာဏမို့ စဉ်းစားစရာ မလိုဘူးတဲ့ဗျ။ 'တယ်လက်ပေါက်ကပ်တဲ့ လူတွေပဲ' လို့လည်း မှတ်ချက်ချလိုက်သေးသတဲ့''

''ဖွီ . . . သဘောက်မသား ဘုရင်ခံက စကားပလီလွှန်းလိုက်လေကွယ်။ ဟောဒီ ၁၉၃၀ – ၃၁ ခုနှစ်မှာတင် တစ်နိုင်ငံလုံး အခွန်စည်းကြပ်ခံရတဲ့ လူဦးရေ (၁ × ၅၄၃ × ၈၁၃) သိန်း၊ တစ်ခြားမြေခွန်က (၅၂၅)သိန်း၊ ယစ်မျိုးခွန်က (၁၃၃) သိန်း၊ တံဆိပ်ခေါင်းစဉ် (၆၆) သိန်း ရှိခဲ့တာကြောင့် လူခွန်၊ အိမ်ခွန်မပါ။ ထို့ဗမာတွေ ဗလာချည်း ပေးဆောင်နေရတဲ့ အခွန်ဟာ ၁၉၃၀ တစ်နှစ်ထဲတင် ကျပ်သိန်းပေါင်း (၉၆၀) ရှိတယ်ဆိုတာ သင်းသိသိကြီးနဲ့၊ အဲဒီငွေတွေ



www.burmeseclassic.com

www.burmeseclassic.com



ဟာ မပြောပလောက်တဲ့ ငွေတွေတဲ့လား။ ဘုရား ဒကာသားရဲ့ ပါးစပ်ကနေ မိန်းမ ရှင်လေသံ ထွက်လာပုံကဖြင့် . . . အံ့ . . . အံ့စရာကွာ''

''ဟုတ်တယ် . . . အဘဉာဏ်။ ပြီးတော့ စပါးဈေးထိုးကျနေတဲ့အတွက် ဆင်းရဲသူဆင်းရဲသားများမှာ သဿမေဓအခွန်တော်ပေးဖို့ အလွန်မတန် အခက် အခဲရှိနေကြတဲ့အတွက် အခွန်တော်ပယ်ဖျက်ပေးဖို့နဲ့ စားဖို့တောင် အနိုင်နိုင် ထမင်းကို နပ်ကျော် နပ်ခြားစားနေကြရတဲ့ ကျောမွဲနင်းပြားတွေကို လူခွန်မပေး တဲ့အတွက် အကြောင်းပြပြီး အမျိုးမျိုးနှိပ်စက်၊ ဖမ်းဆီး၊ ထောင်ချပစ်နေကြတာ တွေကိုလည်း ရပ်တန်းကရပ်ပေးဖို့ မြို့မဂါတ်ထဲမှာ ချုပ်ထားတဲ့လယ်သမားတွေ ကို လွှတ်ပေးဖို့ စတဲ့စတဲ့အချက်တွေကို ကျပြန်တော့တစ်မျိုး လေသံပြောင်းပြီး ကလိန်စေ့ငြမ်းဆင် ပြောပြန်သဗျ''

''အေး . . . လုပ်စမ်းပါဦး . . . ဘယ်လိုတဲ့တုံး''

''အစိုးရမင်းများမှာ တိုင်းပြည်ကို စီမံအုပ်ချုပ်ဖို့ ဘဏ္ဍာငွေများစွာ ကြပ် တည်းနေသတဲ့။ ဥရောပမှာ ဆိုက်နေတဲ့ ၁၉၂၉ စီးပွားပျက်ကပ်ဘေးက ဟောဒီ ၁၉၃၀ မှာ အာရှနိုင်ငံတွေအထိ ဂယက်ရိုက်ပြီး ထိခိုက်လာတာမို့ အိန္ဒိယ ဖဟိုအစိုးရကို ပေးရမဲ့အခွန်တော်ငွေကိုတောင် မပေးနိုင်သေးဘူးတဲ့။ အဲဒါကြောင့် သဿမေဓအခွန်တော်နဲ့ ပတ်သက်သမျှ ကိစ္စမှန်ရင် မတင်ပြကြနဲ့။ မစဉ်းစားနိုင် ဘူးတဲ့ခင်ဗျ။ ရေပိတ်စပါးတစ်ချက်လွှတ်ပဲ''

''၁၀-၂-၂၈ ရက်နေ့က ဥပဒေပြုကောင်စီ အစည်းအဝေးမှာ **'Swarajist'** ပါတီက တင်သွင်းခဲ့တဲ့ သဿမေဓ အခွန်တော် ငွေကောက်ခံမှု ဖျက်သိမ်းပစ် ရေးအဆိုကို သူတို့နောက်လိုက်ခွေး အမတ်မင်းတွေရဲ့အားနဲ့ဖိပြီး ၂၈ မဲ၊ ၄၃ မဲ နဲ့ နှိပ်ကွပ်ပစ်ခဲ့သလိုပဗျာ။ တရားဥပဒေနဲ့အညီ တင်လည်း အထမမြောက်။ အောက်ကျို့ခံပြီး အသနားခံစာ တင်ပြန်တော့လည်း ဂရုမစိုက်။ ကိုင်း . . . ကျုပ် တို့ ဘာလုပ်ကြရဦးမလဲ''

''ဒါဖြင့် . . . လယ်သမားတွေကို သဿမေဓခွန်ဆောင်ရန် အစိုးရက နှိပ်စက်မြဲ နှိပ်စက်နေဦးမယ်ဆိုတဲ့ သဘောပလေ။ အဲဒီဘူတာ ဆိုက်တာပဲမဟုတ် လား . . . မင်းစံရဲ့''

''သင်းရဲ့ ၁၂-၈-၃၀ ရက်နေ့က ဘုရင်ခံသစ္စာပြုပွဲအတွက် မတန် တဆသုံးခဲ့တဲ့ ဘဏ္ဍာတော်ငွေတွေ၊ မနေ့က သူတို့ကျေးတော်မျိုး၊ ကျွန်တော်မျိုး တွေကို သူကောင်းပြုဖို့ ဒါဘာပွဲကြီးမှာ ဖုံးပေါလအော သုံးခဲ့စွဲခဲ့တဲ့ ဘဏ္ဍာတော်

www.burmeseclassic.com



ငွေတွေ၊ 'ပဲခူးကလပ်'တို့ 'ဂျင်မခါနာကလပ်' တို့လို သူတို့ထင်သလို စည်းစိမ်ခံနေကြတဲ့ ကေရီဘုရင်မကြီးရဲ့ မျက်နှာဖြူ အိန္ဒိယပဋိညာဉ်ခံ ဝန်ထမ်းတွေအတွက် သုံးစွဲနေရတဲ့ ဘဏ္ဍာတော်ငွေတွေအတွက် ကျုပ်တို့ တောကြားတောင်ကြားက ဆင်းရဲသားလယ်သမားတွေက အငတ်ငတ် အပြတ်ပြတ် အသေခံပြီး အခွန်ထမ်းရမယ်တဲ့လားဗျာ။ တောက် ... မိုက်ရိုင်းယုတ်ကန်းလိုက်ပလေ"

စကားသံတွေ တိတ်သွားပြန်သည်။

လူတိုင်း၏ရင်ထဲ၌ ကိုယ့်အတွေးတွေနှင့်ကိုယ် ဗလောင်ဆူလျက် ငြိမ်သက်နေကြခြင်း ဖြစ်သည်။ လယ်မဲ့ယာမဲ့တွေ များလာနေပြီး တဖြည်းဖြည်းအိုးမဲ့ အိမ်မဲ့တဝသို့ နိမ့်ကျလာခဲ့ကာ နောက်ဆုံးတွင် ရွာပျောက်မြေပျောက် ဖြစ်ကြရတော့မည့် ဘဝဆိုးဆီ ဦးတည်လာနေသည့် ကပ်ဘေးကြီးက ကျောနားကပ်နေပေပြီ။

ဝတ်၍သေကြရသည့် ကလေးတွေ၊ သက်ကြီးရွယ်အိုတွေ၊ အခြေမဲ့အနေမဲ့တွေ တစ်နေ့တခြား များများလာနေကြပြီ။ အစာရေစာ ဝလင်လုံလောက်မှုမရှိ၍လည်း အဖျားအနာက ထူပြောလာပြန်သည်။ ဒုဗ္ဘိက္ခန္တရကပ်ဘေး ...၊ ပြီး ... ရောဂန္တရကပ်ဘေး ...၊ ပြီးလျှင် ... သတ္တန္တရ ကပ်ဘေး ... ဘေးကြီးသင့်တော့မည်။

" 'ရွာသီရင် ပြည်နာ'သတဲ့ဗျ ... မင်းစံရဲ့။ ကျုပ်တို့ ရှစ်ခရိုင်က တပ်ဖွဲ့သား လေး၊ ငါးသောင်းအင်အားဟာ မနည်းပါဘူး။ ကျုပ်တို့ နောက်မှာ 'ခ' ဂဠုန်တပ်အင်အားက ကိုးသောင်းတစ်သိန်းရှိမင့်ဟာ။ အရေးဟဲ့ဆို 'လက်သည်းဆိတ် လက်ထိပ်နာ' မြို့တိုင်းရွာတိုင်းက (ဘူးအသင်း)တွေ၊ 'ဝံသာနုအသင်းတွေ'၊ 'တို့ဗမာအစည်းအရုံး'ဝင် သခင်တွေဟာ ကျုပ်တို့ရဲ့အားတွေ ဖြစ်လာကြမှာပဲ။ ချ ... မယ်ဆို မင့်နွေးမနေနဲ့တော့။ ဒီလို အရေးအခါ ပေါ်လာမင့်ကို ဖမ်းဆုပ်ပြီး မီးမွှေးလိုက်မှ ဟုန်းခနဲ ထတောက်လာမှာပဲ။ ကိုင်း ... ချလိုက်ကြဖို့ပဲ ... မင်းစံ"

ဆရာဉာဏ်က လက်သီးဆုပ်တင်းတင်းကို ဝါးစိမ်းစားပွဲ၌ တဆတ်ဆတ်ထုရင်း ပြော၏။

'ဗုဒ္ဓရာဇာ' တပ်မြို့၏ အရှေ့တောင်ထောင့် ကုန်းပြန့်လွင်သာ ကလေးပေါ်၌ တည်ထားသည့် အောင်တံခွန်၊ ရဲတံခွန်၊ အလံနီ၊ အလံဖြူတွေ တလူလူလွင့်နေသော ဆရာစံ၏ တဲကြီးအတွင်းစုမိရုံးမိသမျှ ဦးစီးတပ်ဗိုလ်အားလုံးမှာ မေးကြောကြီးတွေ ထောင်ထလျက် လက်ဆုပ်တွေ တဖျစ်ဖျစ်မြည်နေကြသည်။

www.burmeseclassic.com



ဆရာကြီးဦးစံကျော် သူတို့၏ 'မင်းစံ' ထံမှ နှုတ်ထွက်စကားကို အာသာ ငမ်းငမ်း ငံ့လင့်နေကြလျက်။

''အဆင်သင့် မဖြစ်သေးဘူးလို့ တွေးနေတာလား ... ဆရာကြီး။ ဗမာ တွေဟာ သွေးမနည်းတတ်ကြပါဘူး။ ရှေ့က ဝံ့ဝံ့စားစားခေါင်းဆောင်မယ့်သူရှိရင် တန်းခနဲငေါက်ခနဲ ပါလာကြမှာပါ။ လက်အောက်တပ်မိုလ်တွေရဲ့ သဘောအရ ဆိုရင် ဟိုးတစ်နေ့ 'ရေတိုက်' ကို ဝင်ရမ်းသွားတဲ့ ရာဇဝတ်ဝန်ထောက်ကလေး ဦးမောင်ကလေးတို့ ပုလိပ်အဖွဲ့ကို ရှာပိတ်ပြီး ကိစ္စတုံးလုပ်ပစ်လိုက်ကြတော့မလို့။ ကံသီပြီး ဒွာနချုပ်တာဝန်ခံ ဗိုလ်မှူးဖိုးလွင်ရှိနေလို့။ ဆရာကြီးအမိန့်မရဘဲ ဓား တစ်ချက် မဝင့်မလက်ရဘူးလို့ အမိန့်ပေးစောလိုက်လို့ ခင်ဗျ။ လက်အောက်တွေ ကဖြင့် သွေးပူသွေးဆူနေကြပြီရယ်''

''ကျုပ်က အဲဒါမျိုးတွေကို စိတ်ပူနေမိတာ ကိုညာဏ်။ ညာဏ်ကဦးမစီးဘဲ ဒေါသတွေ၊ အာဃာတတွေ ရှေ့တန်းတင်ပြီး သက်ကြဟဲ့ ဖြတ်ကြဟဲ့နဲ့ 'ခုတ်ရာ တခြား ရှရာတလွဲ'တွေ ဖြစ်ကုန်မှာကို စိုးရိမ်နေတာ''

''အို ... ဆရာကြီးကလည်း 'စစ်ဦးဘီလူး' ပဲဟာ။ သွေးစွန်းပြီး တိုက်ရဲ ခိုက်ရဲသတ်ရဲအောင်ဟာ အတန်အသင့် သွေးစွန်းသင့်စွန်းရမှာပ။ သူပုန်ထပြီ ဆိုမှတော့ ဒါမျိုးတွေက ရှောင်လို့တိမ်းလို့ ရကောင်းတဲ့ကိစ္စ မဟုတ်ဘူး''

''ဟဲ့ ... ဟဲ့ကောင် ... ဖိုးဆော့ ... ပြောရှော့မယ် ... ဒီအကောင် ... ဒုတ်ထိုးအိုးပေါက်နဲ့''

''ပြောပါစေ ... ကိုညာဏ်၊ သူ့စိတ်ထဲရှိတာ သူ လွတ်လွတ်လပ်လပ်ကြီး ပြောပါစေ။ ကျုပ်တို့အရေးတော်ပုံကြီးပဲ နေ့ချင်းညချင်း ထကြချင် ကြကြရ တော့မှာ။ ရင်ထဲမြှုမထားဘဲ ပွင့်ပွင့်လင်းလင်း အန်ချပစ်လိုက်တော့ ကောင်းတာ ပေါ့။ အတူနေ အတူစား သေစရာရှိ အတူသေကြမယ့် ရဲဘော်ရဲဘက်ချင်းတွေပဲ စကားကုန်အောင်ပြောပါစေ''

''ဟုတ်တယ် ... ကိုဖိုးသစ် ပြောတာမှန်တယ်။ ဖိုးဆော့ပြောတာလည်း မူအားဖြင့်တော့ မမှားဘူး။ အခြေခံအနေနဲ့ မလွဲမရှောင်သာ လက်ခံထားရမယ့် အချက်ပဲ။ အဲ ... ဒါပေမဲ့ မင်းစံပြောချင်တဲ့ စကားနဲ့ သီသီကလေးလွဲနေတယ်။ လွဲ လည်း လွဲမှာပဲ။ အရွယ်ချင်း၊ အခြေအနေချင်း၊ တာဝန်ချင်းက ကွာပေတာကိုး။

www.burmeseclassic.com



တကယ်တမ်း လူကြီးပိုင်းက တင်ကူးစိုးရိမ်နေတာဟာ အရေးအခင်း ကြီးကြောင့် သေရမှာ၊ မိစ္ဆာဒိဋ္ဌိတွေကို သုတ်သင်ရမှာစတဲ့ကိစ္စမဟုတ်ဘူး။ အနှစ်နှစ်အလလ ကြိတ်မှိတ်မြိုသိပ်ပြီး အောင့်အည်းသည်းခံခဲ့သမျှ တာရိုး၊ ဆည်တမံရိုးကျိုးသလို ဒေါသတွေ၊ အာဃာတတွေ ဒလဟောပြိုကျပြီး တစ်လောလေးတုန်းက ပြီးသွားတဲ့ ကုလား – ဗမာ အဓိကရုဏ်းကြီးလို အကြောင်းမဲ့၊ အကျိုးမဲ့၊ ဦးတည်ချက်မဲ့ ဗရမ်းဗတာ သတ်ဟဲ့ဖြတ်ဟဲ့ လုဟဲ့ယက်ဟဲ့ ဖြစ်ကုန်မှာကိုပဲ''

''ခရိုင် (၈) ခရိုင်မှာ 'က–ဂျွန်'၊ 'ခ–ဂျွန်'တပ်မိုလ်တပ်သားချည်းလေး–ငါးသောင်း။ တစ်သိန်းစုမိပြီဆိုပေမဲ့ အင်အားပဲ စုလို့ရကြသေးတာ။ သေသေချာချာ ကွပ်ကွပ်ညှပ်ညှပ် ဖွဲ့စည်းရသေးတာလည်း မဟုတ်ဘူး။ အရေးပေး အလုပ်ဖြစ်တယ်ဆိုရုံ အကြပ်၊ တပ်မိုလ် စသဖြင့် ပေးထားရသေးတာ။

တချို့နယ်တွေဆို ခေါင်းကြီးပိုင်းတပ် မိုလ်တွေကိုပဲ တွေ့ဖူး ဆုံဖူးသေးတာ။ လက်အောက်တွေနဲ့က တစ်ကြိမ်မှ မျက်နှာချင်းမဆိုင်ရဖူးသေးဘူး။ 'မြရာသံပတ်' စည်းစည်းကြပ်ကြပ် မလုပ်ကြရသေးဘူး။ တကယ့် အရေးမှာ ဝါးအစည်းပြေသလို ပြေကုန်မှာကိုလည်း စိုးရတယ်။ စစ်ဦးဘီလူးကြီးမှာ တပ်ဦးကျိုးစစ်ဦးပြိုခင် ပြီးပါလေရော''

''အဲဒါတော့လည်း ဟုတ်တယ်။ ဖျာပုံ–ဒေးဒရဲဘက်က မင်းကြီးဦးအောင်လုတို့လိုဆိုရင် ဘာအရေးလဲ။ သူကိုယ်တိုင်က သီပေါမင်းတရားကလေးရဲ့ မြင်းတပ်ဗိုလ်ဖြစ်ခဲ့ဖူးတာ။ သူ့ယောက်ဖက စစ်ကဲကြီး။ ဒီတော့ သူက မြန်မာဘုရင်ရဲ့ တပ်ဖွဲ့နည်းပုံ၊ လက်နက်တပ်ဆင်ပုံ၊ စစ်ဆင်စစ်တက် စစ်ရေးကျင့်ပုံတွေကို ကျွမ်းကျင်တယ်။ သူ့တင်မယ် 'က–ဂျွန်' ချည်း ၁၀၀၀ ကျော် ရှိတယ်ဆိုပေမဲ့ ခေါင်ခေါင်ခင်ခင်တွေချည်းပဲ။

အဲ . . . ဗိုလ်ချုပ်စုတို့၊ ရွှေတော်ဗိုလ်ညိုမြတို့၊ ဗိုလ်ထွန်းမောင်ရဲ့ ကျားတပ်၊ ခြင်္သေ့တပ်တို့၊ အင်းစိန်က ဗိုလ်အောင်ရွှေ ဗိုလ်အောင်ဖေတို့တပ်၊ ဗိုလ်စံထူး၊ ဗိုလ်မြတ်အောင်တို့တပ်တွေလို ဆိုရင်ဖြင့် ဘာပြောစရာရှိမှာလဲ။ အဲ . . . ကျန်တဲ့နယ်တွေက အားနည်းနေသေးတယ်။ ပြီးတော့ 'တောမီးလောင် တောကြောင်လက်ခမောင်းခတ်' မယ့် အဖြစ်တွေက နောက်ဆက်တွဲအနေနဲ့ တစ်ပြိုင်တည်း ပါလာလေဦးမယ်။ အဲဒါ . . . အဲဒါတွေ . . .''

''ဒါပေမဲ့ ဦးဖင်းရဲ့ ဓားကောင်းဆိုတာ ရဲနေအောင် မီးပေးပြီးမှ လိုရာသွင်းလို့ရတာပဲဗျ။ စစ်ဦးကိုနိုင်အောင် ချိုးနိုင်ရင် တိုက်ရင်းနဲ့ လိုအပ်ရာရာတွေ

www.burmeseclassic.com



ကို ပြင်သွားရမှာပဲ။ ကျုပ်တို့ သီပေါဘုရင်ကလေးတောင် အင်္ဂလိပ်နဲ့ နောက်ဆုံး တိုက်တော့ လက်နက်စွဲတဲ့ အမြဲတမ်း စစ်သည် ၄၀၀၀၀ ပဲ ရှိခဲ့တာမဟုတ် လား။ ကျုပ်တို့ ဂျူနီတပ်ဖွဲ့ကတောင် သာနေသေး။ ဘာရှုံးစရာရှိသလဲ''

ဗိုလ်ဖိုးဆော့၏စကားကို ထောက်ခံသူတွေ အများအပြားဖြစ်လာသည်။ လူငယ်ပိုင်းမှာ သွေးဆူနေကြပြီဖြစ်ရာ ထိန်းရန်ခက်သည်ထက် ခက်၍လာ၏။

မင်းစံ (ခေါ် ) ဆရာဦးစံကျော်က မိန့်မိန့်ကြီး တည်တည်ငြိမ်ငြိမ် ရှိလှ နေ၍သာ ပေါက်ကွဲအုံကြွမသွားကြသေးခြင်း ဖြစ်သည်။

''အေးလကွယ် ...ငါတို့ဗမာစကားလည်း အရှိသေး။ ဘာတဲ့ ... 'လာမယ့်ဘေး ပြေးတွေ့'၊ 'ကြောက်မွေးပါ ဇာဂနာနဲ့နှုတ်' ဆို မဟုတ်လား။ အခု အနေတွေက ဒီအထိဖြစ်လာမှဖြင့် ဗမာ့သွေးဟာ ဘယ့်ကလောက်နီသလဲဆိုတာ ပြလိုက်ရုံပဲရှိတော့တာပ။ ဟုတ်ဘူးလား ... ကိုညဏ် ... ဟေ ... ကိုဘအေး ... ကိုဖိုးလွင်''

''ဟေး ...''

''မိန်းသွေး သောက်ရတော့မတဲ့ဟေ့''

''စပါးတစ်တောင်း ငါးပဲ၊ ကုလားခေါင်းမားဝဲ။ ကုလားသေမှ 'ပြည်' ဝတဲ့။ လူစင်စစ်ကဖြစ်တဲ့ ဂျူနီဟေ့။ ကုလားဖြူ၊ ကုလားမည်းတွေတော့ တွေ့ သချိုင်း ဓားမဆိုင်းပဲလကွာ''

''အရေးတော်ပုံ ... အောင်ရမည် ... အောင်ရမည်''

''ဂျူနီ ... ဂျူနီကြွ ... ကြွ ...''

သူပုန် ... သူပုန် ထ ... ထ ...''

တက်ကြွားကြွကြွ စစ်ရေးငင်သံတို့သည် တောယံတောင်ယံကို အလှိမ့် တကြီး ပဲ့တင်သံထပ်ထပ်ကြွေး၍ ဟိန်းဟိန်းညံညံ ရိုက်ဟည်းနေတော့သ တောကြီးတောင်ကြီးတွေပင် ခုန်ပေါက်နေသယောင် ဖြစ်နေ၏။ အလံတောင်ထိပ်မှ ရှိ နေဝန်းမှ နီစွေးသော ရောင်ခြည်တွေ တလက်လက် လျှံကျနေသည်။

''ရဲရဲကျော်ထင် ဗိုလ်ဖိုးဆော့''

''နက်ကျော့ကျော့ အသံဝါကြီးက ဆူညံသံတွေကို တိခနဲရပ်သွား သည်။ ကံကောင်း။ 'ရဲစက်တံခွန်'ဘွဲ့ရ ဂျူနီတပ်မှူးကလေး ဗိုလ်ကံကောင်း အလံတောင်ဌာနချုပ်၏ အုပ်ချုပ်ရေးတာဝန်ခံ ဗိုလ်ဖိုးလွင်၏ တာဝန်ပေးချက်အ 'မင်းစံ'၏ လုံခြုံရေးကို အနီးကပ် တာဝန်ယူနေရသူ။

www.burmeseclassic.com



ဆရာကြီးဦးစံကျော်က သူ့နား အနီးတိုးတိုးကပ်၍ ပြောလိုက်သည့် ညွှန်ကြားချက်အတိုင်း မိုလ်ဖိုးဆော့၏ အမည်ကို အုတ်အော်သောင်းနင်း စစ်ရေး ခင်သံတွေ၊ လွှမ်းအောင်အော်၍ ပြောလိုက်ရခြင်းဖြစ်၏။

"ဟုတ်ကဲ့ ... ဆရာကြီး"

"ဒီကနေ့ညပဲ လှုပ်ရှားပေတော့"

"ဟုတ်"

"မိုလ်ဖိုးဆော့တို့ရဲ့ပွဲဟာ ပဏာမပွဲဦးပဲ။ ပွဲဦးမကျိုးအောင် ဖရိုဖရဲမဖြစ် အောင်ဟာ သေသေချာချာလုပ်ပါ။ ဟုတ်ပလား ...။ အရင်စီမံထားတဲ့အတိုင်း ကိုသာလူ၊ ဆရာညဏ်၊ ဆရာစံ၊ မိုလ်ထွန်းသွယ်နဲ့ ကိုဘအေးတို့က အင်အား ၂၀ စီနဲ့ ဖိမ်ဇာ၊ လှစာကုန်း၊ အုန်းတောစု၊ ကျောင်းစုနဲ့ ရေဝေကနေပိတ်ပြီး ခံထားပေးမယ်။

လက်နက်ကိုင်တပ်သား အလုံအလောက်ခေါ်သွား။ သေနတ်တွေဆောင် သွားကြပေမဲ့ ထုနဲ့ထည်နဲ့ ဖြိုခွင်းရမှာမဟုတ်ရင် မသုံးနဲ့။ ညယံမှာ သေနတ်သံ တွေ ဗောင်းလန်နေရင် ကိုရင်တို့ဆီကို တစ်မြို့လုံးက မိစ္ဆာတွေပြုပြီး မဲလာကြ လိမ့်မယ်။ ကိုပန်းစိန်နဲ့ ရှမ်းဆရာကိုလည်း ခေါ်သွားဦး"

"ဟုတ်"

"ကဲ ... ပြင်ကြဆင်ကြပေတော့။ မှောင်ရီပျိုးရင် အလံတောင်က ဆင်းကြ"

"ဟုတ်"

အရေးတော်ပုံတစ်ခုသည် ဖြုန်းစားပြင်းစားကြီး မွေးဖွားခဲ့ပြီ။

✿ ✿ ✿

www.burmeseclassic.com

# [၅]

❏

ညသည် နှင်းတွေဖြင့်မှုန်ကာ မှိုင်းလျက်ရှိသည်။

သန်းခေါင်ကို ကျော်လာခဲ့ပြီဖြစ်၍ ရိုးမခြေရင်းမှ တောနှင့်တောင်သည် ခိုက်ခိုက်တုန်မျှ အရိုးကွဲမတတ် အေးခဲမှောင်မည်းနေ၏။

သဲနုနုကလေးများကို လက်ဖြင့်ဆုပ်၍ ဖြန့်ကျဲမြှောက်ပစ်လိုက်သည်သို့ တဖွဲဖွဲ တသည်းသည်း အဆုပ်လိုက်အခဲလိုက် ကျလာနေသည့် နှင်းပွင့်ကြွေသံ၊ သစ်ပင်သစ်ကိုင်းကို တစ်စုံတစ်ရာက တိုးမိတိုက်မိ ထိမိလိုက်လေတိုင်း တောသည် ပကတိနှုတ်ဆိတ်လျက်ရှိ၏။

တစိုးစိုးတစီစီ ဖြည်တတ်ကြစမြဲ ညပိုးညမွှားကောင်ကလေးတွေသော်မှလည်း နှင်းသည်းသည်းကြီးဒဏ်ကို မခံနိုင်၊ ကွယ်ရာသင့်ရာ၌ ခိုနေအောင်းနေကြရရှာသည်ထင့်။ မည်သည့်အသံကိုမျှ မပြုအား။ ညအချိန်ကာလမျိုး၌ အခါတိုင်းတောတိုးတတ်မြဲ။ ရိုးမပျော်တောစိုး သားရဲကောင်ကြီးများလည်း အလှုပ်အရှားမရှိ အငြိမ်ကြီး ငြိမ်လွှန်းနေသည်။

ညကြီးမည်းမှောင် နှင်းသည်းသည်းထဲ၌ တလှုပ်လှုပ်၊ တရွေ့ရွေ့ လူအုပ်များ၏ ခြေခင်းလက်ခင်းအသံများကို ကဲမိုးလျက်အသံဝါကြီးဖြင့် အားကြိုးခဲ့

www.burmeseclassic.com



အော်၍ အော်၍ဆိုနေသည့် 'တို့ဗမာ'သီချင်းသံသည် လေညင်းတဝေ့ဝေ့ သုတ်ဖြူး ဆိုက်တိုင်း လွင့်ရလာနေသည်။

"တကောင်းအဘိရာဇာ ... တို့ဗမာသာကီမျိုးဟာမို့ ... မညှိုး ထိတေဇာ ... ယိုးဒယားနဲ့ကုလားကိုပါ ... တိုက်ခိုက်ကာ အောင်ခဲ့တာ ... တို့ဗမာ ..."

"စိန့်မှန်ကင်းစစ်အဖြစ်ကြီးလျက် ထင်းတစ်လှည့်ကြဲရထုံးနှင့် မသွေ ... သာကဓမ္မတာပေ ... ငါတို့ကံခေ ဖြစ်ရပြန်သလေ သို့သော် အရင်းကိုစစ်လျှင် မာပြည် ... ငါတို့ပြည်"

"နောင်ဥဒါန်း ဘယ်မကြေစရာ
ရာဇဝင်တွင်ထား မျိုးရိုးနွယ်လာ
ကမ္ဘာတစ်ခွင်မှာဖြင့် ဗမာအထင်အရှား
တို့ခေတ်တွင်မှ ညှံ့ကြတော့မှာလား ... တို့ဗမာ
တို့ဗမာ မဟုတ်လေသလား
တို့ဗမာ .. ငါတို့ဗမာ ...
တို့ဗမာ ... ငါတို့ဗမာ ...
ဒါ ... ငါတို့ဗမာ ..."

သီချင်းသံ အသံဝါ ခြိမ်းခြိမ်းမောင်းမောင်းကြီးသည် လေမှာဝဲ၍ လွင့် ျက်ရှိသည်။ 'အောင်ဇေယျနော်ရထာ'ဘွဲ့ခံ အုန်းပင်စုရွာသား ဦးပန်းစိန်က င်းတကုန်းရွာ၊ 'ဝံသာနုအသင်း'ခေါင်းဆောင် ဗိုလ်ဖိုးဆော့နှင့် လက်တစ်ကမ်း ကွာအထိ တိုးကပ်၍သွားသည်။

"ဖေ့ ... ကိုရင်ဖိုးဆော့၊ အဲဒီသီချင်းဆိုနေတဲ့မောင်က ဘယ်သူတုံး"

"ဗိုလ်တိုက်စိုးတဲ့ ... အစ်ကိုကြီး။ အရင်အလံတောင်ကို ရောက်လာစ ုန်းက သခင်တိုက်စိုးဆိုတဲ့ လူငယ်သခင်တစ်ယောက်ပါ။ တို့ဗမာအစည်းအရုံးက ိုလား ဘာလား။ ဖာတိက ဇီးကုန်းကတဲ့၊ ခရိုင်ရာဇဝတ်ဝန်ကြီးရေးနိုးနဲ့ နယ်ပိုင်မင်း ုံရှိန်တို့ ဇီးကုန်းဘက်ကို စစ်ပုလိပ် (၅၀) ကျော်နဲ့ အခွန်တော်သွားကောက်ကြ ုန်းက စိန်ငှက်ရိုးတို့၊ လေဘာတီမြဒေါင်းယဉ်တို့ လင်မယားရဲ့ အငြိမ့်အဖွဲ့နဲ့ ေါင်းပြီး ကောင်းကောင်းပညာပေးလိုက်ကြတဲ့ အာဃမီးခဲကလေးပေါ့ဗျ"

"အေးဖေ့ ... သိပြီ။ အင်္ဂပူမြို့ပိုင် စကောက်တို့၊ အုတ်ဖိုမြို့ပိုင် ဦးခင် ို့တောင် ပါသေးရဲ့မဟုတ်လား။ အစုစု လက်နက်ချည်း အလက် (၁၀)ကျော်

www.burmeseclassic.com



အခွန်တော်ငွေတွေ (၅၀၀၀) ကျော်နဲ့အတူ နောက်လိုက်အင်အား (၇၀) လောက်နဲ့ 'မင်းစံ'ဆီဝင်လာတဲ့ သူငယ်ပဲ။ ရန်ကုန်က တက္ကသိုလ် ဆိုတာမှာ ပညာသင်နေရင်း တန်းလန်းဆို"

"ဟုတ် ..."

ပြောနေဆိုနေရင်းကပင် သူ့သီချင်းသံက ဖျတ်ခနဲ ဖွတ်ချည်း တိုးဝင်လာသည်။

"ဒါ ... ငါတို့ဗမာ ...

အားလုံးညီညီညာညာ

နောင်လာနောင်သား ကောင်းစားဖို့

တို့ကိုယ်ကျိုးလုံးလုံးမပါ

ရဲရဲဗမာပီပီ

ဗမာပြည်ကို တို့ဗမာဖို့ပါ

သခင်ကျင့်ကို ကျင့်ကြပါ

သခင်မျိုးဟေ့ တို့ဗမာ

မိုးအောက်မြေပြင်မှာ

အထက်တန်းစိတ်နဲ့

ဇာမရှိသေး တို့ဗမာ ..."

"ဗိုးဆော့ရေ ..."

"ဗျား ..."

"သူဆိုနေသဟာ ... ဘာသီချင်းတုံး။ ကောင်းလှချေကလားကွယ်။ ကာလရာသီနဲ့တော့ဖြင့် ညီလိုက်ပလေသာကွယ်။ ငါဖြင့် နားထောင်နေရင်း အကြောတွေထဲက စိမ့်စိမ့်လာသဟ"

" 'တို့ဗမာသီချင်း' တဲ့ ... အစ်ကိုကြီးရေ။ သူတို့သခင်အစည်းအရုံးက ရန်ကုန်မြို့မယ် ခမ်းခမ်းနားနားကြီး လိုက်ဆိုပြ၊ သင်ပြပေးနေတဲ့ 'တို့ဗမာသခင်သီချင်းတဲ့'"

"ရှိ ... အတိတ်နိမိတ်နယ် လွတ်ကောင်းချက်ကိုးကွယ့်။ သခင်မျိုးဟေ့ တို့ဗမာတဲ့၊ ဟုတ်စ ... ဟုတ်သယ် ... ဟုတ်သယ် ... တို့ဗမာမျိုးဟာ ကျွန်မျိုး မဟုတ်ဘူး။ သခင်မျိုး။ ကျွန်သဘောက်သွေး မဟုတ်ဘူး ... သခင်သွေး"

ဦးပန်းစိန်သည် ဇာတိမာန်ဇောစိတ်တွေ ဖြတ်ချည်း တဖြုန်းဖြုန်း တက်

www.burmeseclassic.com



ငြင်း ထလာလျက် သူ့လက်စွဲတော် 'ဆြာမြင့်'လင်းကင်းဒါးကြီးကို တင်းတင်း
ချစ်ကျစ် ဆုပ်ထားမိ၏။

ကြယ်ရောင် မှုန်သဲ့သဲ့အောက်တွင် တလှုပ်လှုပ် တရွေ့ရွေ့ဖြင့် နှင်းထု
ကိုတိုးရင်း သာယာဝတီအကျဉ်းထောင်ကြီးဆီသို့ ဦးတည်လျက် ခရီးပြင်းနှင်
နေသည့် လူအုပ်စုကြီးမှာ ဗိုလ်တိုက်စိုး၏သီချင်းသံ ညြညြမောင်းမောင်းကြီး
နှင့်အတူ စမ်းတွင်းရွာကို လှမ်းမြင်နေရသည့် လယ်ကွင်းစပ်သို့ ရောက်လာကြ
သည်။

တစ်ခွင်တစ်ပြင်လယ်ကွင်းကျယ်ကြီးသည် နှင်းထုအောက်၌ ငြိမ်ကုပ်၍
နေ၏။ လေမငြေ့။ နှင်းတွေသည်သာ တသဲသဲ၊ တဝဲဝဲ ဆိုင်းဆို့မှုန်ဝေလျက်
ကြွနေသည်။

''ကမ္ဘာမကြေ ဗမာတွေ
ဒါတို့ပြည် ဒါတို့မြေ ဒါငါတို့မြေ
ကမ္ဘာမကြေ ဗမာတွေ
ဒါတို့ပြည် ဒါတို့မြေ ဒါငါတို့ပြည်
ဒါတို့ပြည် ဒါတို့မြေ ဒါငါတို့ပြည်
တို့ဗမာ တို့ဗမာပြည်ကို
တိုင်းရင်းသား အကုန်အစင်
တို့ပြည်လို့ မှတ်ထင်
တို့ဝတ္တရားပင်
တို့ဗမာသခင်''

ညဉ့်၏ တောရိပ်တောင်ရိပ်အောက်၌ အအေးဓာတ်က အဆမတန်
င်းမှုနေလျက် တလှုပ်လှုပ် တရွေ့ရွေ့ လျှို့ဝှက်လှုပ်ရှားနေကြသူ လူအုပ်ကြီးကို
က်ခိုက်တုန်မျှ ချမ်းခဲနေစေတော့သည်။

သို့တိုင်၊ သူတို့ရင့်တွင်း၌ နွေးလျက်၊ ရင်နှလုံး၌ ကျိုက်ကျိုက် ဆူဝေ
က်ထလျက်။

''အမျိုးသားရေး ကြိုးပမ်းကြပါ
တို့ဗမာဟေ့ တို့ဗမာ
ဩော် အမျိုးသားရေး ကြိုးပမ်းကြပါ
တို့ဗမာဟေ့ တို့ဗမာ

www.burmeseclassic.com



အရှေ့က နေဝန်းထွက်သည့်ဗမာ
တို့ခေတ်ကိုသာ ရောက်ရမည်မှာ မလွဲပါ
တို့ဗမာဟေ့ တို့ဗမာ
ဗမာပြည်တစ်ဝှမ်း အကုန်
တို့အိမ်မှတ်ပါ
တို့ယာမှတ်ပါ
အဲဒါ တို့ဗမာ ...
ကမ္ဘာမကြေ ဗမာတွေ
ဒါတို့ပြည် ဒါတို့မြေ ဒါငါတို့ပြည်
ကမ္ဘာမကြေ ဗမာတွေ
ဒါတို့ပြည် ဒါတို့မြေ ဒါငါတို့မြေ''

စမ်းတွင်းရွာနှင့် တစ်ခေါ်သာသာ စောသိမ်းမောင်၏ လယ်ပွဲအနီး ပျဉ်းမ သုံးပင်စု တောတန်းကလေးအစပ်၌ သူတို့တွေရပ်လိုက်ကြသည်။ ဖိမ်ဇာကိုကျော် လျှင် သာယာဝတီထောင်သစ်ကြီးဆီကို ဒုတ်ဒုတ်ထိ ရောက်တော့မည်။

သည်နေရာ၌ 'ရဲစက်တံခွန်'မိုလ်ကံကောင်းတို့နှင့် ဆုံကြဖို့ အချိန်းအချ ပြုထားခဲ့ကြပြီးဖြစ်သည်။

ဆရာကြီး ဦးစံကျော်ခေါင်းဆောင်သည့် သူတို့တောင်သူလယ်သ သူပုန်ကြီးကို ကိုယ်ရောစိတ်ပါနှစ်နှစ်မြို့မြို့ မြွေမကြောက်၊ ကင်းမကြော အားပေးနေသူ သာယာဝတီထောင်မှူးကလေးဦးစိန် စေလွှတ်လိုက်မည့် ထောင်ကြ ကလေး မောင်ထွန်းဆိုင်ကို စောင့်ရဦးမည်။ ထောင်ကြီး၏ လူအင်အား၊ လက်န အင်အား၊ နေရာချထားမှု အခြေအနေနှင့် စီးနင်းတိုက်ခိုက်ကြမည့် အခင်းအကျ အစီအမံများကို ထောင်ကြပ်ကလေးက ယူဆောင်လာပေလိမ့်မည်။

သခင်တိုက်စိုး၏ 'တို့ဗမာသီချင်း'လည်း ပြီးဆုံးခဲ့ပြီ။ သို့နှင့်တိုင် 'က မကြေ ဗမာတွေ၊ ဒါတို့ပြည် ဒါတို့မြေ၊ ဒါငါတို့ပြည်' အသံတွေ၊ 'နောင် နောက်သား ကောင်းစားဖို့ရာ၊ တို့ကိုယ်ကျိုး လုံးလုံးမပါ' စသည် .. 'အရှေ နေဝန်းထွက်သည့်ဗမာ တို့ခေတ်ကို ရောက်ရမည်မှာ မလွဲပါ' စသည် ... စသ အသံတွေသည် သူတို့ရင်နှလုံးကို ဆုပ်ကိုင်လှုပ်ယမ်းနေဆဲဖြစ်သည်။

သူတို့လက်မှ ဓားလွတ်များကိုလည်းကောင်း၊ မီးပေါက်သေနတ် ရှမ်းတူမီး စသည်တို့ကိုလည်းကောင်း တင်းတင်းကျစ်ကျစ် ဆုပ်ကိုင်ထားသ လက်ဆုပ်များ၌ သွေးကြောကြီး‌ေ ွ ဖောင်းကြွရှန်းထလျက်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ကြယ်ရောင်ဖြင့် လင်းသည့်ညမို့ အရာခပ်သိမ်းသည် ခပ်ဝါးဝါး ခပ်ရေးရေးသာမြင်နေရသည်။ နှင်းတွေမှုန်နေ၍လည်း ဝါးတစ်ရိုက်ထက် ပို၍ မမြင်နိုင်။

တိတ်ဆိတ်ညဉ့်၌ သူတို့တစ်တွေ၏ အသက်ရှူသံ ပြင်းပြင်းတွေသည်သာ နှင်းငွေ့တွေခြောင်းခြောင်းထလျက် ရှင်သန်နိုးထနေသည်။

၁၉၃၀၊ ဒီဇင်ဘာ ၂၂ ရက်ဘက်ကို ကူးပြီးစနံနက်ဦး။

✿ ✿ ✿

❑

"သူကြီး ... သူကြီး ... ဗျို့ ... သူကြီး"

ခပ်အုပ်အုပ်လူသံကို ကြားသည်။

ဖိမ်ဇရွာသူကြီး ဦးဖိုးညွန့်သည် မှေးခနဲ အိပ်ပျော်တော့မည့်အနေမှ လူသံကြောင့် ငေါက်ခနဲ ထထိုင်မိလိုက်ရ၏။

"ဒီပိုး ... ဟဲ့ကောင် ... ဒီပိုး"

"ခင်ဗျာ ... သူကြီး၊ ကျွန်တော် နိုးနေပါပြီ"

"အေး ... ပိုင်းဝက လူသံကြားသလားလို့ဟ။ မီးမထွန်းဘဲ ပြတင်းကို အသာထပြီး မင်းသွားကြည့်စမ်း။ ခေတ်ကာလကြီးက ကောင်းတာမဟုတ်ဘူး။ ဟိုလိုလို ဒီလိုလိုအသံတွေ ကြားနေရတာ ကြာပြီ ...ဟေ့ကောင်ရဲ့"

သူ့တပည့် ဒီပိုးကိုနှုတ်က ညွှန်ကြားရင်း သာယာဝတီဒါဘာပွဲကြီး၌ ဘုရင်ခံမင်းကြီးကိုယ်တိုင် လောလောလတ်လတ် ချီးမြှင့်ထားသည့် နှစ်လုံးပြူး သေနတ်ကြီးကို အသာဆွဲ၍ မောင်းချီးကျည် ဖြည့်လိုက်သည်။

"မြေပိုင်ရှင်ကိုစံပွင့်တို့ အိမ်မှာ စတီးဘရားသားက စာရေးကြီး ကိုကျော်ခံလုနဲ့ မစ္စတာရစ်ချက်တို့အဖွဲ့တွေ ကောက်ကြီးစပါဖိုး ကြိုငွေချဖို့ လာကြတာကိုများ သတင်းကြားပြီး ဓားပြတိုက်ကြဦးမယ်နဲ့တူရဲ့။ ငါကလည်း ငါပဲ။ ကိုစံပွင့်

www.burmeseclassic.com



အလော့်ကောင်းလိုက်တာနဲ့ မနေနိုင် မထိုင်နိုင် ဆတ်ဆော့ပြီး လိုက်လာမိခဲ့တာ ဆွမ်းခံရင်းငှက်သင့်ဦးတော့မှာပဲ''

ဟုလည်း တသီတတန်းကြီး တွေးနေမိသည်။

''သူကြီး ...''

''ဟေ ... ဒီပိုးလား''

''ဟုတ်''

''ဘာတဲ့တုံးဟ''

''ဦးစံပွင့်ကြီးနဲ့ သူကြီးသား ကိုတိုင်းကျော်တို့က လွှတ်လိုက်တာတဲ့ဗျ။ စောဆဲနေတဲ့ ... စမ်းတွင်းရွာသားပဲ''

''အေး ... ဝင်ခဲ့''

''ဘာတဲ့တုံး ... ဟေ့ ... ဖထီး''

''ကွင်းစပ်မှာ လူတွေအများကြီးပဲ တွေ့ရလို့တဲ့ ... သူကြီး။ မရှိဘူးဆို အနည်းဆုံး ၁၀၀၊ ၁၅၀ ပဲ။ အဲဒီအောက်မချို့ဘူးတဲ့ ''

''ဟေ ... ညကြီးမင်းကြီး ညဥ့်နက်သန်းခေါင်မှာ အဲဒီလူတွေ တစ်ပြုံ တစ်ခေါင်းကြီးက ဘာလုပ်ကြတာတဲ့တုံး။ နို့ ... နေပါဦး၊ မင်းလူတွေက ဘယ်နားမှာတဲ့တုန်း ... ဟ ... လူရ''

''စောသိန်းမောင်တို့ လယ်ပွဲအစပ်မှာ ချောင်းဦးတိုလေးရှိပါရောလား။ အဲဒီနားက ပျဉ်းမပင်သုံးပင် လယ်တဲမှာ စုနေကြလေရဲ့။ ဓားတွေ၊ လှံတွေရော ... သူကြီး''

''ဟေ ... ကေနွ ... မင်းဒီလို သေနတ်မျိုးကြီးတွေကိုရော မြင်ခဲ့မိသေးလား''

''ငါတွေ့တာမဟုတ်ဘူး ... သူကြီး။ စောသိန်းမောင်ရဲ့ယောက်ဖ စောထူးနဲ့ ကွန်ပလိုင်တို့ မြုံးတွေလိုက်ဖော်ရင်း တွေ့ခဲ့ကြတာတဲ့။ အဲဒါ သူဒွေးနဲ့ သူကြီးရဲ့သားကို ရွာထိပ်က စပါးကုမ္ပဏီ အဝယ်တော်တည်းတဲ့ 'ဗိုလ်အိမ်'မှာ တွေ့လို့ ဝင်ပြောခဲ့ပြီးပြီ။ သူတို့တော့ စွတ်ခနဲ ထလိုက်သွားကြလေရဲ့ အဲဒီဘက်ကို။ ငါတော့ သူကြီးကို ပြောချေဦးနိုင်းလို့ လာပြေးပြောရတာပဲ''

''ဒီပိုးရေ ...''

''ခင်ဗျာ ... သူကြီး''

www.burmeseclassic.com



"စမ်းတွင်းက ရွာခေါင်ဖိုးကျော်ဒင်နဲ့ ကိုလုံးထော်ကြီးတို့၊ ငမြကလေးတို့၊ ဒူးရှည်သာလှကြီးတို့ လူတွေကို စုချေကွာ။ ၁၄-၅ ယောက်လောက်တော့ ပါခဲ့ပါစေ။ မီးတုတ်တွေနဲ့ လက်နက်ကလေး၊ ဘာလေးတွေလဲ ဆွဲခဲ့ကြဦးလို့ ပြော။

ပြီးရင် ကိုကျော်ဖံလှကြီးနဲ့ မစ္စတာရစ်ချက်တို့ကိုလည်း အကျိုးသင့်အကြောင်းသင့် ဝင်ပြောခဲ့ဦး။ ယုန်မှန်း ကြောင်မှန်း မသေချာသေးခင် တို့ဒီက 'သူဌေးကိုစံပွင့်' တိုက်ဆီကိုပဲ ခဏရွှေ့ပြီးနေကြဦးလို့ ကြားလား"

"ဟုတ်ကဲ့ ... သူကြီး"

ဒီပိုး၏ ခြေသံခပ်သုတ်သုတ်က ညမှောင်ကြီးမည်း တောထဲပြေးဝင်သွားတော့၏။

"ကဲ ... ဖထီးရေ၊ မင်းက ရှေ့ကလမ်းပြပေတော့။ တို့လည်း ကိုစံပွင့်တို့ဆီ သွားပေါင်းကြရအောင်"

"ဟာ ... သူကြီး ... ဘာတွေမှန်းလည်း ငါမသိ။ ငါမလိုက်ချင်တော့ဘူး။ အိမ်မှာ မိန်းမကလည်း မာရှာတာမဟုတ်ဘူးရယ်။ သူတို့ရွာထိပ်မှာ ရှိကြမှာပဲ။ တစ်ယောက်ယောက်ကိုသာ ခေါ်ပြီးဘာသာ လိုက်သွားပေတော့"

"အိုး ... သောက်ရေးထဲ ကြောက်ချေးပါကရင်နဲ့ တိုးနေပြန်ချင်ပါပြီတကတည်း။ ကိုင်းကွာ ... ထွက် ... ထွက် ... မင်း ဘာသာ နေချင်နေခဲ့ပေတော့။ အဲ ... တစ်ခုတော့ ပြောလိုက်ပါပေရဲ့။ ဘာမှန်းညာမှန်း မကွဲပြားသေးခင် 'ရွာလန့်' အောင်တော့ မင်းပါးစပ်က ပေါက်ပေါက်ဖောက်မထားလေနဲ့နော်။ 'အိုးပြောချိုးပြော ပါးစပ် သရမ်းထားခဲ့ရင်တော့ ပြန်လာရင် ငါနဲ့အတွေ့ပဲ။ ကြားလား .."

"ဟုတ် ... ဟုတ်ကဲ့"

စောဆဲနေ ထွက်သွားသည်။

သူကြီးဦးဖိုးညွန့်လည်း သူ့နှစ်လုံးပြူးသေနတ်ကြီးကို မဆိုးထမ်း့ထမ်းလျက် ညမှောင်ကြီးထဲသို့ တိုးဝင်ပျောက်ကွယ်သွားပြန်၏။

'ရုတ်ခြည်းပင် ညသည် တိတ်ဆိတ်သွားပြန်တော့သည်။

✿ ✿ ✿

www.burmeseclassic.com

❑

"ခင်ဗျားဟာ သေချာတယ်နော် ... ဦးထွန်းလှ။ ဘုရင်ခံရဲ့ ဆုတံဆိပ်နဲ့ နှစ်လုံးပြူးသေနတ်ကို ချီးမြှင့်ခံလိုက်ရလို့ သက်သက်မဲ့ သွေးကြွပြီး ပြဿနာကို နေ့ခင်းကြောင်တောင် မီးခွက်ထွန်းရှာတာတော့ မဖြစ်ပါစေနဲ့။

ကျုပ်တို့အဖွဲ့ ဟိုတစ်နေ့ကပဲ ရေတိုက်ဘက်ကို တစ်ရွာဝင်တစ်ရွာထွက် ရောက်ခဲ့သေးတာ။ ဘာသံမှ မကြားခဲ့ရဘူး။ ခင်ဗျားကျခါမှပဲ ချက်ချင်းကြီး ကောက်ကာငင်ကာ မိုးပြိုတော့မလို ဖြစ်နေရတယ်လို့"

ရာဇဝတ်ဝန်ကလေး ဦးမောင်ကလေးက ဖားရွှေကျော်သူကြီး ဦးထွန်းလှကြီးအား မျက်နှာခပ်ထန်ထန်၊ လေသံတင်းတင်းဖြင့် ပြောနေ၏။ လမ်းလျှောက်သည်ကား အရှိန်မပျက်။ သူနှင့် သာယာဝတီမြို့ ပုလိပ်ကျောင်းအုပ်ဦးချစ်၊ မြို့မဂါတ်မှ အင်စပက်တော် ဦးဘဦး၊ ရာဇဝတ်အုပ်မစ္စတာဟာမက်တို့က လှည်းလမ်းကုန်းပြောင် ရိုးကလေးအတိုင်း ရင်ပေါင် တန်းလျက် ခပ်သွက်သွက် လျှောက်လာနေကြခြင်း ဖြစ်သည်။

သူတို့နောက်တွင် စာသင်ကြီး ဦးကြီးဖိုး ဖားရွှေကျော်သူကြီးမင်း ဦးထွန်းလှတို့နှစ်ဦးက ဘေးဘီကို ကိုးကန်းတောင်းမှောက် ဟိုဟိုသည်သည်ကြည့်ရင်း အပြေးတစ်ပိုင်းကို လိုက်လာနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်မှာ မြို့မဂိတ်တဲမှ ပုလိပ်တပ်စိတ်ကလေးတစ်စိတ်။ တိုက်ပွဲဝင်ဝတ်စုံပြည့်၊ လက်နက်ခဲယမ်းအပြည့်အစုံ ကိုင်ဆောင်လျက် အသားကျ ခြေလှမ်းကျဲကျဲဖြင့် မှန်မှန်လျှောက်ရင်း ဘာမထီပုံ ဖမ်းနေကြ၏။

"ဖိမ်ဖာသူကြီး ကိုဖိုးညွန့်တို့များကတော့ အဲဒီမန်ကျည်းကုန်း ဘုန်းကြီးကျောင်းထဲက အင်္ဂရိတ်လုပ်ရပ်ဆရာ၊ ဗိန္ဒောဆေးဆရာကို လွှတ်အထင်သေးတာကိုး ဝန်မင်းရဲ့။ လူပုံက မွဲခြောက်ခြောက်နဲ့ ဘိန်းစားရုပ်လောက်မှ မပြောင်တဲ့ကောင်က စိတ်ရှုးပေါက်တာတွေ ထလုပ်နေတာများ အရေးစိုက်လို့ကွာ။

မကြာခင် ဒီအကောင် အရှုးထောင်ထဲ ရောက်သွားမှာပါလို့ကို နွားသေကြိုးတုပ် ပစ်ပစ်ခါခါကြီး ပြောခဲ့တာခင်ဗျ။ ပြောချင်လည်း ပြောချင်ရာပလေ။ ကိုယ့်လူက ဥပဓိရုပ်တော့ဖြင့် နည်းနည်းကလေးချို့တဲ့တယ်ခင်ဗျ။ ခပ်ခေခေပဲ။

နို့ပေတဲ့ . . . အရေးမစိုက်လောက်ဘူးထင်ရင်တော့ တက်တက်စင် မှားလိမ့်မနော်။ ကျုပ်တို့ ဖားရွှေကျော်၊ ရေတိုက်၊ စီနှစ်ခွ၊ လှည်းလမ်းကူး၊ ဇရစ်မြောင်စတဲ့ ရွာကလေးတွေနဲ့ သာယာဝတီကလွဲတဲ့ တောရပ်တောပိုင်းတွေမှာ အဲဒီဦးစံကျော်ဆိုတဲ့ ပုဂ္ဂိုလ်ကို အရှင်သခင်လောက်နီးနီး အထင်တကြီး ကိုးကွယ်ဆည်းကပ်နေကြတာတဲ့ဗျ။ မင်းလောင်းပါပဲလို့ တမ်းတမ်းစွဲယိုးတဲ့သူက ယိုးကြသေးတာရယ်။ အစိုးရမင်းတွေကို ပုန်ကန်တော်လှန်မယ့် အရိပ်နိမိတ်တွေကလည်း တစ်နေ့တခြား အထင်အရှားပြလာနေသကော ဝန်မင်းရဲ့"

"ဟာ . . . သူကြီးတို့ ကြောက်တတ်တာကလည်း လွန်ပါသဗျာ။ ဆင့်အတုကို အနာလုပ် နေကြတော့တာကိုးဗျ။ ပြီးတော့ ခင်ဗျားတို့က နတ်ပြည်ကို ခွေးလမ်းပေါက်သလို ဖြစ်နေကြတာ။ တစ်ဆိတ်ရှိရင် အရေးပိုင်ဆီ ပြေးသတင်းပို့လိုက်ရတာနဲ့၊ ရာဇဝတ်ဝန်ကြီးဆီ သံတော်ဦးတင်လိုက်ရတာနဲ့။

အခုပဲကြည့်လေ . . . ဖားရွှေကျော်မှာ သူပုန်ထကြွမလို့လို့ ခင်ဗျားကလှုပ်လိုက်ရုံရှိသေးတယ်၊ ခင်ဗျားအဘ ရာဇဝတ်ဝန်ကြီးက ကျုပ်တို့ကို နွားမောင်းသလို မောင်းချလွှတ်လိုက်ပြီ။ တိကျသေချာတဲ့ သတင်းမရရင် ပြန်မလာခဲ့နဲ့တဲ့။ တစ်ချက်လွှတ်အမိန့်တော်မြွက် ချလိုက်ပြီဗျ၊ ကောင်းရော"

ခြေလှမ်းတွေကို ခပ်သွက်သွက် လျှောက်နေကြရ၏။ ဘတ်စ်ကားတစ်စီးဖြင့် ငွေချောင်းဂရုအနီး အလယ်စခန်းသို့ရောက်အောင် လာနိုင်ခဲ့ကြသည်။

www.burmeseclassic.com



ညည့်အိပ်ညည့်နေ နေတန်နေကြရမည်ဖြစ်၍ စားနပ်ရိက္ခာ ဝန်စည်စလယ်များလည်း ပါလာသည်။

သို့သော် အလယ်စခန်းမှ ဖားရွှေကျော်သို့ ကားလမ်းမပေါက်။ ဂရုံ အတွင်း၌တွေ့ရသည့် တောတက်ထင်းခွေနေသည့် ထင်းလှည်း၊ ဝါးလှည်းနှစ်စီးကို အခပေးငှားကာ ပစ္စည်းများ တင်ခဲ့ရသည်။ လူတွေကမူ လူလွတ်ကုန်းကြ လျှောက်ကြပေရော့ အခြေဆိုက်နေတော့၏။ ခပ်သုတ်သုတ် မလျှောက်နိုင်လျှင် ရွာခြေကို နေရောင်ကလေးနှင့် ကပ်ရဖို့ရယ် အလှမ်းအကမ်းမမြင်။

ရာဇဝတ်ဝန်ကြီးနှင့် ရာဇဝတ်ဝန်ကလေးတို့ စကားပြောနေစဉ် အပြင်မှ စောင့်နေရသည့် ဦးချစ်မှာ မည်သို့သော မျက်ကလူးဆန်ပြာ အရေးတကြီးကိစ္စ ဖြစ်ပေါ်နေသည်ကို အလျဉ်းမသိခဲ့။ ဥပပါဒ်ပါဒ်ပင် မဖြစ်ခဲ့။

"ဘာကိစ္စလဲဆရာ။ ဘယ်ကိုသွားကြမှာလဲ"

ရာဇဝတ်ဝန်ကြီးအိမ်မှ အတူတကွ ထွက်လာခဲ့ကြပြီးနောက် လမ်းရောက် မှ ရာဇဝတ်ဝန်ကလေးဦးမောင်ကလေးကို မေးစမ်းစပ်စုဖြစ်ရသည်။

"မင်း . . . အဆင်သင့်သာ လုပ်ထား။ နောက်မှပြောမယ်"

ဦးမောင်ကလေးကိုယ်တိုင် သုတ်သုတ်ပြာပြာ ဖြစ်နေသဖြင့်လည်း သည့် ထက်ပို၍ မမေးမိ။ ရာဇဝတ်ဝန်ကလေးမှာ သည်သို့ ဖြစ်ခဲ့သည်။ အမြဲတစေ အေးအေးငြိမ်းငြိမ်း၊ ငြိမ်ငြိမ်ဝပ်ဝပ်ရှိတတ်သူဖြစ်၏။ ယခုဖြင့်မူ . . .

"ကဲ . . . နောက်မှပဲ။ ဘယ်သွားပြီး ဘာလုပ်ရမယ်ဆိုတာကို ပြောမယ်။ အခုချက်ချင်း လူဆယ်ယောက်နဲ့ လက်နက်အပြည့်အစုံ ဖွဲ့ စည်းပုံအတိုင်း အဆင် သင့်လုပ်ထား။ ကြားလား . . .။ နောက်မှပြော မယ်"

"ဘာလဲ ဆရာ။ တောပိုင်းမှာ ချစ်တီးတွေ၊ စပါးအဝယ်တော်တွေ ဓားပြ တိုက်ခံရပြန်ပြီလား"

ဦးချစ်စိတ်ထဲတွင်မူ ထုံးစံအတိုင်း စပါးဖိုးငွေထုတ်ပေးရန် တောလက် နယ်ကျေးများသို့ ရောက်နေသည့် ကုမ္ပဏီအဝယ်တော်တစ်ဦးဦး၊ ချစ်တီးသူဌေး တစ်ယောက်ယောက် ဓားပြတိုက်ခံရပြန်ပြီဟုသာ ထင်နေမိ၏။

အိမ်သို့ပြန်လာ၍ အဝတ်အစားများ လဲလှယ်ပြီးနောက် ပုလိပ်ဌာနရောက် မှ ရင်ဆိုင်ရမည့်အရေးမှာ ပေါ့သေးသေးမဟုတ်မှန်း ရိပ်မိရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရာဇဝတ်ဝန်ကလေး ကိုယ်တိုင်လိုက်မည်။ အင်စပက်တော်ကိုဘဦး၊ ရာဇဝတ်အုပ် ကိုဟာမက်တို့အပြင် စာသင်ကြီးနှင့် ပုလိပ်တပ်စိတ်တစ်စိတ်ပါမည်။ လက်နက်အပြည့်၊ ကျည်အပြည့်၊ စားရေးရိက္ခာ ဝန်စည်စလယ်တွေအပြည့်။

ဖားရွှေကျော်၊ ရေတိုက်၊ အင်းကောက်၊ ဇရစ်မြောင်၊ သုံးတန်လူ၊ စီနှစ်ခွ ရွာတွေဘက် တောပိုင်းကိုဆင်းမည်တဲ့။ ဖားရွှေကျော် သူကြီး ဦးထွန်းလှကြီးကို လည်း ပျာယာပျာယာ လှုပ်လှုပ်ခတ်ခတ်နှင့် တွေ့နေ၏။

"သူကြီး ... ဘာဖြစ်တာလဲ။ ခင်ဗျားတို့ဟာက မထိတ်သာ မလန့်သာ ရှိလိုက်တာ။ ပြီးတော့ ဆိုင်းမဆင့်ဗုံမပါ ချက်ချင်းကြီး ရေးကြီးသုတ်ပျာနဲ့ ..."

"ဟောဗျာ ... ဆရာ တကယ်မသိသေးဘူးလား"

"ဟင် ... ဘာလဲ ... ဘာကိုလဲ"

"အံ့ပါ့ ... ခင်ဗျာ။ ပုလိပ်ကျောင်းအုပ်ရင့်မကြီးတစ်ယောက်လုံး လုပ် နေပြီး ဒီကိစ္စကြီးကို ရိုးတိုးရိပ်တိတ်တောင် မသိဘူးဆိုတော့ အံ့ပါ"

"ကိုင်းပါ ... အံ့မနေပါနဲ့ဦး။ ဘာတဲ့တုံး ... သူကြီးရဲ့"

"ရွာတွေမှာ သူပုန်ထကုန်ကြပြီ"

"ဟယ် ... ဘယ်လို"

"ကျုပ်တို့တောပိုင်းမှာ လယ်သမားတွေက အင်္ဂလိပ်အစိုးရကို သူပုန် ထကုန်ကြပြီ ဆရာရဲ့"

"ဟောဗျာ ..."

ဤသို့ဖြင့် သူတို့၏ သူပုန်စုံစမ်းရေးခရီးမှာ 'လေကိုဖမ်း၍ ဝါးတန်း ချည်' ရမည့် ပေါက်ကရ ကောလာဟာလတွေအပေါ် ကောက်သင်းကောက် ရမည့်ခရီး၊ 'ခရခါးတောင်းကျိုက်ဖမ်း' ရမည့်အလုပ် ဖြစ်နေရ၍ ရာဇဝတ်ဝန် ကလေး မျက်ထားတော် ညိုနေရခြင်းဖြစ်ကြောင်း ဦးချစ်တစ်ယောက် တိတိပပ သိလိုက်ရတော့၏။

"ကိုင်းဟေ့ ... ရှေ့ကရိုးကလေးကိုကျော်မိရင် ဖားရွှေကျော်ကွင်းစပ်ပဲ။ လှည်းတွေကို ခဏစောင့်ခိုင်းထားလိုက်ဦး။ သူကြီးကို အရင်လွှတ်လိုက်ဦးမယ်။ သူသယ်လာတဲ့ သတင်းပဲ။ သူကြီးတော်လင်သူပုန်တွေ ရွာထဲမှာ ရှိမရှိ သူ အရင်ပြေးကြည့်လိမ့်မယ်။ တို့က ဒီရိုးကလေး ထိပ်ဝါးရုံရိပ်မှာ ခဏတစ်အောင့် တစ်ဖြုတ် နားကြတာပေါ့"

www.burmeseclassic.com



''ကဲ ...သူကြီး ...ရွာထဲကို ခင်ဗျားပဲ အရင်ပြေးပြီး ခင်ဗျားပြော တဲ့သူပုန်တွေ အရိပ်အခြည်ကြည့်ချေတော့။ ပြီးရင် ...နေရာထိုင်ခင်း၊ စာရေး သောက်ရေးစီစဉ်ပြီးရင် လှည်းသုံးလေးစီး လွှတ်ပေးလိုက်။ ကျုပ်တို့ ရာဇဝတ်ဝန် ကလေးလည်း ညောင်းလှပေါ့။

အဲ ...အဲ ...သူပုန်ဆိုတာများ တွေ့ခဲ့ရင် သူပုန်ချွေးကလေး အစိတ် သားလောက် ထည့်ပေးလိုက်စမ်းပဗျာ။ ကျုပ်တပည့်တွေ အမောပြေ၊ အပန်းပြေ ရှူကြည့်ကြရအောင်၊ ဟဲ ...ဟဲ ... ဟဲ ...''

အင်စပက်တော်ဦးဘဦးက အောက်ကလီအာလေသံဖြင့် သူကြီးဦးထွန်းလှ ကို လှောင်သည်။ စာသင်ကြီးနှင့် ပုလိပ်သားတစ်စုက သူ့ပြက်လုံးကို တခွိခွိ သဘောတွေ့နေကြ၏။

''ပြောထားနှင့်ပါဦး ...အင်စပက်တော်မင်းရယ်။ 'တိမ်ကြားမင်းခေါင်'၊ 'တိမ်ကြားမင်းခေါင်'နဲ့ နာမည်ကြီး ဟိန်းထွက်လာတုန်းကလည်း ရန်သူတလုတ် တပ်တွေဟာ ဒီလိုပဲ မထိမဲ့မြင် ရယ်သွမ်းသွေးပြီး အရေးမစိုက် လုပ်ခဲ့ကြတာပဲ တဲ့။ ချုံပုတ်ထဲ ဖြဲရှာလိုက်ရှာ၊ မြေကြီး တူးကြည့်လိုကြည့်၊ ရယ်စရာ လုပ်ခဲ့ကြတာ ပဲတဲ့။

အဲ ...တကယ့် 'တိမ်ကြားမင်းခေါင်' နဲ့ သူ့အင်းဝတပ်တွေ လူလုံး ပြပြီး ဖင်သီတန်းအောင်အမြီးကုပ် ပြေးကြရရောတဲ့ခင်ဗျာ။ ဆယ်ရေးတစ်ရေး ကိုးရေးတစ်ရာ၊ မိုးမပြို ပြိုခဲ့သော်ဆိုတာက ရှိသေးတယ် မဟုတ်လား''

ဖားရွှေကျော်သူကြီး ဦးထွန်းလှ၏ တီးတိုးတီးတိုး စူပွစူပွ ရေရွတ်သံကို မည်သူမျှမကြား။

ခပ်ဝေးဝေးမှ ဖားရွှေကျော်ရွာကြီးသည်လည်း မလှုပ်မချောက် ကုပ်ကုပ် ကြီး ငြိမ်တိတ်နေ၏။

❀ ❀ ❀

www.burmeseclassic.com

❑

နှင်းထုက ပို၍ ထူလာသည်။

ကြယ်ရောင်အလင်းမှုန်သဲ့သဲ့ကိုပင် မှိုင်းမှိုင်းမှုန်မှုန် နှင်းထုကြီးက စုးစုးဝါးဝါး စုပ်မြိုပစ်လိုက်သလို မှောင်မှောင်မည်းမည်း။ ညသည် တိတ်ဆိတ်လွန်းသဖြင့် နှင်းကြွေသံ၊ လေတိုက်သံတသောသော တရှိုရှိုကို အတိုင်းသား ကြားနေရသည်။

"ဒိုင်း . . ."

"ဒိုင်း . . ."

သူကြီးဦးစံညွန့်၏ ၁၂ ဗို့ ပြောင်းချောနှစ်လုံးပြူးသေနတ်မှ ထွက်ပေါ်လာသည့် သေနတ်သံသည် မြေတုန်ဟည်းမျှပင် ညကို အထိတ်တလန့် ချောက်ချားသွားစေ၏။

သေနတ်သံကြောင့် စောစောကလေးက လူသံသူသံတွေလိုလို ကြားနေခဲ့ရသည့် တောစပ်ဆီ၌ ဖြုတ်ချည်း ငြိမ်ကျသွားသည်။

"ဘာမှန်းညာမှန်းမသိဘဲ ရမ်းသမ်းပစ်လိုက်တာ ထိမှားသွားပြီးလားမသိဘူး . . . သူကြီး။ လူကောင်းသူကောင်းတွေဆိုရင်တော့ ဒုက္ခပဲ။ တစ်သီကြီးရှင်းပေတော့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုစံပွင့်က ကြောက်တတ်ရန်ကောဗျာ။ ညကြီးသန်းခေါင်မှာ တောထဲ တောင်ထဲရောက်နေတဲ့ လူအုပ်မျိုးဟာ ဘုရားသွား ကျောင်းတက်လုပ်မဲ့ ဥပါသကာ တွေ ဟုတ်နိုင်ပါ့မလားဗျ။ ညကောင်တွေ သူခိုးဓားပြတွေချည်းပဲ နေမှာပေါ့။ သေနတ်မှန်လို့ သေတော့ရော ... ဘာဖြစ်ရမှာတုံး"

"ဟော ... ဟော ... အဖေ .. ဟောဒါ .. မောင်းသံမဟုတ်လား"

"ဒူ ... ဟူ ... ဟူ ... ဟူ ..."

"ဟင် ... သူကြီးရေ ဘယ့်နှယ့် လယ်ကြားချောင်းကြားက မောင်းသံ ကြီး ဟည်းထွက်လာရတာတုံး။ ဒါကြီးက သိပ်မဟုတ်သေးဘူးထင်တယ်။ တစ်ခုခု တော့ တစ်ခုခုပဲ"

"ဟုတ်တယ်ဗျို့ ... တစ်ခုခုတော့ တစ်ခုခုပဲ။ ကိုင်း ... သွားကြည့် ကြရအောင်"

"ဖြစ်ပါ့မလား ... သူကြီး။ ဟို ဟိုဒင်း နာနာဘာဝဝိနာဘာဝ"

"ဟယ် ... နင့်အမေကလိန်းတဲ့မှ နာနာဘာဝ။ ခွေးမသား ဒီမိုး သွား ... မင်းရှေ့က မီးတုတ်ကိုင်ပြီး လမ်းပြစမ်း။ ဒီလောက်လူတွေ တစ်လှေကြီး ကို မင်းရဲ့အမေလင် ကျတ်တွေ၊ သရဲတွေက ကပ်ဝံ့ဦးမတဲ့တုံး"

"ဒူ ... ဟူ ... ဟူ ... ဟူ"

"ဟော ... ကြားရပြန်ပြီ သူကြီး။ မောင်းသံက ပိုပြီးနီးလာသလို ပဲဗျို့"

နှင်းထု မှောင်မှောင်မည်းမည်းကြီးထဲမှ မောင်းသံတဒူဒူ၊ လူသံသူသံ တွေ ရုတ်ရုတ်သဲသဲကို ကြားနေရခြင်းသည် ဝမ်းပါးစိတ်ငယ်ဖွယ် ကောင်းလှသည်။ လူရိပ်သူယောင်ကား တစ်စွန်းတစ်စမျှ မမြင်ရသေး။

သူကြီးဦးဖိုးညွန့်၏ နှစ်လုံးပြူးသေနတ်အားကိုးဖြင့် ရှေ့သို့ ဖွတ်တိုး တက်လာခဲ့ရသည့် လူအုပ်မှာ ခြေလှမ်းတွေက လေးချင်ချင်။ နောက်သို့ချည်း ပြန်၍ပြန်၍နေ၏။

"ဟင် ... လူတွေ ... လူတွေ ... သူကြီး ... ဒိုး ... မနည်းပါပဲ ကလား။ ဒီတစ်ချီတော့ တကယ်သေပြီထင်ရဲ့ဗျို့"

နှင်းမှုန်နှင်းထုကြီးကို ဖောက်ခွဲ၍ ထွက်လာနေသည့် လူရိပ်မည်းမည်း များကို တရွေ့ရွေ့တလှုပ်လှုပ် တွေ့နေရသည်။ လူအုပ်သည် လေးဖက်လေးတန် မှ အစုကလေးအား ပတ်ဝိုင်းထားသလို ဖြစ်နေပြီ။

www.burmeseclassic.com



"ဟေ့ ... ဘယ်သူတွေလဲ။ ရောက်တဲ့နေရာတင်ရပ်ပြီး ထိုင်ချလိုက်ကြစမ်း"

အသံကြီးက ဟိန်းထွက်သွား၏။

ဖိမ်ဇာသူကြီး ဦးဖိုးညွန့်က 'ဟန်ကိုယ့်ဖို့' လုပ်၍ တမင်တင်းထားသည့် လေသံဖြင့် တလူပ်လူပ်လူရိပ်မည်းမည်းများကို အာဏာပါဝါပြဖို့အရေး ရမ်းကြိတ်လိုက်ခြင်း ဖြစ်၏။

"တိတ်စမ်းဟေ့ ... မိစ္ဆာဒိဋ္ဌိ ကုလားနောက်လိုက် ... ခွေးကြီး။ အူမွှင့်ပြီး အသက်မသေချင်သေးရင် ခင်ဗျားကြီးနဲ့ ခင်ဗျားလူတွေသာ ရှေ့ခြေတစ်လှမ်းမတိုးဘဲ ငြိမ်ငြိမ်ကလေးရပ်နေ။ ကြားရဲ့လား ... ဂျွန်ဓားက ခေါင်းမရွေးဘူးနော်"

"ဟင် ... ဒါ ... ဒါ ... ဖိုးဆောင့်အသံပဲ။ ဟုတ်ပါတယ်။ ဖိုးဆောင့်မှ ဖိုးဆောင့်စစ်စစ်ပါ"

ဦးဖိုးညွန့်မှာ တစ်သက်လုံး ငယ်နိုင်ဖြစ်နေခဲ့သည့် သူတို့ရွာ နီးချုပ်စပ်မှ လယ်သမားတွေမှန်းသိလျှင် အားတက်လာ၏။ သွေးရဲလာ၏။ ဟန်လုံးကလေးတွေဖြင့် ပြူးတူးပြဲတဲဖြစ်ချောက်တတ်လျှင် ချက်ချင်း အမြီးကုပ်သွားမည့် ငနဲ့တွေဟု သူတွေးသည်။

"ဟေ့ကောင် ... ဖိုးဆောင့် ... ခွေးမသား ... မင်းကများ ရာရာစစ။ ဖအေထက် သားတစ်လကြီးပြီး ငါ့ကို ပြန်ဟိန်းချင် ဟောင်ချင်နေသေးတယ် ... ဟုတ်စ။ လွန်ခဲ့တဲ့ သုံးလေးလက လူခွန်မပေးနိုင်လို့ ထိတ်တုံးထဲမှာ ဝါဆိုရင်းပြောတီးသလို အတီးခံခဲ့ရတာကို မင်း မေ့ပြီထင်တယ်။ ဟင် ... ခွေးမသား"

"သူကြီး ... ခင်ဗျားလမ်း ခင်ဗျားသွား ... ကျုပ်တို့လမ်း ကျုပ်တို့သွားမယ်။ ကျုပ်တို့မှာ အချိန်နဲ့လုပ်ရမဲ့ အလုပ်က အရေးကြီးနေတယ်။ ခင်ဗျား 'သခွပ်ပင်က မီးတကျည်ကျည်' လုပ်ပြီး ဝင်မရှုပ်ချင်နဲ့။ ကိုယ့်အရေးမဟုတ်ဘဲ ဝင်ရှုပ်မိလို့ မကြားဝံ့မနာသာတွေ ဖြစ်ကုန်ရင် ကျုပ်အဆိုး မဆိုနဲ့နော်"

"ဟော ... ဒါ ... ဟိုလူကြီး ကိုပန်းစိန်ပဲ။ အုန်းပင်စုက အကောင်။ အံမယ် ... ဒီအကောင်တွေ လေသံ တယ်ထန်လှပါကလား။ ဘယ်အမေ့သင် အားကိုးရှိလို့ပါလိမ့်မလဲ။ မင်းတို့အဘ ဟိုမဲ ခြောက်ခြောက်ဆေးဆရာ အားကိုးနဲ့ဆိုရင်တော့ ကိုင်း ... တစ်ပွဲတစ်လမ်း စမ်းလိုက်ကြရသေးတာပေါ့။ မင်း



www.burmeseclassic.com

www.burmeseclassic.com



တို့အမေ့လင်ရဲ့ ပြီးဆေးကပဲ စွမ်းမလား၊ ကျည်လွှဲမလား။ ငါ့ရဲ့ဟောဒီ အင်္ဂလိပ် နှစ်လုံးပြူးကျည်ကပဲ အာဏာပြင်းသလား၊ သိရစေ့မှာပေါ့ . . . ကဲ . . .''

''မလုပ်နဲ့ . . . သူကြီး မလုပ်နဲ့။ သူတို့အင်အားက များလွန်းတယ်၊ ပြီးတော့ ဘာလုပ်ကြမယ်မှန်းလည်း မသိရသေးဘူး။ သူတို့အသံကြီးတွေက တစ်မျိုးကြီးပဲ''

''ဟုတ်တယ် . . အဖေ၊ ကျုပ်တို့စမ်းတွင်းကိုပဲ ပြန်ဆုတ်ကြရအောင်''

''ဖယ်စမ်းကွာ . . . တောကြိုအုံကြားက မနက်ထမင်း ညထမင်းတောင် နှပ်မမှန်ချင်တဲ့ သူတောင်းစားသာသာကောင်တွေက သူပုန်ထဦးမလို့တဲ့။ အင်္ဂလိပ် မင်းအစိုးရတွေကို ထားဦး။ ကဲ . . . ဖိမ်ဖာသူကြီး ဖိုးညွန့်ကိုပဲ ကျော်ကြည့် ကြပါဦး။ 'ရှယ်တော့မိုး၊ ထိုးတော့မြေကြီး' ဆိုတဲ့ သကြန်အမြောက်တွေရဲ့ ကိုင်းကွာ . . . ကိုင်းကွာ . . .''

''ဒိုင်း . . .''

''ဒိုင်း . . .''

''ဝိုး . . . ဒုတ်''

''အား . . . အောင်မလေးဗျ . . .''

''ရှိုး . . . ရှိုး . . . ရှိုး''

''ဒုတ်''

''သေပါပြီဗျာ''

''လေးနဲ့ပစ်တာဟေ့ . . ပြေးပြေး''

''ဟော့ကောင်တွေ . . . ဟော့ကောင်တွေ . . . တိုင်းကျော် . . . ဒီပိုး . . . ငါ . . . ငါ့ကို ထိသွားပြီဟ။ လာ . . . လာခဲ့ကြဦး . . . ဟော့ကောင်တွေ''

ဖိမ်ဖာသူကြီး ဦးဖိုးညွန့်သည် ဝဲဖက်ရင်အုံ၌ စူးစူးနစ်နစ်စိုက်ဝင်နေသည့် မြားတံကို လက်ဖြင့်အုပ်၍ ကိုင်ရင်း မြေတလင်းပြင်ပေါ်၌ လူးလိမ့်လျက်ရှိသည်။ ပါးစပ်မှလည်း သူ့သားတိုင်းကျော်နှင့် တပည့်ကျော် ဒီပိုးကို တစာစာခေါ်လျက်။

လက်စွဲတော် နှစ်လုံးပြူးသေနတ်ကား သူ့အနီး၌ အချောင်းသား စင်းစင်း ကြီး လဲ၍နေသည်။ သူ့အားကိုးရာ အင်္ဂလိပ်သခင်ကြီးများသည်လည်းကောင်း၊ သူတို့ချီးမြှင့်ထားသည့် နှစ်လုံးပြူးသေနတ်သည်လည်းကောင်း၊ ဦးဖိုးညွန့်ကို မည် သို့မျှ မကူနိုင်၊ မကယ်နိုင်။

www.burmeseclassic.com



"ဂျူနိတပ်တဲ့ဟေ့ ... ဂျူနိတဲ့ကွ"

"သူပုန် ... သူပုန်၊ ထ ... ထ ..."

ဂျူနိ ... ဂျူနိ၊ ကြွ ... ကြွ ..."

"နယ်ချဲ့နောက်လိုက်ခွေးတွေကို သတ်ပစ်"

"ပုဆိန်ရိုးသစ္စာဖောက်တွေကို အရှင်မထားနဲ့ဟေ့"

"ဂျူနိတဲ့ဟေ့ ..."

"ချဟေ့ ... ချ ... မလွတ်စေနဲ့"

"အရေးတော်ပုံ ... အောင်ရမည် ... အောင်ရမည်"

နှင်းမှုန်သည်းသည်းထဲတွင် လူရိပ်မည်းမည်းများ၏ တစ်ခဲနက် ဟစ်ကြွေးသံသည် မြေကြီးတုန်ခမန်း ရှိတော့၏။


နှင်းတို့က သိပ်သိပ်သည်းသည်းဝဲ၍ လွင့်၍ ကျလာနေကြပြန်သည်။ ကျိုင်မြင်ကွင်းကြီးတစ်ခုလုံးသည် နှင်းထုအောက်မှာ ပြို၍ ပိ၍ ငြိမ်ကုပ်လျက်။ ဘက်ခံအဖြူရောင်တွင် အနီရောင်ငှက် ဂျူနိရုပ်ကြီးများ တဖျပ်ဖျပ် တလွင့်လွင့် ပုံနေသည့်အလံများနှင့် လူရိပ်မည်းမည်းကြီးများကမူ တစ်သက်နှင့်တစ်ကိုယ် ထိပ်အောင့်အည်း ချုပ်တည်းထားခဲ့ရလေသမျှကို ဖက်ကုန်ဖွင့်လျက် ဟိန်းဟိန်း အောင် ဟစ်ကြွေးရင်း ပြေးလွှားလှုပ်ရှားလျက် တိုက်ပွဲကို စတင်ခဲ့ပြီ။

တစ်ခဏအတွင်းမှာပင် မီးတုတ်တွေက ဟိုမှသည်မှ ထိန်ထိန်ညီး၍လာ၍ မီးလျှံတို့သည် နှင်းထုမှုန်မည်းမည်းကို ဖြိုခွဲရင်းရှေ့သို့ တိုး၍တိုး၍ ရွေ့လျားကြတော့သည်။

'ရတနာတြိ နမာမိ'

မိုးကျရွှေကိုယ်

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

[၁]

❑

ခါတိုင်းနေ့များတွင် ယခုလိုတောပုန်းခြောင်းထွက်ရင်း တဲဆီသို့အပြန် လမ်းအတိုင်းသာ ပြန်နေကျ။ ယနေ့မှ ထူးထူးခြားခြားခါတိုင်းကဲ့သို့ ပြန် လမ်းအတိုင်းမပြန်ဘဲ ရွာဦး 'လွမ်းစေတီ' ရှိရာဘက်ဆီမှ ပြန်ချင်ပါလိမ့်ဟု တွေးလိုက်မိသည်။

လက်တစ်ဖက်က ဒူးလေးကို ဆုပ်ကိုင်ထားသလို ကျန်တစ်ဖက်က ခွပန်းများကို ဆုပ်ကိုင်ထားသည်ကို သတိရလိုက်တော့မှ ဘယ့်အတွက် ကြောင့် သည်လမ်းမှပြန်ခဲ့ရသည်ကို သတိဝင်လာသည်။ အတိတ်ဖြစ်ရပ်ကိုလည်း တမိလိုက်သည်။

"သြော် . . . ရင်နှင့်အမျှ ချစ်ခဲ့ရတဲ့ နှင်းနွယ်တစ်ယောက် ယနေ့ဆိုရင် တစ်ပါး ပြောင်းသွားခဲ့ရသည်မှာ (၁)နှစ်တင်းတင်း ပြည့်ခဲ့ပြီပဲလေ"

ဒါကြောင့် သူအမြတ်တနိုးထားခဲ့သည့် ဒီသစ်ခွပန်းကလေးကို တောထဲ တွေ့ဖြစ်အောင်တွေ့ ခူးဖြစ်အောင်ခူး သည်လွမ်းစေတီရှိရာ ဘုရားစေတီဘက် ပြန်လာချင်စိတ်ဖြစ်ပေါ်လာအောင် ချစ်ဦးသူ 'နှင်းနွယ်' တစ်ယောက်တ က်တွန်းနှိုးဆော်လိုက်ရယ်သလားတော့ဖြင့်မသိ။

www.burmeseclassic.com



ညနေစောင်းကား အမှောင်ဘက်ကို လူနေပြီမို့ မြူနှင်းတို့ကပါ အုံ့မှိုင်း နေသည်။ မြောက်လေကလည်း တသုန်သုန်မို့ညနေခင်းသည် အေးမြနေသည် ဟေမန္တာ၏ ညနေဆည်းဆာသည် မှိန်ပျပျ။

နေလုံးနီနီက အနောက်ဘက်တောတန်းများကို ကျော်ပြီး မိုးကုတ်စက်ဝိုင်း ကြီးအတွင်း တိုးဝင်ငုတ်လျှိုးစပင် ပြုနေသည်။ သူလျှောက်လှမ်းလာခဲ့ရင်း စေ တော်ထံမှ ဆည်းလည်းသံတို့ပင် ကြားနေရပေပြီ။ သစ္စာပန္နက်တည်ရာဆီ ရောက်တော့မည်ပဲလေ။

ကောင်းကင်ထက်တွင် ကျေးငှက်သာရကာတို့အိပ်တန်း တက်ကြ ဟိုမှသည်သို့ ပျံသန်းနေကြသည်။ မကြာမီ အမှောင်ထုက မင်းမူလာတော့ မို့ ဇီးကွက်ငှက်ကြီးများ၊ အောင်ဝါငှက်ကြီးများ၏ အော်ဟစ်သံတို့ကို ကြားရ သလို စေတီပရဝဏ်အတွင်း သစ်ပင်ကြီးတို့ထက်ဆီမှ "တောက်တဲ့" အော်မြည် သံတို့ကလည်း ကျိုကြားထွက် ပေါ်နေသည်။

စေတီတော်ကလေး ကိန်းဝပ်စံပယ်ရာ တောင်ကုန်းမို့မို့လေးထက် သို့ ရဲထွဋ်တစ်ယောက် နွမ်းလျလျဖြင့် တက်လာလေသည်။ သူ့အသွင်က ချစ် အတွက် ခံစားချက်အပြည့်နှင့်မို့ နွမ်းလျနေပုံ၊ ရန်သူကိုရှာဖွေရင်း မိသားစု ကို ရပ်တည်ဖို့အတွက် ခရီးကြမ်းကို ဖြတ်သန်းခဲ့သည်မို့လည်း ပင်ပန်းနေရသည့် အသွင် ဒယီးဒယိုင်။

လွမ်းစေတီ ကိန်းဝပ်စံပယ်ရာလမ်းသည် ကြားတွင် ဘုန်းတော်ကြီး ကျောင်းဆောင်ရှိသည်။ ထိုမှကျော်လိုက်လျှင် ကုန်းမို့မို့ထက်တွင် တည်ထားသည့် လွမ်းစေတီ။ စေတီတော်ကား ပလ္လင်အောက်ခြေ အောက်ပန်းခုံမှစ၍ ဖောင်းရစ် ကြာလှန်၊ ကြာမှောက်၊ ငှက်ပျောဖူးထိတိုင် ထုံးသင်္ကန်းတို့နှင့် ထီး၊ ငှက်မြတ်နား စိန်ဖူးတော်တို့က ရွှေသင်္ကန်းတို့နှင့်။

စေတီတော်၏ခြေရင်း အနောက်ဘက်ခပ်လှမ်းလှမ်းတွင် ဘုန်းတော်ကြီး ကျောင်းရှိပြီး ကျောင်းရှေ့တွင် ပန်းရံပညာဖြင့် အုတ်စီထားသော အုတ်လှေကား ထိုလှေကား၏ ဘေးတစ်ဖက်တစ်ချက်တွင် အင်္ဂတေပန်းတော့ ပညာဖြင့် လက်ရာ မြောက်စွာ ပန်းကွက်ဖော်ထားသည့် ဘောင်ကြီးများနှင့်။

လှေကားထိပ်တွင် ကျောင်း၏တံခါးမကြီးရှိသည်။ ထိုတံခါးကို ထုထည် ကြီးမားသည့် ကျွန်းသားအပြားကြီးတို့နှင့် ပြုလုပ်ထားသည်။ စေတီတော် မြောက်ဘက်ခြေရင်းတွင် အဝန်းငယ်ကျယ်ဝန်းသည့် ရေကန်ကြီးမှ ရေတို့သည် အစဉ်အမြဲလို ကြည်လင်စိမ်းမြလျက်ရှိသည်။

www.burmeseclassic.com



ကန်ရေပြင်ထက်တွင် ကြာမျိုးစုံတို့က ဖူးလိုပွင့်လို ကန်ရေကြည်ကြည်သည် လှိုင်းကြက်ခွပ်ကလေးတို့နှင့် တဖျပ်ဖျပ် လွန့်လူးနေသည်။ ကြာဖြူ၊ ကြာနီတို့၏ ညှာတံရိုးမှာ ယီးလေးခိုကာ ယိမ်းနွဲ့နေကြသည်။ ကြာပန်းရနံ့တို့ကလည်း ဝန်းကျင်တစ်ဝိုက် ကြိုင်လှိုင်လျက်။

''ချွင် ... ချွင် ... ချွင် ... ချွင် ...''

စေတီမှဆည်းလည်းသံက ပီပြင်စွာနှင့် ပိုမိုနီးကပ်လာသည်။ ပီပြင်၍လည်း လာသည်။ ဘုရားပရဝဏ်ဝန်းကျင်ကား လွမ်းမောဖွယ်ရာသရုပ်ကို ဆောင်နေသည်။ လူသူနည်းပါးသည့် ယခုလိုနေဝင်ချိန်မှာ သူတစ်ယောက်တည်း 'ဒူးလေးနှင့် သစ်ခွပန်း' တို့ကို ကိုင်ဆောင်ရင်း လျှောက်လှမ်းလာနေသည်။ သူ့မျက်နှာကား အတိတ်မှဖြစ်ရပ်တို့အပေါ် အခဲမကျေစွာနှင့်တစ်စုံတစ်ရာကို ဆုတောင်းမှုပြုလိုသည့် စိတ်ဆန္ဒတို့က ထက်သန်နေသော အရိပ်အယောင်ကို ဖော်ပြနေသယောင်ပင်။

စေတီတော်၏ လေးဘက်လေးတန်တွင် ထီးထီးမားမား ပေါက်ရောက်နေကြသည့် ညောင်ပင်ကြီးများ၊ ခရေပင်များ၊ မဠူသကနတ်ပန်းပင်တို့မှ ရွက်ကြွေများဖြင့် ပြန့်ကျဲနေကြသည်။ အပင်ထက်ရှိ ရော်ရွက်ဝါတို့က လေအတိုးတွင် သာသာညှင်းညှင်း ရွက်ခတ်သံကလေးတို့ကိုလည်း ကြားနေရသည်။

ရေကန်ကြီးဘေး ကန်ဘောင်တွင် ကုက္ကိုပင်ကြီးတို့ထက်မှ ရွက်စိမ်းများကလည်း သူ့ကိုကြည့်ကာ တိတ်တခိုး ညည်းတွားနေကြသယောင်။ လူနေအိမ်ခြေတို့နှင့် အလှမ်းဝေးသည့် ရွာဦးဘက် လွမ်းစေတီ ကိန်းဝပ်စံပယ်ရာဆီသို့ သူရောက်ရှိခဲ့ပေပြီကော။

ထုံးဖွေးဖွေး စေတီတော်လေးရှေ့တွင် ရဲထွဋ်တစ်ယောက် ထိုင်ချလိုက်ပြီး ဒူးလေးနှင့် မြားကျည်ထောက်ကိုချလျက် သစ်ခွပန်းတို့ကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လျက် ပုဆစ်တုပ်ကာ ရှိခိုးဦးချကန်တော့လိုက်ပြီး နှုတ်ကလည်း ...

''ဘုရား၊ တရား၊ သံဃာ၊ ဆရာသမားနှင့်မိဘ'' တို့ကို ဦးထိပ်ထားကာ လက်ဆယ်ဖြာထိပ်မှာမိုးလျက် ရှိခိုးကန်တော့ပါ၏ ... အရှင်ဘုရား ...။

ရင်နှင့်အမျှချစ်ရသူ နှင်းနွယ် ကြိုက်နှစ်သက်သော ဤသစ်ခွပန်းများဖြင့် ရှင်တော်ဘုရားအား တစ်နှစ်ပြည့်အထိမ်းအမှတ်ဖြင့် ကပ်လှူပူဇော်ပါသည် ဘုရား။ ဤကောင်းမှုကုသိုလ်ကြောင့် တပည့်တော်၏ဆန္ဒ ပြီးပြည့်စုံရပါလို၏ ဘုရား။ လိုအင်ဆန္ဒများဖြင့် ပြီးပြည့်စုံရသူ ဖြစ်ပါစေဘုရား''

ပြီးနောက် အခြားတော်တော်များများကို နှုတ်မှအသံမထွက်ဘဲ အတော်ကြာကြာ ရွတ်ဆိုပူဇော်ကာ ဦးသုံးကြိမ်ချလိုက်သည်။ ထိုအချိန်သည် ဝန်းကျင်



www.burmeseclassic.com

www.burmeseclassic.com



သည် စောစောကထက် ပိုမိုအရောင်မှိန်ဖျော့လာသည်မို့ ဝန်းကျင်တွင် အမှောင်ထုက အစားထိုးနေရာယူလာသည်။

ဝန်းကျင်ကား မြူနှင်းတို့ကလည်း ကျလာသည်မို့ ဝေမှိုင်းလာသလို အအေးဓာတ်ကိုလည်း ပိုလာသည်။ ထို့အတူ တိုက်ခတ်နေသည့် လေပြည်က တဖြည်းဖြည်းပြင်းလာသည့်အတွက် ဝန်းကျင်သည်လည်း ဆည်းလည်းတို့လှုပ်ခတ်သံ၊ သစ်ရွက်တွေကို လေအတိုး ညှိုးညှိုးညံညံအသံတို့က မင်းမူလာသည်။ ထိုအသံတို့က သာမန်လူအတွက် ထိတ်လန့်စရာဖြစ်သော်လည်း သူက မုဆိုးတစ်ယောက်ဖြစ်နေသည့်အတွက် ကြောက်စိတ်ကလုံးဝမရှိ။ သည်ဝန်းကျင်ကို သူအတော်ရင်းနှီးနေသည့်အသွင်။

ဦးသုံးကြိမ်ချ ကန်တော့လိုက်ပြီး လက်တွင်ဆုပ်ကိုင်ထားသည့် သစ်ခွပန်းတို့ကို ညောင်ရည်အိုးတွင် ထိုးစိုက်ကပ်လှူလိုက်ပြီး နှုတ်ကလည်း . . .

''နှင်းနွယ်ရယ် . . . ငါတို့နှစ်ယောက်ရဲ့ဘဝလေးကို သေကွဲခွဲခဲ့တဲ့ တရားခံကို ငါမတုံ့မပြန်ရမချင်း ဒီရိုးမကြီးအတွင်းမှာ လှည့်ပတ်ရှာဖွေနေဦးမယ်ဆိုတာ ဒီလွမ်းစေတီရှင်တော်ဘုရားကို တိုင်တည်ရင်း ကတိပြုပါတယ်။ သစ္စာလည်း ပြုပါတယ်။ နင့်ကို ငါ ဘယ်လိုမှမေ့ပျောက်လို့ မရပါဘူးကွယ်''တဲ့လေ။

ပြီးတော့ ညောင်စောင်းတွင် ကျောမှီကာ ထိုင်လိုက်ရင်း ဟိုးအဝေးကို ငေးမျှော်ရင်း နှုတ်ဖျားမှခံစားချက်တို့ကို ဖွဖွကလေး လူရှူးတစ်ယောက်သဖွယ် ပြောကြားနေသော်လည်း ဝန်းကျင်ကို ထိုအသံလှိုင်းတို့က ဆို့ဆို့နင့်နင့် လွင့်မျော ပျံ့ဝဲနေသည်။

ညောင်စောင်းတွင် ကျောမှီလျက် အဝေးကိုငေးမျှော်ကြည့်ရင်း အဆွေးရေယဉ်ကျောတွင် နစ်မျောနေစဉ် သူ၏နှာခေါင်းအတွင်းသို့ သစ်ခွပန်းတို့၏သင်းပျံ့ပျံ့ရနံ့ကို ရလိုက်သည်။ ဟုတ်သည်။ သစ်ခွပန်းရနံ့ သူ ခူးယူလာခဲ့ပြီး ရှင်တော်ဘုရားကို ကပ်လှူပူဇော်လိုက်သည့် သစ်ခွပန်းရနံ့ ဘဝတစ်ပါးကို ပြောင်းသွားခဲ့သည့်ချစ်သူ နှင်းနွယ်ကိုလည်း ချစ်သက်လက်ဆောင်ပေးခဲ့သည်ကလည်း ဒီရနံ့မျိုး။

သို့အတွက် သတိရတမ်းတလာသည်မို့ အဆုတ်တွင်းရောက်သည့်တိုင် ရှူရှိုက်ပစ်လိုက်သည်။ မွှေးလွန်းသည့်ပန်းရနံ့မို့ ထပ်ပြန်တလဲလဲ ရှူရှိုက်နေလိုက်စဉ် အသိတရားတို့ကလည်း လွင့်မျောသွားခဲ့ပေသည်။

ဟုတ်သည် . . .။ တစ်နေရာဆီသို့ . . .

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [၂]

❑

ရဲထွဋ်နှင့် နှင်းနွယ်တို့မှာ တစ်ရွာတည်းသားတွေဖြစ်ကြသည်။ ရဲထွဋ်က ထိုရွာတွင် မုဆိုးလုပ်ငန်းဖြင့် အသက်မွေးနေသည့် မုဆိုးကြီးဦးအောင်မြတ်၊ ဒေါ်ငြိမ်းသူတို့၏ တစ်ဦးတည်းသော သားဖြစ်သည်။ မိဘများမှာ ဆင်းရဲနွမ်းပါးကြသူများမို့ ပညာကို ဖြစ်ဖြစ်မြောက်မြောက် မသင်နိုင်ရှာ။

ရွာဦးကျောင်းဆရာတော်ဘုရားထံ ပို့လွှတ်ထားသဖြင့် အတော်အသင့် ရေးတတ်ဖတ်တတ်သည်။ သို့သော်လည်း ဖခင်မုဆိုးကြီးက သူတတ်မြောက်ထားသည့် မုဆိုးပညာရပ်များကိုတော့ဖြင့် သင်ကြားပေးထားသည့်အတွက် သားကောင်တစ်မျိုးချင်း၏ စရိုက်၊ သဘာဝ - နေထိုင်ကျက်စားကျင်လည်ကြပုံ၊ အချိန်နှင့်ရာသီဖမ်းဆီးရန် ထောင်ချောက်အမျိုးမျိုးကို တတ်သိနားလည်ထားသလို ရပ်ရွာအတွင်း သာရေး နာရေး လူမှုရေးလုပ်ငန်းများကို မညည်းမညူ လုပ်ကိုင်ဆောင်ရွက်ပေးတတ်သူကလေးတစ်ဦး ဖြစ်သည့်အတွက် လူချစ်လူခင်ပေါများသူကလေးပင်။

တစ်နေ့တွင် ရိုးမကြီးအတွင်းပိုင်းတွင် ကျက်စားနေထိုင်ကြသည့် ဆော ဆင်ရိုင်းအုပ်များမှာ နွေလရာသီကာလသို့ ရောက်လေတိုင်းတောတွင်းရှိ သဘာ

www.burmeseclassic.com



ရေများ ခမ်းခြောက်တတ်ကြသည့်အတွက် ရေကြည်ရာ မြက်နုရာတို့ဆီသို့ သူ့အုပ်စုနှင့်သူ ဆင်းလာကြရင်း တောင်ခြေရှိ ရွာငယ်များတွင် စိုက်ပျိုးထားကြသည့် တောင်ယာစိုက်ခင်းများ ခိုးယူစားသောက်ဖျက်ဆီးခြင်းကို ခံရသဖြင့် ရွာသားများနှင့်အတူ ခြောက်လှန့်မောင်းထုတ်ရာမှ တောဆင်ရိုင်းအုပ်တို့ ဝိုင်းပစ်ရန်ပြုခြင်းကို ခံလိုက်ကြရသဖြင့် သေဆုံးကြရသည့်လူများထဲတွင် မုဆိုးကြီး ဦးအောင်မြတ်တစ်ယောက်လည်း အပါအဝင်ဖြစ်ခဲ့ပေသည်။

ဖခင်ကွယ်လွန်သည့်အခါ ကျန်ရစ်သူ သားအမိနှစ်ယောက် ဘာမျှမလုပ်တတ်ကြသော်လည်း မိခင်ဖြစ်သူက တောသူတောင်သားပီပီ ရိုးမကြီးအတွင်း တောတိုးကာ မှို၊ ရှာ၊ ဖရစ်ရိုးချိုး၊ ပုတတ်စာနွတ်၊ မျှစ်ချိုး၊ သပြေခူး၊ ဖော တောင်ဝေ့၊ ဂုံမင်း၊ တောက်တာခူး၊ ကြိမ်၊ တောင်ထန်း၊ လက်မဲ၊ ခနွဲးခုတ်စသည် ဖြင့် ကြုံရာကျပန်း ပင်ပန်းကြီးစွာ ရှာဖွေကာ နေထိုင်စားသောက်ကြရသည်။

ခင်ပွန်းဖြစ်သူစိတ်နှင့် ပင်ပန်းစွာ ရှာဖွေလုပ်ကိုင် စားသောက်နေရသည်မို့ နေပူမိုးရွာ မရှောင်နိုင်သည့်အခြေအနေကြာတော့ အိပ်ရာထဲ ဘုံးဘုံးလဲကာ လေဖြတ်ခံလိုက်ရရှာသည့်အဖြစ်။

ရဲထွဋ်မှာတစ်ယောက် လောက်လောက်လားလားအရွယ်ကို ရောက်ခဲ့သည့်အချိန်မို့ တော်နေသေးသည်။ သို့အတွက် ဖခင်သင်ကြားပေးခဲ့သည့် မုဆိုးပညာရပ်ဖြင့် မိသားစုဘဝကို ဆက်လက်ရင်ဆိုင် ရပ်တည်ရသလို မိခင်လူမမာကြီးကိုလည်း စောင့်ရှောက်နေရသူတစ်ဦးဖြစ်သည်။

နှင်းနွယ်ဆိုသူကလေးက ထိုကျေးရွာကလေးတွင် အထိုက်အလျောက် နေနိုင်စားနိုင်သူကလေးဖြစ်ကာ တစ်ဦးတည်းသော သမီးကလေးပင်။ ရဲထွဋ်နှင့် ခြံချင်းကပ်နေပြီး သူ့မိဘများက တောထွက်ပစ္စည်းမျိုးစုံကို လက်ခံဝယ်ယူသလို ပြန်လည်ရောင်းချခြင်းလုပ်ငန်းဖြင့် အတော်အသင့် စီးပွားဖြစ်သူများပင်။

အထူးသဖြင့် ဟိုးတစ်ချိန် ရဲထွဋ်ဖခင်မုဆိုးကြီးရှိခဲ့စဉ် ကာလကတည်းက ပစ်ခတ်လို့ရရှိသည့် သားကောင်တို့ကို (ချုပ်) ဝယ်ပြီး တပည့်သားတို့နှင့် ရရှိသည့် သားကောင်တွေကို အရည်ချ၊ ဝမ်းတွင်းသားကိုထုတ်၊ ယမ်းစိမ်းပက် ဆားနယ်၊ အခြောက်လှမ်းကာ သူ့ဈေးနှင့်သူ ပြန်လည်ရောင်းချနေခဲ့သူတို့ပင်။

ခင်မင်ရင်းနှီးပြီး အကြောင်းသိကြသူတို့မို့ သူ့အပေါ် အကြင်နာပိုခဲ့ကြရသည့် မိသားစုပင်။ သို့အတွက် ဆင်းရဲနွမ်းပါးရှာပေမဲ့ ရိုးသားသည့် ရဲထွဋ်နှင့် သူတို့သမီးလေး နှင်းနွယ်တို့၏ ခင်မင်ရင်းနှီးမှုကို မကန့်ကွက်ခဲ့ ဟန့်တား



www.burmeseclassic.com

www.burmeseclassic.com



ခြင်းလည်း မပြုခဲ့ကြ။ ယခုအခါ ရဲထွဋ်တစ်ယောက် အမဲလိုက်လိုက်၍ ရရှိသော သားကောင်တို့ကိုပင် သူတို့ ဒိုင်သို့ သွင်းနေရပေပြီ။ တစ်နေ့ ကျန်းမာရေးမကောင်းရှာသည့် မိခင်ကြီးအတွက် ထမင်းနှင့် ဟင်းလာပို့သော နှင်းနွယ်က . . .

"ရဲထွဋ် . . . နင် ဒီနေ့ တောလယ်ထွက်ဦးမှာလား"

"ဘာပြုလို့လဲ နှင်းနွယ်"

"နင်မသွားရင် ငါနဲ့ မှိုကျင်းဆီ လိုက်ခဲ့မလားလို့ပါ။ ငါ့မှာ အဖော်မရှိလို့လေ"

"ငါ့အမေကို ရေချိုးပေးရမယ်။ ထမင်းကျွေးရဦးမယ်ဟ။ စားပြီးမှသွားလို့ရမှာ"

"အေးလေဟယ် . . . စားသောက်ပြီးမှ ထွက်ကြတာပေါ့။ လိုက်ခဲ့ဟာ"

"နေပါဦး . . ခု နင်သွားမဲ့နေရာက တောင်ပို့မှိုလား။ ဘာမှိုလဲ"

"ကျီမှိုလေဟယ် . . .။ ခုအချိန်မှာ ရှားရှားပါးပါး တန်ဖိုးလည်းကြီးပြီး ရှားတယ်လေဟာ"

"ဟာ . . . ဒါဆိုရင် နင်တောထဲသွားရမှာဆိုတော့ ဒီအတိုင်း လိုက်လို့မရဘူးဟ။ ဒီတော့ တစ်ချက်ခုတ်နှစ်ချက်ပြတ်လုပ်ရမှာ။ နင်က မှိုနှုတ်ပေါ့။ ငါက တောပုန်းပစ်ရင်းပေါ့နော်"

ရဲထွဋ်ပြောလိုက်သည့် စကားတို့ကလည်း ဟုတ်နေသည်။ ငြင်းလို့ကမရ။ ယခုလို အချိန်ကာလမျိုးတွင် ရိုးမကြီးအတွင်း မှိုများပေါက်ကြသည်က မှိုအုန်းနက်၊ ဝါးရုံမှို၊ ကျီမှို၊ စကွဲမှို၊ မှိုအင်္ဂါ၊ မှိုဥ၊ နွားချေးမှိုတို့ ထွက်ကြသလို အခြားစား၍မရသော (အဆိပ်အတောက်ဖြစ်စေသည့်) အရွယ်အစားအမျိုးမျိုး အရောင်အဆင်းအမျိုးမျိုးမှိုတို့ ပေါက်ကြားသည့်အချိန်။

ထိုမှိုများအတွင်း သူမပြောသည့် ကျီမှိုဆိုသည့် အမျိုးအစားက ထူးခြားသည်။ အခြားသော မှိုမျိုးလိုမဟုတ် ထူးခြားသည်။ ဖေးဗရိတ် ဖြစ်နေသည့် မှိုမျိုး။

မှိုဆိုသည်က များသောအားဖြင့် သစ်တောထူထပ်ရာနေရာမျိုးလည်း ဖြစ်ရမည်။ အောက်ခြေရှင်းသည့် နေရာမျိုးတို့တွင်သာ ပေါက်တတ်ကြသည်။ သို့အတွက် ကျီမှိုနှုတ်သူက တောကြီးအတွင်းတိုးဝင်ရတော့မည်မို့ သူ့ကို အဖော်ခေါ်ခြင်းဖြစ်သည်ကို သူသဘောပေါက်လိုက်သည်။

www.burmeseclassic.com



ဂျိုမှိုဆိုသည်က (နီညိုရောင်အဆင်း) ရှိသည်။ နေရာတိုင်းတွင်လည်း မပေါက်။ သစ်တောထူထပ်ရာ သစ်ပင်ကြီးတို့ အောက်ခြေရှင်းသည့် နေရာမျိုးတွင်သာ ပေါက်တတ်ကြသည်မို့ သွားရောက်နှုတ်ယူရာတွင် အန္တရာယ်များလှသည်။ ထိုမှိုအမျိုးအစားက မှိုသားက မာကျောသလို ချက်ပြုတ်ရာတွင် အသားဟင်းတစ်ခွက်ကို ချက်ပြုတ်စားလိုက်ရသကဲ့သို့ စေးစေးပိုင်ပိုင်လည်းရှိသည်။

ရှားပါးပြီး လူကြိုက်များသလို တန်ဖိုးကလည်း ကြီးသည်။ (နီညို+အနီ+နီဝါ+အညို) စသည်ဖြင့် အရောင်ကွဲပြားစွာ တွေ့ရတတ်သော်လည်း စားလိုက်လျှင် အရသာက အတူတူပင်။ အပွင့်ကသိပ်မကြီး။ ခပ်လတ်လတ် အရွယ်ဖြစ်သည်။

မှတ်ချက် –

(ဂျိုသတ္တဝါအရောင်အဆင်းနှင့် တူသည့်အတွက် ဂျိုမှိုဟုခေါ် ကြခြင်းပင်။ အထူးသဖြင့် ထိုမှိုကိုရေဆေး၊ ဆားအနည်းငယ်စီသုတ် ငှက်ပျောရွက်အတွင်းထုပ်ကာ ခါချဉ်ထုပ်လိုဖြစ်အောင် ဝါးတုပ်ချောင်းကလေးတို့ဖြင့် သပ်ထိုးကာ မီးခဲရဲရဲတို့အကြားထည့်ကာ အပူပေး(ပေါင်း) လိုက်လျှင် စိမ်းနေသော ငှက်ပျောရွက်မှာ တဖြည်းဖြည်း သစ်ရွက်ခြောက်ပုံစံမျိုးဖြစ်လာသောအခါ အတွင်းရှိမှိုသားမှာ (ပေါင်းပြီးသား) ယမကာနှင့်တွဲဖက်ကာ စားသုံးလျှင် လိုက်ဖက်ညီလွန်းလှသည်။ ထိုကဲ့သို့ တွဲဖက်ကာ စားသုံးသူတစ်ယောက်အဖို့ နောက်ထပ်(၇) ရက်လောက် 'လေချဉ်တက်' လိုက်သည့်တိုင် ထိုရနံ့က ပျောက်ကွယ်မသွားသည့်မှိုမျိုးပင်)။

သူတို့နှစ်ဦးသား တောလမ်းအတိုင်း လျှောက်လှမ်းခဲ့ကြရင်း အတန်ကြာတော့ တောအုပ်ကြီးနှင့် နီးကပ်လာသည်မို့ ပခုံးတွင်လွယ်ထားသော ဒူးလေးကိုဖြုတ်ကာ လေးညို့ကို ဆွဲတင်လိုက်ပြီး အဆိပ်လူးမြားတံတစ်ချောင်းကို တပ်ဆင်လိုက်သည်။ ပြီးနောက် ရှေ့မှဦးဆောင်ကာ ဝန်းကျင်ကို အကဲခတ်ရင်း လျှောက်လှမ်းလိုက်ပေသည်။

သူတို့နှစ်ဦးလျှောက်လှမ်းရာ ဘေးဘက်များတွင် နွယ်ပင်ကြီးများ သစ်ပင်ကြီးများထက်ဆီ နွယ်တက်နေပြီး ရစ်ပတ်ယှက်ထွေးသည့် တောကြီးအသွင်သဏ္ဍာန် လျှောက်လှမ်းနေလိုက်ကြရင်း ကုန်းကျောကလေးတစ်ခုဆီအရောက် တက်လိုက်ကြရာ အောက်ဘက်စမ်း ချောင်းကလေးတစ်ခုက စမ်းရေတို့ တသွင်သွင်စီးဆင်းနေသည်ကို တွေ့လိုက်ကြရသည်။

www.burmeseclassic.com



ကုန်းကျောလမ်းအတိုင်း ဆက်လက်လျှောက်လှမ်းခဲ့ကြရာ ကုန်းကျော အဆုံးမှစတင်ပြီး သစ်ပင်ကြီးတို့ မစိပ်မကျဲပေါက်နေသည့်နေရာဆီသို့ ရောက်လာခဲ့ကြသည်။ အောက်ခြေရှင်းသလို စိုထိုင်းသည့်နေရာဖြစ်သည်ကိုလည်း သတိပြုလိုက်သည်။ သူတို့နှုတ်ကြမည့် ဂျိမ့်ဆိုသည်က သည်လိုနေရာမျိုးတွင်သာ ပေါက်တတ်ကြသည်မဟုတ်ပါလား။

နှစ်ဦးသား စမ်းချောင်းကမ်းပါးရံအထက် လူသွားလမ်းကလေးအတိုင်း လျှောက်လှမ်းနေကြရင်း နှင်းနွယ်တစ်ယောက် စမ်းချောင်းအတွင်း လှမ်းကြည့်လိုက်စဉ် တထိတ်တလန့်နှင့် လှမ်းပြောလိုက်သည်က . . .

"ရဲထွဋ် . . . ဟိုမှာ . . . ဟိုမှာ . . . မြွေကြီး"

သူ့လက်မောင်းကို ဆုပ်ဆွဲကာ စမ်းချောင်းအတွင်း လက်ညှိုးထိုးပြနေသည်မို့ လှမ်းကြည့်စဉ် . . .

"ဝုန်း . . . ဝေါ . . . ဝေါ . . . ဝေါ . . ."

ချောင်းရိုးကို ကန့်လန့်ဖြတ်လျက် အနေအထားမျိုးနှင့် ပေါင်လုံးသာသာ ခန့်ကြီးမားသည့် မြွေကြီးတစ်ကောင်က စန့်စန့်ကြီးအသွင်နှင့် သူတို့နှစ်ဦး၏ အသံကို ကြားလိုက်ရသည့်အတွက် မလှုပ်မယှက် ငြိမ်သက်နေသည့်အသွင်။

မျက်လုံးအစုံက အဝါရောင်တောက်လျက် ဖန်ဂေါ်လီလုံးခန့် ရေပေါ်တွင် ပေါ်နေသည့် သူ့ကိုယ်လုံးကြီးတွင် အသားကိုဖောက်ကာ ထွက်နေသည့် ဦးချို တို့က တစ်မိုက်ခန့်တစ်ထွာခန့်တို့နှင့် အနံ့အသက်က ညှီစို့စို့။

ထိုအနံ့အသက်တို့ကို ဝိုင်းအုံကာ စားသောက်နေကြသည့် ယင်မဲရှိုင်း ကောင်ကြီးတို့က ထပျံလိုက်၊ ပြန်နားလိုက်ကြနှင့် တဝုန်းဝုန်း တရှုန်းရှုန်း အောက်ခံ အဝါရောင်တွင် အနက်ကွက်ကြီးများနှင့်မို့ စပါးအုံးမြွေကြီးတစ်ကောင် အစာမျို ထားပြီး မလှုပ်နိုင်မရှားနိုင်နှင့် ငြိမ်သက်ကာ အစာချေနေသည့်အသွင်မျိုး။

"အစာမျိုထားတယ်ဟ . . . ဒီနေရာက နောက်ထပ်ငါးရပ်လောက် ဘယ်ကိုမှ သွားနိုင်မှာမဟုတ်ဘူး။ မကြောက်နဲ့ သွားလိုက်ကြရအောင်"

နှင်းနွယ်လက်ကိုဆွဲကာ ရှေ့ဘက်ကို ဆက်လက်လျှောက်လှမ်းခဲ့ကြပေသည်။ တောသည် အပင်ကြီး၏ အရွက်ဖားဖားကြီးများ မြင့်မား၍ မိုးထိုးနေသော အအုပ်အဆိုင်းကောင်းလွန်းလှသော သစ်ပင်၊ ကြို့ပင်၊ တောင်ဘိန်းပင်၊ ကျွန်း ယမနေပင်များနှင့် နေပြောက်ပင်မထိုးနိုင်အောင် သိပ်သည်းထူထပ်လာသည်။

သူတို့နှစ်ယောက် လျှောက်နေသည့်လမ်းသည် ကျွဲဆွဲသစ်ခိုးလမ်း ကလေးအတိုင်းဖြစ်သည်။ ကညင်ပင်ကြီး ထိပ်ဖျားထက်ဆီမှ ယောက်ဖခွေးခေါ်

www.burmeseclassic.com



ငှက်ငယ်၏ အော်မည်သံက သာယာလွန်းလှသည်။ ချေဟောက်သံတို့ကို ခပ်လှမ်းလှမ်းဆီမှ ကြားနေရ၏။ ကျေးငှက်ကလေးတို့၏ မြည်ကြွေးသံက တော၏သာယာပုံကို ဖော်ညွှန်းနေသယောင်။

"ဂူး ... ဖရူး ... အွတ်အွတ် ... အီး"

ရုတ်တရက် ဝါးရုံတောကြီးအတွင်းမှ တောဝက်တစ်အုပ် ပြေးထွက်လာပြီး ချောင်းကိုဖြတ်ပြေးသည်ကို တွေ့လိုက်ရသဖြင့် နှင်းနွယ်ကကြောက်ပြီး ရဲထွဋ်ကို ဖက်လိုက်သည်။ ထိုစဉ် အနီးရှိ ကညင်ပင်ထက်ဆီမှ အောင်းလောင်းငှက်ကြီးဖိုမနှစ်ကောင်က တကွပ်ကွပ်အသံပေးပြီး အော်ဟစ်နေကြသည်ကိုလည်း တွေ့လိုက်ရပြန်သည်မို့ ရဲထွဋ်က ...

"နှင်းနွယ် ... ဟိုကျို့ပင်ပေါ်တက်လိုက်။ မြန်မြန်တက်လိုက်"

ပြောပြောဆိုဆို နှင်းနွယ်လက်ကိုဆွဲကာ ကျို့ပင်နားဆီရောက်တော့ တွန်းတင်ပေးလိုက်သည်။ အကိုင်းစိပ်သည့်အပင်မို့ နှင်းနွယ်တစ်ယောက်အကိုင်းများကို ဖက်တွယ်တက်သလို သူကလည်း အမြန်တက်ရောက်လိုက်သည်။ အပေါ်သို့ရောက်တော့ ကျို့ပင်ခွကြားအကိုင်းတွင် နှစ်ဦးသားထိုင်လိုက်ကြရင်း နှင်းနွယ်က ...

"ခစ် ... ခစ် ... ဂူး ... ဒွီး ဒွီး ဒွီး"

"ဟိုက် .. နည်းတဲ့အကောင်ကြီးတွေ မဟုတ်ပါလားဟ"

နှင်းနွယ်တစ်ယောက် အသံက တိုးတိုးထွက်လာသဖြင့် လှမ်းပိတ်လိုက်ရသေးသည်။ အဘယ့်ကြောင့်ဆိုသော် ယခုရာသီမျိုးကာ ကျားတို့မိတ်ဆော့သည့်ရာသီမျိုးမဟုတ်ပါဘဲနှင့် ကျားထီးနှင့် ကျားမနှစ်ကောင် စုံတွဲမြူးတူးနေကြသည်ကို တွေ့လိုက်ကြရသည့်အတွက်ပင်။ နှင်းနွယ်တစ်ယောက်ကား ကြောက်လွန်းသဖြင့် သေးများပင် ဗျမ်းဗျမ်းထွက်ကျလာရသည်အထိပင် ဖြစ်သွားပေသည်။

ရဲထွဋ်တစ်ယောက် ကျားကြီးနှစ်ကောင်ကို အသေအချာကြည့်လိုက်သည်။ ရိုးကျားကြီးတွေလားပင် ထင်မှတ်မိလိုက်သည်။ ခေါင်းကြီးတွေက ကြီးမားသလို အကောင်ကြီးတွေကလည်း အလွန်ကြီးသည်။ ပစ်ခတ်ရန် စဉ်းစားလိုက်သော်လည်း သူကိုင်ဆောင်ထားသည်က သေနတ်မဟုတ်။ ဒူးလေးဖြစ်နေသည့်အတွက် တစ်ကောင်ကိုပစ်လိုက်သော် နောက်တစ်ကောင်၏ရန်က စိတ်မအေးရ။ တစ်ယောက်တည်းဆိုပါမူ အကြောင်းမဟုတ်သော်လည်း နှင်းနွယ်တစ်ယောက်ပါနေသေးသည်။ ယခုပင် သေးဗျမ်းဗျမ်း ထွက်ကျနေပြီ မဟုတ်ပါလား။ သို့အတွက် ငြိမ်ပြီးအသာ စောင့်ကြည့်နေလိုက်သည်။

www.burmeseclassic.com



ကျားကြီးနှစ်ကောင်ကား သူတို့နှစ်ယောက်ကို သတိထားမိပုံမရ။ ဝါးလေးခိုက်စာခန့် ကြို့ပင်ကြီးထက်မှ ဖြစ်နေသည့်အတွက်ပင် အတန်ကြာကြာ တစ်ကောင်နှင့်တစ်ကောင် ပုတ်ခတ်ကလူကျီစယ်လိုက်ကြပြီး ကျားကြီးနှစ်ကောင် တောင်ဘက်ကပြန့်တောကြီးထဲ ဆင်းသွားသည်ကို တွေ့လိုက်ကြရပေသည်။

"ရဲထွဋ်ရှ . . . နင်ပါလာလို့ပေါ့။ နို့မို့ဖြင့် ငါ ကျားစာဖြစ်မှာ အမှန်ပဲ"

သေးစိုနေသည့် ထဘီကို ရှက်ကိုးရှက်ကန်းဖုံးဖိရင်း ပြောနေသည့်အတွက် သူက ရှက်သွားမည်စိုး၍ မျက်နှာလွှဲလိုက်ရင်း ပြောလိုက်သည်က . . .

"မဆင်းနဲ့ဦး . . . ခဏစောင့်ပြီး အခြေအနေကိုကြည့်ပြီးမှ ဆင်းမယ်"

နှင်းနွယ်တစ်ယောက် ရဲထွဋ်မျက်နှာလွှဲကာ ပြန်ပြောနေသည့်အတွက် သူ့အဖြစ်ကို ရှက်ကိုးရှက်ကန်း ဖုံးဖုံးဖိဖိလုပ်နေလိုက်ရင်းက အသာငြိမ် စောင့်စားနေလိုက်သည်။ အတန်ကြာတော့မှ အပင်ကြီးထက်က ဆင်းလျက် စမ်းချောင်းကလေးအတိုင်း လှမ်းခဲ့ကြပေသည်။

တောမှာ ထူချင်တိုင်းထူ။ အပင်တို့ကလည်း ကြီးချင်တိုင်း ကြီးနေသည့်အတွက် ကောင်းကင်ကို ကောင်းကောင်းမမြင်ရ။ စမ်းချောင်းကလေးသည် ရေထွက်နားရောက်ကာနီးလေ ကျဉ်းမြောင်းလာလေဖြစ်ပြီး စီးဆင်းနေသည့်ရေမှာ စပ်စပ်သာရှိတော့သည်။

"နှင်းနွယ် . . . ပြန်လိုက်ရအောင် အန္တရာယ်နဲ့ တိုးနိုင်တယ်။ လာ . . . ဖြတ်လမ်းက ပြန်လိုက်ကြမယ်။ ဒီအကောင်ကြီးတွေ နယ်ကျွံလာတာနဲ့တူတယ်။ ခါတိုင်း မမြင်ရပါဘူးဟယ်"

သူတို့ရှေ့ဆက်မတိုးတော့ဘဲ ဖြတ်လမ်းအတိုင်းပြန်ခဲ့ကြရာ လမ်းတွင် အမြစ်မှကျွတ်ကာ ပြိုလဲနေသော သစ်လဲပင်ကြီးတစ်ပင်ကို နှစ်ဦးသားတွေ့လိုက်ကြရသည်။ ထိုအပင်ကြီးကို ဖြတ်ကျော်ရန် အနီးသို့ တိုးကပ်လိုက်တော့ ခွဆုံကြားတွင် သစ်ခွပန်းအုံကြီးတစ်အုံကို တွေ့မြင်လိုက်ကြရသဖြင့် ပန်းများနှင့်အတိသုပစွာ ပွင့်နေသော ထိုသစ်ခွပန်းအုံကို နှစ်ဦးသားရပ်တန့်ကာ လှမ်းကြည့်နေရင်း ရဲထွဋ်က ပန်းအုံကို ခူးယူလိုက်ပြီး လှမ်းပေးလိုက်ရင်းက . . .

"နှင်းနွယ် . . . ဟောဒီသစ်ခွပန်းအုံကို လက်ဆောင်အဖြစ် ပေးရင်း ငါ နင့်ကို စကားတစ်ခွန်းလောက် ပြောချင်တယ်ဟယ်"

ရဲထွဋ်တစ်ယောက် သူ့ရင်ထဲတွင် သိမ်းဆည်းထားခဲ့ရသည့် ခံစားချက်တို့ကို မြိုသိပ်မထားနိုင်တော့သည့်အတွက် အရဲစွန့်လိုက်ခြင်းဖြစ်သည်။ သူ့



www.burmeseclassic.com

www.burmeseclassic.com



စကားကြောင့် နှင်းနွယ် ရှက်တရက်ငိုင်သွားသည်။ ပြီးတော့ တစ်ကိုယ်လုံး ပူရှ ရှိန်းဖိန်းသွားသည့်နှယ် ပြန်မေးလိုက်သည်က . . .

"ငါ့ကိုပန်းပေးပြီး နင်က စကားပြောချင်တယ်။ ကဲ . . . ဘာလဲပြော"

"ဟောဒီ . . . ဟောဒီ အလွန်ရှားတဲ့သစ်ခွပန်းကို လက်ဆောင်ပေး တယ်။ နောက်ပြီး နင့်ကိုလည်း ငါချစ်နေတယ်ဟာ။ ငါ့ကို မမုန်းပါနဲ့နော်"

ရဲထွန်းတစ်ယောက်ရင်ထဲ မမြိုသိပ်ထားနိုင်တော့သည်မို့ အရဲစွန့်က ပြောလိုက်ရင်း သစ်ခွပန်းအုံကို ပေးလိုက်သည်။ သစ်ခွပန်းအုံတွင် အပင်(၃)ပင် ရှိပြီး ပန်းခိုင်ကလည်း (၃)ခိုင်ရှိသည်။ ဥယောင် ပင်စည်သည် လေးထောင့်ပုံရှိပြီး အဖျား သွယ်ကာ အမြှောင်းထနေသည်။ ပန်းပွင့်က အစိမ်းရောင်ဖြစ်ကာ တစ်လက်မခွဲ သာသာခန့် အပွင့်ကကြီးသည်။ အတွင်းပွင့်ချပ်က ရွှေဝါရောင်ဖြစ်သည်။ နှင်းနွယ် လက်ထဲသို့ ထိုးပေးလိုက်ရင်း အဖြေကို ငံ့လင့်နေရှာသည်။

နှင်းနွယ်က ပန်းအုံကို ယူလိုက်ရင်း . . .

"လှလိုက်တဲ့ ပန်းဟယ်။ အပွင့်ကြီးတွေကလည်း ကြီးသလို မွှေးလိုက် တာလည်း လွန်ရောပဲ။ ဘာသစ်ခွလဲဟင် . . . ရဲထွန်း"

"မိုးလုံးမှိုင်းသစ်ခွလို့ ခေါ်တယ်။ ရှားပါးသလို တန်ဖိုးကလည်း ကြီးတယ် ခုအစိမ်းရောင်ဖြစ်ပေမယ့် တော်တော်ကြာပွင့်ဖတ်အပြာ ဖြစ်သွားလိမ့်မယ်။ အမှတ်တ နဲ့ ချစ်သက်လက်ဆောင်မို့ အမြတ်တနိုးစိုက်ထားနော်။ ပန်းကိုတော့ ဘုရားလဲတင် နင်လည်း ပန်ပေါ့နော်"

သူ့အပြောကြောင့် နှင်းနွယ်တစ်ယောက် မျက်နက်ဝန်းကလေးကို ထောင့် ကပ်လျက် မျက်စောင်းလှလှလေးချိတ်လိုက်ရင်း ပြုံးလိုက်သည်မို့ သူ့ကိုယ်ကလေး က ရဲထွန်းရင်ခွင်တွင်းသို့ ဇွေ့ခနဲ ရောက်သွားပေတော့သည်။

"ငါတို့အပြန် ရွာဦးဘက်က ပြန်ရင်းလွမ်းစေတီမှာ ဘုရားပန်းကပ်ပြီး ဆုတောင်းလိုက်ကြရအောင်နော် ရဲထွန်း"

"အေး . . . ကောင်းတယ်။ သွားပြီး ဘုရားဖူးလိုက်ကြရင်း ဆုတောင်း လိုက်ကြရအောင်"

သူတို့နှစ်ဦး လျှောက်လှမ်းသွားလိုက်ကြစဉ် သစ်ပင်ကြီးများအောက် မြေ ပြောင်ပြောင်တွင် မြေပြင်မှ တိုးထွက်ကာ ပုတတ်စာပန်း ဖြူဖြူကလေးတို့ကို တွေ့လိုက်ရပြီး ဟိုမှာဘက်တွင် ထိုးထိုးထောင်ထောင်နှင့် အစုလိုက် ပေါက်နေသည့် ဂျိုမှိုအခင်းကို တွေ့လိုက်ရသဖြင့် နှင်းနွယ်က အားပါးတရ အနီးကို ပြေးသွားတော့ မည်အလုပ် . . .

www.burmeseclassic.com



"နေဦးဟ ... အရမ်းမသွားနဲ့။ ပိုးကောင်မွှားကောင်တွေကို အရင်ဆုံးကြည့်။ ပြီးတော့ အန္တရာယ်မရှိမှသွား"

ရဲထွဋ်က လှမ်းသတိပေးလိုက်သည်။ အမှန်တော့လည်း မှိုကျင်းရှိရာနှင့် ယခုလိုမြေပြင်တွင် မှိုပေါက်ကြသည့်နေရာများတို့တွင် လူတွေကို အန္တရာယ်ပေးတတ်ကြသည့် အကောင်များရှိတတ်ကြသည်မဟုတ်ပါလား။

သူတို့နှစ်ဦးဝန်းကျင်ကို လိုက်လံကြည့်ရှုရာ ထိုးထိုးထောင်ထောင်နှင့် မြေပြင်ကိုထိုးထွက်ကာ ငွါးငွါးစွင့်စွင့်ပေါက်နေသည့် မှိုများမှလွဲပြီး အခြားသောအကောင်တို့ကို မတွေ့ရသဖြင့် နှုတ်ယူလိုက်ကြပေသည်။

"ဒီအတိုင်းဆို ငါတို့ဘုရားဘက်ကို သွားလို့ အချိန်မရှိဘူး။ ဒီကနေ ပြန်မှဖြစ်မယ်"

"ဒါဆို မနက်ဖြန်မှ သွားလိုက်ကြတာပေါ့။ ငါနေ့ခင်းပိုင်း ဘုရားကစောင့်နေမယ်။ အဖော်တွေနဲ့ မှိုနှုတ်သွားမယ်ပြောပြီး ထွက်လာခဲ့မယ်နော်"

ပုဆိုးဟောင်းတစ်ထည် တစ်ဘက်စကို နွယ်ကြိုးနှင့်စီးကာ နှုတ်ထားသည့် မှိုတို့ကို ထည့်သွင်းလိုက်ပြီး ခေါင်းတွင်ရွက်၍ ပြန်လာခဲ့သောအချိန်သည် ညနေ(၅)မောင်းပင် ကျော်ခဲ့ပေပြီ။

✿ ✿ ✿

[၃]

❑

နှင်းနွယ်တစ်ယောက်မနေ့က 'ဂျိုမှို'တွေ ရလာခဲ့သဖြင့် ရွာတွင်းရှိ မိန်းမပျိုတို့ တအံ့တသြပင် ဖြစ်နေကြသည်။ ယခုအချိန်အခါသည် ဈေးက ကောင်းပြီးရှားပါးသည့် အချိန်တွင် ရလိုက်ချင်းဖြစ်သည့်အတွက် ဈေးကောင်းနှင့် မိလိုက်သည့်အပေါ် ရွာသူအချို့က စိတ်ဝင်စားပြီး မည်သည့်နေရာကရရှိကြောင်း ဝိုင်းဝန်းမေးမြန်းကြရာမှ နှင်းနွယ် မှိုရလိုက်သည့်နေရာကို ပြောပြလိုက်သဖြင့် အားလုံးက စိတ်ဝင်တစားနှင့် နောက်တစ်နေ့မှိုရှာ ထွက်ကြဖို့အလုပ် မိန်းကလေးအုပ်စုတွင် ပေါ်ပေါက်လာလာသည်။

www.burmeseclassic.com



ဉာဏ်လယ်ရွာကလေးဆိုသည်က စောဖြူတောင်၊ ပန်းတောင်၊ သံတောင် စသည့် တစ်ဆက်တစ်စပ်တည်းရှိနေသည့် တောင်ခြေရွာကလေးတစ်ရွာပင်။ ပဲခူးရိုးမကြီး အနောက်ဘက်ခြမ်းမှာရှိသလို စောဖြူတောင်သည် ဖျားကြီးတောင်နှင့် စိဖွာတောင်များနှင့် တံပိုးထမ်း။

ထိုတောင်ခြေရွာကလေးတည်ရှိရာသည် ရိုးမကြီးနှင့် ကပ်လျက်ရှိသော ရွာငယ်ကလေးတစ်ရွာဖြစ်သလို ပေါက်ရောက်သည့် အပင်ကြီးတို့ကလည်း ကျွန်း၊ ပျဉ်းကတိုး၊ အင်၊ ကညင်၊ သစ်ရာ၊ ပိတောက်၊ မှတ်ကျောက်၊ ဆိတ်ချေး စသည့် အပင်ကြီးများအပြင် အခြားသော သီးပင်စားပင်တို့နှင့်အတိ။

တောင်တန်းကြီးတို့က မြင့်မား၍ အရှေ့နှင့်အနောက်ရှည်လျားစွာ ရှိနေကြသလို ကျော၊ လျှို၊ ချောက်ကမ်းပါး၊ ခင်တန်း၊ ကျောက်ထရံ ကျောက်ပြန့်အိုင်ကြီးတို့နှင့်အတိ။ စောဖြူတောင်ကြီးအောက် တောင်ခြေတွင်ရှိကြသည့် ဉာဏ်လယ် ရွာသူ ပျိုဖြူချောတစ်စု မှိုနှုတ်ရန်အတွက် စုဝေးတိုင်ပင်ကာ ထွက်ခဲ့ကြသည့်ခရီးပင်။

ထို(၅)ယောက်သော အဖွဲ့ကို ဦးဆောင်သူက နှင်းနွယ်ပင်။ သူမအတွက် လောလောလတ်လတ်မနေ့ကမှ ချစ်သူကို ရရှိလိုက်သလို ကျန်မိန်းမပျို (၄)ဦး ကလည်း ချစ်သူကိုယ်စီရှိနေကြသည်မို့ မိန်းမချင်းဖြစ်သည့်အတွက် လွတ်လပ် သည့်နေရာတွင် လွတ်လပ်စွာ အချင်းချင်း နောက်ပြောင်ကျီစယ်ကာ တဝါးဝါး ရယ်မောသလို သီချင်းသံတညံညံဖြင့် လျှောက်လှမ်းခဲ့ကြရာ တောချုံပုတ်ကြီး အတွင်း ကြီးမားသော ကျားကြီးတစ်ကောင်က ဖြုန်းခနဲ တောချုံပုတ်ကြီးအတွင်းဆီ မှ ခုန်ထွက်လာသည်။

အမျိုးသမီးငယ်တို့မှာ တောချုံပုတ်ကြီးအတွင်းမှ ခုန်ထွက်လာသည့် ကြီးမားသည့် ကျားကြီးတစ်ကောင်ကို မမျှော်လင့်ဘဲ ပက်ပင်းတွေ့မြင်လိုက်ကြ ရသဖြင့် ငယ်သံပါအောင်အော်ဟစ်ကြရင်း ဦးတည်ရာတို့ဆီသို့ ကြောက်အား လန့်အား ပြေးလွှားကြရင်းက ရွာကိုပြန်ရောက်လာခဲ့ကြသည်။

မိန်းကလေးများ ရွာဆီသို့ တထိတ်တလန့် ထဘီကို စွန်တောင်ဆွဲကာ ပြန် ပြေးလာကြသည်ကို တွေ့လိုက်ရသော ရွာသားတို့က အဖြစ်မှန်ကိုမေးကာ လူစစ် ကြည့်လိုက်ရာ နှင်းနွယ်တစ်ယောက်မှလွဲပြီး အားလုံး ရွာကိုပြန်၍ ရောက်ရှိလာ ကြောင်း သိရှိလိုက်ကြရသည့်အတွက် လူစုကာတုတ်၊ ဓား၊ လှံ၊ လေးမြားတို့ကို ကိုင် ဆောင်ကာ လိုက်သွားကြသည့်အချိန်သည် နှစ်နာရီကျော်ကျော် ကြာခဲ့သည်။

ရွာသူရွာသားတို့ကား အခင်းဖြစ်ပွားရာဆီသို့ ရောက်ရှိသွားသောအခါ နှင်းနွယ်၏ သွေးစက်တို့ကိုသာ ကြေကွဲဖွယ်ရာ တွေ့လိုက်ကြရပေတော့သည်။

www.burmeseclassic.com



သွားစက်အတိုင်း လိုက်လံရှာဖွေခဲ့ကြရာ နှင်းနွယ်၏ စားပြီးသားခန္ဓာကိုယ် ချွင်းချွင်းသွေးစွန်းသော အဝတ်အစားများကိုသာ ပြန်လည်ရရှိလိုက်ကြပေသည်။

ထိုအချိန်သည် ရဲထွဋ်တစ်ယောက် ချစ်သူနှင့် ချိန်းဆိုထားသည့်အတွက် လွမ်းစေတီတွင် စောင့်စားနေသည့်အချိန်။ ချိန်းထားသည့်အချိန် ရောက်ရှိမလာသည်မို့ လာနိုးနိုးဖြင့်ဆက်၍ စောင့်စားနေစဉ် အချိန်လွန်၍ ဒေါ်ပွကာ ပြန်ခဲ့ရင်းအိမ်သို့ရောက်တော့မှ သိရှိလိုက်ရသည့်အဖြစ်။

ချစ်သူ နှင်းနွယ်ကို လွမ်းစေတီတွင် ချိန်းထားသဖြင့် စောင့်စားနေသည့် ရဲထွဋ်တစ်ယောက် အချိန်ကုန်သည့်တိုင် စောင့်စားနေခဲ့ရသဖြင့် ရွာတွင် ဖြစ်ပျက်နေသည်တို့ကို ဘာမှမသိဘဲ ဒေါ်ပွကာ ပြန်လာခဲ့သည့် သူ့အား ရွာအဝင်တွင် ကြားသိလိုက်ရသည့် ထိုသတင်းဆိုးကြောင့် တစ်ကိုယ်လုံး စိုးရိမ်ပူပန်မှုတို့နှင့်အတူ ဒေါသနှင့် နာကျည်းကြေကွဲမှုတို့က အထွတ်အထိပ်ရောက်ကာ ချစ်သူကို ကိုက်သွားသည့် ကျားကြီးကို ပြန်လည်လက်စားချေလိုစိတ်တို့က ရုတ်ခြည်းပေါ်ကြွလာသည်။

သို့အတွက် ရွာလယ်ရှိ သူ့တဲအိမ်ဆီသို့ပြေးကာ နံရံတွင်ချိတ်ထားသည့် ဓားလေးနှင့် မြားကျည်ထောက် လုံ့ရှည်တစ်ချောင်းကိုဆွဲကာ ချစ်သူသေဆုံးခဲ့ရာဆီသို့ ပြေးထွက်ခဲ့ပေသည်။

''သား ... ရဲထွဋ် စိတ်လိုက်မာန်ပါမလုပ်နဲ့။ အဖော်ခေါ်သွားဦးလေ။ အင်း ... ဒုက္ခ ... ဒုက္ခ ... ကုသိုလ်ကံဆိုးလိုက်တဲ့ မိန်းကလေးကွယ်''

[လူမမာမိခင်ကြီး ပြောလိုက်သည့်စကားကိုပင် သူမကြားနိုင်။ ဘာကိုမှလည်း မမြင်နိုင်တော့ပေ။ သူ့ရင်ကို အဟုန်ပြင်းပြင်း ရိုက်ခတ်နေသော နှင်းနွယ်ကို ရက်စက်စွာ ကိုက်သတ်စားသောက်သွားသည့် မနေ့က မျက်ဝါးထင်ထင်တွေ့မြင်လိုက်ရသည့် ကျားကြီးနှစ်ကောင်ကို လက်တုံ့ပြန်နိုင်ရေးပင်။ တကယ်တော့ နှင်းနွယ်သည် သူအသက်တမျှ တွယ်တာမြတ်နိုးခဲ့ရသည့် ငယ်ချစ်ဦး။ သံယောဇဉ်နှောင်ဖွဲ့ အချစ်ကြီးချစ်ခဲ့ရသော ချစ်ရည်းစား ပူပူနွေးနွေးကလေးပင်ဖြစ်ပါလား]

သူတို့ မှိုရှာရန်သွားသည့်နေရာက နှစ်မိုင်ခန့်အကွာအဝေး။ ချစ်သူ၏အသက်ကို မမီနိုင်သော်လည်း သူမကို ကိုက်သွားသည့်ကျားကြီးတွေ နောက်ကို သူခြေရာကောက် သွေးစက်ခံလိုက်ရပေမည်။ မနေ့က ကြို့ပင်ကြီးထက် ချစ်ဦးသားတွေ့လိုက်ရသည့် ထိုကျားမောင်နှံကို မပစ်ခတ်လိုက်သဖြင့် ယခုကဲ့



www.burmeseclassic.com

www.burmeseclassic.com



သို့ သူ့ချစ်သူကိုမှရွေးပြီး ကိုက်သတ်သွားလေရယ်သလားဖြင့် တောင်စဉ်ရေမ
အတွေးတို့ကိုလည်း ဖြန့်ကျက်လိုက်သည်။ သွေးခုန်နှုန်းကလည်း မြန်လာသည်
ဒေါသတို့ကလည်း အထွတ်အထိပ်ထိတိုင်။

သူနှင့်အတူသွားကြသည့် မိန်းကလေးတို့အပြောအရ ကျားကြီးနှ
ရင်ဆိုင်တိုးခဲ့ရသည့်နေရာကိုရောက်တော့ ဝန်းကျင်က ပကတိ တိတ်ဆိတ်ငြိမ်သ
နေသည်။ သစ်ရွက်တို့ လေတိုးသံနှင့် ချောင်းစပ်ဘက်ဆီမှ ဘုတ်ငှက် (၁) ငှက်
ကြာတစ်ကောင်၏ အီသံမှတစ်ပါး တောင်စွယ်အတွင်းသို့ ဝင်လုလုနေလုံးကြ
၏ ဆည်းဆာရောင်က ရိုးမကြီးရင်ခွင်ကို လွှမ်းခြုံဖြန့်ကျက်လျက်။

ဝန်းကျင်၏ ဆိတ်ငြိမ်မှုကြောင့် ရဲထွန်း ဒူးလေးကို အသင့်ကိုင်ထာ
သလို လှံကိုင်ထားသည့် လက်ခုံဖြင့် မျက်နှာပေါ်စီးကျလာသည့် ချွေးတို့ကို သု
လိုက်သည်။ ကျားကြီးကို တွေ့လေနိုးဖြင့်လည်း ဟိုဒီလိုက်လံ ရှာဖွေကြည့်
လိုက်မိသည်။

"ဟာ . . . သွေးတွေ . . . သွေးတွေ . . ."

မြေပြင်တွင် မြင်တွေ့လိုက်ရသည့် သွေးကွက်ကြီးတို့ကြောင့် ခံစားလိုက်
ရသည်က သူ့ရင်ကို နာကျင်စေခဲ့သည်။ သွေးတို့ကလည်း ပူလာကာ ဆူပွ
လာခဲ့ပြီမို့ ဆက်ကြည့်မနေတော့ သွေးစက်လမ်းကြောင်းအတိုင်း ကောက်ကြော
လိုက်ခဲ့ရာတစ်ခုသော ချုံထူထူကြီးအစပ်တွင် နှင်းနွယ်၏လုံချည်က ချုံနွယ်တစ်
နှင့်ငြိကာ သွေးသံ့ရဲရဲနှင့် ပြတ်ကျန်နေသည်ကို တွေ့လိုက်ရသည်မို့ ချုံးပွဲချ ငိုကြေ
နေလိုက်မိသည်ကအမှန်။

မြင်ကွင်းက သူ့ခန္ဓာကိုယ်ထဲရှိ သွေးတို့ကိုလည်း ဆူပွက်သွားစေသည်
အံကိုတင်းတင်းကြိတ်ကာ ဒူးလေးနှင့် လှံကိုဆုပ်ကိုင်လျက် သွေးစက်ကြော
အတိုင်း ဆက်လိုက်ခဲ့ပေသည်။ သွေးစက်စွပ်ကြောင်းက လျှိုတစ်ခု အောက်
ဆင်းကာ မြောင်ကြပ်အတွင်းသို့ တိုးဝင်သွားသည်။

ခက်နေသည်က အမှောင်က လုလာခဲ့ပြီဖြစ်သလို လက်နှိပ်ဓာတ်မီးက
လည်း ပါမလာသည့်အတွက် သည်နေရာတွင် လမ်းဆုံးခဲ့ပြီဟု ပြောရမလိုအဖြ
မျိုးပင်။ သို့အတွက် အိမ်သို့ပြန်ကာ လက်နှိပ်ဓာတ်မီး အသုံးအဆောင်ကိုယူပြီး
အပြန်တွင် ထိုနေရာရှိ သစ်ပင်မြင့်ကြီး ခွဆုံကိုင်း ထက်စောင့်ရင်း လက်တုန့်ပြ
ရမည့်အရေးကို တွေးကာ ပြန်လာခဲ့ပေတော့သည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

[၄]

❑

သူအနည်းငယ် သတိရသလိုလို ဖြစ်လာသည်။ အမှန်တော့ သတိရသလိုလိုဆိုသော်လည်း မျက်လုံးအစုံက ဖွင့်လို့မရ။ အသိတရားက အိပ်တစ်ဝက် နိုးတစ်ဝက်။ သူ့စိတ်တွင် အမှန်အတိုင်း သိရှိနေရသည်က သစ်ခွပန်းတို့ရနံ့။ စိတ်ပင်ပန်းလူပင်ပန်း ဖြစ်ခဲ့ရသည်မှာ နှင်းနွယ်တစ်ယောက်ဘဝတစ်ပါးကို ပြောင်းသွားသည့်နေ့မှစ၍ ယနေ့ထက်တိုင်ပင်။

ယခု သူရှူရှိုက်နေလိုက်မိသည့် ရနံ့က စောစောကလို သစ်ခွရနံ့ သက်သက်ချည်းမဟုတ်။ ကြာပန်းရနံ့၊ ခရေနံ့တို့က သင်းလွန်းလှသည်။

“ရဲထွဋ် . . . နှင်ရောက်နေမှန်း ငါသိပါတယ်ဟယ်။ ငါထွက်လို့ မရသေးလို့ပါ”

ညောင်စောင်းတွင် မှိုကာ ငိုက်မည်းနေလိုက်ရင်း အနီးကပ်ပြောလာသည့် နှင်းနွယ်အသံကလေးကြောင့် လွင့်မျောနေသည့် သူ့ဝိညာဉ်သည် ကိုယ့်ဆီကို ပြန်ရောက်လာသည်ထင်လိုက်ရသလို မဖွင့်ချင်သည့် မျက်စိအစုံကလည်း ပြူးကျယ်လာကာ အိပ်ရာမှ နိုးထလာသလို သူ့ခန္ဓာကိုယ်ကလည်း လှဲနေရာမှ ငေါက်ခနဲ ထထိုင်မိလျက်သားဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . နှင်းနွယ် . . . နင် နှင်းနွယ်မို့လားဟင်။ ငါနင့်ကို လွမ်းလိုက်ရတာဟယ်။ နင် ဘယ်ရောက်နေတာလဲဟင်"

"ဪ . . . ရဲထွဋ်ရယ် ငါလာချင်တာပေါ့ဟယ်။ နင်ရောက်လာတိုင်း ငါသိနေတာပဲ။ ဒါပေမဲ့ ငါနင့်ကိုလာတွေ့ချင်တိုင်း တွေ့လို့မရဘူးလေဟယ်။ ငါ့ဘဝမှာ အထက်က အဆင့်ဆင့်တွေနဲ့။ သူတို့ခွင့်ပြုချက်ရမှ ငါနင့်ဆီကို လာရတာဟ။ အဖေအမေတွေဆီမှာလို မလွတ်လပ်တော့ဘူးလေဟယ်"

သူမ ပြောလိုက်သည့်စကားတို့ကြောင့် ဝေသီဝိုးဝါးလျက်နေသည့် သူ့အသိကို ပြန်လည်စုစည်းလိုက်ရင်း နှင်းနွယ်ကို အသေအချာကြည့်လိုက်တော့ နှင်းနွယ်၏ကိုယ်ပေါ်တွင် ဇာပေါက်ပဝါများဖြင့် ရက်ဖောက်ထားသော အစိမ်းရောင်ပဝါရှည်ကို လွှမ်းခြုံထားသည်။

ရွှေခြည်ငွေခြည်တွေ သန်းနေသော ခါးအထိရှည်သော အင်္ကျီစတောင်ရှည်ကို ဝတ်ဆင်ထားသည်။ သူ့ထဘီကလည်း ရွှေခြည်ငွေခြည်တိုးများဖြင့် ပြိုးပြိုးပြက်ပြက်။ ထဘီရင်ကွဲကို ရွှေအပ်များဖြင့် သီထိုးလျက် မြေပေါ်တွင် တရွတ်ဆွဲနေသော ထဘီစကို နောက်မှ အမျိုးသမီးငယ်နှစ်ဦးက မ,၍ထားနေရသောကြောင့် သူ့ဆီသို့ရောက်နေသည့် နှင်းနွယ်မှာ သူမဟန်ပန်က ယဉ်ကျေးဟန်ရှိသော်လည်း လွတ်လပ်ဟန်မတူ။ တစ်ခုခုက ထိန်းချုပ်ကြိုးကိုင်ထားသည်ကို ခံနေရသည့်နှယ်။

ခေါင်းမှဆံမြိတ်စကို ကြည့်ကောင်းအောင် အနေတော်ချထားသော်လည်း တစ်ခေါင်းလုံး သစ်ခွပန်းတို့နှင့် ဝေနေသည်။ မွှေးကြိုင်သည့် သူမခေါင်းမှ ပန်းတွေကိုကြည့်လိုက်တော့ သူပေးသည့် သစ်ခွပန်းတွေပင်။

သစ်ခွပန်းတို့က ချစ်သူကိုပေးခဲ့သည့် ချစ်သက်လက်ဆောင် မိုးလုံးမွှန်း သစ်ခွပန်းတို့ကို အဝေသားပန်ဆင်ထားသည်ကို သူသတိပြုလိုက်မိသည်။

နှင်းနွယ်က သူ့ရင်ခွင်တွင်း တိုးဝင်လိုက်သည်။ ဘယ်လက်ကို မြှောက်၍ သူ့လည်တိုင်ကို သိုင်းဖက်လိုက်သည်။ ချစ်ရည်ရွှန်းလဲ့သည့် မျက်လုံးအစုံဖြင့် ကန့်ကလျနိုင်သော နှင်းနွယ်၏ဟန်ပန်မှာ သူ့ကို အနိုင်ယူတော့မည့်အသွင်မျိုး။

"ကဲ . . . ရဲထွဋ်၊ နင်ပြန်တော့။ အမေ စိတ်ပူနေတော့မယ် ထတော့"

ရဲထွဋ်က နှင်းနွယ်ပြောလိုက်သည့်စကားကြောင့် ပိုမို တင်းကျပ်စွာ ထွေးပွေ့လိုက်သည်။

ရဲထွဋ်တစ်ယောက် ကြယ်တာရာ အစက်အပြောက်ကလေးတို့၏ အောက်တွင် လှပဟန်ဝင့်ထည်နေသော ရင်ခွင်တွင်းမှ ချစ်သူကိုထွေးပွေ့လျက် ရှုန်းထွက်သွားမှာကိုပင် စိုးရိမ်သည့်အလား တ...ကြပ်စွာပွေ့ကာ အနမ်းမိုးစွေပစ်လိုက်ချိန် . .



www.burmeseclassic.com

www.burmeseclassic.com



"မောင်"

"ဘာလဲ နှင်းနွယ်"

ခေါ်လိုက်သံနှင့် ပြန်ထူးသံတို့က မောလျသံတို့နှင့်အတိ။ ထိုစဉ် နှင်းနွယ်က နေရာမှထရပ်ကာ သူ့ကို ဆွဲထူလိုက်ပြီး ...

"ပြန်ကြမယ်ကွယ်။ အိမ်မှာ အမေစိတ်ပူနေတယ်။ ထတော့"

ရဲထွဋ်ဌတစ်ယောက် ချစ်သူပြောလိုက်သည့် စကားကြောင့် အိမ်တွင် ကျန်ရစ်ခဲ့သည့် လူမမာမိခင်ကြီးကို သတိရလိုက်ပြီး နေရာမှ ထရပ်လိုက်သည်။ ချစ်သူကို ပွေ့ဖက်လိုက်စဉ် အသိတရားတို့ ဝင်လာသည့်အတွက် ဝန်းကျင်ကို သတိထားကြည့်လိုက်တော့ အိမ်သို့ရောက်နေပြီး အိပ်ရာထက်တွင် မီးခွက်ကိုထွန်းလျက် အနီးတွင် မိခင်ဖြစ်သူက သူ့အဖြစ်ကိုကြည့်ကာ မျက်ရည်လည်ရွဲနှင့်။

"ရဲထွဋ်ရယ် ... လူမှန်းသူမှန်း မသိတော့လောက်အောင် အရက်တွေ ဒီလောက်သောက်ခဲ့ရသလားဟယ်"

အမေ့ဆီမှ ကြားလိုက်ရသည့်စကားသည် သူ့အဖြစ်နှင့်က ဆန့်ကျင်ဘက်ဖြစ်နေသော်လည်း သူဘာကိုမှ မပြောလိုက်မိ။ သူအိမ်ကို ဘယ်လိုပြန်ရောက်လာခဲ့မှန်းလည်း မသိလိုက်။ အရက်မသောက်ခဲ့သည်ကလည်း အသေအချာမို့ သူ့အဖြစ်ကို သူအသိဆုံး။။

❀ ❀ ❀

[၅]

"အဖေကြီး ... ဧည့်သည်ရောက်နေတယ်"

အိမ်နောက်ဖေးတွင် ဖနီးသည် ချက်ပြုတ်ရာတွင် ဘေးမှ လိုအပ်သည်ကို ဝိုင်းဝန်းကူညီကာ မျက်နှာချီသွေးနေချိန် အိမ်ရှေ့တွင် စာကျက်နေသည့် သမီးကြီး အော်ပြောသံကြားလိုက်ရသဖြင့် ထွက်လာပြီး ကြည့်လိုက်ရင်း ...

"ဟာ ... မောင်ယဉ်ကြိုင် တစ်ယောက်တည်းလား။ ဘယ်တုန်းကရောက်တာလဲဟ။ ကလေးတွေကော နေကောင်းကြရဲ့လား။ လာကွာ"

www.burmeseclassic.com



တံခါးကိုဖွင့်လျက် ခရီးဦးကြိုပြုကာ အထိုင်ခိုင်းလိုက်ရင်းက ..

"အကြောင်းထူးရှိသလားကွ။ အလည်သက်သက်ပဲလား"

ကျွန်တော့်အမေးကြောင့် သူက အထက်ပါ မုဆိုးကလေး ရဲထွဋ်နှင့် ချစ်သူ နှင်းနွယ်တို့အကြောင်းကို ပြောပြလိုက်ရင်းက ထိုကျားနှစ်ကောင်သတင်းက အတန်ကြာအောင် ပျောက်ကွယ်နေခဲ့ပြီး ပြီးခဲ့သော (၇)ရက်ခန့်ကစတင်ပြီး သူတို့နေထိုင်ရာ တောင်ခြေရွာကလေးဖြစ်သည့် ဉာဏ်လယ်ရွာအထက်ဘက် (၅) မိုင်ခန့်အကွာ ဖီးတောရွာမှ နွားကျောင်းနေသည့်လူငယ်တစ်ဦးကို ကျားကြီး တစ်ကောင် ဝင်ဆွဲကိုက်သတ်စားသောက်သွားကြောင်း။ နောက်တစ်နေ့တွင် ထိုရွာနှင့် တြိဂံပုံသဏ္ဍာန်ရှိရွာ (၃)ရွာဖြစ်သော ကျွန်းပင်ရွာ၊ အုပ်ဖိုရွာ၊ ဆင်စွယ်ရွာတို့မှ လူတစ်ဦးစီကိုလည်း ဆက်တိုက်ဝင်ရောက်ကိုက်ခဲ စားသောက်သွားသဖြင့် ထိုကျားတို့မှ လူတစ်ဦးစီကိုလည်း ဆက်တိုက်ဝင်ရောက် ကိုက်ခဲစားသောက်သွားသဖြင့် ထိုကျားကြီးကို ရှင်းလင်းသုတ်သင်ပေးရန် လာရောက်အကူအညီတောင်းရကြောင်းကို သိရှိလိုက်ရသဖြင့် အစ်ကိုကြီး ဦးသိန်းလွင်မှတစ်ဆင့် အဘကောင်းကိုခေါ်ကာ အမြန်ဆုံး တိုင်ပင်ညှိနှိုင်းလိုက်ကြစဉ် အဘကောင်းက ...

"နေပါဦး ... ကျားက တစ်ကောင်လား နှစ်ကောင်လား။ ဒဏ်ရာရထားတဲ့ အကောင်လားကွ။ မိတ်ချိန်မဟုတ်တော့ နှစ်ကောင်တော့ မဖြစ်နိုင်ဘူး"

အဘကောင်းက အဖြစ်အပျက်ကို နားထောင်ရင်း တွေးတွေးဆဆနှင့် မောင်ယဉ်ကြိုင်ကို ပြန်မေးလိုက်သည်။ အမှန်တော့လည်း ကျားတို့သဘာဝဆိုသည်က နှစ်ကောင်တွဲ နေထိုင်ကြလေ့မရှိ။ သီးသန့်တစ်ကောင်ချင်းသာ နေထိုင်တတ်ကြသည်။

မိတ်ဆော့သည့်အချိန် ကြင်ဖက်ကိုရှာသော အချိန်များတွင်သာ နှစ်ကောင်တွဲတွေ့တတ်ကြပြီး ကျားမတွင် သားငယ်တို့ ပေါက်ဖွားသည့်အခါတွင်သာ သားငယ်များနှင့် တွေ့ရတတ်သည်။ ကြင်ဖက်ရှာသည့် ကျားထီးကသာ ကျားမများရှိရာကို လှည့်ပတ်ရှာတတ်ကြသည်။ သူတို့နေထိုင်ကျက်စားရာကလည်း သားကောင်ပေါသည့် တောများတွင်သာပင်။ သားငယ်များနို့ခွဲလျှင် မိခင်ဖြစ်သူကလည်း ခွဲသွားတတ်ကြပေသည်မဟုတ်ပါလား။

"ရဲထွဋ်တို့ သစ်ပင်ထက်က တွေ့လိုက်တာကတော့ အထီးနဲ့ အမနှစ်ကောင် အဘရဲ့။ နှင်းနွယ်ကိုကိုက်သတ်ပြီး လိုက်တော့ တစ်ကောင်တည်းရဲ့ခြေရာလက်ရာတွေပဲ။ နောက်ထပ် ကြားရတဲ့သတင်းတွေကလည်း တစ်ကောင်တည်း

www.burmeseclassic.com



လို့ထင်တယ်။ ဘယ်သူမှလည်း ပစ်လိုက်ခတ်လိုက်ရတယ်ဆိုတဲ့ သတင်းလည်း မကြားမိဖူး ... အဘရဲ့''

''ဟိုကောင်လေးရဲ့ထွင့်ကော ပစ်ခဲ့သေးတယ် ကြားမိလား''

''သူပစ်လို့ရတဲ့အချိန်က အစိုးရိမ်လွန်ပြီး မပစ်ခဲ့တာဘဲ သိလိုက်ရတယ်။ နောက်ပိုင်း လက်စားချေဖို့လိုက်ရှာရင်း ပစ်ခဲ့ရတယ်ဆိုတာ မကြားမိဖူးအဘရဲ့''

''ဒါဆိုရင် ကျားနာတော့ မဖြစ်နိုင်ဘူးကွ။ လူသားကို လွယ်လွယ်ရဖို့ ဖမ်းစားလိုက်ရင်း ကောင်းမှန်းသိလို့လူကို လိုက်ရှာစားနေတဲ့ အကောင်ပဲ ဖြစ်ရမယ်နဲ့တူတယ်။ ကဲ ... ဘယ်တော့သွားကြမလဲ။ ဟိုကောင်လေးတွေကို ခေါ်ဦးမလား''

''မနက်ကို သွားမယ်အဘ။ ကောင်လေးတွေကို မခေါ်တော့ဘူး။ ကျွန်တော်တို့သုံးယောက်ပဲ လိုက်သွားကြမယ်။ မနက်ကို စောင့်နေ။ လာခေါ်မယ်''

သူတို့နှစ်ယောက်အပြန်တွင် ကျွန်တော်တို့ညနေစာ စားသောက်လိုက်ကြပြီး လိုအပ်သည့် မုဆိုးအသုံးအဆောင်များကို ယူဆောင်သွားရန် ပြင်ဆင်လိုက်ကြပေသည်။

✿ ✿ ✿

[၆]

❑

နောက်တစ်နေ့ညနေပိုင်းတွင် ကျွန်တော်တို့ မုဆိုး (၃) ဦးနှင့် မောင်ယဉ်ကြိုင်တို့ ဉာဏ်လယ်ရွာဆီသို့ ရောက်ရှိသွားကြသည်။ ရွာကို ရောက်သည်ဆိုရုံဖြင့် ညပိုင်းနှစ်ယောက် အခင်းသွားကြရင်း ကျားကြီးဝင်ဆွဲကာ လည်ချောင်းသွေးဖောက်သောက်သွားသည့်သတင်းကို ကြားလိုက်ကြရသည်။

''မင်းတို့ကွာ ... ဒီကိစ္စကို ငါတို့ဆီအကြောင်းကြားတာ တစ်နှစ်ကျော်မှ ကြားရလားကွ။ စောစောကကြားလိုက်ရင် ခုလောက်ဖြစ်မှာ မဟုတ်ဘူး''

www.burmeseclassic.com



အစ်ကိုကြီး ဦးသိန်းလွင်က ခပ်ညည်းညည်း ပြောလိုက်သည့်အတွက် နှင်းနွယ်၏ဖခင်ဖြစ်သူ ဦးအောင်က အရက်ကို ခွက်ထဲဖြည့်ထည့်လိုက်ရင်း ...

"ဒီလိုရှိတယ် ... ဆရာရဲ့။ သမီးကိစ္စဖြစ်တော့ မုဆိုးတွေစုပြီး ဒီ အကောင်ကြီးကို ရှာကြပါတယ်။ ရဲထွဋ်ဆိုရင် သူလာတတ်တဲ့ လမ်းမှာ လင့်ထိုးပြီး ငါးရက်လောက်နေ့ရောညရော စောင့်ခဲ့တာ။ နောက်ထပ် ဘာသတင်းမှလည်း မကြားရ။ တွေ့လည်း မတွေ့ကြရတော့။ မရှိဘူးလို့ အောက်မေ့နေကြရင်း ပြီးခဲ့တဲ့ အပတ်က ဖီးတောရွာက ကလေးကိစ္စကနေ မနေ့ညပိုင်းထိ ဆက်တိုက်ဖြစ်လာခဲ့တာပဲ။ အတော်အတင့်ရဲတဲ့ အကောင်ကြီးဗျာ"

အဘကောင်းက ကြားဖြတ်ဝင်မေးလိုက်သည်က ...

"ဒါဆိုညက ဝင်ဆွဲသွားတဲ့ လင်မယားအလောင်းတွေကရော"

"သဂြိုဟ်လိုက်ပြီဗျ ... ဗိုက်တွေဖွင့်စားပြီး ကောင်မလေးကတော့ ရင်ရောဖင်ပါ မရှိတော့ဘူး။ သူ့ယောကျ်ားကတော့ ရင်ဖွင့်ပြီး တင်နဲ့ ပေါင်သားတွေစားသွားလိုက်တာ မြင်မကောင်းအောင် ရုပ်ပျက်ဆင်းပျက်မို့ သူ့ယောက္ခမတွေ သဘောအတိုင်း မီးသဂြိုဟ်ပစ်လိုက်ရတယ်ဗျာ"

အဘကောင်းက သူ၏ ဒသမ ၃၇၅ (မဂ္ဂနမ်) ရိုင်ဖယ်သေနတ်ကို ကျည်ဖြည့်လိုက်ရင်း ပြန်မေးလိုက်သည်က ...

"ခင်ဗျားတို့ ကျားနောက်လိုက်ကြတော့ ဘာတွေ့သလဲ။ ဘယ်လိုထူးခြားသေးလဲဗျ။ ပြောပါဦး"

အသက်ငါးဆယ်ခန့်အရွယ်ရှိ ကျောပြောင်နှင့် လင်းယုန်ရုပ်ကြီးကို ကျောပြင်တွင်ထိုးထားပြီး ဘယ်ညာပေါင်တွင် ပရဲများထိုးထား သူက ပြောလိုက်သည်က ...

"ကျုပ်တို့လည်း ရွာဖျားက သူတို့လင်မယားတဲက ဆူညံသံတွေ ကြားတော့ လူစုနေကြပြီး လိုက်သွားကြတော့ မိစမ်းအလောင်းက ဗိုက်ပွင့်နေပြီး ဖင်ကောရင်ပါ စားထားတွေ့ရတယ်လေ။ ပြီးတော့ သွေးစက်လမ်းကြောင်းကြီးနဲ့အတူ စွပ်ကြောင်းကြီးကို တွေ့လိုက်ကြရလို့ ဆက်လိုက်ကြတော့ ဂုံမင်းလျှိုအရောက် အရှုပ်တောထဲက သားကောင်တိုးသွားတဲ့ အသံကြီးကိုကြားလိုက်ရလို့ ခဲတွေနဲ့ ခြောက်လှန့်မောင်းထုတ်ပြီး ဝင်ကြည့်ကြတော့ ဝမ်းဗိုက်သား၊ ဖင်နဲ့ ပေါင်သားတွေကို စားထားတဲ့ ယောကျ်ားရဲ့အလောင်းကို တွေ့လိုက်ရတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကျားကိုတော့ မတွေ့လိုက်ရဘူးလေ။ ခြေရာခြေကြောင်းကို ခန့်မှန်းလိုက်တော့ သစ်နီရွာဘက်ကို ဦးတည်တာ တွေ့လိုက်ရတယ်။ ဒါကြောင့် လူငယ်တစ်ဖွဲ့ကို အဲဒီရွာကို အမှာပါးခိုင်းထားလိုက်တယ်"

"ကဲ ... ဒါဆို အဲဒီနေရာကို သွားကြည့်လိုက်ကြရအောင်ဗျာ"

ကျွန်တော်တို့မှာ ခရီးပန်းလာသည်ကို အမှုမထားအား။ ကိုယ့်သေနတ်ကိုယ်ဆွဲကာ နေရာမှထလိုက်ကြသည့်အတွက် ရွာခံလူငယ်များက လည်း ဓား လှံ၊ ဒူး၊ လေးတို့ကို လိုက်ပါရန် ပြင်ဆင်လိုက်စဉ် မောင်ယဉ်ကြိုင်က ...

"အဘကောင်း ... ရဲထွန်းဆိုတာ သူပဲ"

မောင်ယဉ်ကြိုင်က အဘကောင်းကိုပြောကာ လက်ညှိုးထိုးပြလိုက်သဖြင့် ကျွန်တော်နှင့် အစ်ကိုကြီး ဦးသိန်းလွင်တို့နှစ်ယောက် ရဲထွန်းဆိုသူကလေးကို လှမ်းကြည့်လိုက်မိသည်။ အသက်အရွယ်က (၂၀)ဝန်းကျင်၊ အသားကညိုညို၊ ကိုယ်လုံးက တုတ်ခိုင်သန်စွမ်းသည်။

နပျိုသော်လည်း သစ်လွင်မှုက အားဖျော့သည်။ မျက်နှာချိုချို နှာတံကပေါ်ပြီး မျက်လုံးမျက်ခုံးတို့က စိုနက်တောက်ပြောင်သည်။ ချစ်သူအတွက် လက်စားချေချင်လွန်းသည့် သူ့အပြုအမူက စိတ်ထောင်းလို့ ကိုယ်ကျေနေသော်လည်း တက်ကြွဟန်အပြည့်။ ကျွန်တော်တို့ကိုလည်း လွန်စွာအားထားဟန်အသွင်။

သူ့အသွင်က ဒူးလေးကိုကိုင်ပြီး မြားကျည်တောက်ကိုလွယ်ကာ လွယ်အိတ်ကိုလွယ်လျက် လွယ်အိတ်အတွင်း ဖောင်းဖောင်းကားကားနှင့် မုဆိုးတို့လိုအပ်သည့် အသုံးအဆောင်တို့ကို အသင့်ထည့်ထားဟန်၊ ခါးတွင် ဖေယ်ချတ်ဓားက ခါးပတ်နှင့်တွဲလျက်။ သူနှင့်အတူ ရွာခံလူငယ်တို့ လိုက်ပါလာကြသည်။

တောင်ခြေစိုက်ခင်းတွင် ညအခါ အခင်းသွားနေသော လင်မယားနှစ်ယောက်အား ဖနီးကို နေရာတွင် ကိုက်ဖြတ်စားသောက်ပြီး ယောကျ်ားဖြစ်သူ မောင်ဖြူကို လည်မြိုကိုကိုက်ခဲကာ ဆွဲသွားသည့်ကျားသည် ဂုမင်းလျှိုအရှပ်တောတောင်ကျရေတို့ စီးဆင်းရာ ချောင်းအကွေ့၊ အထက်ကမ်းပါးယံ သစ်ပင်ချုံနွယ်များ ထူထပ်ရာဆီမှ ကုန်းကြောအတိုင်း၊ အောက်ဘက်ကို ဆင်းသွားလိုက်ရာ ထိုနေရာမှ တောင်ကျချောင်းကို လှမ်းမြင်တွေ့နေရသည်။ ချောင်း၏ ဟိုမှာဘက်ကမ်းတွင် ဝါးတောကြီးများအတွင်း သစ်ပင်ချုံနွယ်တို့က ပိတ်ဆီးလျက်ချောင်းအတွင်း ကျောက်တုံးကျောက်ခဲတို့ကလည်း အရှုယ်စုံသည်။

www.burmeseclassic.com



မြင်ကွင်းက မနေ့ညက ရွာဖျားတွင် သွေးပျက်ချောက်ချားဖွယ်ရာ ဖြစ်သွားခဲ့ရသည့် ထိုလင်မယားနှစ်ယောက်ကိစ္စက ယခုမြင်တွေ့လိုက်ရသည့် မြင်ကွင်းအရ စိတ်ကို လူပ်ရှားစေဟန်ထင့်။

အဘကောင်းက လူစုကို မခွဲဘဲ ချောင်းဘက်ကိုမလိုက်၊ ကျားဆွဲသွားသည့် စွပ်ကြောင်းအတိုင်းလိုက်သည်။ အတန်ကြာကြာ လိုက်ကြရင်းက ...

"ဝုန်း ... ဝေါ ... ဝေါ ..."

ယင်မမဲရိုင်းအုပ်ကြီးတွေက တဝုန်းဝုန်း တဝေါဝေါဖြင့် ပျံသန်းလိုက်၊ ပြန်လည်နားလိုက်ကြနှင့် ဖြစ်နေသည့်နေရာကို ကြည့်လိုက်ရာ၊ သွေးအိုင်ကြီးအတွင်း ယင်မမဲရိုင်းကောင်တို့က ဟက်ပီးဘတ်ဒေးအသွင်ဖြင့် သွေးအိုင်ကြီးကို စိတ်ကြိုက်ပွဲတော်တည်၍ ကောင်းနေဆဲအသွင်။

အဘကောင်းက ဝန်းကျင်ကို အကျအန လိုက်လံကြည့်သည်။ အနေအထားကိုလည်း လိုက်လံကြည့်သည်။ တွေ့မြင်နေရသည့် ချောင်း၏ ဟိုမှာဘက်ကမ်းသည် တစ်ဆင့်ထက်တစ်ဆင့် မြင့်တက်သွားသည်၊ ကမ်းပါးယံ ဟိုမှာဘက် နောက်ကျောတွင် ကုန်းရိုးတန်း၊ တောင်ရိုးတောင်တန်းတို့က အဆင့်ဆင့်ကို တွေ့လိုက်ရသဖြင့် ပြောလိုက်သည်က ...

"ငါတို့ ဒီမှာ သစ်ပင်ထက်က စောင့်ကြမယ်။ သုံးယောက်ပဲ နေမယ်။ ကျန်တဲ့လူတွေ ပြန်လိုက်ကြ"

အဘကောင်းစကားကြောင့် ယဉ်ကြိုင်က ...

"ဟာ ... အဘကောင်း အဲဒီလိုတော့ မလုပ်နဲ့။ ဘာမှစားကြရသေးတာလည်း မဟုတ်ဘူး။ ရွာမှာစားဖို့ အဆင်သင့်ပြင်ထားတယ်။ စားပြီးနားလိုက်ကြရအောင်။ မနက်ဖြန်မှ လုပ်ငန်းစကြမယ်။ ပြန်လိုက်ကြရအောင်နော်"

အဘကောင်းက အခြေအနေအရပ်ရပ်ကို သုံးသပ်ကာ ယဉ်ကြိုင့်စကားကို လက်ခံလိုက်ဟန်ထင့် ရွာဘက်ဆီသို့ ပြန်ခဲ့ကြပေသည်။ တကယ်တော့လည်း အားလုံးပင် ဆာလောင်နေခဲ့ကြပြီမဟုတ်ပါလား။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [၇]

❑

ကျွန်တော်တို့အဖွဲ့ အိမ်ပြန်ရောက်ချိန်သည် အမှောင်ဘက်ဆီသို့ အားသာ
နေသည့်အချိန်၊ အိမ်ခြေမများသည့် ရွာကလေးမှ ကျွန်တော်တို့ (၃)ဦး ရောက်
ရှိလာကြသဖြင့် စိတ်ဝင်တစားနှင့် လှုပ်ရှားကာ အားတက်နေကြသည်။

ကျွန်တော်တို့အဖွဲ့ စားသောက်နေကြစဉ် စောစောကလိုက်ခဲ့သည့်အဖွဲ့
ထဲမှ လင်းယုန်ရုပ်နှင့် ပေါင်တွင် ပရဲထိုးထားသူက . . .

"ညက ဒီကောင်ကြီး ဒီရွာကိုဝင်သွားတော့ ကျွန်တော့်အထင် ဒီည
ဒီကိုလာတော့မယ်မထင်ဘူး။ စိုးရိမ်တာက ဖိုခံ့ထောက်ဆိုင် ဟိုသုံးရွာပဲဗျ"

သူပြောလိုက်သည့်စကားကြောင့် အစ်ကိုကြီးဦးသိန်းလွင်က ..

"ဘယ်(၃)ရွာလဲဗျ၊ ဒီရွာနဲ့ ဘယ်လောက်ဝေးသလဲ၊ ပြောပါဦး"

"ကျွန်းပင်ရွာ၊ အုတ်ဖိုရွာ၊ ဆင်စွယ်ရွာလေးတွေဗျ၊ အဲဒီရွာသုံးရွာ
က ဖိုခံ့လောက်ဆိုင်ဆိုတော့ တစ်ခုခုဖြစ်လို့ အချက်ပေးရင် ဒီကကြားရပါတယ်၊
ခုတစ်လော ရက်ခြားလိုလို ဒီကောင်ကြီး ဝင်မွှေနေတာဗျ"

"ခင်ဗျားတို့ အဲဒီရွာတွေကို ဘယ်လိုစီစဉ်ထားကြသလဲ"

"ရွာကို ခြံစည်းရိုးတွေကာ၊ သစ်ပင်တွေမှာလင့်ထိုးပြီး အလှည့်ကျ
စောင့်နိုင်းထားပါတယ်။ ကျားကြီးက ကုန်းရိုးတန်းအတိုင်း တက်သွားတယ်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နေရာမှာ ရှိနေမယ်ဆိုတာကိုတော့ ပြောလို့မရဘူး။ နောက်ပြီး ညပိုင်းမှ ထွက်တတ်တယ်ဗျ။ ကျွန်တော့်အထင်တော့ အဲဒီရွာတွေနဲ့ ကျွန်တော်တို့ရွာကို ကူးချည်သန်းချည်လုပ်ရင်း ဝင်မွှေနေသော တစ်နေရာမှာတော့ ရှိနေမှာအမှန်ပဲလို့ ထင်တယ်''

သူ့စကားကြောင့် အဘကောင်းက ...

''ကဲ ... ဒီလိုလုပ်လိုက်ကြရအောင်။ ကျွန်တော်တို့မှာ သေနတ်ကြီးသုံးလက်ပါတော့ သုံးဖွဲ့ခွဲလိုက်ကြမယ်။ ခင်ဗျားတို့ ရွာခံတွေက ရရာလက်နက်နဲ့ တစ်ဖွဲ့ကို (၅)ယောက် အဆင်သင့်လုပ်ထားကြဗျာ။ အကြောင်းရှိရင် ထွက်လိုက်ကြရအောင် ပြင်ထား။ ဒီညအကြောင်း မထူးရင်တော့ မနက်ဖြန် လှည့်မွှေလိုက်ကြရအောင်''

ကျွန်တော်တို့ ထမင်းစားသောက်လိုက်ကြပြီး ထူးခြားသည့် အခြေအနေကို စောင့်ကြည့်နေသော်လည်း မိုးလင်းသည့်တိုင် ထူးခြားမလာသည့်အတွက် အရုဏ်တက်တွင် မှေးစက်အနားယူလိုက်ကြပေသည်။ အိပ်ရာမှနိုးတော့ အလင်းရောင်တို့က မင်းမူနေသည်။ လက်မှ နာရီကိုကြည့်လိုက်တော့ (၇)နာရီပင် ရှိပေပြီ။ နံနက်စာကို ဗိုက်ဖြည့်လိုက်ကြပြီး အဘ ကောင်းက ...

''ကဲ ... ကိုသိန်းလွင်နဲ့ ရွာသားအချို့ ဒီရွာအနီးအနားမှ လှည့်ပြီး အခြေအနေကို စောင့်ကြည့်ရင်း နေခဲ့ကြ။ ဘိုလေးတို့အဖွဲ့က မနေ့ကသွားကြတဲ့ တောင်ကျချောင်း ကျားကြီးတက်သွားတဲ့ဘက်ကို ဝင်မယ်။

ကျွန်တော်နဲ့ ကျန်အဖွဲ့က ဆင်စွယ်ရွာဘက်ကို သွားမယ်။ ရရာလက်နက် ယူသွားကြနော်။ ဟုတ်ပြီလား ... ဒါနဲ့ ဘိုလေးတို့သွားမယ့် ချောင်းဘက်ကလူတွေ သတိထားကြနော်။ သတိထား။ မျက်စိရှင်ပစေ။ တွေ့ရင် လက်မနှေးစေနဲ့။ ကြောက်ပြီး ထွက်လည်း မပြေးကြနဲ့။ သေတူရှင်ဖက်တွေဆိုတာ မမေ့ကြနဲ့။ ဒူးလေးသမားတွေ အဆိပ်သုံးတယ်နော်''

''ဟုတ်ကဲ့ ... အဘကောင်း။ အားလုံး အဆိပ်သုံးကြတယ်''

အဘကောင်းက ကျွန်တော်တို့နှစ်ဦးအား လုပ်ငန်းစတင်ရန် မေးဆတ်ကာ အချက်ပြလိုက်သည်နှင့် ကိုယ့်အုပ်စုနှင့်ကိုယ် ဦးတည်ရာဘက်ဆီသို့ ထွက်ခဲ့ကြပေတော့သည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

[၈]

❑

ကျွန်တော်တို့အဖွဲ့သား (၁၀) ဦးတွင် ရဲထွင့်ပါလာသည်။ လမ်းခရီးတွင် ကျား၏လှုပ်ရှားမှုကို သတိထားကာ နားစွင့်ခဲ့ကြသော်လည်း မည်သို့မှ မထူးခြားသေး။ ကျွန်တော့်အကြည့်က ဒူးလေးကိုကိုင်ကာ မြားကျည်တောက်ကိုလွယ်ရင်း တက်ကြွစွာ လျှောက်လှမ်းနေသည့် ရဲထွင့်ကိုကြည့်ရင်း ကိုယ်ချင်းစာကာ သနားသွားမိသည့်စိတ် ဖြစ်ပေါ်လာသည်ကအမှန်။ ချစ်ဦးသူကိုမှ ကိုက်သတ်စားသောက်သွားသည့် ကျားကြီးကို လက်စားချေလိုမည်ပေါ့။ သို့အတွက် သူ့ပခုံးကို သိုင်းဖက်လိုက်ရင်း ...

"မင်း ငါ့အနားက မခွာနဲ့။ ကြားလား ... တကယ်လို့ ထိပ်တိုက်တိုးခဲ့ရင် မင်းအရင် ဆုံးလက်စားပြန်ချေ။ ငါက မင်းအတွက် ရံပေးမယ်။ လိုအပ်ရင် ဝင်ပစ်မယ်။ ကြားလား ..."

ကိုယ်ချင်းစာစိတ် ခံစားချက်နှင့် ပြောလိုက်သည်မို့ သူ့အလွန်အမင်း ဝမ်းသာသွားပုံရသည်။ ထိုအချိန် ကျွန်တော်တို့အဖွဲ့ မနေ့က ရောက်ခဲ့ပြီးကြသည့် ချောင်းရိုးဘက်ဆီသို့ ရင်ဘောင်တန်းကာ လျှောက်လှမ်းခဲ့ကြသည်။

နံနက်ခင်းထွက်သည့် နေရောင်က တဖြည်းဖြည်း အရှိန်မြင့်လာသည်မို့ အလင်းရောင်အားက ပိုမိုကောင်းလာသည်။ ဝန်းကျင်တစ်ခွင် ထင်ထင်ရှားရှား

www.burmeseclassic.com

www.burmeseclassic.com



ပင် မြင်တွေ့နေရသည်။ ကျွန်တော်တို့အဖွဲ့သားများ ပတ်ဝန်းကျင်အနှံ့ နေရာမလပ်အောင် ကြည့်ရှုရှာဖွေကြသည်။ ကျွန်တော်အပါအဝင် ကိုင်ဆောင်ထားကြသည့် လက်နက်တို့ကို တဆဆချိန်လျှက် တောတိုးရှာဖွေနေကြစဉ် ။။

"ဟဲ ...ဝေါင်း"

ချုံနွယ်ပင်များ ထူထပ်စွာရှိနေသည့် လျှိုကြီးအောက်ဘက်ဆီမှ သားကောင်ကြီး၏ မာန်ဖီလိုက်သံ၊ ဟိန်းဟောက်လိုက်သံကြီးကို ကြောက်ခမန်းလိလိ ကြားလိုက်ရသည့်အတွက် ကျွန်တော်တို့အဖွဲ့ အသံကြားလိုက်ရာ လျှိုကြီးကို အထက်စီးမှ ဝိုင်းလိုက်ကြရင်း သားကောင်ကြီးကို ကုန်းကုန်းကွကွ ရှာဖွေနေလိုက်ကြသည် ချုံနွယ်ပိတ်ပေါင်းတို့အကြားမှ တောတိုးသံကြီးကို ကြားလိုက်ရသဖြင့် ငြိမ်သက်ပြီး ပစ်ခတ်ဖို့ စောင့်စားနေစဉ် ...

"ဒိုင်း ...ဒိုင်း ...ဒိုင်း ..."

သေနတ်ပစ်လိုက်သံတို့ကို ကြားလိုက်ရသဖြင့် ကျွန်တော်ပင် တအံ့တဩနှင့် အနီးတွင်ရှိနေသည့် ရဲထွဋ်အား ပြောလိုက်မိသည်က ...

"ဒီအသံက ရွာမှထားခဲ့တဲ့ အစ်ကိုကြီး ဦးသိန်းလွင်ပစ်လိုက်တဲ့ သေနတ်သံပဲကွ။ ကျားဟိန်းသံက မြောင်ထဲကကြားရပြီး ထိုးထွက်သွားတဲ့ အသံနဲ့ သိပ်မကွာတော့ နှစ်ကောင်များ ဖြစ်နေမလားပဲကွ"

ကျွန်တော်ပြောလိုက်သည့် စကားကြောင့် သူတို့ရွာသားများလည်း ဇဝေဇဝါ ဖြစ်သွားကြသည်ကို သတိထားလိုက်မိသည်။ သို့အတွက် ကျွန်တော်က–

"ဒီအကောင်ကြီး တောတိုးပြေးသွားသံ ကြားလိုက်ရတယ်။ လူအုပ်မကွဲစေနဲ့ လိုက်ကြည့်လိုက်ကြရအောင်"

ကျွန်တော်ပြောလိုက်သည့်စကားကြောင့် လူစုကာ ခပ်သွက်သွက်လှမ်းလိုက်ကြရင်း အရှုပ်တောအတွင်း တိုးဝင်လိုက်ကြပေသည်။ အရှုပ်တောကြီးအတွင်းတို့၌ လိုက်ပါသွားကြရင်း တစ်နေရာအရောက်၊ မြေပြောင်ပြောင်ထက်တွင် ထူးထူးခြားခြား သစ်ရွက်စိမ်းများကို ဖြန့်ခင်းကာ ထိုအပေါ်တွင် သားကောင်တစ်ကောင် အိပ်သွားသဖြင့် သူ့ကိုယ်လုံးနှင့် ဖိအပ်ထားခြင်းခံရသည့် သစ်ရွက်စိမ်းတို့မှ ကိုယ်ငွေ့အပူရှိန်ကြောင့် နွမ်းဖတ်ဖတ်ညှိုးလျော်နေသည့်အသွင်ကို အားလုံး မြင်တွေ့လိုက်ကြရသဖြင့် ...

"ဟာ ...ဒီအကောင်ကြီးက ထူးဆန်းလှချေလား။ အိပ်တာတောင် သစ်ရွက်စိမ်းတွေ ချွေချဖြန့်ခင်းပြီး အိပ်ရာလုပ်အိပ်တဲ့ အကောင်ပါလားကွ"

www.burmeseclassic.com



ပေါင်တွင် ထိုးကွင်းများထိုးကာ ကျောပြင်တွင် လင်းယုန်ရုပ်ကြီးထိုးပြီး ကျောပြောင်ပြောင်နှင့် လူကပြောလိုက်သည့်အတွက် သူတို့ တအံ့တသြ အသွင်နှင့် ဝိုင်းကြည့်နေကြစဉ် ကျွန်တော်က ...

"စောစောက ထိုးထွက်သွားတဲ့အကောင်ဟာ ငါတို့ထင်သလို ကျားကြီး မဟုတ်ဘူးကွ။ လာကြ ... သေနတ်သံကြားလိုက်ရတဲ့ဘက်ကို သွားလိုက်ကြရ အောင်ကွာ"

ကျွန်တော့်အပြောကြောင့် သူတို့အားလုံး တအံ့တသြနှင့် ဖြစ်သွားကြ တာ ပြန်မေးနေသည်က ...

"ဟာ ... ဆရာသမားကလည်းဗျာ၊ ကျားကြီးရဲ့ ဟိန်းသံဟောက်သံ မာန်ဖီသံကြီးကိုလည်း အားလုံးကြားလိုက်ရသလို တောတိုးသွားတဲ့အသံကို လည်း ကြားလိုက်ကြပါလျက်နဲ့ ကျားမဟုတ်ဘူးဆိုရင် ဘာကောင်များတုံးဗျ။ လုပ်စမ်းပါဦး"

သူပြန်မေးလိုက်သည့်စကားက ကျွန်တော်ပြောလိုက်သည့်အပေါ် ကျေနပ် ဟန်မရှိ။ ခပ်ထေ့ထေ့နှင့် ငေါ့သလို ပြောလိုက်သဖြင့် ကျွန်တော် ဒေါပွသွားမိသည်။ စိတ်တွင်းက ဒေါသကို ချုပ်ထိန်းလိုက်ရင်း ပြောလိုက်မိသည်က ...

"စောစောက ကြားလိုက်ရတဲ့ မာန်ဖီသံနဲ့ တောသံကို ကြားလိုက် တော့ ငါလည်း ကျားကြီးလို့ ထင်လိုက်မိတယ်ကွ။ ခုမှ သူအိပ်သွားတဲ့ အိပ်ရာကို ကြည့်လိုက်တော့မှ ဝက်ဝံကြီးတစ်ကောင်ဖြစ်နေမှန်း သိလိုက်ရတယ်။

ငါတို့ လူစုများလို့ ရှောင်ထွက်သွားတာကွ။ နို့မို့ဆိုရင် သူသေကိုယ်သေ ပဲ။ အင်မတန်ရန်လိုကြတဲ့ အကောင်မျိုးတွေ။ မင်းတို့က တောထဲမှာလည်း နေ ကြသေးတယ်။ ဝံတွေ ဘယ်လိုအိပ်တတ်ကြတာ မသိကြဘူးလားကွ"

"ဟုတ်ကဲ့ တကယ်မသိတာပါ။ အံ့စရာပဲနော်။ ခုမှ တွေ့ဖူးတာပါဗျာ"

"ကဲ ... ငါတို့ သေနတ်သံကြားရာကို လှုဖြန့်သွားမယ်။ လူစုမကွဲကြ စေနဲ့။ ကျားအပြင် ဝက်ဝံရန်ကပါ ပိုလာပြီ။ သတိထားကြနော်"

ကျွန်တော်တို့အဖွဲ့ ချောင်းအထက် ကုန်းစောင်းအတိုင်းလေး ဖာလုံ လောက်ကို မပြတ်သောသတိဖြင့် အသင့်ရင်ဆိုင်ရန်သွားနေကြရင်း ရှေ့တွင် အစ်ကိုကြီး ဦးသိန်းလွင်တို့အဖွဲ့နှင့် ဝက်ပင်းတိုးလိုက်သည်မို့ ...

"ဘယ်လိုတုံး အစ်ကိုကြီး၊ သုံးချက်တောင် ဆင့်ခွဲလိုက်တာ"

တွေ့လျှင်တွေ့ချင်း သိလိုဇောနှင့် လှမ်းမေးလိုက်ရသူက ...

www.burmeseclassic.com



"ဟိုမှာ သွေးကွက်ကြီးလေ။ ထိတော့ထိတယ်။ ဒါပေမဲ့ ရှောင်ထွက်သွားတယ်။ ရှာအလွန်တွင် တွေ့တာပဲကွ။ ငါတို့ကို ပြန်ချောင်းနေတာလေ။ ခုလည်း ဟိုမြောင်ကိုဖြတ်အကူး ဆက်ပြီးဆော်လိုက်တာပဲ။ မလဲတာကွ"

ကျွန်တော်တို့ (၂)ဖွဲ့ စုလိုက်ကာ ကျားကြီးကိုယ်မှကျခဲ့သည့် သွေးစက်လမ်းကြောင်းအတိုင်း လိုက်ခဲ့ကြပေသည်။

"သွေးကျပုံကြည့်ရတာ ဒဏ်ရာက သေးမယ့်ပုံမပေါ်ဘူး"

မောင်ယဉ်ကြိုင်က မှတ်ချက်ပြုလိုက်သည်မို့ ဘယ်ပြောင်းတွင် ထည့်သွင်းထားသည့် ဆလပ် (တောကျည်မကြီး) ကို ထုတ်ကာ (၆)လုံး ကျည်နှင့်ပြောင်းလဲလိုက်ရင်း သွေးစက်လမ်းကြောင်းအတိုင်း တောထဲသို့ တိုးဝင်လိုက်ခဲ့ကြပေသည်။

ကျွန်တော်က ကိုင်ဆောင်ထားသည့် နှစ်လုံးပြူးသေနတ်ကို ဟိုမှသည်သို့ လိုက်လံထိုးချိန်ရင်း ရဲထွန်းကို အနားမှမခွာရန် မျက်ရိပ်ပြလိုက်သည်။ သူ့အနီးကိုကပ်လာတော့ သွေးစက်များ လမ်းကြောင်းက အနိမ့်ပိုင်းသို့ ဆင်းသွားလျက် ပိန်းပင်ရိုင်းများအတွင်း တိုးဝင်သွားသည်။

ကျွန်တော်နှင့် ရဲထွန်းတို့ တိုးဝင်လိုက်သွားရာ ရှေ့ဘက် ပေနှစ်ဆယ်ခန့်အကွာ ပိန်းရိုင်းတောကြီးအတွင်းဆီမှ တောတိုးသံသဲ့သဲ့ကို ကြားလိုက်ရသလို ပိန်းရွက်တို့ လှုပ်ခတ်သွားသည်ကို တွေ့မြင်လိုက်ရသည်နှင့်အတူ ...

"ဒေါင် ..."

ရဲထွန်းတစ်ယောက် လှုပ်ခတ်သွားသည့် ပိန်းရွက်တို့အကြားသို့ တန်းထိုးပင် ပစ်သွင်းလိုက်သည့် ဒိုးလေးသံကို ကြားလိုက်ရသည်။ မြားတံက ကျားကြီးရှိရာဆီသို့ ဖုံးအုပ်နေသည့် ပိန်းရွက်များကို ထိုးဖောက်လျက် စိုက်ဝင်သွားခြင်းကို ခံလိုက်ရသည့်အတွက် ...

"ဝေါင်း ... ဂယား ..."

မြားတန်းလန်းဖြင့် လူတစ်ရပ်ခန့်အပေါ်သို့ တက်လာပြီး ထိုနေရာဆီသို့ပင် ပစ်ကျသွားသည်ကို တွေ့လိုက်ရသည်။ အတန်ငယ် လူးလိမ့်လှုပ်ရှားလိုက်မှုကြောင့် ပိန်းရွက်တို့က လှုပ်လှုပ်ရှားရှားဖြစ်သွားကာ သားကောင်ကြီးကို ပြန်လည်ဖုံးအုပ်လျက် ပျောက်ကွယ်သွားပြန်သည်။

ရဲထွန်းက လေးညို့ကိုဆွဲတင်ကာ မြားတံတစ်ချောင်းကို ပျားဖယောင်းကပ်လျက် ချိန်ရွယ်လိုက်သည်ကို တွေ့လိုက်ရပေသည်။ ကျွန်တော်ကတော့ လုံးဝ

www.burmeseclassic.com



ပစ်ခတ်သေး။ သူ့ကို ပစ်ခတ်လက်စားချေချင် စိတ်အပြည့်ရှိသူမို့ လိုအပ်မှ ပစ်ခတ်ည်ကို ဆုံးဖြတ်ထားပြီးသား။

"ကဲ . . . ကျွန်တော်နဲ့ အစ်ကိုကြီးသိန်းလွင်တို့က လိုအပ်မှ ကူပစ်ပေးမယ်ခင်ဗျာ။ တို့ရွာသားတွေ ရှေ့ကကျားရှိမဲ့ ပိန်းတောကို ဝိုင်းပြီး လက်စားပြန်ချေကြ။ သတိရှိပါစေနော်"

ကျွန်တော်ပြောလိုက်သည့်စကားကြောင့် အယောက်နှစ်ဆယ်နီးပါးခန့် လက်နက်မျိုးစုံကို ကိုင်ဆောင်ထားကြသည့်လူများက ပိန်းတောကြီး အနီးတိုးကပ်လျက် ငြိမ်သက်နေသည့် ကျားကြီးကို ပိန်းရွက်များဖယ်ရှားကာ ကြည့်လိုက်ကြရာ မြားတံက ကျားကြီး၏ မျက်လုံးတစ်ဖက်မှ ဦးနှောက်ထိတိုင် စိုက်ဝင်ကာ အသက်ပျောက်နေသည့်အဖြစ်ကို တွေ့မြင်လိုက်ကြရသဖြင့် ရွာသားတို့ အားရဝမ်းသာ အော်ဟစ်လိုက်ကြသည့်အသံတို့က ဘဝက်ထိတိုင် ညံသွားသည်ကို ကြားလိုက်ရပေသည်။

ပိန်းရွက်များကို ခုတ်ထစ်ဖြတ်တောက်လိုက်ကြသဖြင့် ကျားကြီးမှာ သွေးသံရဲရဲနှင့် သွေးအိုင်ထဲတွင် ငြိမ်သက်ကာ သေပွဲဝင်နေခဲ့သည့်အဖြစ်ကို တွေ့လိုက်ရပေသည်။

"နည်းတဲ့အကောင်ကြီး မဟုတ်ဘူး။ ဆယ်တောင်ကျော်မယ်။ ဒဏ်ရာဟောင်း ကြည့်ကြပါဦးဗျ"

လင်းယုန်ရုပ် (တက်တူး) ထိုးထားသူက ပြောလိုက်သဖြင့် သူတို့ရောကျွန်တော်တို့ပါ ဒဏ်ရာဟောင်းကို ကြည့်ကြရာ အစ်ကိုကြီးဦးသိန်းလွင် ပစ်လိုက်သည့် သုံးချက်တွင် နှစ်ချက်ထိထားသည်က တစ်ချက်က လည်တိုင်ကို ဖောက်ဝင်ထားပြီး နောက်တစ်ချက်က ရှေ့လက်ပြင်နှစ်လုံးသားကို ဖြတ်ဖောက်ထားသည့် ဒဏ်ရာအပြင် ရဲထွဋ်ပစ်လိုက်သည့် မြားတံက မျက်လုံးမှတစ်ဆင့် ဦးနှောက်ကို ဖြတ်ဖောက်ထားသည်ကိုသာ တွေ့လိုက်ကြရပေသည်။

"ဒဏ်ရာကြောင့် အစာမရှာနိုင်လို့ လူသားစားတဲ့အကောင် မဟုတ်ဘူးကွ။ လွယ်လွယ်နဲ့ လူသားကိုစားမိပြီး ကောင်းမှန်းသိလို့ ဆက်စားနေတဲ့အကောင်ပဲ"

အစ်ကိုကြီး ဦးသိန်းလွင်က အခြေအနေကို ရှင်းပြနေစဉ် ကျွန်တော်က ကျားသေကြီးကို ကြည့်လိုက်ရာ ဟပြဲနေသည့် ကြီးမားသည့် သူ၏ပါးစပ်ကြီးထဲမှ လက်မလုံးသာသာ ရှည်လျားချွန်ထက်သည့် သွားစွယ်ကြီးများ၊ ကြောက်မက်ဖွယ် ပြူးထွက်နေသော မျက်လုံးအစုံ၊ နားရွက်တိုဝိုင်းဝိုင်းနှင့် ပါးပြင်တွင် အမွေး

www.burmeseclassic.com



ဖြူများတို့နှင့် မသတီဖွယ်ရာ ဒေါသခိုးတို့ စွန်းထင်းကျန်နေသေးသည့် လူသားကို သာရွေးပြီး အလီလီစားသောက်ခဲ့သည့် မိစ္ဆာရိုင်းကြီး၏ ဘဝနိဂုံးကား အကျည်းတန်ပေစွဟု မှတ်ချက်ချလိုက်ရင်း အနီးရှိ ရှိုက်ကာငိုကြွေးနေသည့် ရဲထွန်း၏ပခုံးကို ဖက်လိုက်ကာ ရှာဘက်ဆီသို့ ဦးတည်လျှောက်လှမ်း ပြန်ခဲ့ပေတော့သည်။

✿ ✿ ✿

[၉]

❑

ကျွန်တော်တို့ ပြန်ရောက်လာပြီး တစ်နာရီသာသာခန့်တွင် ခြေနှင့် လက်တို့ကို နွယ်ကြိုးနှင့်တုပ်နှောင်ကာ ဝါးတစ်လုံးနှင့် သပ်လျှိုထမ်းကာ သူတို့လူစု ပျော်ရွှင်စွာ ရောက်ရှိလာကြသည်။ ဒုက္ခလှလှကြီးပေးခဲ့သော (၄)ရွာရှိ ရွာသူရွာသားတို့ တဖွဲဖွဲ လာရောက်ကြည့်ကြရင်း ဝမ်းသာပီတိအဟုန်က တသိမ့်သိမ့် တုန်အောင်ပင် လမ်းပန်းသွားလာရေးက အန္တရာယ်မရှိတော့သည်မို့ (၉)နာရီ ထိုးသည့်တိုင် လူက မပြတ်လှ။

သူတို့ရွာသူရွာသားများ ခံစားနေရသည့်ဒုက္ခကို လာရောက်ကူညီပေးသည့် ကျွန်တော်တို့အတွက် လာရောက်ပေးကြသည့် ဟင်းတို့က အမည်မျိုးစုံသည်။ အရက်ဆိုသည်က လှိုင်ဘောလယ်၊ ပျော်ရွှင်ဝမ်းသာကြလွန်းသဖြင့် အသောက်ကျူးကာ မူးလဲနေကြသည်ကလည်း ခြံလုံးအပြည့်။

မြန်မာလူမျိုးတို့၏စရိုက်အတိုင်း ကျေးဇူးပြုကြသည်က အံ့ဖွယ်ရာပင်၊ ထိုစဉ် အစ်ကိုကြီး ဦးသိန်းလွင်က ...

"ညီလေး ...ငါ ဒီကျားကြီးကို ရဲထွန်းကို ပေးချင်တယ်ကွာ။ သူ့အမေကလည်း ကျန်းမာရေးမကောင်းတော့ သနားလွန်းလို့ပါ။ မင်း သဘောက ကောကွ"

ကျွန်တော်က သူ့အမေးကို ပြန်ဖြေမည်လုပ်နေစဉ် အဘကောင်းက–



www.burmeseclassic.com

www.burmeseclassic.com



"ရွာလေးငါးခုမှာ ဒီအကောင်ကြီး ကိုက်သတ်သွားတာ ခံလိုက်ရတာက လူတွေ သောက်သောက်လဲ။ သူ့ကို နှိမ်နင်းလို့ရတော့ ရဲထွန်းတစ်ယောက်တည်း တစ်မိသားစုတည်းအတွက် စဉ်းစားမယ်ဆိုရင် နောက်ကွယ်မှာ လူတွေက မင်းတို့ကို ဘာပြောကြမလဲ။ မင်းတို့ အဲဒါကိုရော ထည့်တွက်ကြသလားကွ။ ပြောကြပါဦး"

"ဟုတ်တယ် ... အစ်ကိုကြီးရဲ့။ သူ့တစ်ယောက်တည်းကို ပေးလို့မကောင်းဘူး။ ရသမျှကို အားလုံးမျှပေးလိုက်မှ တရားမယ်။ အစ်ကိုကြီး ကူညီနိုင်တယ်ဆိုရင် ရက်တွေရှိသေးတာပဲ။ သားကောင်ကြီးတွေနောက် လိုက်ပစ်ပြီး ရတာကို ထောက်ပံ့လိုက်တာက တစ်မျိုးပေါ့"

ကျွန်တော့်အပြောကြောင့် အဘကောင်းကလည်း သဘောတူသည့်အတွက် မောင်ယဉ်ကြိုင်နှင့် ပရဲထိုးထားသည့် ကျောပြောင်ပြောင်နှင့် လူညိုထွားတို့သုံးယောက် တီးတိုးတိုင်ပင်နေကြသည်ကို တွေ့လိုက်ရပေသည်။

✿ ✿ ✿

[ ၁၀ ]

❑

ကျွန်တော်တို့ အိပ်ရာမှထကာ မျက်နှာသစ် ဗိုက်ဖြည့်အပြီး အိမ်ရှေ့ခြံတွင် လူရွယ်သုံးယောက် ဝင်လာကြသည်ကို တွေ့လိုက်ရသည်။ ကြည့်လိုက်တော့ ဒူးလေးကိုယ်စီနှင့် မြားကျည်တောက်ဗူးတို့ကို လွယ်ထားသလို လွယ်အိတ်ကိုယ်စီတို့နှင့်ဖြစ်သည့် ယဉ်ကြိုင်၊ ရဲထွန်းနှင့် လူညိုထွားတို့ပင်။

"လာဟေ့ ... လင်းယုန်ကြီး။ အခြေအနေ ဘယ်လိုလဲကွ"

"အားလုံး အဆင်ပြေတယ်ဦး။ ကာယကံရှင်တွေ လာကြည့်ကြရင်း လူစုံလို့အားလုံး အချိုးကျပေးလိုက်ပြီ"

သူ့ကိုသာ သိနေသော်လည်း နာမည်က လင်းယုန်ကြီးဆိုသည်ကို မသိတာကအမှန်။ ကျောတွင် လင်းယုန်ရုပ်ကြီးကို ဆေးထိုးထား (တက်တူး) ထိုးထား



www.burmeseclassic.com

www.burmeseclassic.com



သည့်အတွက် ခေါ်ဟန်ထင့်။ ယခုမှပင် သိလိုက်သလို၊ သစ်ကိုင်းတွင် တွဲလောင်း ချိတ်ဆွဲထားသည့် မနေ့ကပစ်လိုက်သော ကျားကြီးကို ကြည့်လိုက်တော့ မှ တော့သဖြင့် ညပိုင်းက သူတို့ အကောင်အထည်ဖော်လိုက်ကြပြီးဖြစ်သည်ကို သူတို့ နှစ်ဦး ပြောဆိုနေသည့်စကားအရ သဘောပေါက်လိုက်ကြပြီလည်းဖြစ်သည်။

''ခု ... မင်းတို့ ဘာအစီအစဉ်ရှိသလဲကွ။ ပြောပါဦး''

''ပန်းတောင်နဲ့ သံတောင်ကျောမှာ ပြောင်တစ်အုပ် ဝင်နေတယ်လို့ မနေ့က သစ်ခုတ်သမားတွေ သတင်းပေးလို့ သွားလိုက်ကြရအောင်''

''ဘယ်အနားမှာလဲ၊ ဘယ်လောက်ဝေးလဲ၊ ရိက္ခာလဲ မစီစဉ်ရသေးဘဲ နဲ့ကွာ။ မင်းကလဲ''

''အလွန်ဆုံး လေးမိုင်ပေါ့။ ရွာအနောက်ဘက်ခြမ်းပဲ။ ရိက္ခာကို လှည်း ရော ခွေးတွေနဲ့တင်ပြီး သွားကုန်ကြပြီ။ နောက်ကလိုက်ရုံပဲ''

ထိုစဉ် အဘကောင်းက ဝင်ပြောလိုက်သည်က ...

''မင်းတို့ အဲဒီခရီးကို ဘယ်လောက်ကြာမယ် မှန်းထားလဲ လင်းယုန်''

''အလွန်ဆုံး တစ်ညအိပ်ပါပဲ။ အဆင်ပြေရင် ဒီနေ့တောင် ပြီးချင် ပြီးနိုင်တယ် အဘရဲ့''

''ဟာကွာ ... မင်းဟာကလည်း ကြိုးချည်ထားတဲ့အကောင် သွားပစ်ရ မှာ ကျနေတာပဲ။ ပြောင်လိုအကောင်ကို ပစ်ရမှာကွ။ လွယ်မှတ်လို့''

အဘကောင်းပြောသည့်စကားကလည်း ဟုတ်နေသည်။ ပြောင်အုပ် စိုင်အုပ်တို့ကို လိုက်ကြရသည်ဆိုသည်က ရိက္ခာအပြည့်အစုံထည့်ပြီး တောထဲ မှာ ညအိပ်ရင်း လိုက်လံခြေရာကို ကောက်ကြရသည်မို့ အနည်းဆုံး (၃ မှ ၁၀) ရက်လောက်ထိ ကြာတတ်သည်။ အနည်းဆုံးပင် လေးငါးရက်ကြာတတ်သည်။

ယခုမူ ကျွန်တော်တို့ကိုလည်း ဘာကိုမှ ပြောဆိုမထား။ သူတို့ စီစဉ် ထားသည်ကိုလည်း ကိုယ်မသိ။ သူတို့က ထွက်ခါနီးမှ လာခေါ်သည့်အဖြစ်အပျက် က ဘယ်လိုမှ ဖြစ်နိုင်ချေကမရှိ။ ဖြစ်လျှင်လည်း သူပြောသလို လွယ်သည့်ကိစ္စ မျိုးမဟုတ်။ သို့အတွက် ကျွန်တော်က အသက်ကြီးသူနှစ်ယောက် ဘယ်လိုသဘော ထားပေးမည်ကို မျက်နှာလှမ်းကြည့်လိုက်စဉ် ...

''ဟုတ်တယ် ... အဘရဲ့။ ခုလို ပြောင်နောက်လိုက်ပြီး ပစ်ရတဲ့ အလုပ် မျိုးကို အဘတို့အဖွဲ့ တွေ့ဖူးကြုံဖူးမှာလည်းမဟုတ်ဘူး။ ဗဟုသုတအဖြစ်လိုက် ခဲ့ကြပါ။ သေနတ်အားကလည်း ကောင်းတော့ ကျွန်တော်တို့အဖွဲ့နဲ့ပေါင်းလိုက်

www.burmeseclassic.com



ရင် အဆင်ပြေခဲ့ရင် နေ့ချင်းညချင်းပါပဲ။ မနက်စာ ထမင်းထုပ်တွေလည်း လှည်းနဲ့ပါသွားကြပြီ။ ကျွန်တော်တို့ဘက်ကတော့ ဒူးလေးနဲ့လှံနဲ့ လိုက်နေကြတာ။ တစ်နှစ်ကို သုံးလေးကောင်ပဲ။ ခုလည်း အဆင်သင့်လို့ပါ။ ထကြ"

အဘကောင်းက ကျွန်တော်တို့နှစ်ဦးအား မီးစိမ်းပြကာ လိုက်သွားရန်ပြင်ဆင်နေသည့်အတွက် ကျွန်တော်လည်း ကျည်ခါးပတ်ထဲကျည်ဖြည့်ကာ သေနတ်နှင့် ကျောပိုးအိတ်ကို လွယ်လျက် (၆) ဦးသား ထွက်ခဲ့ကြပေတော့သည်။

"လမ်းမှာ အကောင်တွေ့ရင် မပစ်ကြနဲ့နော်အဘ။ အသံမကြားရတဲ့ ဒူးလေးနဲ့ ကျွန်တော်တို့ပဲပစ်မယ်။ သေနတ်သံကြားရင် ဟိုအကောင်တွေ ရှောင်သွားမှာစိုးလို့ပါနော်"

ကျွန်တော်တို့ (၆)ဦးသား လူသွားလမ်းအတိုင်း ခပ်ပြင်းပြင်းလျှောက်ခဲ့ကြရာ နံနက် (၉း၁၀)နာရီလောက်တွင် လှည်းလမ်းအတိုင်း မောင်းနေသည့် နွားလှည်း၊ လူငယ်အဖွဲ့နှင့် ခွေးအုပ်ကို လှမ်းမြင်တွေ့လိုက်ရသည်။

သူ့လမ်းကြောင်းနှင့် ကိုယ့်လမ်းကြောင်း မတူသည်မို့ ကိုယ့်လမ်းနှင့်ကိုယ် လျှောက်လှမ်းခဲ့ကြရာ နေမွန်းတည့်ချိန်တွင် အရိပ်ကောင်းသည့် သစ်ပင်ကြီးအောက်တွင် လှည်းကိုရပ်နားလျက် နွားတို့ကို အစာကျွေးရင်း စောင့်ဆိုင်းနေကြသည့် သူတို့အဖွဲ့နှင့် ကျွန်တော်တို့ ဆုံဆည်းလိုက်ကြပေသည်။

သူတို့အဖွဲ့အား အနီးကိုရောက်၍ ကြည့်လိုက်ရာ လူငယ် (၅) ဦးနှင့် ခွေး (၇)ကောင်ကို တွေ့လိုက်ရပေသည်။ သူတို့အားလုံးပင် ဒူးလေးကိုယ်စီနှင့် အသက် (၃၅) နှစ်ဝန်းကျင် လူငယ်များတို့ပင် ဖြစ်ပေသည်။

သူတို့နှင့်ပါလာသည့် ခွေး (၇)ကောင်မှာ ကျွန်တော်တို့ကို တွေ့လိုက်တော့ ထိန်းလို့မရလောက်အောင် ဟိန်းဟောက်ကာ ရန်စောင်နေကြသည်မို့ သိုင်းကြိုးတို့နှင့်သိုင်းကာ တစ်နေရာစီ ခွဲထားကြရပေသည်။

ခွေးများကို ကြည့်လိုက်တော့ ခွေးသမင်များဖြစ်ပြီး အကောင်တို့ကကြီးသလို ခါးလျားရှည်ပြီး ချွန်ထက်သည့် သွားစွယ်ကြီးများနှင့်၊ လူငယ်တို့က သူတို့ခွေးကြီးများကို ချော့မော့ထိန်းကြောင်းရင်း ထမင်းထုပ်များကိုဖြည်ကာ ကျွေးရင်း ချော့နေရသည်။

ခွေးကြီးတွေကို ကြည့်ကာ ကျွန်တော်ပင် ကြက်သီးထမိသည်မို့ သေနတ်ကို ဆုပ်ကိုင်အားတင်းပစ်လိုက်ရသည်။ လူငယ်တို့ကား ခွေးများအပေါ်

www.burmeseclassic.com



သံယောဇဉ်ကြီးဟန်ထင့်။ မဟိန်းမဟောက်ဘဲ ချော့မော့ကာ ထိန်းရင်း အစာကျွေး နေရသည်ကို တွေ့လိုက်ရသည်။

ထိုအချိန် လင်းယုန်ကြီးက ထိုလူငယ်များနှင့် ကျွန်တော်တို့ကို မိတ်ဆက် ပေးလိုက်သည်မို့ သူတို့ကလည်း ကျွန်တော်တို့ကို တလေးတစား ပြုံးပြ အသိအမှတ် ပြုကြသည်။ ခွေးများမှာ ဒေါသပြေကာ ငြိမ်သက်သွားကြပြီမို့ လှည်းပေါ်တွင် ပါလာသည့် ထမင်းကိုမစားမီ အရက်ပုလင်းကိုဖွင့်ကာ အနည်းငယ်သောက် လိုက်ကြပြီး ထမင်းကို နံနက်စာအဖြစ် စားလိုက်ကြပေသည်။

"ခရီးက တော်တော်လိုသေးသလားကွ . . . လင်းယုန်ကြီး"

"ဟုတ်ကဲ့ . . . အဘကောင်း။ ခုနေထွက်ရင်တော့ နေမစောင်းခင် ရောက်မှာပါ။ ဒါပေမဲ့ နွားတွေအတွက် နေအကျကို စောင့်ရမယ်ဆိုတော့ မမှောင်ခင်ရောက်မှာပါ။ ဒီညတော့ မီးပိုင်းပြီး အိပ်လိုက်ကြတာပေါ့။ လုပ်ငန်းကို မနက်မှစရမယ်"

နေညိုချိန်ထွက်ခဲ့ကြသည်မို့ ညနေစောင်းလောက်တွင် တောင်ကမူ ကလေးအထက်တွင် ပေါက်နေသည့် ကညင်ပင်ကြီးအောက်တွင် စခန်းချ ရပ်နား လိုက်ကြပေသည်။ လူငယ်များနှင့် ကျွန်တော်တို့အားလုံး ညဘက်မီးပိုင်းအိပ်ရန် ထင်းများရှာဖွေစုဆောင်းလိုက်ကြပြီး မီးပိုင်းလုပ်ရန် ထင်းများ စုပုံပိုင်းလိုက်ကြပြီး လူစုံ၊ လက်နက်စုံ၊ ခွေးများအပါအဝင် ထိုကညင်ပင်ကြီးတွင် သေနတ်နှင့် ဒူးလေး တို့ကို မှေးကပ်ကာ ထောင်ထားလိုက်ကြပြီး တောလမိုင်းတင်ခြင်းလုပ်ငန်းကို လင်းယုန်ကြီးက ဆောင်ရွက်လိုက်ပေသည်။

တောလမိုင်း တင်မြှောက်ခြင်းလုပ်ငန်းမှာ ဦးစွာ အမွှေးတိုင်၊ ဖယောင်းတိုင်၊ ဆေးပြင်းလိပ်တို့ကို မီးတို့လိုက်ပြီး အောက်ခြေမြစ်ဆုံတွင် ထိုးစိုက်ထားလိုက် သည်။ ပြီးနောက် ပန်းကန်ပြားအသေးတွင် ထည့်ထားသည့် ကွမ်းယာသုံးယာ၊ တောကြက်ဥပြုတ်၊ လက်ဖက်၊ အရက်၊ အမဲဦးခေါင်းသားတို့နှင့် တင်မြှောက်ပသ တောင်းခံလိုက်ခြင်းရယ်သာ။

လင်းယုန်ကြီးက တောလမိုင်းတင်ခြင်းလုပ်ငန်း ပြီးဆုံးသောအခါ ဝန်းကျင် ကို အနည်းငယ်စီ စွန့်ကျဲလိုက်ပြီး ကျွန်တော်တို့ တပည့်ခံကာ သောက်စားလိုက် ကြရင်းက . . .

"ကဲ . . . တောလမိုင်းတင်လို့တော့ ပြီးပြီ။ အဘကောင်းတို့အဖွဲ့ကို သိ သင့်တဲ့ကိစ္စနဲ့ လုပ်ကြရမဲ့ကိစ္စလေ ဒါတွေတော့ သိအောင်ပြောထားရမယ်။ စာစော

www.burmeseclassic.com



ဘ ပြောမပြရတာကတော့ မတင်မြှောက်ရသေး ခင်ပြောပြတာကို မကြိုက်တဲ့အတွက် မပြောခဲ့တာပါပဲ။

ဒီည မီးဝိုင်းအတွင်းမှာ အိပ်ကြမယ်။ မနက်ကို ခြေရာကောက်လိုက်ပြီး သေနတ်တစ်လက်၊ ဒူးလေးတစ်လက် သစ်ပင်ထက်က နေရာယူစောင့်ကြဖို့ပဲ။ လှုပ်ရှားကြမှာကတော့ ဟိုလူငယ်တွေနဲ့ ခွေးတွေက လှုပ်ရှားသွားမှာပါ။ ခွေးတွေထဲမှာ လိုက်ခွေး၊ ပန်းခွေး၊ ကိုက်ခွေးဆိုပြီး သုံးမျိုးသုံးစား ရှိပါတယ်။

လူငယ်တွေက ခွေးတွေနဲ့ သားကောင်ကို ကျွန်တော်တို့အောက်ကို အရောက်ပို့ပေးလိမ့်မယ်။ ကျွန်တော်တို့က လင့်ပေါ်ကသားကောင်ကို ပစ်ခတ်ကြရုံပါပဲ။ ဒီနည်းမျိုး အဘကောင်းတို့ ကြုံဖူးချင်မှလည်းကြုံမယ် ဗဟုသုတပေါ့''

သူပြောသည့်စကားအရ ကျွန်တော်တို့သည် ပြောင်နှင့်စိုင်အုပ်များနောက်ကို အကြိမ်ပေါင်းများစွာ လိုက်လံပစ်ခတ်ခဲ့ဖူးသည်။ သို့သော် သူ ယခုပြောသလိုမျိုးမဟုတ်။ ယခု သူပြောသည့်ပုံစံက တောခြောက်၊ တောမောင်းပစ်သည့်ပုံစံမျိုးနှယ်။

လူငယ်များက မီးဝိုင်းရန် ထင်းခြောက်များကို ဝိုင်းလိုက်ကြပြီး ၁ွားနှင့်ခွေးတို့ကို မီးဝိုင်းကြီးအတွင်းသွင်းကာ အစာကျွေးနေစဉ် ကျွန်တော်တို့ အရက်သောက်ကာ ရောက်တတ်ရာရာ စကားတို့ပြောဆို နေလိုက်ကြပေသည်။

ပါလာသည့်ခွေးများမှာ ကြီးမားပြီး ခါးလျားရှည်ကာ၊ အနံ့ခံ ကောင်းမကောင်း၊ အကိုက်ကောင်းမကောင်း၊ အလိုက်ကောင်းမကောင်း၊ အပန်းကောင်းမကောင်း၊ အမဲလိုက်အတွေ့အကြုံ ရင့်မရင့်ကိုတော့ မသိရသေး။

ကျွန်တော်တို့ တွေ့ကြုံခဲ့ဖူးသည့် ခွေးများနှင့် တခြားစီဖြစ်နေသည်ကို သတိထားလိုက်မိသည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်တို့ သိရှိထားသည့် ခွေးတို့က အောက်ခြေရှုပ်သော တောအတွင်းအသက်ကိုလုကာ ကိုယ်လွတ်ရုန်းထွက်ပြေးကြရသည့် သားကောင်တို့နောက်ကို အမီလိုက်ကြရသည်မို့ အကောင်ကြီးကို သိပ်မသုံးကြ။ အကောင်သေးပြီး အမီလိုက်အနံ့ခံ အသံပေးနိုင်သည့် ခွေးများနှင့်တော့ တခြားစီပင်။

''ကဲ စားလို့သောက်လို့ ပြီးကြပြီ။ မီးဝိုင်းကို မီးမွှေးလိုက်ကြရအောင်''

လင်းယုန်ကြီး ပြောလိုက်သဖြင့် မီးဝိုင်းကို လေးဘက်လေးတန် မီးရှို့လိုက်ကြသည်။ ဒီအမှောင်ထုက မင်းမူနေခဲ့ပေပြီ။ ခပ်လှမ်းလှမ်းတို့ဆီမှပဲ သားကောင်



www.burmeseclassic.com

www.burmeseclassic.com



ကြီးတို့၏ အော်မြည်သံ၊ ဟိန်းဟောက်သံ၊ ခွေးအအူသံတို့ကို စတင်ကြားလာရပေပြီ။

ကျွန်တော်တို့ နေရာယူထားရာသည့် တောင်ကုန်းခပ်မြင့်မြင့်ထက်ဆီမှ လေးဘက်လေးတန်ဝန်းကျင်ကို အထက်ဆီးမှ လှမ်းမြင်တွေ့နေရသည်။ ထိုမြင်ကွင်းများက ကြားနေရသော အသံတို့ကြောင့် ချောက်ချားဖွယ်ရာပုံစံမျိုးဖြစ်လာသလို၊ စိတ်အားလည်း ငယ်လာမိသည်။

အောက်ဘက်မြေပြင်တွင် လရောင်နှင့် လှမ်းမြင်တွေ့နေရသည့် ချုံနွယ်ပင်ကိုင်းပင်၊ ကျူပင်ရိုင်းတို့ကို တွေ့မြင်နေရသည်။ ကိုင်းပွင့်ဖြူဖြူတို့က လေအတိုးတွင် ယိမ်းထိုးလှုပ်ရှားနေပုံက ချောက်ချားစရာ။ အပင်ကြီးတို့ကလည်း ကျိုးတိုးကျဲတဲမို့ သေနတ်ကိုပင် အားကိုးတကြီး ဖျစ်ညစ်ဆုပ်ကိုင်လိုက်မိပေသည်။

"ပိစိဒီးဒုတ် ... ပိစိဒီးဒုတ်"

ဒီးဒုတ်ဖိုမအော်သံအပြင် အောင်ဝါငှက်ကြီးတို့၏ အော်သံ၊ ညအစာရှာငှက်အော်သံ၊ သားကောင်ကြီးတို့၏ ဟိန်းဟောက်သံ၊ ဝါးရုံတောကြီးများအတွင်းဆီမှ တောဆင်ရိုင်းတို့ အော်ဟစ်သံများကြောင့် ထိုတစ်ညတာ လွန်မြောက်ရေးအတွက် ကျွန်တော် အလွန်ရင်လေးနေသော်လည်း သူတို့ အဖွဲ့သားတွေကတော့ အိပ်မက်များပင် မက်နေကြသလားဖြင့်မသိ။ တုပ်တုပ်မျှ မလှုပ်ကြ။

"ကုတ် ... ကုတ် ... ကုတ်ကလူး ..."

ကုတ်ကလူး အသားစားငှက်ကြီးများ၏ ကြောက်မက်ဖွယ်အော်ဟစ်သံမျောက်မောင်းမတို့၏ အော်ဟစ်သံများအပြင် တောချုံပုတ်အတွင်းမှ ချိုးချိုးချွတ်ချွတ်အသံများကို အနီးကပ်ကြားလာသဖြင့် နွားနှစ်ကောင်က အန္တရာယ်ရ၍လားတော့ဖြင့်မသိ။

ခေါင်းတထောင်ထောင် လည်တဆန့်ဆန့်၊ နှာတဖူးဖူးမှုတ်လျက်။ နွားကြီးတို့က တစ်ကောင်နှင့်တစ်ကောင် ပူးကပ်ခေါင်းထောင်နေရင်း အသံလာရာဆီသို့ လိုက်လံကြည့်နေကြသည်။ မနေနိုင်သူ ကျွန်တော်တို့သုံးယောက်က ဝါးဆစ်ပိုင်းများထည့်လိုက်ကြသဖြင့် တဖောင်းဖောင်းနှင့် ဝါးပေါက်သံညံလာတော့ ထိုအသံများ ပါးသွားသည်။ အဝေးဆီ ရောက်ကုန်ကြဟန်ထင့်။ ထိုအသံများအစားပုရည်းရင်ကွဲအော်သံ၊ ပုရစ်သံတို့ လွှမ်းမိုးလာပြန်သည်။

တစ်ညလုံး မီးမပြတ်အောင် ထင်းတို့ကို ထည့်ပေးထားသဖြင့် ထွက်ပေါ်လာသည့် မီးအလင်းရောင်ကြောင့် အနားသို့ မကပ်ရဲကြသည်လား၊ လူဆိုသည်

www.burmeseclassic.com



က သူတို့တွေထက် ဉာဏ်ရည်သာသည်ကို သိကြလို့ ကြောက်ကြသဖြင့် မတစ်ကြသည်လားတော့ဖြင့်မသိ၊ တစ်ညတာ ကုန်လွန်သည်ထိ ကျွန်တော်တို့ ဖြတ်ကျော်နိုင်ခဲ့ကြပေသည်။

အရုဏ်တက် လူငယ်တွေနိုးကြသဖြင့် နံနက်စာချက်တော့မှ အနည်းငယ်မေးစက်လိုက်ကြရပေသည်။ အိပ်ရာမှနိုးတော့ (၇)နာရီပင် မထိုးသေး။ ကြက်အိပ်ကြက်နိုးဆိုသည့် စကားက ကျွန်တော်တို့ကို ညွှန်းလေတော့သလားထင့်။

နံနက် ဗိုက်ဖြည့်စားသောက်လိုက်ကြသည်က ထွေထွေထူးထူးတော့ဖြင့်မဟုတ်။ လူငယ်တွေ လမ်းမှရှူးလာကြသည့် အသီး။ အရွက်၊ အညွန့်တို့ကိုယူဆောင်လာသည်။ ဆန်နှင့် ဝါးဆစ်ပိုင်းအတွင်း ရောပြုတ်ကာ ဆားအနည်းငယ်ကို ထည့်လိုက်သည့် ညစာက ကောင်းလိုက်သည့်ဖြစ်ခြင်း။

နံနက်စာကို ဗိုက်ဖြည့်လိုက်ကြပြီး ရဲထွန်းနှင့်မောင်ယဉ်ကြိုင်တို့ နှစ်ယောက်က နွားနှစ်ကောင်ကို တစ်နေရာဆီ ဆွဲယူသွားကြသလို ကျန်အဖွဲ့က ခွေးများကို သိုင်းကြိုးတို့နှင့်ဆွဲကာ မီးပိုင်းအတွင်းမှ ထွက်ခဲ့ကြစဉ် နွားနှစ်ကောင်ကို ဆွဲသွားသူတို့ ပြန်လည်ရောက်ရှိလာကြသည်။ ဘယ်နေရာတွင် နွားတွေသွားထားကြသည်ကိုတော့ဖြင့်မသိ။

လူငယ်အုပ်စုက တစ်ယောက်လျှင် ခွေးတစ်ကောင်စီ ကြိုးနှင့် ဆွဲလာကြသလို ကျွန်တော်တို့အားလုံး ပြောင်စားကွင်းရှိရာဘက်ဆီသို့ ထွက်ခဲ့ကြပေသည်။ ခွေးများကား သားကောင်နောက်သို့ လိုက်ကြရတော့မည်မို့ အမြီးတနှံ့နှံ့လယ်တဆန့်ဆန့် ပျော်ရွှင်တက်ကြွနေကြသည်။

သံပြတ်နှင့် သံရှည်ဆွဲကာ တွန်နေကြသည့် တောကြက်ဖငယ်တို့၏ တွန်ကျူးသံများ၊ ကျေးငှက်တို့ အော်မြည်သံများမှအပ တောသည် ဆိတ်ငြိမ်နေသည်။ နံနက်ခင်းမို့ မြူနှင်းတို့ကို သယ်ဆောင်လာသော လေသည် လွတ်လပ်စွာ ဝေ့ဝဲတိုက်ခတ်ရင်း ရွက်ဝါကလေးတွေကို ခြွေချနေသည်။

သူ့အသွင်က သူ့ရင်ခွင်တွင် ယနေ့အဖို့ ဘာတစ်ကောင်မှ မရှိကြောင်းကို မာယာဆောင်နေသည်လားတော့မသိ။ ထိုစဉ် ...

"ကစ် ... ကစ် ... ကစ် ..."

နံနက်ခင်းနှင်းစက်တို့နှင့် အတန်ငယ်စိုစွတ်နေသည့် မြေသားပေါ်တွင် ကိုယ်အလေးချိန်ကြီးမားသည့် သားကောင်အုပ်၏ ခြေရာဝိုင်းဝိုင်းကြီးတို့က အထင်အရှားတွေ့မြင်လိုက်ကြရသည်။ သူတို့ ကြိုးနှင့်ဆွဲလာကြသည့် ခွေးကြီးတို့က



www.burmeseclassic.com

www.burmeseclassic.com



လည်း ထိုခြေရာကွက်တို့ကို နမ်းလိုက်ကြပြီး အနံ့ရသွားဟန်ထင့်၊ ရှန်းကန်ကာ အတင်းလိုက်ကြဖို့ လုပ်နေကြသော်လည်း လွှတ်မပေး။ ကြိုးကိုဆွဲကာ ထိန်းထားကြတုန်းပင်။

"ကဲ ... ကျွန်တော်တို့ ဒူးလေးသမားသုံးယောက်နဲ့ သေနတ်တစ်လက် စီတွဲပြီး နေရာယူမယ်။ ရဲထွန်းနဲ့ ဆရာဘိုလေးက ဟောဒီ တောညောင်းပင်ကြီးပေါ် တက်ပြီး နေရာယူထားလိုက်ကြ။ အဲဒီအပင်ထက်က လှမ်းကြည့်ရင် အောက်မှာ လှုပ်ရှားမှုတွေကို မြင်နေရမယ်။ အခြားသိလိုတာကို ရဲထွန်းကိုမေး"

လင်းယုန်ကြီးက မှာကြားကာ ခွေးများနှင့်အတူ ခြေရာနောက်ကို လိုက်သွားကြစဉ် ကျွန်တော်တို့နှစ်ဦး တောညောင်းပင်ကြီးထက်ကိုတက်ကာ ခွဆုံကိုင်းတွင် နေရာယူလိုက်ကြသည်။ သူတို့အဖွဲ့များကလည်း နေရာယူပြီးကြပြီမို့ အတန်ကြာတော့ လက်ကောက်မှုတ်သံကို ကြားလိုက်ရသည်မို့ ကျွန်တော်က ...

"ရဲထွန်း ... အဲဒီအသံက ဘာကြောင့် မှုတ်တဲ့အသံလဲ"

"လုပ်ငန်းစဖို့ ခွေးတွေကို လွှတ်ပေးလိုက်ပြီဆိုတဲ့ အချက်ပေးသံလေ"

ခွေးတို့မှာ ကြိုးလွှတ်ပေးလိုက်သည်နှင့် အနံ့ခံကာ သားကောင်ကြီးတို့သွားကြသည့် လမ်းအတိုင်း ပြေးထွက်လိုက်ပါသွားကြသလို လူငယ်ငါးဦးကလည်း သူတို့လမ်းကြောင်းအတိုင်း သစ်ပင်များအကြား တိုးဝင်ပျောက်ကွယ်သွားကြပေသည်။

ကျွန်တော်က သစ်ပင်ထက်မှ နေရာယူထားရင်း အရှေ့တစ်ခွင်ကို လှမ်းကြည့်လိုက်တော့ မြူနှင်းတို့က ဝေ့ဝေ့ဝဲဝဲတို့နှင့်မို့ မပြတ်သားသေး၊ ဝေဝါးစွာနှင့်။

နွေရာသီမို့ သစ်ပင်ကြီးတို့ထက်တွင် ရွက်ဟောင်းတွေကို ခြွေချထားပြီးမို့ ရိုးတံကျဲကျဲဖြစ်ကာ နေရောင်ထွက်လာသည်နှင့်အတူ အရာအားလုံးကလည်း ကွဲပြားလာသည်။ လက်မှနာရီကိုကြည့်လိုက်တော့ (၉)နာရီပင်။ သားကောင်ကြီးတွေနောက်ကို ပြေးလိုက်သွားကြသည့် ခွေးတို့၏ထူးခြားမှုကလည်းရှိမလာသေး။

"ရဲထွန်း ... သောက်ဦးမလား"

ကျောပိုးအိပ်အတွင်းမှ ပုလင်းပြားကလေးကိုထုတ်ကာ အဖုံးဖွင့်မော့လိုက်ပြီး အနီးရှိရဲထွန်းကို လှမ်းမေးလိုက်တော့ သူကလည်း လှမ်းယူကာ မော့လိုက်ရင်းက ...

"ပျင်းနေပြီလား ... ဦး"

www.burmeseclassic.com



"ငါတို့က လင့်ထိုင်စောင့်ရင်း ပစ်ခတ်ခဲ့ကြဖူးသူတွေဆိုတော့ အတွေ့အကြုံရှိတယ်လေ။ မပျင်းပါဘူး။ ဗဟုသုတလည်း ရတာပေါ့။ ခုလို ပုံစံမျိုးနဲ့တော့ တစ်ခါမှ မပစ်ဖူးဘူးကွ"

သူ့ကိုပြောပြနေရင်း သူတို့လှုပ်ရှားမှုကို သစ်ကိုင်းသစ်ခက်တို့ အကြို အကြားမှ လှမ်းကြည့်နေလိုက်မိသည်။ မည်သည့်ထူးခြားမှုကိုမှ မတွေ့ရ။ ဆက်လက်စောင့်စားနေလိုက်ကြစဉ် ...

"ဝုတ် ... ဝုတ် ... ဝေါင်း ... ဝေါင်း ..."

ခွေးဟောင်သံသဲ့သဲ့ကို နှစ်ဦးလုံး ကြားလိုက်ရသည်မို့ ကျွန်တော်က–

သူက ဒူးလေးညို့ကြိုးကို ဆွဲတင်လိုက်သလို အဆိပ်လူးမြား တပ်လိုက်သည်။ ကျွန်တော်က သေနတ်မောင်းခလုတ်ကို ရှေ့သို့ တွန်းပို့လိုက်စဉ် ...

"ဖြောင်း ... ရှူး ... ဖူးဖူး ... ဝေါ့ ... ဗျော ..."

သားကောင်ကြီး၏ တောတိုးပြေးလွှာရင်းက ခွာခုတ်သံ၊ နှာမှုတ်သံတို့နှင့်အတူ နောက်မှခွေးများလိုက်ပြီး ဟောင်သံတို့က ဆက်တိုက်ပေါ်ထွက်လာသည်။ လူငယ်အုပ်စုကလည်း သစ်ပင်များ၊ ချုံနွယ်တောကြီးတို့ အကြိုအကြားဆီမှ သားကောင်ကြီးနောက်ဆီသို့ ပြေးလွှားတိုးကပ်နေကြသည်ကိုလည်း တွေ့လိုက်ရသည်။ အတန်ကြာတော့ ထိုအသံတို့က ဝေးကွာသွားသည်မို့ ဆက်လက်စောင့်စားရင်း နားစွင့်နေလိုက်မိပေသည်။ နာရီဝက်ကျော်ကျော်ခန့် စောင့်စားနေလိုက်စဉ် ...

"ဒိုင်း"

အနောက်ဘက်ဆီမှ ခွေးဟောင်သံတို့နှင့်အတူ သေနတ်သံကြီးတစ်ချက်ကို ကြားလိုက်ရသည်။ အပေါ်ဆီမှ အောက်ကို စိုက်ပစ်လိုက်သည့်အသံမို့ ကျည်ဆန်ထိပ်ဖူးက သားကောင်ကြီးကိုထိမှန်ကာ သွားသည်နှင့်အတူ လဲပြိုသံ၊ ခွေးများဝိုင်းဝန်းကိုက်ခဲသံတို့က ထိုနေရာတွင် ညံနေစဉ် ...

"ဒိုင်း ... ဒိုင်း ..."

အရှေ့ဘက်ဆီမှ နှစ်ချက်ဆက်တိုက် ပစ်လိုက်သံကြီးကို ကြားလိုက်ရပြန်သလို လဲပြိုသံ၊ ခွေးကိုက်သံ၊ တောတိုးပြေးသံတို့ကိုပါ ဆက်တိုက်ကြားလိုက်ရပြန်သည်။ ပြန်လည်တုန့်ပြန်သည့်အသံ၊ ခွာခုတ်နှာမှုတ်သံတို့ကို အနီးကပ်ကြားလိုက်ရသည်မို့ လှမ်းကြည့်လိုက်ရာ ကြီးမားတုတ်ခိုင်သည့် ပြောင်ကြီးတစ်ကောင်နောက်ဆီသို့ ခွေးများက နှစ်ဖက်ညှပ်လိုက်ကြရင်း ပြောင်ကြီး၏ ဒူးဆစ်ကျောကို လိုက်လံကိုက်ဖြတ်နေသည့်ကြားမှ မီးရထားခေါင်းတွဲကြီးပမာ လွတ်လမ်း

www.burmeseclassic.com



ကိုအတင်းတိုးကာ ပြေးထွက်ဖို့ ကြိုးစားနေသလို၊ ခွေးကြီးတို့ကလည်း အလွတ်မပေးစတမ်း လိုက်လံကိုက်ခဲနေသည်ကို တွေ့မြင်လိုက်ရသည်နှင့်အတူ ...

"ဒေါ်င ..."

ရဲထွဋ်ထံမှ လေးညို့လွှတ်လိုက်သံနှင့်အတူ မြားတံက ပြောင်ကြီး၏ ညာဘက်လက်ပျဉ်ကို စူးဝင်နစ်မြုပ်သွားသည်ကိုလည်း တွေ့မြင်လိုက်ရသည်။ ပြောင်ကြီးမှာ နောက်မှခွေးကြီးများ၏ အလွတ်မပေးစတမ်း လိုက်လံကိုက်ခဲခြင်းကို ခံနေရသလို ကိုယ်လုံးတွင်လည်း မြားတံ (၃)ချောင်းက စိုက်ဝင်ထားခြင်းကို ခံရပြီး မရပ်မနား အသက်ကိုလုကာ ပြေးလွှားနေရသည်မို့ မကြာတော့သော အချိန်ပိုင်းတွင် ဇီဝိန်ကြွေရတော့မည်ကား အမှန်ဖြစ်သည်ကို ခန့်မှန်းနေလိုက်မိသည်။

အတန်ကြာတော့ ခွေးလိုက်သံများကို ထပ်မံကြားလိုက်ရသည်မို့ လှမ်းကြည့်လိုက်ရာ ပြေးလွှားနေသည့် ပြောင်ကြီးမှာ ရှေ့ကို အသက်လုကာ ဆက်မပြေးနိုင်တော့ဘဲ မှဆိုးလက်ဆုပ်ပင်ကြီးကို သူ၏ကိုယ်လုံးကြီးဖြင့် မှေးကပ်ထားရင်း ဒယီးဒယိုင်အသွင်ဖြင့် အလွန်မောဟိုက်နေသည့်အသွင်။ ခွေးကြီးများကလည်း ဝိုင်းဝန်းကိုက်ခဲနေခြင်းကို ခံနေရသဖြင့် သေငယ်ဇောနှင့် အော်ဟစ်နေရင်း ပါးစပ်နှင့်နှာခေါင်းအတွင်းမှ သွေးခဲများ ထွက်ကျနေသည်ကို တွေ့မြင်နေရသည်။

"ဦး ... ပစ်တော့လေ"

ရဲထွဋ်က လှမ်းအပစ်ခိုင်းနေသော်လည်း ကျွန်တော်က မပစ်ခတ်လိုက်တော့။ အဘယ်ကြောင့်ဆိုသော် မကြာမီ သေပွဲဝင်ရတော့မည့် အနေအထားကို ကျွန်တော်သိရှိထားသည့် အတွက်ကြောင့်ပင် ဖြစ်ပေသည်။

"အားလုံးလဲတာ ငါးကောင်။ ဒဏ်ရာနဲ့ နှစ်ကောင်ပြေးတယ်။ ဒါပေမဲ့ အဆိပ်ကြောင့် လဲမှာပါ"

လင်းယုန်က အားပါးတရ အဘကောင်းအား ပြောပြနေသည့်အတွက် မျက်လုံးပြူးသွားသူက ကျွန်တော်ရယ်သာ။ ကျွန်တော့်စိတ်အထင် ပြောင်အုပ်တစ်အုပ်လုံးကို အပြတ်ရှင်းပစ်လိုက်သည့်အတွက် ကျွန်တော် မျက်လုံးပြူးခဲ့ရခြင်းပင်။ မြေပြင်တွင် ဘေးတိုက်လဲကျ အသက်ပျောက်နေကြသည့် ပြောင်များကို လိုက်လံကြည့်ရှုရင်း အလိုလို စိတ်ကပျက်လာမိသည်။ အဘယ်ကြောင့်ဆိုသော် အလေးချိန်ပိသာ (၄၀၀) နီးပါးခန့်ရှိသည့် အကောင်ကြီးတွေကို စခန်းချရာဆီသို့ သယ်ဆောင်ဖို့အရေး အရေချွှ အတွင်းကလီစာထုတ်၊ ခုတ်ထစ်ပိုင်းဖြတ်ဖို့အရေး ယမ်းစိမ်းပက်၊ ဆားနယ်ဖို့အရေး၊ နေလှမ်းကြပ်တင်ဖို့အရေး၊ သူတို့ကိုယ်မှ ကျ

www.burmeseclassic.com



နေသည့် သေွးတို့ကို တဝုန်းဝုန်း တဝေါဝေါနှင့် လာရောက်စားသောက်နေကြသည့် ယင်မမဲရိုင်းကောင်ကြီးတို့ဒဏ်မှ ကာကွယ်ရန် လောက်သေရွက်များရှာကြဖို့ အရေးကိုတွေးကာ သက်ပြင်းမောချလိုက်သည်ကို မြင်ဖြစ်အောင် မြင်လိုက်သည့် အစ်ကိုကြီး ဦးသိန်းလွင်က ...

"လင်းယုန်ကြီး ... သူတို့အဖွဲ့ လာကြမယ်မို့လား"

"စခန်းမှာ ရောက်နေကြပြီလေ။ ကျုပ်တာ သူတို့ကိုစွပဲ။ ဒဏ်ရာနဲ့ ထွက်ပြေးတဲ့ ဟိုနှစ်ကောင်နောက် လိုက်ကြရအောင်"

သူပြောလိုက်သည့်စကားကြောင့် ဒူးလေးကိုထမ်းကာ ပြန်လာသည့် လူငယ်က ...

"လိုက်မနေနဲ့ တောစမှာ လဲနေတယ်"

"ဘယ်နှစ်ကောင်တွေ့ခဲ့လဲ မြည္ဒွန့်"

မြည္ဒွန့်ဆိုသည့် လူငယ်က နှုတ်ဖြင့်ပြန်မဖြေ။ လက်ညှိုးနှစ်ချောင်းထောင်ကာ အဖြေပေးလိုက်သည်ကို တွေ့မြင်လိုက်ရပေတော့သည်။

ကျွန်တော်တို့ ပြောင်အုပ်နောက်လိုက်ကြခြင်းကိစ္စကား ပြီးဆုံးသွားပြီမို့ စခန်းချရာသို့အလာ လင်းယုန်ကြီးနှင့် အစ်ကိုကြီးဦးသိန်းလွင်တို့ စီစဉ်ထားခဲ့ကြသည့်လူအုပ်စု နွားလှည်းငါးစီးနှင့် လိုက်လာကြသည်ကို တွေ့လိုက်ကြရပေသည်။

တကယ်တမ်း ဉာဏ်လယ်ရွာတွင် ကျားတစ်ကောင် လူများကို စားသဖြင့် အကူအညီတောင်းလာသည်မို့ ကျွန်တော်တို့ (၃)ဦးသား လိုက်ယံပြီး နှိမ်နင်းခဲ့ရာမှ ပြီးဆုံးသည့်အခါ ပြောင်အုပ်နောက်ကို လိုက်ကြရင်းမှ ကိုယ်မကြုံဖူးသည့် ပြောင်အုပ်နောက်သို့ လိုက်ပစ်နည်းဖြင့် ပြောင် (၇)ကောင်အစ်ကို အထက်ပါနည်းအတိုင်း ပစ်ခတ်လို့ ရရှိလိုက်သည်မှာ ပြောပြလျှင် ယုံကြည်ဖွယ်ရာပင်မရှိသည့် နည်းမျိုးဖြင့် ပစ်ခတ်ရရှိလာခဲ့ကြပေသည်။

အပြန်ခရီးတွင် ကျွန်တော်တို့ သုံးဦးစလုံး၏ ဆုံးဖြတ်ချက်မှာ နောင်ဘယ်သောအခါမှ ထိုပုံစံမျိုးနည်းလမ်းမျိုးဖြင့် ပြောင်မပစ်တော့ဟူသော ဆုံးဖြတ်ချက်ကို ချလိုက်မိကြပေသည်က အမှန်ပင်ဖြစ်ပေသည်။

လေးမောင်

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

[ က ]

❑

ပန်းတွေများစွာရှိသည့်အနက် ဒေသစွဲဖြင့် ထိုပန်းကိုမှ 'မသာပန်း' ဟု လူတွေက သတ်မှတ်ခေါ်ဝေါ်ကြသည်။

ထိုသို့ သတ်မှတ်ခေါ်ဝေါ်ခံရသောပန်းမှာ 'ခေါင်ရမ်း'ပန်းပင်ဖြစ်လေသည်။

လူသေကို ပန်ပေးလေ့ရှိရာမှ 'မသာပန်း' ဟု တွင်သွားပုံရလေသည်။

လူသေကို မသာပန်းပန်ပြီး နံ့နွှင်းမှုန့်ဝါထိန်အောင် လိမ်းကျံထား ပြန်သောအခါ ထိုမသာကို 'အစိမ်းသေမသာ' ဟု သတ်မှတ်ကြပြန်လေသည်။

မည်သို့ပင်ဖြစ်စေ၊ ထိုမသာပန်းဟုခေါ်သော ခေါင်ရမ်းပန်းနှင့် နနွင်းမှုန့်တို့သည် တစ်ခေတ်တစ်ခါက ရာဇဝင်တွင်စာတင်စရာ ဖြစ်ခဲ့သည်တော့ အမှန်ပင်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❏

သူတို့နှစ်ယောက် ခရီးအတူထွက်ကြရတော့မည်။

မောင်ထင်လှိုင်သည် ခရီးထွက်လျှင် ပြုမူဆောင်ရွက်နေကျအတိုင်း သူ့အဖေဦးညွန့်တင်ကို ထိုင်၍ကန်တော့လေသည်။

"အေးကွယ် . . . ငါ့သားကြီး ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားကို ဘယ်သောအခါမှ မမေ့မလျော့ ဦးထိပ်ပန်ဆင် ရှိသေသမှု မပြတ်ရှိတဲ့အတွက် သွားလေရာ လာလေရာ ခလုတ်မထိ ဆူးမငြိ အန္တရာယ်ရှင်းဘေးကင်းပြီး လိုရာခရီးရောက်ဖို့ ကြံစည်သမျှ ထမြောက်အောင်မြင်ပါစေကွယ်"

မောင်တင်လှိုင်၏ဖခင် ဦးညွန့်တင်မှာ သားဖြစ်သူအား ခရီးသွားတိုင်း သားကကန်တော့၍ ဦးသုံးကြိမ်ချလျှင် ပေးနေကျဆုကို ပေးနေသဖြင့် ခရီးထွက်အုံဆဲဆဲ ကားခေါင်းခန်းတွင် ထိုင်နေသောကျော်ကြီးက လှမ်း၍ကြည့်နေလေသည်။

ပြီးတော့ ကားဆရာကိုသန်းထွန်းကြီးကို လှမ်း၍ပြောသည်။

"ဗျို့ . . . ကိုသန်းထွန်း၊ မောင်တင်လှိုင်တို့များ ဘယ်လောက် လိမ္မာသလဲ။ ခရီးထွက်တိုင်း သူ့အဖေကို ဘယ်တော့မှ အကန်တော့ မပျက်ဘူးဗျ"

"လိမ္မာတဲ့သားကိုး ဆရာကျော်ကြီးရဲ့။ ကျွန်တော်တို့များ ခုနေအခါ အဲဒီလိုကန်တော့ချင်လို့ ကန်တော့စရာ ဖအေမအေမရှိတော့ဘူးဗျာ"

www.burmeseclassic.com



"ဒါပေါ့ဗျာ . . . ဒီကိစ္စ ဝမ်းနည်းမနေပါနဲ့။ ကျွန်တော့်ကို ဖအေအမှတ်နဲ့ ကန်တော့ရင်လည်း ကျွန်တော်က မောင်တင်လှိုင့်အဖေ ဦးညွန့်တင်ကြီးလို ပါးစပ် က ဆုပေးရုံလောက်တော့ ပေးတတ်ပါတယ်ဗျ"

"ဟာဗျာ . . . ကိုကျော်ကြီးက ကျွန်တော့်ထက် အသက်ငယ်တာပဲဟာ။ ကျွန်တော်ကန်တော့ရင် ကိုကျော်ကြီး ငရဲကြီးသွားမှာပေါ့ဗျာ"

"ဒါပေမဲ့ အဖွဲ့ခေါင်းဆောင်က ကျွန်တော်လေ။ ခင်ဗျားတို့ရဲ့ ဆရာ သမားအနေနဲ့ ကျွန်တော့်ကိုကန်တော့ရင် ကျွန်တော် ဘယ်မှာငရဲကြီးပါ့မလဲဗျာ။ တတင်လှိုင်အဖေ ဦးညွန့်တင်ကြီးပြောသလို အနန္တောအနန္တငါးပါးထဲမှာ မိဘပြီး င် ဆရာသမားပါတာပဲဟာ။ ခင်ဗျား ကန်တော့လို့ ကျွန်တော် ဘယ်မှာငရဲကြီး မလဲဗျ။ ဟား . . . ဟား . . . ဟား . . ."

ပြောပြီး ကိုကျော်ကြီးသည် သူ့ဝသီအတိုင်း တဟားဟားနှင့် ရယ်တော့ သည်။ ထိုစဉ် မောင်တင်လှိုင်သည် ခရီးဆောင်အိတ်ကိုဆွဲ၍ အိမ်ပေါ်မှ ဆင်းလာ သဖြင့် ကိုကျော်ကြီးက ကားခေါင်းခန်းအတွင်း ထိုင်နေရာမှ တံခါးဖွင့်၍ ဆင်းပေး လိုက်ရသည်။

"မင်းက အစွန်မှာထိုင်မလို့ပေါ့လေ မောင်ကျော်ကြီး"

"အေးပေါ့ . . . မောင်တင်လှိုင်ရဲ့။ ငါက ကွမ်းစားတတ်တော့ အတွင်း ဘက်မှာ ဘယ်ထိုင်လို့ဖြစ်မလဲကွ"

"အေး . . . အဲဒါကောင်းပါတယ်။ မင်းအတွင်းမှာထိုင်ရင်လည်း ငါ့ကို ကျော်ကျော်ပြီး ကွမ်းတံတွေးထွေးဦးမှာ။ ငါ့အင်္ကျီတွေက လည်ကတုံးဖြူဖြူ သန့်သန့်လေး။ ငါ့မိန်းမထားထားက အကောင်းကြိုက် အသန့်ကြိုက်မို့ ဖွေးဥနေ အောင်လျှော်ပြီး ကြော့နေအောင် မီးပူတိုက်ပေးထားတာ။ တော်ကြာ မင်းက အတွင်းဘက်ကနေ ကွမ်းတံတွေးထွေးလို့ ငါ့အင်္ကျီတွေ ပေကျံကုန်ဦးမယ်"

မောင်တင်လှိုင်နှင့် ကျော်ကြီးမှာ ပြောမနာဆိုမနာ သူငယ်ချင်းတွေမို့ အကွက်ရလျှင်ရသလို ပြောပြီး ကျော်ကြီးဆင်းပေးနေရာမှကျော်ပြီး ကားခေါင်းခန်း အတွင်းသို့ ဝင်၍ထိုင်လိုက်လေသည်။

မောင်တင်လှိုင် ကားခေါင်းခန်းအတွင်း ဝင်၍ထိုင်မှ ကျော်ကြီး ကားပေါ် တက်လိုက်သည်။ သူကအစွန်၊ မောင်တင်လှိုင်က အတွင်းဘက်ရောက်သွားသည်။ ကားဆရာကိုသန်းထွန်းက ကားစက်နှိုးပြီး မောင်တင်လှိုင်တို့ခြံရှေ့မှ အထွက်၊ ခြံဝ ထွက်၍နှုတ်ဆက်နေသော မောင်တင်လှိုင့်ဇနီး ချောထားထားကို ကျော်ကြီးက မောင်တင်လှိုင်ထက်ဦးအောင် နှုတ်ဆက်လိုက်သည်။

www.burmeseclassic.com



"ထားရေ . . . သွားမယ်နော်။ ထားထားမှာတာတွေ တင်လှိုင်ကြီးမေ့အောင် ငါအနားကနေ သတိပေးပါ့မယ်။ ဒီကောင်ကြီးက ကွယ်ရာတစ်မျိုး ရှေ့တစ်မျိုးဟ"

မောင်တင်လှိုင်ကတော့ နှုတ်ဖြင့် မပြောသာတော့ဘဲ သူ့ဇနီးထားထားကို ကျော်ကြီးထက် လက်ကျော်ပြီး လက်ပြရုံသာပြနိုင်တော့သည်။ သို့သော် ထားထား၏အသံစာစာကို ကားပေါ်မှ ကြားလိုက်ရသေးသည်။

"ရှင်တို့သူငယ်ချင်းနှစ်ယောက်သာ လမ်းမှာ ရန်ဖြစ်မနေကြနဲ့။ ကောင်းကောင်းသွားကြပါ"

ထားထားစကားကြောင့် ကျော်ကြီးကော၊ မောင်တင်လှိုင်ပါ နှစ်ယောက်စလုံး ပြိုင်တူလိုလို ပြုံးလိုက်မိကြသည်။

အမှန်တော့ သူတို့သူငယ်ချင်းနှစ်ယောက်မှာ မတည့်အတူနေ သူငယ်ချင်းများ ဖြစ်ကြ၏။ ဒါကလည်း ကျော်ကြီးက မောင်တင်လှိုင်ကို အမြဲတမ်း စတတ်နောက်တတ်ရာမှ မောင်တင်လှိုင် မခံချင်ဖြစ်၍ စိတ်ကောက်ပြီး မခေါ်မပြောဘဲနေကြခြင်းဖြစ်၏။ သို့သော် တစ်ပတ်ပင်မကြာ၊ ပြန်ပြီး တည့်သွားကြ၏။

သတင်းထောက် ကိုကြည်တင်နှင့် ပေါ်တင်ဦးကြီးတို့က သူတို့နှစ်ယောက်ကို 'မတည့်အတူနေ လင်မယားတွေ' ဟု ကင်ပွန်းတပ်ထားသည်။

အမှန်တော့ သူတို့နှစ်ယောက် တွဲမည့်သာတွဲကြသည်။ စရိုက်ချင်းကမတူ။ မောင်တင်လှိုင်က လူအေးဖြစ်သည်။ စကားလည်း သိပ်ပြောလေ့ရှိသူမဟုတ်။

ကျော်ကြီးက ခပ်စွာစွာနေသည်။ ပြောစရာရှိလျှင် ဘာမျှမချန်ဘဲ ပြောတတ်သည်။

မောင်တင်လှိုင်ကား အရက်မသောက်၊ ဆေးလိပ်မသောက်၊ ကွမ်းယာမစားတတ်။ ကျော်ကြီးက အရက်သောက်သည်။ သောက်သမှ တောအရက်၊ ဘီအီး၊ ရမ်၊ ဘီယာ၊ ဝီစကီ ကြုံရာနှိပ်တတ်သည်။ ကွမ်းကိုမပြတ်စား၍ ဆေးလိပ်ကို အငွေ့မလပ်အောင်သောက်သည်။ (ခုတော့ မောင်တင်လှိုင်မှာ ကွမ်းနှင့်ဆေးလိပ်ကို မပြတ်စားသောက်သူဖြစ်၍ ကျော်ကြီးက ပြုတ်သွားပြီ)

ဤသည်မှာ လူ့ဘဝ၏ အခြေအနေ အပြောင်းအလဲများဖြစ်၏။ ထိုသို့ကာမူ မောင်တင်လှိုင်မှာ အင်မတန်အေးသူဖြစ်၏။ လူပုံက အေးသလို သည်းခံစိတ်ရှည်တတ်သူလည်းဖြစ်၏။ သူက သူ့ဇနီးထားထားကို အင်မတန်ချစ်သည်။

ထားထားကလည်း တော်တော်ချောပါသည်။ ထိုခေတ်ထိုအခါက သန်လျင်မြို့၏ အချောအလှ မိန်းကလေးတွေထဲမှာ ထားထားအပါအဝင်။

www.burmeseclassic.com



ဒါကိုပင် ကျော်ကြီးတို့၊ ပေါ်တင်ဦးတို့လို သူငယ်ချင်းတွေက ထားထား ကွယ်ရာမှာ မောင်တင်လှိုင်ကို အကျောကြီးနှင့် အသားယူ၍ စတတ်နောက်တတ် ကြသည်။

''ကျောင်းတုန်းကကွာ ထားထားကို ငါတို့လိုက်မပြောဖြစ်လို့ကွ။ လိုက် ပြောရင် မင်းနဲ့တောင် မညားလိုက်ရဘူး''

''ခုကော မင်းတို့ရလို့လား''

''မင်းနဲ့ညားတော့ မင်းမျက်နှာကို ထောက်နေလို့ပေါ့ကွာ''

''ဟော့ကောင်တွေ ... မင်းတို့ စကားသိပ်မလွန်နဲ့နော်''

''လွန်တော့ ဘာဖြစ်လို့လဲ ... ကိုကြည်တင်ရ''

''လွန်ရင် စိတ်ဆိုးပြီး ထားထားကို ငါနဲ့ပေးစားလိုက်မှာကွ။ သူယူထား ရင် မင်းတို့စနေတဲ့ရန်ကို ကြောက်လို့လေ။ ဟဲ ... ဟဲ ... ဟဲ ...''

''ခင်ဗျားတို့ဗျာ ထားထားသာကြားရင်တော့ ဟိုက ခပ်စွာစွာရယ်၊ ရန်တွေ့လိုက်မယ့်ဖြစ်ခြင်း။ ကျုပ် အိမ်ရောက်ရင်ထားထားကို ပြန်ပြောရဦးမယ်''

အမှန်တော့ သူငယ်ချင်းတွေမှာ မခံချင်အောင် ပြောခြင်းသာ ဖြစ်၏။ ထားထားနှင့်တွေ့လျှင် ကိုယ်က ဘယ်လိုမှမစခဲ့သလို မှင်သေသေနှင့် နေကြ လေသည်။ ခုလည်း ကျော်ကြီးက မောင်တင်လှိုင်အား စသည့်အနေဖြင့် ခရီးထွက် ခါနီး တမင်အသားယူ၍ ထားထားကို လှမ်းစခြင်းသာဖြစ်သည်။ ဘေးမှာအတူပါ လာသော မောင်တင်လှိုင့်ကို အပျင်းပြေကျော်ကြီးနောက်နေသည်ကို ကားခရိုင်ဘာ ကိုသန်းထွန်းကြီးက အကြောင်းသိမို့ ပြုံးနေလေသည်။ သူတို့နှစ်ယောက်မှာ တပေသမားလည်းဖြစ်၍ တစ်ယောက်ကိုတစ်ယောက် နားလည်မှုရှိကြသည်။

✿ ✿ ✿

[ ၂ ]

❑

ထိုစဉ်က မောင်တင်လှိုင်သည် မြို့နယ်သမဝါယမတာဝန်နှင့် ရန်ကုန်မြို့ ရှိ ကုန်ထုတ်ဌာနများမှ ပစ္စည်းများ သွားရောက်ဝယ်ယူသယ်ဆောင်ရန် တာဝန်ခံအဖြစ် သွားရမည်ဖြစ်၍ ကျော်ကြီးကို အဖော်အဖြစ် ခေါ်ဆောင်လာခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုခရီးမှာ သုံးလတစ်ကြိမ်၊ ခြောက်လတစ်ကြိမ်ကျ သွားရလေ့ရှိသော ခရီးဖြစ်၏။

မြို့နယ်ကြီးတစ်ခုလုံးအတွက်သာမက တစ်ခါတစ်ရံ အခြားမြို့နယ်များ အတွက်ပါ အရေးကြီးကုန်ပစ္စည်းများကို သယ်ဆောင်လာရတတ်သည်။

သန်လျင်မြို့သည် တောင်ပိုင်းခရိုင် ရုံးစိုက်ရာမြို့ဖြစ်၍ အခြားမြို့နယ် များအတွက် အရေးကြီးခွဲတမ်းပစ္စည်းများ သန်လျင်မြို့အထိ သယ်ဆောင်ပေး ခြင်းဖြစ်၏။

သယ်ဆောင်ရမည့်နေရာမှာ သန်လျင်ဘက်ကမ်းမှ လှမ်းမြင်နေရသော ရန်ကုန်ဘက်ကမ်း ပုစွန်တောင် စီအိုဒီကုန်လှောင်ရုံကြီးတွေမှဖြစ်သည်။

ကုန်တင်ကားဆယ်စီးတိုက် အနည်းဆုံးပါအောင် သယ်ကြရသည်။ တစ်ခါတစ်ရံ ဆယ့်ငါးစီး အစီးနှစ်ဆယ်ခန့်ပင် ကုန်တင်ကားတန်းကြီးဖြင့်ပင် သွား ကြသည်။ ထိုအချိန်က သယ်ယူပို့ဆောင်ရေးမှာ ယခုလို အချိန်အခါမဟုတ်၍ ရန်ကုန်နှင့်သန်လျင်မှာ ရေလမ်းသာလျှင်ရှိသည်။

ရေလမ်းဖြင့် သမဝါယမအတွက် ပစ္စည်းတွေ သယ်ယူလျှင် ရနိုင်သော် လည်း သန်လျင်သမဝါယမမှာ သင်္ဘောမရှိ၍ မသယ်ယူနိုင်။

မြို့နယ်တွင် ကုန်တင်သင်္ဘော၊ စီဘီတွေ အများဆုံးရှိသော သန်လျင် ရေနံချက်စက်ရုံ (ဘီအိုစီ) သင်္ဘော၊ စီဘီတွေရှိပါလျက် သမဝါယမ ကုန်ပစ္စည်း များကို သယ်ယူပေးပါက ရေနံစော် နံမည်စိုးသောကြောင့်လားမသိ။ ညှိနှိုင်း သယ်ယူမှုပင် မပြုကြ။

သန်လျင်မှ လှမ်းကြည့်လျှင် မြင်နေရသော ရန်ကုန်ဘက်ကမ်းရှိ စီအိုင်ဒီဂိုဒေါင်များသို့ သန်လျင်ဘက်ကမ်းမှ ကုန်တင်ကားကြီးများဖြင့် သွားသယ် ကြရသည်။ ထိုကားကြီးများလမ်းကြောင်းမှာ သန်လျင်မှ သုံးခွ၊ သုံးခွမှ ခရမ်း၊ ခရမ်း နှင့် သက္ကလကြားတွင် ရန်ကုန်နှင့်ပဲခူးတိုင်း နယ်နိမိတ်ကူး၊ သက္ကလမှ အုန်ခွဲ၊ အုန်ခွဲမှ သနပ်ပင်၊ သနပ်ပင်မှ ပဲခူး။ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းအရှေ့ခြမ်းကို ပတ်ရသည်။

လမ်းမှာလည်း ဘုရားစူးကတ္တရာလမ်းဖြစ်၍ 'ပျက်ပြင်' 'ပြင်ပျက်' တံတားများကြောင့် သန်လျင်က မနက်ခြောက်နာရီထွက်သော ကားများ ပဲခူးသို့ ညခုနစ်နာရီလောက် လာလေ့ရှိတတ်သည်။

ပဲခူး ရွှေမောဓောဘုရားကားကွင်းတွင် ညအိပ်ရပ်နား၍ ကားဆရာ နှင့်ကားများ ဆီဖြည့်ရေဖြည့်၊ ဂ ႏအသေးစားပြင် တစ်ညနားကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မနက် ...

ပဲခူးမှ အင်းတကော်၊ အင်းတကော်မှ လှည်းကူး၊ လှည်းကူးမှ ထောက်ကြံ့မင်္ဂလာဒုံ၊ အင်းစိန်ကိုဖြတ်ပြီး မန္တလေး–ရန်ကုန်လမ်းအတိုင်း ရန်ကုန်သို့ဝင်ရသည်။ ရန်ကုန်ရောက်တော့ သန်လျင်ဘက်ကမ်းမှ သင်္ဘောနှင့် ကူးလာသော မန်နေရှာနှင့် စာရင်းကိုက်ကာ ကုန်ပစ္စည်းများ ကားပေါ်တင်ကြရသည်။ ဒါတောင် အဆင်ပြေမှ။ အဆင်မပြေလျှင် တစ်ညနှစ်ညလောက် လူတွေ၊ ကားတွေ အိပ်ကြရသည်။ တောကားတွေ မြို့အိပ်ပုံစံမျိုး။

ကုန်ပစ္စည်းတွေတင်ပြီးပါမှ လာလမ်းအတိုင်း ပဲခူးဘက်မှ ပြန်လှည့်ကာ ကုန်အပြည့်နှင့်ကားတွေကို မောင်းကြရပြန်သည်။

လာစဉ်ကလိုပင် ပဲခူးမှာ ညအိပ်၊ ကားအသေးစားပြင်၊ ကားဆီထည့်၊ လူဆီထည့် နောက်တစ်နေ့မောင်းပြီး သန်လျင်ပြန်။ လမ်းအခြေအနေကြောင့် ကုန်အပြည့်နှင့် ကားများကို လာတုန်းကထက် ပို၍ ဂရုတစိုက်မောင်းကြရသည်။

မိုးတွင်းကြီးကားမှောက်ပါက လမ်းဘေးဝဲယာမှာ ရေပြည့်နေသော ချောင်းရိုး၊ မြောင်းတိမ်များကြောင့် ကုန်ပစ္စည်းတွေ ဆုံးရှုံးသွားနိုင်သည်။

သန်လျင်–ရန်ကုန် မြစ်တစ်ပြင်သာခြားပြီး လှမ်းမြင်နေရပါလျက် တံတားကြီးမတည်ဆောက်ရသေးမီ ကူးသန်းသွားလာရေးလမ်းကြောင်းက ထိုမျှခက်ခဲ၍ ပဲခူးနှင့်သန်လျင် မိုင်ငါးဆယ်ကျော်၊ ပဲခူးနှင့်ရန်ကုန် လေးဆယ့်ခြောက်မိုင်၊ ပေါင်း မိုင်တစ်ရာခန့်ခရီးမှနေ၍ ကားနှင့်ပတ်ပြီး ကုန်ပစ္စည်းတွေ သယ်ရသဖြင့် အချိန်ကုန်လူပန်းလှသလို စရိတ်တွေလည်း ထောင်းလှသည်။

ထိုစရိတ်များအတွက် အရှုံးမပေါ်စေရန် စရိတ်တင်ပြီး ကုန်ပစ္စည်းများကို စားသုံးသူများအား ဖြန့်ဖြူးရောင်းချရပြန်၏။

ထိုသို့သော အခြေအနေမျိုးမှာ ကျော်ကြီးတို့မြို့နယ်တွင် 'စာပေလုပ်သား' အဖွဲ့ကြီးအား ဖွဲ့စည်းပြီးနောက် တက်တက်ကြွကြွရှိသော ကျော်ကြီးက ပြည်သူ့ဘဝလေ့လာရေးအဖြစ် ရဲဘော်ရဲဘက်လည်းဖြစ်သော မောင်တင်လှိုင်နှင့် လိုက်ပါလာခဲ့ခြင်းဖြစ်၏။ မြို့နယ်ကတော့ စာပေလုပ်သား အမှုဆောင်ကြီးများဖြစ်သော သူတို့နှစ်ယောက်ကို တစ်ချက်ခုတ်နှစ်ချက်ပြတ်အနေနှင့် အစီအစဉ်လုပ်ပေးလိုက်ပုံရသည်။

လမ်းမှာ မှတ်စရာရှိသည်တို့ကို မှတ်၊ ဓာတ်ပုံရိုက်စရာရှိသည်တို့ကို ဓာတ်ပုံရိုက်၊ မှတ်တမ်းတင်ကြသည်။

www.burmeseclassic.com



လမ်းခရီးတွင် လယ်ကွက်တွေဖြတ်တော့ သီးထပ်သီးညှပ်စိုက်ပျိုးရေး စီမံကိန်းအရ စပါးနှင့် ပဲစိုက်ခင်းတွေကို တွေ့ရသည်။

တချို့စိုက်ခင်းတွေက လန်းလန်းဆန်းဆန်း ဖြစ်ထွန်းနေပြီး တချို့ စိုက်ခင်းတွေက ကျုံလှီအားပျော့နေသည်။ တချို့က စိမ်းစို၍ တချို့က ညှိုးလျော် နေသည်။ တစ်မြေတည်းတစ်ဆက်တည်း ဖြစ်ပါလျက် မတူညီသော ကွာဟချက် များ။ ကားရပ်ပြီး ရေဖြည့်သည့်အခိုက် ထိုနေရာတစ်ဝိုက်မှ တောင်သူဦးကြီး တွေအား ကျော်ကြီးက မေးမြန်းလေ့လာမိသည်။

"ဟိုဘက်အခင်းတွေက စိမ်းစိုလန်းဆန်းပြီး၊ ဒီဘက်အခင်းတွေက ဘာဖြစ်လို့ စိမ်းစိုလန်းဆန်းမှု မရှိတာလဲ ဦးကြီး"

"စိမ်းစိုလန်းဆန်းပြီး ဖြစ်ထွန်းနေတဲ့ဘက်က မြို့နယ်ကဓာတ်မြေဩဇာ တို့ဘာတို့ ရလို့ပါ ဆံရာလေး"

"ဒါဆို မစိမ်းစို မလန်းဆန်းတဲ့ဘက်က မြို့နယ်က ဓာတ်မြေဩဇာတို့ ဘာတို့ မရလို့ပေါ့ ဟုတ်လားဦးကြီး"

တောင်သူဦးကြီးက ကျော်ကြီးတို့လိုက်ပါလာသည့် ကားကြီးဘေးမှ တံဆိပ်နှင့်စာတမ်းကို ကြည့်ပြီး ...

"ဟာ ... ဒါတော့ ဆရာလေးရယ်"

ဟုပြောကာ စိုက်ခင်းတွေဘက် ထွက်၍သွားလေတော့သည်။

ကျော်ကြီးနှင့် တောင်သူဦးကြီးတို့၏ အမေးအဖြေကို ကြည့်ပြီး မောင် တင်လှိုင်မှာ ဘေးမှ ခပ်ပြုံးပြုံးလုပ်၍ လိုက်ပါလာခဲ့သည်။

"တံတားဖြတ်ခဆရာ"

ကားဆရာကိုသန်းထွန်းက သတိပေးမှ တံတားတစ်ခုကိုဖြတ်တော့မည် မှန်း သိလိုက်ရသည်။

မောင်တင်လှိုင်က အလွယ်တကူ သူ၏ဟဲန်းဘက်အိတ်ထဲမှ ငွေထုတ်၍ ပေးလိုက်သည်။ ထိုသို့ပေးရန် အဆင်သင့်လုပ်ထားပုံလည်း ရသည်။

"ငါတို့ ကားဆယ့်ငါးစီးဖြတ်မယ်။ တစ်စီးငါးကျပ်၊ ဆယ့်ငါးစီးဖြတ်ပေ မယ့် ဆယ်စီးစာ ငါးဆယ်ပဲယူ"

မောင်တင်လှိုင်ပြောတာကို တံတားတာဝန်ခံကလည်း လိုက်နာသည်။ ကားဆယ့်ငါးစီး ဖြတ်ကျော်ခဲ့သည်။ ထိုခရီးမျိုး ထွက်လေ့မရှိသော ကျော်ကြီးအဖို့ ထူးခြားနေတော့သည်။

www.burmeseclassic.com



"ဟေ့ ... မောင်တင်လှိုင် တံတားဖြတ်ခဘောက်ချာ မယူတော့ဘူးလား"

"သူကလည်း ရေးချင်တာရေးမှာ၊ ငါကလည်း ပေးချင်သလောက်ပေးတာ ဘာလို့ယူတော့မလဲ။ အလုပ်ရှုပ်လို့"

ကျော်ကြီး နားလည်သွားပြီ။ နောက်ပိုင်း လမ်းမှာတွေ့ကြုံသမျှသော အပေးအယူကိစ္စများကို ရေငုံနှုတ်ပိတ် တိတ်တဆိတ် လုပ်နေရတော့သည်။

✿ ✿ ✿

[၃]

❑

ရေငုံနှုတ်ပိတ် မနေနိုင်တာကတော့ ပဲခူးမြို့သို့ ညနေခြောက်နာရီ ကားအဝင် ရွှေမောဓောဘုရားကားကွင်း၌ ကားများနားနေစဉ်ဖြစ်သည်။

ကိုသန်းထွန်းတို့လို ကားဆရာတွေ ကားကွင်းမှ နီးရာထမင်းဆိုင်ဝင်ပြီး အဖြူထောင်ကြသည်။ မောင်တင်လှိုင်နှင့် ကျော်ကြီးမှာ ကားဆရာတွေ အရှိအသေတန်မည်စိုး၍ မရောဘဲ တစ်နေရာသို့သွားရန် တိုင်ပင်ကြသည်။

"အင်းစိန်က ငါ့သူငယ်ချင်း တိုးမြင့်အေး ပဲခူးရွှေဂါထွန်း ဟိုတယ်မှာ မန်နေဂျာကွ။ အဲဒီကိုသွားမယ်။ သူက ပဲခူးရောက်ရင် ဝင်ခဲ့ပါ။ သူပြုစုပါ့မယ်လို့ ငါ့ကို ဖိတ်ထားတာကွ"

မောင်တင်လှိုင်ကို ကျော်ကြီး ပဲခူးရွှေဂါထွန်းဟိုတယ်သို့ ခေါ်သွားသည်။

"ဦးတိုးမြင့်အေး ဒီနေ့ပဲ အင်းစိန်ပြန်သွားတယ် ဆရာ။ သူ့ မိတ်ဆွေတွေရောက်လာရင် ကျွန်တော်တို့ကို လိုလေသေးမရှိ ဧည့်ခံထားဖို့ မှာထားခဲ့ပါတယ် ဆရာ။ လိုတာပြောပါ"

www.burmeseclassic.com



တိုးမြင့်အေးသူငယ်ချင်းတွေက တာဝန်ကျေသော်လည်း ကျော်ကြီးတို့မှ ရွှေဝါထွန်းဟိုတယ်တွင် မထိုင်တော့ဘဲ အခြားပုဂ္ဂလိက စားသောက်ဆိုင်များရှိရာ ပဲခူးမြို့ ဈေးကြီးပိုင်း စားသောက်ဆိုင်များဘက်သို့ ရွှေ့လာခဲ့ကြသည်။

ထုံးစံအတိုင်းပင် မောင်တင်လှိုင်က အပျော့သမားပီပီ ဘီယာ၊ ကျော်ကြီးက အကြမ်းသားပီပီ ဝီစကီအပြင်းသောက်သည်။ ဘဲကင်၊ ဝက်ပေါင်ခြောက် စားကောင်းသောက်ဖွယ်များ မြည်းကြသည်။

''ဟော့ကောင် . . . ကျော်ကြီး၊ သနပ်လျှင်မှာလို မူးအောင်သောက်လို့ မဖြစ်ဘူးနော်။ ကားဆရာတွေက တို့ကို တစ်မျိုးမြင်နေဦးမယ်။ အခု တို့အရက် သောက်တာ အိမ်က ငါ့မိန်းမထားထား ထည့်ပေးလိုက်တဲ့ ပိုက်ဆံနဲ့သောက်တာ ကွ။ ငါက တစ်မျိုးအထင်မခံချင်တဲ့အကောင်''

မောင်တင်လှိုင်က ဘီယာထွေထွေနှင့် သနပ်လျှင်မှာလို မူးအောင်သောက် လို့မဖြစ်ဘူးဟု ပြောလိုက်သဖြင့် ဆိုင်က ငနဲတွေမှာ သူတို့ကို ပဲခူးကမဟုတ်ဘဲ တစ်နယ်ကလူတွေအဖြစ် သတိပြုမိသွားပြီး နောက်ထပ်မှာသည့် ဝီစကီမှာ အတု တွေဖြစ်လာသည်။ ကျော်ကြီးက မဟုတ်မခံတတ်သူဖြစ်၍ ချက်ချင်းပင် ဆိုင်ရှင် ကို လှမ်းပြောသည်။

''ခင်ဗျားတို့ဝီစကီက စောစောကလို အစစ်မဟုတ်တော့ဘူး''

''ဆရာ . . . မူးနေလို့ ဖြစ်ပါလိမ့်မယ်။ ပုလင်းက စောစောက ပုလင်းပဲ အဲဒီပုလင်းကပဲ ပက်ချင်ထည့်ပေးတဲ့ဟာ''

နောက်တစ်ပက်ထပ်မှာတော့လည်း ထိုနည်းအတိုင်း အတုဖြစ်နေပြန် သဖြင့် ကျော်ကြီးက မကျေနပ်တော့။

''ဟေ့ . . . မောင်တင်လှိုင်၊ ငါတို့မှားပြီကွ။ အရက်သောက်ရင်း ဆရာ ကြီးသခင်ကိုယ်တော်မှိုင်းရဲ့ အညာပြန်လေချိုးကြီးကို သတိရတယ်ကွာ။ 'ပဲခူး ဘူတာမှာလေ သူခိုးလူညာတွေနဲ့' ဆိုတာလေကွာ''

ကျော်ကြီးက အသံကိုမြှင့်၍ ပြောလိုက်သောကြောင့် ဆိုင်ရှင်မှာ မျက်နှာထား တင်းသွားတော့သည်။

''ခင်ဗျားတို့သောက်ရင် အေးအေးဆေးဆေးသောက်ကြဗျာ။ တစ်နယ်က လာပြီး ကျုပ်တို့ပဲခူးသားတွေကို မစော်ကားပါနဲ့''



www.burmeseclassic.com

www.burmeseclassic.com



"စော်ကားတာမဟုတ်ဘူး။ ဝီစကီအတုရောင်းလို့ မခံချင်လို့ပြောတာ။ တစ်နယ်ကလာတယ်ဆိုပြီး မဟုတ်တာကို ငြိမ်ခံနေရမှာလား။ သန့်လျှင်သား မိုက်တယ်ကွ။ သူများရွာမှာ ကြက်ဖပဲ"

ကျော်ကြီး စကားမှားသွားသည်ထင်ပြီး မောင်တင်လှိုင်က ဘီယာမူးမူးနှင့် စကားကို ဝင်ထောက်၍ပြင်ပေးသည်။

"ဟေ့ကောင် ... သူများရွာမှာ ကြက်ဖမဟုတ်ပါဘူး။ မူးမူးနဲ့ စကားမှားသွားပြန်ပြီ"

"မမှားဘူးကွ။ သူများရွာမှာ ကြက်မလုပ်ပြီး ငြိမ်ခံရင် ရွာခံကြက်ဖတွေက တစ်ကောင်ပြီးတစ်ကောင် တက်ဖိတာနဲ့ ဥလို့ဆုံးမှာကို မဟုတ်တော့ဘူး။ ဒါကြောင့် သူများရွာမှာ ကြက်မ,မဟုတ်ဘူး။ ကြက်ဖ လို့ ပြန်ခွပ်မယ့် ကြက်ဖပဲ ဟေ့"

သူတို့စကားတွေ တခြားဝိုင်းသို့ ကူးဆက်သွားသည်။ ကျော်ကြီးတို့ ကံကောင်းချင်တော့ သူတို့ဝိုင်းအနီးကဝိုင်းမှာ တစ်နယ်သား မန္တလေးသားတွေဖြစ်နေသည်။

"ဟိုဆရာရဲ့ ... 'ပဲခူးဘူတာမှာလေ သူခိုးလူညာတွေနဲ့' ဆိုတဲ့ အညာမင်္ဂလာဆောင်လေးချိုးကြီးလည်း ကြိုက်တယ်။ ပြီးတော့ သူများရွာမှာ ကြက်မမဟုတ်ဘူး ကြက်ဖဆိုတဲ့ အဘိဓာန်ကိုလည်း ကြိုက်တယ်။ ကျုပ်တို့က မန္တလေးဘက်ကလာတဲ့ အညာသားတွေဗျ။ ခင်ဗျားတို့လို တစ်နယ်သားတွေပဲ။ ခင်ဗျားတို့ အသုံးအနှုန်းကိုကြိုက်လို့ ပြုစုပါရစေ"

တစ်နယ်ကလူတွေချင်း နှစ်ဝိုင်းပူးတော့မလိုဖြစ်သွား၍ ဆိုင်ကလူတွေ နည်းနည်းတော့ ရှိန်သွားပုံသည်။ ကျော်ကြီးတို့ကို ဘာမျှဆက်မပြောတော့ဘဲ အရိပ်အခြည် မသိမသာ ကြည့်နေပုံရသည်။

ဆိုင်ထဲမှာ ဝက်သားနှင့် ဘဲကင်ခုတ်သော တရုတ်သာလျှင် သူ၏ ဝက်သားခုတ်ဓားပြားကြီးဖြင့် စဉ်းတီတုံးကို တဒုန်းဒုန်းမြည် အောင် ဒေါသသံပေးသလို ခုတ်နေလေသည်။

"လာကွာ ... ကျော်ကြီး။ ပြန်ကြရအောင်။ ဒီအခြေအနေဟာ ပြန်ဖို့အကောင်းဆုံးအချိန်ပဲကွ"



www.burmeseclassic.com

www.burmeseclassic.com



မောင်တင်လှိုင် ဖျောင်းဖျပြောဆိုနေ၍ ကျော်ကြီး မကျေမနပ်ဖြင့်ပင် ထိုစားသောက်ဆိုင်မှ အညာသားပိုင်းကို နှုတ်ဆက်ပြီး မောင်တင်လှိုင်နှင့်အတူ ပြန်လိုက်ခဲ့ရသည်။

လမ်းမှာ တဖျစ်တောက်တောက်နှင့် မကျေမနပ်ဖြစ်လာခဲ့သည်။ စီးစရာ ဆိုက်ကားနှင့် မြင်းလှည်းကိုပင် ငှားမနေတော့ဘဲ ခြေသဖြင့် လျှောက်လာခဲ့ကြသည်။ သူတို့လျှောက်လာရင်း ချောင်းလိုလို၊ ကန်လိုလိုရေစပ်မှ ဖြတ်လာသော အခါ အပေါ့သွားချင်၍ အပေါ့သွားလိုက်ကြသည်။

"မင်းပေါက်တော့ ငါလည်း ပေါက်ချင်တယ်။ ဒါပေမဲ့ ကွင်းပိုင်၊ ကန်ပိုင်၊ နယ်ပိုင်ကိုတော့ တောင်းပန်တိုးလျှိုပြီးမှ ပေါက်ရတယ်ကွ"

"ဘာမှ တိုးလျှိုးတောင်းပန်တာတွေ လုပ်မနေနိုင်ဘူးကွာ။ တောင်းပန် တိုးလျှိုးနေရင် ပဲခူးနယ်ပိုင်တွေက သူတို့ကိုကြောက်တယ်လို့ ထင်နေဦးမယ်။ ဘယ်သူ့မှမကြောက်ဘူး၊ မတောင်းပန်ဘူး။ သူများရွာမှာ ကြက်ဖပါဆိုမှ လာ မရစ်နဲ့။ ရစ်ရင် အတက်စူးအောင် ခွပ်ပစ်လိုက်မယ်။ ကြက်တိန်ညင်အတက် ဘယ်လောက်စူးသလဲ သိသွားမယ်ကွ"

ကျော်ကြီးပြောသလို ကြက်တိန်ညင်သည် အကောင်ငယ်ပေမဲ့ အတက် တချွန်ပြီး ရှည်လှသည်။ သစ်ပင်တွေပေါ်မှာအိပ်သည့် တောကြက်အနွယ်ဝင်မို့ ငှက်လို အဝေးကြီးပျံနိုင်သည်။ မြေပြင်ပေါ်သက်ချည် ကောင်းကင်ပေါ်တက်ချည် လှုပ်တစ်ပြက် လှုပ်ရှားနိုင်၍ ကြက်တိန်ညင်ခွပ်ပြီဆိုလျှင် ဘယ်လိုတိုက်ကြက် ကောင်းမှ မခံနိုင်။ သန်လျင်ဆိုသော ဝေါဟာရသည် 'တညင်' မှ ဆက်နွယ်လာ ခြင်းဖြစ်၍ ယခုတိုင် လူဟောင်းကြီးတွေက သန်လျင်ဟုမခေါ်ဘဲ 'တညင်' ဟု ပြောဆိုသုံးစွဲနေ ကြသေးသည်။

"အေးကွ ... ကျော်ကြီး၊ မင်းပြောမှ ငါလည်း သန်လျင်သွေး၊ သန်လျင် မာန်တွေ တက်လာတယ်။ ငါလည်း မတောင်းပန်ဘူးကွာ။ မင်းလိုပဲပေါက်မယ်"

ကျော်ကြီးနှင့် မောင်တင်လှိုင်တို့ မူးမူးနှင့် ခပ်ရွှတ်ရွှတ်လုပ်ပြီး ထွက်လာခဲ့ ကြသည်။ စားသောက်ဆိုင်မှာ ဖြစ်လာသမျှဒေါသတွေ ပုံအောလိုက်ခြင်းဖြစ်၏။

ခဏအကြာမှာပင် ကျော်ကြီးနှင့် မောင်တင်လှိုင်တို့ နှာခေါင်းအတွင်းသို့ နံ့စွင်းအနံ့များ စူးစူးရှရှ ဝင်လာတော့သည်။

www.burmeseclassic.com



နန္ဒွင်းအနံ့မှာ ပြင်းပြလှ၏။ မီးနေသည့်အိမ်မှရသော အနံ့မျိုးဖြစ်သည်။ ဘေးဘီကိုကြည့်တော့လည်း ခြံကျယ်ဝန်းကျယ်ကြီးတွေ၊ ဘုန်းကြီးကျောင်းဝိုင်း ကျယ်ကြီးဖြစ်နေ၍ လူနေအိမ်တွေနှင့် အတော်လှမ်းသည်။

တစ်ဖက်မှာ သူတို့အပေါ်သွားခဲ့ရာ ချောင်းလိုလို၊ ကန်လိုလို ရေပြင် ကြီးသာရှိနေသည်။ လူသူအသွားအလာကလည်း ပြတ်တောက်လှသည်။

သူတို့ အတော်ဝေးဝေး လျှောက်လှမ်းလာသော်လည်း နန္ဒွင်းနံ့က ပျောက်၍ မကျန်ရစ်ခဲ့။ ဆက်လက်၍ နံနေဆဲဖြစ်၏။ နံ့နွင်းနံ့ကြီးသည် သူတို့ နောက်ကလိုက်လာသလို ဖြစ်နေသည်။ ယင်းကြောင့် စိတ်မလုံဘဲ သူတို့နှစ်ယောက် နောက်ဘက်သို့ လှည့်ကြည့်မိသောအခါ သူတို့အနောက်ဘက် ဝါးတစ်ရိုက်လောက် အကွာမှာ မည်းမည်းအရိပ်ကြီးတွေ တွေ့နေရသည်။ တစ်ယောက်တည်း၊ တစ်ဦး တည်းပုံစံမျိုးမဟုတ်။ သုံးလေးယောက်ခန့်ရှိမည် ထင်မှတ်ရသည်။

မိန်းမတွေကိုလည်း မြင်ရသည်။ ဓားကိုင်ထားသော ယောကျာ်းကြီး တွေအသွင်လည်း မြင်ရသည်။ နန္ဒွင်းနံ့ကလည်း ပို၍ စူးရှလာသည်။

ကျော်ကြီးနှင့် မောင်တင်လှိုင်တို့ စောစောက စားသောက်ဆိုင်မှာ စကား များလာ၍ စိတ်ထဲမှာ ပဲခူးသားတွေ ရန်မူဖို့ လိုက်လာကြလေပြီလား။ အညာသား အုပ်စုဝိုင်းနှင့် ပူးပြီးသောက်မိ၍ အရက်အရှိန်များပြီး ရစ်တက်လေပြီလား စိတ်ထဲ မှာ စနိုးစနောင့်ဖြစ်ရသည်။ အမြင်တွေလည်း ဇဝေဇဝါ မခွဲခြားနိုင်လေတော့။

သို့သော် အသိစိတ်ထဲမှာ ဝင်လာတာကတော့ ရှေ့တူရူမှာ ငွားငွား စွင့်စွင့်ကြီး ကောင်းကင်ပေါ်ထိုးတက်နေသော မီးရောင်အောက်မှာ ရွှေရောင် တောက်ပနေသော ရွှေမော်ဓောစေတီတော်မြတ်ကြီးပင် ဖြစ်၏။

ရွှေမော်ဓောစေတီတော်သို့ အလျင်အမြန် အရောက်သွားကြရမည်။ ဘုရားကြီး၏ ရင်ပြင်အောက်တွင် အဝေးပြေးကားကွင်းကြီး ရှိနေမည်မဟုတ်လား။ ကားကွင်းကြီးသို့ရောက်လျှင် သူတို့နှစ်ယောက်တည်း မဟုတ်နိုင်တော့။ အနယ်နယ် အရပ်ရပ်မှ ကားသမားတွေရှိနေသည်။

ပဲခူးသားအများနှင့် သူတို့က နှစ်ယောက်တည်း ရင်ဆိုင်၍ အမှောင်ထဲ မှာဆိုလျှင် တစ်ပန်းရှုံးနိုင်သည်မှာလည်း အတွေးရောက်၍ ဖြစ်၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [၄]

❑

သို့နှင့် ရွှေမောဓောစေတီ မုခ်ဦးစောင်းတန်းရှေ့သို့ ရောက်လာကြသည်။ ထိုစဉ် ဆောင်းတန်းမုခ်ဦး ခြင်္သေ့ကြီးရှေ့အုတ်ခုံတွင် ထိုင်နေသော ယောဂီလိုလို၊ ဘိုးတော်လိုလို အဘိုးကြီးက သူတို့ကိုလှမ်းကြည့်ပြီး ပြောလိုက်သည်။

"မင်းတို့နောက်မှာ မွန်သူရဲကောင်းအဲမွန်ဒရာ လိုက်လာတာကွ။ သူ့နယ်မှာ မဟုတ်တာတွေ ဘာတွေသွားလုပ်ခဲ့သလဲ။ ဘုရားကြီးပေါ် မြန်မြန်တက်ပြီး ဘုရားကန်တော့ တောင်းပန်တိုးလျှိုးကြ။ မသေချင်ရင် မြန်မြန်သွားကြလေ"

အဘိုးကြီး၏စကားကြောင့် ကျော်ကြီးနှင့် မောင်တင်လှိုင်တို့မှာ ဆုတ်ဆိုင်းမနေတော့ဘဲ ရွှေမော်ဓောဘုရားရင်ပြင်ပေါ်သို့ အမြန်ဆုံး တက်လိုက်ကြရတော့သည်။ ထိုသို့တက်လာရင်း အဘိုးကြီးစကားထဲမှာပါသော 'အဲမွန်ဒရာ' ဆိုသည့် နာမည်ကို နှစ်ယောက်စလုံး စဉ်းစားဖြစ်ကြသည်။

အဲမွန်ဒရာ ...

ရာဇဓိရာဇ် ဟံသာဝတီပြည့်ရှင် မင်းတရားကြီး၏ မွန်သူရဲကောင်း အဲမွန်ဒရာ။ အင်းဝဘုရင်နှင့် ဟံသာဝတီဘုရင်တို့ စစ်ဖြစ်ကြရာ မွန်သူရဲကောင်း အဲမွန်

www.burmeseclassic.com

www.burmeseclassic.com



ဒရာအပါအဝင် ဟံသာဝတီပဲခူးသားများ မြို့တွင်းမှာ အင်းဝဘုရင်၏သား မင်းရဲကျော်စွာ၏တပ်များက ပိတ်ဆို့ဝိုင်းရံထားခြင်းကို ခံနေရသည်။

ထိုသို့ မင်းရဲကျော်စွာတပ်များ ဝိုင်းထားသည့်ကြားမှ မွန်တပ်များကို စစ်ကူတောင်းရန် မြို့တွင်းမှထွက်မည့် သူရဲကောင်းမှာ အဲမွန်ဒရာဖြစ်၏။ အင်းဝတပ်များက မွန်သူရဲကောင်းထွက်မည့် သတင်းရပြီး ထွက်မည်ဆိုလျှင် ရအောင်ထွက်၊ အမိဖမ်းမည်ဟု ကြုံးဝါးသည်။ အဲမွန်ဒရာတို့ဘက်ကလည်း ရအောင်ထွက်မည်ဟု ပြန်၏။

ထွက်မည်ဆိုသည့်နေ့က အဲမွန်ဒရာထွက်မလာ။ မြို့တွင်းမှ နန္ဒင်းများ လိမ်းကျံလျက် ခေါင်းရမ်းပန်းပန်ထားသော မသာတစ်လောင်းသာလျှင် မသာ၏မိန်းမများ၊ ငှက်ပျောတုံးဖောင်ပေါ်တင်ပြီး ပဲခူးမြစ်အတွင်းမျှောကာ ငိုယိုကာ ထွက်လာ၏။ နန္ဒင်းများလိမ်းကျံထားသော အစိမ်းသေ မသာဖြစ်၍ ထိုအလောင်းနှင့် ငှက်ပျောဖောင်ကို မြန်မာတပ်သားများက သူတို့တပ်အနားသို့ မရောက်စေရန် ဝါးလုံးလှံရှိုးတို့ဖြင့် ထိုး၍ပင် မြစ်လယ်သို့ရောက်အောင် တွန်းပို့လိုက်သေးသည်။

အလောင်းတင်ထားသော ငှက်ပျောဖောင်ကြီး ရေစီးကြောင်းအတိုင်း မျှောသွားရာက မြန်မာတပ်များဝိုင်းထားရာနှင့် လွတ်ကင်းသောနေရာသို့ရောက်မှ နန္ဒင်းလိမ်းကျံထားသော အလောင်းကြီးသည် ထထိုင်ကာ ငှက်ပျောဖောင်တွင် ဝှက်ယူလာသော ငှက်ကြီးတောင်ဓားကို ထုတ်ယူ၍ မွန်တပ်များရှိရာသို့ စစ်ကူတောင်းရန် အောင်မြင်စွာ ထွက်သွားနိုင်လေတော့သည်။

ထိုသို့ နန္ဒင်းလိမ်းကျံပြီး အစိမ်းသေ မသာအလောင်းယောင်ဆောင်၍ မြန်မာတပ်များကို ဖောက်ထွက်လာနိုင်ခဲ့သူမှာ မွန်သူရဲကောင်း အဲမွန်ဒရာပင် ဖြစ်လေတော့သည်။ နန္ဒင်းနှင့် အဲမွန်ဒရာ ခွဲ၍မရ။ ကျော်ကြီးတို့မျက်လုံးထဲမှာ နန္ဒင်းတွေ လိမ်းကျံထားသည့် မွန်သူရဲကောင်းအဲမွန်ဒရာ၏ အလောင်းကောင်ကြီးကို မြင်နေလေသည်။ ပြီးတော့ စူးရှပြင်းပြလှသော နန္ဒင်းနံ့များနှင့်အတူ အဲမွန်ဒရာ၏ အလောင်းကြီးအား ငှက်ပျောဖောင်ဖြင့် သယ်ယူလာကြသော အဲမွန်ဒရာ၏မိန်းမိန်းမသူများ။

ဆံပင် ဖိုးရိုးဖားရားနှင့် လင်သေမုဆိုးမအသွင် ပူပင်သောက ရောက်လျက်ရှိသော မျက်နှာများနှင့် ဟစ်အော်ငိုကြွေးလာကြသည့်အဖြစ်။

ထိုအမြင်အတွေးများကြောင့် ကျော်ကြီးတို့မှာ ပို၍ပင် ကျောချမ်းလာခဲ့ကြရတော့သည်။ သူတို့နောက်မှလိုက်လာသော မားမားမည်းမည်းသဏ္ဌာန်များကို

www.burmeseclassic.com



အကောင်အထည် ပီပီပြင်ပြင် မမြင်ရသော်လည်း စူးရှပြင်းပြသော နန္ဒင်းနံ့ကြောင့် ခြသေ့ကြီးရှေ့တွင်ထိုင်နေသည့် ယောဂီလိုလို အဘိုးကြီးပြောသော မွန်သူရဲကောင်း အဲမွန်အရာပင် တကယ်များ လိုက်၍လာချေပြီလား။

သူတို့ကလည်း သူတို့ပင်။ ထိုရေကန်ကြီးလိုလို၊ ချောင်းလိုလို၊ အင်းလိုလိုအစပ်မှာ ပဲခူးဟံသာဝတီ မြို့တော်ဟောင်းမှ ကျုံးဟောင်းဖြစ်နိုင်သည်။ ထိုနေရာတွင် မပြောမဆို တောင်းပန်တိုးလျှိုးသမှုမပြုဘဲ မိုက်မဲစွာ အပေါ့သွားမိခဲ့ကြသည်ကို။

သူ့နေရာ၊ သူ့ပိုင်နက်မှာ ဆိုင်ရာဆိုင်ရာ အပိုင်စားရထားတတ်သည်ကို မယုံကြည်၍မဖြစ်။ သစ်ပင်တောင်မှ အစောင့်ရုက္ခစိုးရှိသည်။ ပိုင်ဆိုင်သူရှိသည်။ ယခုလို အထင်ကရမြို့တော်ဟောင်း၊ ကျုံးဟောင်းဆိုလျှင် ပြောဖွယ်ရာမရှိတော့ပြီ။ ကျော်ကြီးနှင့် မောင်တင်လှိုင်တို့ ကြောက်လန့်တကြားဖြင့်ပင် ရွှေမော်ဓောဘုရားကြီးကို ကန်တော့ကြသည်။

ရသမျှ တတ်သမျှ မှတ်မိသမျှ ဘုရားစာများကို ဆိုကြပြီးနောက် မေတ္တာသုတ်ပရိတ်ကိုရွတ်ကာ အမျှအတမ်းဝေကြသည်။

''သားတော် ... တပည့်တော်တို့ ... မသိမှားယွင်းပြီး ပြုမိသမျှ ရှိရင်းကန်တော့ တောင်းပန်ပါတယ်။ အမိုက်အမဲလေးတွေကို တစ်ကြိမ်တစ်ခါ ခွင့်လွှတ်တော်မူပါဘုရား''

ထိုသို့ နှစ်ယောက်သား ဦးချကန်တော့တောင်းပန်ပြီးသည်နှင့် တစ်ခဏမှာပင် ရွှေမော်ဓောဘုရားကြီးရင်ပြင်တော်ပေါ်အထိ လိုက်ပါလာသော နန္ဒင်းနံ့စူးစူးကြီးသည် လုံးဝ ယူပစ်လိုက်သလို ပျောက်ကွယ်သွားလေတော့သည်။

ရွှေမော်ဓောဘုရား ရင်ပြင်တော်ပေါ်မှာ ဆင်းလာသောအခါတွင် ဘုရားစောင်းတန်း မုခ်ဦးခြသေ့ကြီးရှိရာဘက်သို့ ယောဂီလိုလို အဘိုးကြီးအား ကျေးဇူးဆပ်သည့်အနေဖြင့် တစ်ခုခုလှူရန် လှမ်းအကြည့်မှာ ထိုအဘိုးကြီး လုံးဝမရှိတော့ဘဲ ပျောက်သွားခြင်းမှာ သူတို့အတွက် အထူးပင်ဆန်းကြယ်သော ပဟေဠိတစ်ပုဒ်ဖြစ်ရပြန်တော့သည်။

ကျော်မင်းနိုင်

www.burmeseclassic.com